www.burmeseclassic.com

# မောင်ထွန်းသူ

အနန္တမေတ္တာ

# THREE LOVES

A. J. CRONIN

BURMESE CLASSIC .com



www.burmeseclassic.com

ပထမပိုင်း

www.burmeseclassic.com

စာမူခွင့်ပြုအမှတ် ၆၂၅/၉၅ (၁၀)

မျက်နှာဖုံးခွင့်ပြုအမှတ် ၆၃၄/၉၅ (၁၁)

မျက်နှာဖုံးပန်းချီ ခင်မောင်မြင့်

[redacted]

အုပ်ရေ ၅၀၀

တန်ဖိုး ၃၀ ကျပ်

ထုတ်ဝေသည့်လ ၁၉၉၆၊ ဇန်နဝါရီလ

မျက်နှာဖုံးပုံနှိပ်သူ ဦးကိုးဝင်း၊ (၀၂၄၃၁)
နေလရောင်အော့ဖ်ဆက်
၉၆/(ခ)၊ ၁၁ လမ်း၊
ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ ဦးညီမြိုင်း (၀၃၃၅၅)၊
အားမာန်သစ် ပုံနှိပ်တိုက်၊
အမှတ် ၁၄၃၊ မြန်မာ့ဂုဏ်ရည်လမ်း
တန်တော်ကလေး၊ ရန်ကုန်။

ထုတ်ဝေသူ ဦးသန်းမြင့် (၀၁၀၄၀)
(လင်းလင်းစာပေ)၊
(၉၃၇) (ခ၀)မိုင်၊
အင်းစိန်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

# မောင်ထွန်းသူ

---

## အနန္တမေတ္တာ

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြန်သူ၏အမှာ

## ( ၁ )

လွန်ခဲ့သော နှစ်နှစ်ခန့်က ဖြစ်ပါသည်။ တစ်ရက်တွင် ကျွန်တော့်ထံသို့ စာတိုက်မှ စာတစ်စောင် ရောက်လာသည်။ ထိုစာရောက်လာသည့် ရက်မှာ (၁၂-၄-၉၃)။ စာမှာ ...

၂၉-၃-၉၃

ဆရာဦးထွန်းသွေးရှင့်....

ရှိသေစွာ စာရေးလိုက်ပါသည်။

ကျွန်မဆရာ၏စာအုပ် တော်တော်များများ ဖတ်ရပါသည်။ အေဂျေခရိုနင်၏ ဘာသာပြန်ဝတ္ထုများကိုလည်း အလွန်နှစ်ခြိုက်ပါသည်။ ဆရာ့စာအုပ်များတွင် အေဂျေခရိုနင်၏ **Three Loves** ဆိုသည်

BURMESE CLASSIC .com
www.burmeseclassic.com

စာအုပ်ကို ဘာသာပြန် မတွေ့ဘူးပါ၊ ကျွန်မ လ
လှန်းမမီ၍ ဖြစ်ချင် ဖြစ်ပါလိမ့်မယ်၊ သို့မဟုတ် ဆ
ဒီစာအုပ်ကို ဘာသာပြန်ဖို့ အလှည့်မကျသေး၍လာ
ဘာသာပြန်ဆဲလား။ သို့မဟုတ် ဤစာအုပ် လက်ဝ
မရှိ၍ မဖတ်ရသေး၍လား၊ ကျွန်မ မသိပါ။ ကျွန်
ဆန္ဒကတော့ ဤစာအုပ်ကို ဆရာ ဘာသာပြန်တာ
ဖတ်လိုလှပါသည်။ ဆရာ့တွင် ဤစာအုပ် မဖတ်
သေး၊ မရှိသေးပါက ဆရာ့ကို ကျွန်မ ဤစာအုပ်
ငှားလိုပါသည်။ ဆရာ ဘာသာပြန်ဖြစ်အောင် ပြ
စေလိုပါသည်ရှင့်။

ကျေးဇူးပြုပြီး ကျွန်မအား စာရေးသားခြင်းဖြင့်
လည်းကောင်း၊ ဖုန်းဖြင့် လည်းကောင်း အကျိုး
အကြောင်း ပြန်ကြားစေလိုပါသည်ရှင့်။

လေးစားစွာဖြင့်—
ဒေါ်နုနု

( ၂ )

ဒေါ်နုနု၏စာသည် ကျွန်တော့်အား 'တွန်းအား' ပေးသလို ဖြစ်ခဲ့ရပါသည်။ အမှန်အားဖြင့် ကျွန်တော့ Three Loves ကို ဘာသာပြန်ရန် ကြံစည် စိတ်ကူးလာခဲ့သည်မှာ ကြာခဲ့ပြီ။ ၁၉၇၉-ခုနှစ်ကတည်းကဖြစ်သည်။ သို့သော်လည်း အေဂျေကရိုနင်၏ စာအုပ်များထဲတွင် အခြားစာအုပ်တွေလောက် 'မကျော်ကြားခြင်း' နှင့် ဇာတ်လမ်း ဇာတ်အိမ် 'လေး'ခြင်း စသော အကြောင်းများကြောင့် လက်တွန့်နေခဲ့ရပါသည်။ နေ့ရွှေ့ ညရွှေ့နှင့် အချိန်တွေ ကုန်လာခဲ့ရပါသည်။

ထိုစဉ်က ကျွန်တော် သည် Three Loves ဇာတ်လုံး နှင့် ပတ်သက်၍ ကျွန်တော့်ဇနီး'မြင့်'နှင့် မကြာခဏ ဆွေးနွေး

www.burmeseclassic.com



ဝေဖန်ခဲ့ကြသည်။ ထိုကဲ့သို့ ပြောမိဆိုမိခဲ့ကြခြင်းမှာလည်း လိုလောက်သော အကြောင်းရှိသည်။ တကယ်တော့ Three Loves သည် မိခင်တစ်ယောက်၏ ကြီးမားသော မေတ္တာနှင့် စေတနာကို ရေးဖွဲ့ထားသော ဝတ္ထုကြီး ဖြစ်သည်။ သား အတွက် အနစ်နာခံခဲ့ရသော၊ အပင်ပန်းခံခဲ့ရသော အဆင်းရဲ ခံခဲ့ရသော မိခင်တစ်ယောက်၏ ကြေကွဲဖွယ်ရာ အဖြစ်ကို ဖွဲ့ဆိုထားသော ဝတ္ထုကြီး ဖြစ်သည်။

မြန်မာစာဖတ် ပရိသတ်များ နှစ်သက်လက်ခံတတ်သည့် ဇာတ်လမ်းဖြစ်ရာဖြင့် ဤဝတ္ထုကို မြန်မာပြန်လျှင် ကောင်းလိမ့်မည်ဟုလည်း ပြောမိကြသည်။ ဤဝတ္ထု ဇာတ်လမ်း ဇာတ်ကွက်နှင့် တစ်ထပ်တည်းနီးပါးမျှ တူညီနေသော ရေဒီယို အသံလွှင့်ဇာတ်နှင့် မြန်မာ ရုပ်ရှင် ကား တစ်ကား အကြောင်းကိုပင် ဆွေးနွေး ဝေဖန်မိခဲ့ကြသည်။

ဤနေရာတွင် အလျဉ်းသင့်လာသဖြင့် ထိုစဉ်က ကျွန်တော်တို့ ပြောဆိုမိခဲ့ကြသည့် အချက်တစ်ချက်ကို သတိရမိပါသည်။ ကျွန်တော့်မှတ်ထင် ၁၉၇၅-ခုနှစ် အတွင်းက ဖြစ်သည်။ တစ်ရက်တွင် ပန်းဆိုးတန်း စာအုပ်တန်းများသို့ ရောက်သွားရာမှ စာအုပ်သမား တစ်ယောက်က မိတ်ဆက် ပေးသဖြင့် အထိုက်အလျောက် နာမည်ရှိနေသော စာရေး ဆရာတစ်ဦးနှင့် သိကျွမ်းခွင့် ရခဲ့သည်။

'ခင်ဗျားက 'အေဂျေခရိုနင်စာအုပ်နဲ့ ဆုရတဲ့လူ ဆိုတော့ သူ့ကို အထင်ကြီးမှာပဲ၊ ကျုပ်တို့ဆီတော့ အေဂျေခရိုနင် ကို 'တန်းဝင်' စာရေးဆရာ တစ်ယောက်လို့ မသတ်မှတ်ဘူး'



သူက တွေ့တွေ့ချင်း ဆောက်နှင့် ထွင်းသလို ထိုစကားကို ပြောခဲ့သည်။ ကျွန်တော် ဘာပြန်ပြောရမှန်း မသိလောက် အောင်ပင် အံ့အားသင့်ခဲ့ရပါသည်။ ယခုကျွန်တော်နှင့် ကျွန် တော့်ဇနီးတို့ Three Loves အကြောင်း ဆွေးနွေးကြ ကြသည့်အခါ ထိုစဉ်က ထိုစာရေးဆရာ၏ ဝေဖန်ချက်ကို တွေးစပ်မိခဲ့ကြပါသေးသည်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

ကျွန်တော့် ဇနီးကတော့ ဇာတ်လမ်း ဇာတ်အိမ်ကို သိကတည်းက ဤဝတ္ထုကို မြန်မာပြန်စေချင်သည်။ ပရိသတ်အတွက် သင်ခန်းစာလည်း ရမည်ဖြစ်၍ နှစ်သက်လက်ခံလိမ့်မည်ဟု သူ ယုံကြည်ကြောင်း အခိုင်အမာ ပြောခဲ့သည်။ သို့သော်လည်း ကျွန်တော် မလုပ်ဖြစ်ခဲ့ပါ။ ယခုတစ်ဖန် စာဖတ် ပရိသတ်တစ်ဦးက ဤစာအုပ်ကို ဘာသာပြန်ဖို့တိုက်တွန်းပြန်သည်။

Three Loves နှင့်ပတ်သက်၍ ကျွန်တော့်တွင်စဉ်းစားစရာအချက်နှစ်ချက်ကို တွေ့ရသည်။ ပထမ အချက်မှာအထက်တစ်ခနရာ၌ ပြောခဲ့သည့်အတိုင်း ဇာတ်လမ်း ဇာတ်အိမ်



'လေး'ခြင်းဖြစ်သည်။ ဝတ္ထုထဲတွင် လူမှုဆက်ဆံရေးပတ်ဝန်းကျင်ကိုပါ ဖော်ထုတ်ပြသပြီး လူတို့၏ အကျင့်စရိုက်များကိုပြောင်အောင် ရေးဖွဲ့ထားသဖြင့် ပို၍ပင် 'လေး'သည်ဟု ယူဆရာရှိနေသည်။ သို့သော်လည်း ဤအချက်မှာ ကျွန်တော်အာမခံလုပ်၍ မရနိုင်သော အချက်ဖြစ်သည်။

ကမ္ဘာ့စာပေလောကမှ ဝတ္ထုကောင်းကြီးများဟု သတ်မှတ်ထားသမျှ ဝတ္ထုများသည် 'လေး' ကြသည်ချည်း ဖြစ်သည်။ အထူးသဖြင့် လူ့အကျင့်စရိုက်ကို ဖော်ဆောင်သောဝတ္ထုကြီးများသည် အများအား'ဖြင့် 'လေး'ကြသည်ကများ၏။ စာဖတ်ဝါရင့်သူများသည်ပင်လျှင် ပထမ နှစ်ခန်း သုံးခန်းမှ လေးခန်း ငါးခန်းလောက်အထိ စိတ် ရှည်ရှည်ထား၍ နှံခပ်ပြီးဖတ်ကြရသည်ဟုပင်ပြောစမှတ်ပြုကြရသည်။ သို့သော်လည်း ဖတ်ပြီးသည့်အခါ 'ခွဲ' ကျွန် ရစ် လောက် အောင် 'ကောင်း'သည်ဟူ၍ကား ဝန်ခံကြရပါသည်။

အများအားဖြင့် အေဂျကရိုနင်၏ ဝတ္ထု များ သည် ယင်းအမျိုးအစားထဲတွင် ရှေ့ကန်းမှ ပါဝင်သည်။ ပရိသတ်အလွန်နှစ်သက်ခဲ့ကြသော 'ရဲတိုက်' နှင့် 'သစ္စာရှင်' ဝတ္ထုများ၊ 'တစ်ကျွန်းစံ၏ အပြန်လမ်း' နှင့် 'အဆိပ်' ဝတ္ထုများသည်ပင်လျှင် အလွန် 'လေး' သောဝတ္ထုကြီးများဖြစ်သည်ကို ဝန်ခံကြရလိမ့်မည် ဖြစ်ပါသည်။ ထို့ကြောင့်လည်း Three Loves သည် မည်မျှပင် 'လေး' စေကာမူ အေဂျေ ကရိုနင်၏ ပရိသတ်ကို တိုးနိုင်လိမ့်မည်ဟု ယူဆမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယအချက်မှာ စာအုပ် 'ထူ' နေခြင်းဖြစ်သည်။ အခုတလော ကျွန်တော်တို့ စာပေလောကတွင် 'ဘာသာပြန်တွေ မကောင်းရဘူး' ဟူသောစကား ရေပန်းစားနေသည်။ အထူးသဖြင့် အထိုးအကြိတ် အပစ်အခတ်နှင့် အသတ်အဖြတ် မပါသော ဘာသာပြန် ဂန္ထဝင်ဝတ္ထုများဆိုလျှင် မထုတ်ရဲဘူး ဆိုကြသည်။ ယင်းဝတ္ထုများကို မတတ်သာလွန်း၍ ထုတ်ဝေရသည့်အခါတွင်လည်း အတွဲတွေများမည်ကို စိုးရိမ်ကြသည်။ အများဆုံး နှစ်တွဲထက်မပိုပါစေနှင့်ဟုလည်း 'ဟန့်'ကြသည်။ ထုတ်ဝေသူရော စာရေးသူများပါ လုပ်ရကိုင်ရ သည် မှာ အဆင်မပြေကြပါ။ အလွန်ကျပ်တည်း ကျဉ်းမြောင်းလှပါသည်။

မည်သို့ပင်ဖြစ်စေ၊ ဤအချက်ကိုမူ ကိုယ့်ဘာသာကိုယ်ပင် တာဝန်ယူ၍ ဖြေရှင်းသွားပါက ပြေလည်နိုင်စရာ ရှိသည်ဟု တွက်သည်။ ဤသို့ဖြင့်....

* * *

( ၄ )

Three Loves သည် အတော် 'ထူ' သော ဝတ္ထုကြီးဖြစ်ပါသည်။ လုံးစေ့ပတ်စေ့သော 'ပြန်'လိုက်လျှင် အနည်းဆုံး အတွဲသုံးတွဲကော ရှိလာမည်ဖြစ်သည်။ ကျွန်တော် မတတ်နိုင်တော့ပါ။ စာဖတ်ပရိသတ်အတွက် 'အီ' နေမည့် အပိုင်းများနှင့် 'ရှည်လျားထွေးပြားနေမည်'ဟု ယူဆရသော အပိုင်းများကို ဖြုတ်ခဲ့ဖြတ်ခဲ့ရသည်။ အချို့ အပိုင်းကြီးများကိုမူ အကျဉ်းချုပ်၍ (Rewrite) ပြန်ရေးခဲ့သည်။ ယင်းကဲ့သို့ ပြုလုပ်ရာ၌ မူရင်း စာရေးဆရာ၏ ဇာတ်လမ်း ဇာတ်အိမ်နှင့် ရသကို ပျက်မသွားအောင် အထူးသတိထား၍ ကျွန်တော် အားထုတ်ထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာတွင် အကြောင်း သင့်လာသဖြင့် ကျွန်တော် အတွေ့အကြုံတစ်ခုကို တင်ပြလိုပါသည်။ မူရင်း ဝတ္ထုတစ်ပုဒ်ကို ဖြုတ်ရဖြတ်ရာ၌ အချို့ဝတ္ထုများကို အလွယ်တကူ လုပ်၍ ရသော်လည်း အချို့ဝတ္ထုများကိုမူ လုပ်၍မရပါ။ ဥပမာ ပြရလျှင် ယခု ကျွန်တော် ဖြည်းဖြည်းချင်း ဘာသာပြန်နေသော Quiet Flows the Don ဝတ္ထုကြီးမှာ ဖြုတ်၍ ဖြတ်၍မရပါ။ သူ့ရှိရင်းအတိုင်း ပြန်မှသာ ဖြစ်နိုင်သည့်အခြေ အနေ၌ ရှိပါသည်။ ယခု Three Loves မှာ မူရင်းရသ မပျက်အောင် ဖြုတ်၍ဖြတ်၍ အဆင်ပြေသည်ကို တွေ့ခဲ့ရပါသည်။

* * *

( ၂ )

ယခုဆိုလျှင် 'အနန္တမေတ္တာ' ဟူသော အမည်ဖြင့် Three Loves ကို ကျွန်တော် ဘာသာပြန်ခဲ့ပြီးပြီ ဖြစ်၍ စာဖတ်ပရိသတ်ထံ ပို့နိုင်ခဲ့ပြီ ဖြစ်ပါသည်။ 'ကျွန်မဆန္ဒကတော့ ဤစာအုပ်ကို ဆရာဘာသာပြန်တာ ဖတ်လိုလှပါသည်' ဟု အဆိုပြုခဲ့သော အေရာဝတီနှင့် စာဖတ်ပရိသတ်တစ်ဦး ဖြစ်သူ ဒေါ်နုနုအဖို့လည်း အလိုဆန္ဒ ပြည့်ပြီဟု ဆိုနိုင်စရာရှိပါသည်။

သို့သော်လည်း 'ကျေးဇူးပြု၍ ကျွန်မအား စာရေးသားခြင်းဖြင့်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း အကျိုးအကြောင်း ပြန်ကြားစေလိုပါသည်ရှင်' ဟု ရေးခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုနုထံသို့ သူ့ထံမှ စာရပြီးနောက် (၁၉-၄-၉၃)ရက်နေ့တွင် ကျွန်တော် စာပြန်ရေးခဲ့ပါသည်။ (၂၀-၄-၉၃) ရက်နေ့တွင် တယ်လီဖုန်း ဆက်ခဲ့ပါသည်။ တယ်လီဖုန်းဆက်တော့လည်း အပြင်ထွက်သွားသည်ဟု ဆိုသဖြင့် စကားပြောခွင့်မရခဲ့ပါ။ ရေးလိုက်သည့်စာအတွက်လည်း ယနေ့အချိန်ထိ 'ပြန်စာ' မရခဲ့ပါ။ Three Loves စာအုပ်မှာ ကျွန်တော့်ဆီတွင် (၂)အုပ်မျှရှိနေသဖြင့် 'တော်ပါသေးရဲ့' ဟု အောက်မေ့ရပါသည်။

မောင်ထွန်းလှ

၁၉၉၅-နှစ်၊ မေလ (၁) ရက်

# စာအုပ်

## တစ်

www.burmeseclassic.com

www.burmeseclassic.com

## ( ၁ )

အဝတ် လဲပြီးသွားသည့်အခါ လှစိုသည် သူ့အိပ်ခန်း ပြတင်းပေါက်ဆီသို့သွားရပ်ကာ အပြင်သို့မျှော်ကြည့်သည်။ ယခုထိ ဖရန့်၏ အရိပ်အယောင်ကို မမြင်ရသေး။ သူသည် ဧည့်ခန်းဆီးနောက်တွင်ရပ်ကာ တစ်မိုင်နီးပါးခန့်အကွာ ရှိနေရာမှ မြစ်ဆမ်းပါးဘေးအတိုင်း မြို့ဆက်သို့ ဦးတည်သွားနေသော လမ်းမကြီးဆီသို့ အမှတ်တမဲ့ ငေးကြည့်နေမိ၏။

လမ်းမကြီးသည် လူသွားလူလာကင်းမဲ့ကာ တိတ်ဆိတ် ခြောက်သွေ့လျက် ရှိသည်။ အနီး တစ်ဝိုက်တွင် အသိုးအို ဘိုးဝီးနှင့် သူ့ခွေးမှတစ်ပါး တခြားလူ မရှိ။ အသက်ကြီးလှ ပြီဖြစ်သော ဘိုးဝီးသည် အဆစ်အမြစ် ကိုက်ခဲသော ရောဂါ ကြောင့် သူ၏ လှေရုံအပြင်ဘက်ထွက်ကာ နံရံကိုမှီ၍ နေစာ

www.burmeseclassic.com

www.burmeseclassic.com



လှုံနေခြင်းဖြစ်သည်။ သူ့ခွေးသည် လမ်းဘေး ပလက်ဖောင်းပေါ်တွင် ခေါင်းကိုမေးတင်ကာ အိပ်လျက်ရှိသည်။

ဩဂုတ်လ၏ မွန်းလွဲပိုင်းနေရောင်သည်ကြည်လင်တောက်ပလျက်ရှိ၏။ နေရောင်အောက်တွင် အတ်ဒ်ဖီလန် မြို့သည် ငြိမ်းလက်နေသည်။ ဒိုရန်ဆိပ်ကမ်းရှိ အဆောက်အဦ ခေါင်မိုးများနှင့် ခေါင်းတိုင်များသည်လည်း တစ်ပြောင်ပြောင် တလက်လက်ဖြစ်နေကြသည်။ တကယ်တော့ ဤလမ်းမ၊ ဤအဆောက်အဦများနှင့် ဤအိမ်များသည် သူနေ့တွေ့မြင်နေကျ မြင်ကွင်းတစ်ခုဖြစ်သည်။ သို့သော်လည်း အခုလို ရွှေရောင်သန်းနေသည့် အလင်းရောင်နှင့်ကျတော့ ရှုခင်းသည် ရိုးသွားသည်ဟုမရှိ၊ ကြည့်မဝအောင် လှပနေဆဲပင် ဖြစ်၏။

နေရောင်တွင် တလက်လက်တောက်ပနေသည့် ပင်လယ်ကော့အတွင်းမှ ရေပြင်အနီး ကမ်းပါးထက်မှ စိမ်းမြမြတောအုပ်၊ အနောက်ဘက်တစ်လွှားတွင် မိုးကောင်းကင်ဆီသို့ ထိုးထက်နေသည့် တောင်ထွတ်တောင်ထိပ်များ၊ ဤရှုခင်းသည် သူနှင့် တရင်းတနှီးဖြစ်လာခဲ့သည်မှာ ကြာခဲ့ပြီ။ ဆောင်းဦးပေါက်တော့မည့် အရိပ်လက္ခဏာများကို မြင်နေရပြီ။ ဤရာသီကို သူ မြတ်နိုးလှ၏။

သူ့အကြည့်သည် လှေရုံ၏တစ်ဘက်ရှိ 'လင်းယုန်'ကူးတို့သင်္ဘောငယ်ပေါ်တက်၍ ကစားနေသော သူ့သားထံရောက်သွားသည်။ ကူးတို့သင်္ဘောသည် ဆိပ်ကမ်း၌ ဆိုက်ကပ်ထားခြင်းဖြစ်၍ သူ့သားသည် သင်္ဘောကုန်းပတ်ပေါ်၌ အလုပ်များနေရှာသည့် ဖေ့ဖေ့ဗိုအား ကူညီနေသလား၊ နှောက်ယှက်



နေသလား။ ကူညီဖို့ထက် နှောက်ယှက်ဖို့ကတော့ ပိုများသည်မှာ အမှန်…။ ထိုအတွေးဝင်လာသည့်အခါ သူ့သားငယ်၏အပေါ်၌ ချစ်ခင်မြတ်နိုးသည့် မိခင်စိတ်သည် ဝင်လာသည်။

သူသည် တစ်ချက်မျှပြုံးလိုက်ပြီး ပြတင်းပေါက် နားမှ ခွာလာခဲ့သည်။ ဝက်သစ်ချသား ဗီရိုကြီးရှေ့မှ အဖြတ်တွင် တစ်ခဏမျှရပ်၍ မှန်ထဲ၌ ထင်ဟပ်လာသည့် သူ့ရုပ်လွှာကို ကြည့်နေမိသည်။ သူ့အရပ်သည် မမြင့်မနိမ့်၊ ပါးလွှာမှုသော အဝတ်အစားများအောက်မှ မထောင့်တင်း ပြောင့်စင်းသော သွယ်လျလျ ခန္ဓာကိုယ်သည် ငယ်ရွယ် ပျိုမျစ်မှုကို အထင်အရှားဖော်ပြနေသည်။ အသက်အားဖြင့် နှစ်ဆယ့်ခြောက်နှစ်မျှရှိနေပြီဖြစ်သော်လည်း သူ၏နုပျိုမှုက အသက် ဆယ့်ခြောက်နှစ်အရွယ်လောက်သာမျှသာ ရှိနေဆဲ။

သူ့အသားအရေသည် စိုပြည်လန်းဆန်းသော ဖွေးရောင်လျှမ်းနေသည်။ သူ့မျက်နှာသည် သွယ်သျှလျှဖြစ်၍ သူ့မျက်လုံးအစုံသည် အပြာရောင်ဖြစ်သည်။ လည်တိုင် ကြော့ကြော့သည် သူ့မျက်နှာနှင့် လိုက်လျောညီထွေ ရှိလှ၏။ တကယ်တော့ သူ့မျက်နှာသည် ရိုးသားပွင့်လင်းမှု၊ အထင်းပါးမှုနှင့် သွက်လက် ဖျတ်လတ်မှုများကို ပီပြင်ပြတ်သားစွာ ဖော်ပြနေသည်။

သူသည် သူ၏ နက်မှောင်သော ဆံပင်များကို လက်တစ်ဘက်ဖြင့် အသာအယာသပ်လိုက်ပြီး သူ့မျက်နှာကို တစ်ခဏမျှ စိုက်ကြည့်နေသည်။ ထို့နောက် သူ နှုတ်ခမ်းထော်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ချတ်ထားခဲ့သော အဝတ်ကိုကောက်၍ ဗီရိုအောက်ဆုံးထပ်တွင် ထည့်ထားလိုက်သည်။ ဗီရိုကိုပြန်ပိတ်ပြီးသည့်အခါ အခန်း တစ်ခန်းလုံးကို စေ့စေ့စပ်စပ်ကြည့်သည်။ အခန်းထဲရှိပစ္စည်း အားလုံးသည် သူလိုချင်သည့်ပုံစံအတိုင်း သူ့နေရာနှင့်သူ စနစ်တကျရှိနေသည်။ ယခုခန်းလုံးလည်း သူ့စိတ်တိုင်းကျ သန့်ရှင်းစင်ကြယ်လျက်ရှိသည်။ သူသည် ကျေနပ်အားရသော မျက်နှာထားဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့လေသည်။

အမှန်တော့ လူစီသည် သူ့အိမ်ကို အမြဲတမ်းစေ ကြည့်လင် ပြောင်လက်နေအောင် ထားရမှ ကျေနပ်သူဖြစ်၏။ အိမ်ထဲ တွင်အနံ့အသက်များလည်း ကောင်းမနေမှု၊ အစွန်းအကွက်ပျ ၍လည်း လုံးဝမရှိဘဲ ပြောင်စင်နေပါမှ စိတ်တိုင်းကျသူ ဖြစ် သည်။ သို့မှသာလျှင် အိမ်ရှင်မကောင်း တစ်ယောက်ပီသသည် ဟု ယူဆကာ ဂုဏ်ယူတတ်သူဖြစ်၏။ သူ့အိမ်သည် ခပ်သေး သေးဖြစ်သော်လည်း သီးခြားခြံဝင်းကလေးနှင့်ဖြစ်၍ အတ် ဖိုလန်မြို့အစွန် ဆင်ခြေဖုံးတွင် တည်ရှိသည်။

သူသည် မီးဖိုချောင်ထဲသို့ဝင်လာခဲ့ပြီး အိုးခွက်ပန်းကန် ဆေးကြောသည့် နေရာဘက်သို့ လျှောက်လာသည်။ 'အခု ထက်ထိမပြီးသေးဘူးလား၊ နက်တာ'ဟု လှမ်းမေးသည်။

'အခုပဲပြီးတော့မှာပါ မစ္စက်မူး' ဟု နက်တာက ပြောသည်။

'မစ္စတာမူး ပြန်လာတာနီးနေပြီ' ဟု လူစီက ဆက်ပြော သည်။ 'အခုကတည်းက ကြက်ဥတွေပြုတ်ထားတော့'

'ဟုတ်ကဲ့ပါ'



'ပြုတ်ရင်လဲ သတိထားပြုတ်နော် နက်တာ၊ မာသွားအောင် ရှာလတာရည်လေး နည်းနည်း ထည့်ပြုတ်၊ မမေ့ သွားနဲ့ဦး'

'မမေ့ပါဘူး မစ္စက်မူး'

နက်တာသည် အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးနှင့် သွက် သွက် ဖျတ်လတ်သည်။ အသက်မှာ ဆယ့်ခုနစ်နှစ်မျှသာ ရှိ သေး၏။ အလုပ်ကို သွက်သွက်လက်လက်နှင့် လိုလိုချင်ချင် လုပ်တတ်သည်။ စိတ်ဆတ်ပြီး စကား နည်းသော်လည်း ချစ်ခင်နှစ်လိုဖွယ်ရာကောင်းသည်။ အလုပ်ကို မပျင်းမရိလုပ် တတ်သော အကျင့်စရိုက်ရှိသော်လည်း အလုပ်ရှင်အား စကား ပြန်ပြောသည့်အခါများတွင် ဘယ်တော့မှ အလွန် အကျွံ ရိုသေကျိုးနွံသည့် 'ဆာ' နှင့် 'မဒမ်' စသော စကားလုံးများကို သုံးလေ့မရှိ။ ယဉ်ကျေးသိမ်မွေ့စွာဖြင့် တရိုတသေ တစ်လေးတစ်စား ပြန်ပြောတတ်သော်လည်း လွန်ကဲသော ခယဝပ်တွားမှုကို ဖော်ပြသည့် အသုံးအနှုန်းနှင့် အပြုအမူများကို ပြုလုပ်လေ့မရှိ။

ပန်းကန် ခွက်ယောက်များ ဆေးပြီး၍ အပြင်သို့ထွက် လာသော နက်တာသည် သူ့အတွေးနှင့်သူပြုံးသည်။ 'ဒီဆံပင် ကို ပုံသစ်ညှပ်ပြီးတတည်းက ကျွန်မ အဝတ် လဲတာ အချိန်ကြာ၊ ကြာသွားတယ်' ဟု ပြောသည်။

'အေးပါ... ဟုတ်ပါတယ်၊ နင်အဝတ်လဲတာ ဘာ့ကြောင့် ကြာတယ်ဆိုတာလဲ ငါသိပါတယ်' ဟု လူစီက တွေးသည်။ 'နင့်ကို ဒေ့ဗ်ဘိုးဝိဇ စိတ်ဝင်တစား ကြည့်ကြည့်နေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကတည်းက အဝတ်လဲဘာ အလှပြင်တာတွေ ကြာကြာလာတာပါ'

'ဆံပင်ပုံက လှသားပဲ၊ ဒီပုံမျိုးကို ဒေ့ဗ်က ကြိုက်သတဲ့လား'ဟု လူစီက မေးသည်။

နက်တာသည် ရှက်စိတ်ဖြင့် ခေါင်းခါသည်။ သူသည် ကြက်ဥတစ်လုံးကို အိုးနှုတ်ခမ်းနှင့် ရိုက်ခွဲလိုက်ပြီး 'သူလား၊ ဟင်းဟင်း'ဟု မရေမရာ ရေရွတ်ကာ ရှလကာရည်ပုလင်း သွားယူသည်။

လူစီသည် အိမ်ဖော်မလေး၏ လှုပ်ရှားမှုများကို အတန်ကြာမျှ ရပ်ကြည့်နေသည်။ ပြုံးချင် ရယ်ချင်စိတ်ကို ချုပ်တည်းထားသည်။ ပြီးတော့ သူကိုယ်တိုင်၏ စိတ်ကြည်နူးသာယာမှုကို ပြန်၍ သတိထားနေမိသည်။ သူကိုယ်တိုင်ပင်လျှင် ဖရန့်စ်မှ ပြန်ရောက်လာတော့မည့် အခုလိုအချိန်ကလေးရောက်လာတိုင်း စိတ်ထဲတွင် သာယာကြည်နူးခြင်း ဖြစ်ရသည် မဟုတ်ပါလား။ ထိုအချိန်နှင့်နီးလာတိုင်း တစ်အိမ်လုံးကို သန့်ရှင်းစင်ကြယ်သွားအောင် ရှင်းလင်းသုတ်သင်ကာ အဝတ်များလဲ၍ ဖရန့်ရောက်အလာကို တမျှော်မျှော် ဖြစ်နေတတ်သည် မဟုတ်ပါလား။

သူသည် အိမ်ရှေ့ခန်းမကိုဖြတ်ကာ တံခါးကိုဖွင့်၍ အပြင်သို့ ထွက်သည်။ အပြင်ဘက်မှ ကျောက်စရစ်ခဲများ ခင်းထားသော လူသွားလမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။ လေးထောင့်စပ်စပ်၊ ခပ်သေးသေး ပန်းခြံကလေးထဲရှိ မြက်ခင်း စိမ်းစိမ်းနှင့် ပွင့်ဖူးနေကြသည့် ပန်းပင်များကိုကြည့်ရင်း



င်းတံခါးဘက်သို့ သွားကာ တံခါးကို ဖွင့်လိုက်သည်။ ခင်းပေါ်တွင် လှုပ်ရှားမှုတစ်ခု ရှိနေပြီ။ သူ့ဘက်သို့ ပြေးလာနေသည့် သူ့သား၊ သူ့သား၏အရိပ်သည် လူ့သား၏ နောက်မှ ထပ်ကြပ်မကွာ ပြေးလိုက်လာနေသည်။

'အမေ...ရေ' သူ့သားထံမှ သူ့အား အော်ခေါ်လိုက်သည့် အသံကို ကြားရသည်။ 'ကျွန်တော် ဒေ့ဗ်နဲ့ လင်းယုန်အဘော်ပေါ်မှာ အလုပ်လုပ်ခဲ့တယ်'

'ဟုတ်ရဲ့လား'ဟု လူစီက မယုံကြည်သည့် လေသံဖြင့် ပြန်ပြောသည်။

'ဟုတ်တယ် အမေရဲ့၊ တကယ်ပြောတာ'ဟု ရှစ်နှစ်သား သူ့သားက ဝမ်းသာအားရပြောသည်။ 'ဒေ့ဗ်က ကျွန်တော့်ကို ကြိုးတစ်ချောင်း ဆက်ခိုင်းတယ်၊ သိလား'

'ဟုတ်လား...၊ ကောင်းတာပေါ့၊ နောက်ပြီးတော့ကော' လူစီက အလိုက်သင့်ပြန်ပြောကာ သူ့သား၏ နှာခေါင်းပေါ်မှ မှဲ့ပြောက်ကလေးများကို သတိထား၍ကြည့်မိသည်။ သူ့သားနှာခေါင်းသည် ပုတိုတိုကလေးဖြစ်၏။ ဤနှာခေါင်းမျိုးနှင့် ဤမှဲ့ခြောက်မျိုးကို သူတွေ့ခဲ့ဖူးပေါင်း များလှပြီ။ သူ့အဖို့ သူ့သားပီတာ၏ နှာခေါင်းလောက် ဘယ်နှာခေါင်းမှ ဆွဲဆောင်မှုမရှိ။

သူ့အသက်အရွယ်နှင့်စာလျှင် သူ့သားပီတာသည် 'ယဉ်ကျေးသိမ်မွေ့သော ကလေးတစ်ယောက်'ဟု ဆိုနိုင်လောက်ရှိသည်ဟု ထင်၏၊ ဆံပင်သည် အညိုရောင်၊ မျက်လုံးများသည်လည်း သူ့အဖေလိုပင် အညိုရောင်ဖျော့ဖျော့၊ သူ့မျက်စိ

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် သူ့သားသည် ချစ်စရာ အလွန်ကောင်းသည့် လူချော လူလှလေးတစ်ဦး ဖြစ်သည်။ အခြားကလေးများတွင်လည်း ချစ်စရာကောင်းသည့်အကွက်ကလေးများ ရှိကြပေလိမ့်မည်။ သို့သော်လည်း သူ့သားပီတာလောက်တော့ ချစ်စရာကောင်းလိမ့်မည်ဟု မထင်။

'မေမေ....သား ကျောက်ဒိုး ပစ်တမ်း ကစားချင်တယ်၊ သွားရမလားဟင်' ဟု ပီတာက မေးသည်။

'ကျောက်ဒိုးကို သား ဘယ်ကရသလဲ'

ပီတာက ရယ်ကျဲကျဲလုပ်ကာ သူ့အမေအား ကြည့်နေသည်။ 'ဒီနေ့ ကျောက်ဒိုးပစ်နေတဲ့ ကောင်လေးတွေနဲ့ သား တွေ့တယ်၊ ကောင်လေး တစ်ယောက်ဆီက ကျောက်ဒိုး နှစ်လုံး သားက ချေးပြီး သူနဲ့ပစ်တာ၊ သားကနိုင်တယ်၊ သူ့ဆီက ချေးထားတဲ့ ကျောက်ဒိုးတွေလဲ ပြန်ဆပ်လိုက်တယ်၊ သားဆီမှာလဲ ပိုသေးတယ် သိလား' ပြောပြောဆိုဆို ပီတာသည် ဘောင်းဘီအိတ်ကပ်ထဲမှ ကျောက်ဒိုးများကို ထုတ်ပြသည်။

'မေမေကလွှတ်ရင် သားသွားပြီး ကစားမယ်၊ နောက်ထပ် အများကြီး နိုင်ဦးမှာ'

'နေဦး....သား၊ လက်ဖက်ရည် အရင်သောက်မယ်၊ မင့်အဖေ အခုပဲ ရောက်တော့မှာ၊ ကဲ—အိမ်ထဲသွား၊ ခြေတွေ လက်တွေဆေးဦး၊ ညစ်ပတ်နေရင် မကောင်းဘူး'

ပီတာသည် လေတစ်ချက် ချွန်လိုက်ကာ ကျောက်စရစ် လမ်းလျှောက်သွားလမ်းပေါ်အတိုင်း အိမ်ဘက်သို့ ပြေးသွားသည်။



ချိန်၌အကြည့်သည် မြို့ဘက်မှ လာနေသော လမ်းမဆီသို့ ရောက်သွားသည်။ နောက်တစ်ခဏမျှ အကြာတွင် သူ့ယောကျ်ား ဖရန့်သည် သူ့မြင်ကွင်းထဲသို့ ဝင်လာသည်။ ထိုအခါ ကျတော့လည်း သူ့ရင်သည် ပေါ့သွားသည်။ သူ့စိတ်သည် ချက်ချင်းပင် ကြည်လင်ပေါ့ပါးသွားသည်။

သူ့ယောကျ်ားသည် ခါးကိုကိုင်း၍ ခေါင်းကို ငုံ့ကာ လျှောက်လာနေခြင်း ဖြစ်သည်။ သူ့အကျင့်စရိုက် အတိုင်း အေးအေးဆေးဆေး နိုင်လွန်းလှ၏။ သူ့ပုံစံကို ကြည့်ကာ ခစ်လည်း ချစ်သည်၊ သနားလည်းသနားသည်၊ စိတ်မရှည်နိုင်အောင်လည်း ဖြစ်ရ၏။ ရုတ်တရက် သူ့ခေါင်းထဲတွင် အောင်မြင်မှု နည်းနေသည့် လက်ရှိအခြေအနေကို တွေးမိသည်။ ထိုအခါ သူတို့နှစ်ဦး ဆုံတွေ့ခဲ့ရသည့်အဖြစ်ကို ပြန်၍ သတိရမိသည်။

ထိုတစ်ချိန်က သူ့အစ်ကို ရစ်ချတ်နှင့်နေခဲ့သည့် ဘဝကို ပြန်၍သတိရမိသည်။ သူ့အစ်ကို အိမ်ထောင်ကျစ ရှေးနေ အလုပ်ဝင်မလုပ်မီက ရှိုင်းညီအစ်မပိုင် ကုမ္ပဏီ၌ အလုပ် ဝင်လုပ်ခဲ့သည်။ ရစ်ချတ်သည် အရာရာတိုင်းတွင် စေ့စပ် သေချာသူ တစ်ဦးဖြစ်၏။ အသေးအဖွဲ့မှအစ ဂရုစိုက်လွန်း သော အကျင့်လည်း ရှိ၏။ ထိုစဉ်က ရစ်ချတ်သည် သူ့ ခနီး အီဗာအတွက် ဘာမဆို ဖြစ်အောင် လုပ်ပေးလေ ရှိသော်လည်း မိမိအတွက်မူ သိပ်ပြီးအရေးတယူမရှိခဲ့။ အကို တစ်ယောက်အနေဖြင့် တာဝန်အရ ထိန်းသိမ်းစောင့်ရှောက် မှုမျိုးကိုသာ ပေးခဲ့သည်။ ယင်းကဲ့သို့ ဖြစ်ရခြင်းသည် သူ့

www.burmeseclassic.com

www.burmeseclassic.com



သားငယ်ချားလီအား ပြုစုစောင့်ရှောက်နေရသည်က တစ်ကြောင်း၊ ကလေးမီးဖွားပြီးကတည်းက ချူချာလာသော သူ့ဇနီး အိဗာ ကျန်းမာရေးကို ဂရုစိုက်နေရသည်က တစ်ကြောင်းတို့ကြောင့် ဖြစ်ကောင်း ဖြစ်လေပလိမ့်မည်။

အမှန်တော့လည်း ရစ်ချတ်နှင့် မိမိသည် ဘယ်တော့မှ ညှိကြသည်မရှိ။ ဘဝချင်းမတိုက်ဆိုင်သည်က များ၏။ ခံစားခြင်း စိတ်သဘော သဘောချင်းမတူကြခြင်းဖြစ်ရမည်ဟု မိမိကတော့ ယူဆခဲ့၏။ ထို့နောက်တော့ လူငယ် တစ်ဦးဖြစ်သော ဖရန့်က မိမိအပေါ် စိတ်ဝင်စားလာသည့် အခါတွင်မူ—

ထိုအဖြစ်ကို သတိရသည့်အခါ လူစီ မပြုံးဘဲ မနေနိုင်။ ထိုစဉ်က ဖရန့်သည် ဆယ့်လေးရက်တစ်ခါ အလုပ်အားသည့်နေ့တိုင်း မိမိထံရောက်လာလေ့ရှိ၏။ ဖရန့်သည် နမော်နမဲ့နိုင်ရုံမျှမက မိမိတို့အသိုက်အဝန်းက သိနားလည်ထားသည့် ယဉ်ကျေးဖွယ်ရာမှုများကိုလည်း နားမလည်။ တကယ်တော့ မိမိ၏ ခင်ပွန်းလောင်းအား အတ်ဒ်ဘာကဲလို နေရာမျိုးရှိ အငှားဆောင်သင်ဆောင်၌ တွေ့ခဲ့ရသည်မှာ သိပ်ပြီး ဂုဏ်သိက္ခာထတော့ မမြင့်မားလှ။ အသေအချာ စဉ်းစားလျှင် ရယ်စရာပင် ကောင်းသည် ထင်၏။

မည်သို့ပင်ဖြစ်စေ အကျင့်စရိုက်နှင့် အရည်အသွေးချင်း မတူညီကြသော သူတို့နှစ်ယောက်သည် တစ်ဦးနှင့် တစ်ဦး ခွဲခွာ၍မရနိုင်လောက်အောင် ပို၍ ပို၍ နီးစပ်လာခဲ့ကြသည်။ ယခုလို မွန်းလွဲပိုင်းအချိန်မျိုးတွင် သူတို့သည် အနီးတစ်



ဝိုင်းရှိ သစ်တောများတွင် လမ်းလျှောက်သည့်အခါမျိုး လျှောက်ကြသည်။ အောက်ဘက်အနိမ့်ပိုင်းတွင်ရှိ ပင်လယ်ကွေ့ ရေပြင်အလှတွင် ငေးမောသည့်အခါ ငေးမောကြသည်။

ရစ်ချတ်ကတော့ ပြင်းထန်သည်။ နယ်လှည့် အရောင်းသမားတစ်ဦးဖြစ်သော ဖရန့်အပေါ်၌ နည်းနည်းကလေးမှ အထင်မကြီး။ သူတို့နှင့်ဖရန့်သည် ဘာသာ အယူဝါဒလည်း တူညီကြသည် မဟုတ်။ ပြီးတော့ အရည်အသွေးချင်းလည်း တူညီကြသည် မဟုတ်။ အိုင်းရစ် မိဘများမှ ပေါက်ဖွားလာသူတစ်ဦးသည် အငတ်ဘေးကြောင့်သာ သူ့နိုင်ငံမှ ထွက်လာခြင်းဖြစ်သည်ဟု ရစ်ချတ်က ဆိုသည်။ တစ်နှစ်လျှင် နှစ်ကြိမ်ပျက်သည့် အာလူးခင်းများပျက်ပြီး အငတ်ဘေး ကျရောက်လာသည့် အခါတိုင်း လမ်းဘေးတွင် အသေကောင်များ အပုံလိုက် ဖြစ်နေတတ်သော နေရာမျိုးမှလူများသည် အများအားဖြင့် စကော့တလန်နိုင်ငံသို့ အစုလိုက် ဝင်ရောက်လာတတ်ကြ၏။ သူတို့ အိုင်းရစ်များသည် အောက်တန်းစား အလုပ်သမားမှတစ်ပါး တခြား ဘာမှ မဖြစ်နိုင်ဟုလည်း ရစ်ချတ်က နှိမ့်နှိမ့်ချချ ပြောသည်။ တကယ်တော့ ရစ်ချတ်သည် စကော့လူမျိုး ဖြစ်ရခြင်းအတွက် မာန်မာနတက်နေသူ မဟုတ်ပါလော....။

ဤကိစ္စတွင် ရစ်ချတ်နှင့်လူစီသည် အကြီးအကျယ်သဘောကွဲလွဲခဲ့ကြသည်။ သူ၏ အိမ်ထောင်ဖက် ရွေးချယ်မှုအပေါ်တွင် ရစ်ချတ်တို့လူစုက အပြင်းအထန် ဝေဖန်ကြသည်။ ပြစ်တင်ရှုတ်ချကြသည်။ ဤကြားထဲမှပင် သူနှင့်ဖရန့်သည် လွန်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော ကိုးနှစ်ကာလက တစ်ရက်တွင် အတူတူ ပေါင်းသင်းနေထိုင်ကြရန် ဆုံးဖြတ်ကာအပြီးအပိုင် ထွက်လာခဲ့ကြသည်။ သူ့အနေဖြင့် အခိုင်အမာ ဆုံးဖြတ်ထားပြီးဖြစ်သဖြင့် ဖရန်နှင့် အိမ်ထောင်ကျရသည့်အတွက် လုံးဝ ရှက်ခြင်း ကြောက်ခြင်း မဖြစ်ခဲ့၊ ဖရန့်အား ချစ်သည် ဟူသော အသိမှ တစ်ပါး အခြားဘာကိုမှ မစဉ်းစားခဲ့။

ဖရန့်သည် သူ့ဘက်သို့ နီးကပ်လာနေပြီ။ လူစီသည် လက်တစ်ဘက်ကိုမြှောက်၍ ဝှေ့ယမ်းပြသည်။ နှုတ်မှလည်း 'ဟယ်လို' ဟု အသံပေးသည်။ ဖရန့်ကလည်း 'ဟယ်လို' ဟု ပြန်၍ အသံပြုသည်။

ဖရန့်သည် အသက် သုံးဆယ်ရှယ် ဖြစ်သည်။ အရပ်အမောင်း မြင့်သော်လည်း ခန္ဓာကိုယ်သည် ကျစ်လျစ်တောင့်တင်းခြင်းမရှိ။ ဝတ်စား ဆင်ယင်ပုံသည် ဖြစ်ကတတ်ဆန်းနိုင်သည်။ မျက်လုံးအစုံနှင့် ဆံပင်သည် အညိုရောင်။

'မောင်...ဒီနေ့ နောက်ကျတယ်' ဟု လူစီက ပြောသည်။ 'လေးနာရီခွဲရထား မမီလိုက်ဘူး ထင်တယ်'

'မောင်...မမီတာ ဘာမှမရှိဘူး' ဟု ဖရန့်က ပြန်ပြောသည်။ 'မောင် မမီဘဲ နောက်ကျတာဆိုလို့ ဘုရားရှိခိုးတာ တစ်ခုပဲ ရှိတယ်'

သူတို့သည် အတူတွဲ၍အိမ်ဘက်သို့ လျှောက်လာကြသည်။ 'လူစီ မှာလိုက်တဲ့ ပန်းကန်အောက်ခံစက္ကူလေးတွေ ဝယ်ဖို့ မေ့လာပြန်ပြီ ထင်တယ်' ဟု လူစီက စကားစသည်။



ဖရန့်က အဖြေမပေး။ လူစီ့မျက်နှာကို တစ်ချက်မျှ ငဲ့ကြည့်ပြီး ငြိမ်နေသည်။ သူ ဒီနေ့ မစ္စတာဂိုး ကုန်ပဒေသာဆိုင်ဘက် ရောက်မည်ဟု မနက်က ပြောသွားခဲ့၏။ အခုကျတော့ လူစီ မှာလိုက်သော ပစ္စည်းကို မေ့လာခဲ့ပြန်ပြီ။ သူတို့မိသားစုသည် 'ဂိုးကုန်ပဒေသာဆိုင်' အား ပစ္စည်းအကောင်းစားများ ရောင်းချသည့်ဆိုင်ဟု အသိအမှတ် ပြုထားကြသူများ ဖြစ်သည်။ ထိုဆိုင်မှဝယ်လျှင် ဘာပစ္စည်းမဆို ဟောင်းမွန် ခိုင်ခံ့သည်ဟုလည်း ယုံကြည်နေသူများ ဖြစ်သည်။ အခု လက်ရှိ အိမ်မှာတွင်သုံးနေသည့် စန္ဒရားမှအစ ပြက္ခဒိန်အဆုံး ဂိုးစတိုးဆိုင်မှ ပစ္စည်းများသာ ဖြစ်၏။

'လာမယ့် သောကြာနေ့ကျရင် မောင် ဆက်ဆက် ဝယ်ခဲ့ပါမယ်ကွာ' ဟု ဖရန့်က ပြောသည်။

လူစီက နှုတ်ခမ်းများကို မဲ့လိုက်သည်။ သူ မှာထားသည်မှာ ကြာပြီ။ တစ်ပတ်လုံးမေ့လာခဲ့သည်မှာ လွန်လွန်းလှသည်ဟု ထင်သည်။ ဖရန့်သည် နမော်နမဲ့ နိုင်လွန်းလှ၏။ အရာရာတိုင်းကို အလေးအနက်မထားဘဲ မေ့လာနေသည်တမျိုး၏။ မိမိ၏မွေးနေ့နှင့် သားငယ်ပီတာ၏ မွေးနေ့ကိုသာမက သူ့မွေးနေ့ကိုပင် သူမေ့နေလေ့ရှိသည် မဟုတ်ပါလား။

သူတို့သည် စားသောက်ခန်းအတွင်းသို့ ဝင်လာခဲ့ကြသည်။ အိမ်ရှေ့ဧည့်ခန်းနှင့် မီးဖိုခန်းကြားရှိ စားသောက်ခန်းသည် ခပ်ကျဉ်းကျဉ်းဖြစ်သည်။ သားအမိသားအဖ သုံးယောက်သည် နက်တာပြင်ပေးထားသည့် လက်ဖက်ရည်ပွဲတွင် ဝင်ထိုင်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင် ဘာတွေလုပ်နေသလဲ'ဟု ဖရန့်က သူ့အား လှမ်းကြည့်ပြီး မေးသည်။

'မောင့်သားက ကျောက်ဒိုးတွေ စုနေပြန်ပြီ'ဟု လူစီက ပေါင်မုန့်မီးကင် ပန်းကန်ကို ဖရန့်ဘက်သို့ တိုးပေးရင်း ပြောသည်။ ပီတာသည် သူ့အဖေအား ကြည့်၍ ပြုံးဖြီးဖြီး လုပ်နေသည်။

ထိုအခိုက်တွင် အိမ်ရှေ့မှ တံခါးခေါက်သံ ထွက်ပေါ်လာသည်။ 'စာပို့သမား ထင်တယ်'ဟု ပီတာက ရေရွတ်သည်။ လူစီက ခေါင်းညိတ်ပြလိုက်သည့်အခါ ပီတာသည် အိမ်ရှေ့သို့ ပြေးထွက်သွားသည်။ ခဏမျှအကြာတွင် စာတစ်စောင်ကိုင်၍ ပြန်ရောက်လာသည်။

'မေမေ့စာ...ဗျ'

လူစီက စာကိုလှမ်းယူပြီး ဖောက်ကာ အတွင်းမှ စာကို ထုတ်ဖတ်နေသည်။ 'ဘယ်သူ့ဆီကလဲ၊ အက်ဒ်ဝမ်ဆီကလား' ဟု ဖရန့်က မေးသည်။ 'ဘာတဲ့လဲ၊ အခု သူ ဘာတွေလုပ်နေ ပြန်ပြီတဲ့လဲ'

စာထဲတွင် စိတ်ဝင်စားနေသော လူစီသည် ဖရန့်၏ မေးခွန်းကို မကြား။ သို့သော်လည်း လူစီ၏လက်ထဲမှစာသည် ဖရန့်ထင်သလို အက်ဒ်ဝပ်ထံမှမဟုတ်။

'အန်နာ့ဆီကစာ'ဟု လူစီကပြောကာ စာကို စားပွဲပေါ် ချထားလိုက်ပြီး ရွှင်မြူးသောမျက်နှာထားဖြင့် ဖရန့်အား လှမ်းကြည့်သည်။ 'အန်နာ အလည်လာလိမ့်မယ်၊ လီဗင်းဒ်ကနေပြီး ဂျူးက မြင်းရထားနဲ့ လိုက်ပို့ပေးလိမ့်မယ်၊ လာမယ့် ကြာသပတေးနေ့ ရောက်မယ်'



'အန်နာ... လာမယ်၊ ဟုတ်လား'ဟု ဖရန့်က စိတ်ရှုပ်သွားသည့် လေသံဖြင့် ရေရွတ်သည်။ စာကိုလှမ်းယူပြီး မကြည်မလင် မျက်နှာထားဖြင့် ဖတ်ကာ ပြန်ချထားလိုက်သည်။ 'မင်းက ဘာပြုလို့ သူ့ကိုလာဖို့ ခေါ်ရတာလဲကွ'

လူစီက ဖရန့်၏ အပြုအမူနှင့် အပြောအဆိုများအပေါ် မနှစ်သက်သည့် မျက်နှာထားဖြင့် ပြန်ကြည့်သည်။

'အန်နာဟာ ရှင့်ရဲ့နှမ ဝမ်းကွဲဆိုတာ ရှင်မေ့သွားပြီလား'ဟု လူစီက မလိုတမာသံဖြင့် ရေရွတ်သည်။ 'သူ့ကို ဒီအိမ်မှာ သီတင်းတစ်ပတ်လောက် တည်းခွင့်ပေးတာဟာ ယဉ်ကျေးမှုတစ်ခုပဲ မဟုတ်လား ဖရန့်ရယ်၊ ဧည့်ဝတ် ကျေပွန်ရတာ မကျဘူးလား'

'ဘာ... ဧည့်ဝတ်ကျေပွန်တာလဲ၊ အလကားနေရင်း ထိုင်ရင်းနဲ့ အိမ်ထဲမှာ စကားတွေ များပြီး ရှုပ်ကြဦးမယ်'

'မဟုတ်သေးပါဘူး ဖရန့်ရယ်၊ ရှင် ဘယ်လိုပြောလိုက်တာလဲ'ဟု လူစီက ပြန်ပြောသည်။ 'ရှင် ဘဲလ်ဖတ်စ်ကို သွားတုန်းက အန်နာတို့ သားအဖက ရှင့်အပေါ် ဧည့်ဝတ်ကျေပွန်ခဲ့တာကို မေ့သွားပြီလား။ အဲဒီတုန်းက သူတို့အိမ်မှာ ပြဿနာတွေ တက်ခဲ့ဖူးလို့လား။ ရှင့်ကို လက်ခံထားခဲ့ရတာ သုံးလေးဘောင်ကျော်သေးတယ်မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတုန်းက သူတို့ဆီကို သွားတာဟာ သူတို့အလုပ်ကိစ္စ သွားခဲ့ရတာ၊ ဒါကြောင့်မို့ သူတို့ဆီမှာ ခဏတစ်ဖြု တည်းခဲ့ရတာ၊ 'အန်နာ့ကြောင့်တော့ စိတ်မရှုပ်ချင်ဘူးလူ
'ကျွန်မ စိတ်ရှုပ်ခံမှာပေါ့' ဟု လူစီက ပြောသည်။ 'ရှ သိထားဖို့ တစ်ခုက ကျွန်မဟာ အန်နာကို မြင်တောင်မှ မြ ဖူးခဲ့တာ မဟုတ်ဘူး၊ ကျွန်မ သူ့ကို သိချင်တယ်၊ တွေ့ ချင်တယ်၊ အဲဒါပဲ'

'သိစရာ ဘာမှမလိုပါဘူးကွာ'ဟု ဖရန့်က ဒေါသသံဖြ ပြောသည်။ သူ့ကို ငါ့အိမ်မှာ လက်မခံချင်ဘူး၊ ရှုပ်လာ မယ့် ပြဿနာတွေကိုလဲ ငါ မကြားချင် မသိချင်ဘူး'

လူစီက မျက်မှောင်ကုတ်၍ကြည့်သည်။ သူ့ယောကျ်ား သည် သူ့ဆန္ဒတစ်ခုတည်းကိုသာ ကြည့်၍ ပြောနေခြင် ဖြစ်၏။ တကယ်တော့ သူ့ယောကျ်ားသည် မိမိ၏မိတ်ဆွေ အပေါင်းအသင်းများနှင့် ခင်မင်ရင်းနှီးလိုသော စိတ်ကိုပင် ဆန့်ကျင်နေပြီဖြစ်၏။ သူ့ယောကျ်ားသည် မိမိကိုပါ ထ အများနှင့် ဝေးသွားအောင်၊ ကင်းကွာသွားအောင် လုပ် နေပြီဟုပင် ထင်မိ၏။ ဤပုဂ္ဂိုလ်သည် မိမိအား သူ့ဆွေမျိုး များနှင့်ပင် အဆက်အသွယ် ထင်းမဲ့သွားစေ လိုသော ဆ ရှိနေပြီထင်၏။ ထိုအတွေးဝင်လာသည့် အခါတွင်မူ လူ သည် သူ့ဒေါသကို မထိန်းနိုင်အောင် ဖြစ်ရ၏။

'ဘုရား....ဘုရား....၊ ဒီအိမ်မှာ အန်နာ့ကို တည်းခိုခွင့် ပေးတာလေးကြောင့် အန္တရာယ်ဖြစ်စရာအကြောင်းရှိလို့လား ရှင်ဟာ ရှင့်မိတ်ဆွေ အပေါင်းအသင်းတွေကိုလဲ အဆွေ



တောင် မနေချင်ဘူး၊ ကိုယ့်ညီအစ်ကို မောင်နှမချင်းတောင်မှ အဖက်မလုပ်ချင်ဘူး၊ ရှင့်အနေနဲ့ အက်ဒ်ဖပ်ကျတော့လဲ ဘုန်းကြီးတစ်ပါးဖြစ်နေလို့ သရော်တယ်၊ ဂျိုးကျတော့လဲ အရက်ဆိုင်ရှင်မို့ သဘောမကျဘူး။ ကဲ....အခု၊ အင်နာကျ တော့ကော၊ ဘာဖြစ်လို့လဲ၊ ဆိုစမ်းပါဦး'

'ဘုန်းကြီးနဲ့ အရက်ရောင်းသမားတဲ့၊ ဟား၊ ဟား....၊ ဘော်တော် ကို အတွဲညီပါပေတယ်'ဟု ဖရန့်က မလိုတမာသံ ဖြင့် ရေရွတ်သည်။ 'ဒီလူတွေက ငါ့အတွက် ဘာ များ ကောင်းတာလုပ်ပေးခဲ့ဖူးသလဲ၊ တခြားလူတွေအတွက်ကော ဘာတွေများကောင်းတာ လုပ်ပေးခဲ့ဖူးလို့လဲ၊ တော်ပြီကွာ၊ ခင်းကို ငါထပ်ပြောလိုက်မယ်၊ ငါ့အိမ်မှာ အန်နာ့ကို လက် ခံချင်ဘူး၊ ဒါပဲ....

'ဘာ့ကြောင့် ရှင်က လက်မခံချင်ဟာလဲ'

'မသိဘူးကွာ၊ ငါ သူ့ကို ဒီအိမ်မှာလက်မခံချင်ဘူး၊ အဲဒါ ပဲ သိတယ်'

'လောကကြီးမှာ ဘယ်သူမှ ချွတ်ယွင်းချက် ကင်းတဲ့လူ ရှိဘူးဆိုတာ ရှင်သဘောပေါက်ပါးမိရဲ့လား၊ ရှင့်ကိုရှင်ကော ဆန်း စစ်ကြည့်ပြီးပြီလား၊ ရှင့်မှာကော ချွတ်ယွင်းချက်တွေ အား နည်းချက်တွေမရှိဘူးလို့ ပြောနိုင်သလား၊ အဲဒီသဘောထား ကို ရှင် လက်မခံနိုင်တာ အံ့သြစရာပဲ'

'ဒါထက်တော့ ငါ ပြောပြနေစရာမလိုဘူး၊ မင်းအသင့်တဲ့ ထိစ္စပဲ၊ မင်း ငါ့ကို လှက်ထပ်ခဲ့တယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် အောက်နှုတ်ခမ်းကိုကိုက်၍ ငြိမ်နေသည်။ စာပို့သမားရောက်လာပြီး တံခါးခေါက်သည်။ ထို့နောက် စာတစ်စောင်ပေးသွားသည်။ စာသည် ဖရန့်၏ ညီမဝမ်းကွဲထံမှ စာဖြစ်၏။ ဖြစ်ရပ်မှာ ဤမျှသာဖြစ်၏။ မိမိအနေဖြင့် အပြစ်ကြီးကြီးမားမား ဘာတစ်ခုမှ လုပ်ခဲ့သည်မဟုတ်။

မိမိအနေဖြင့် မိမိယောကျ်ား၏ ညီမဝမ်းကွဲ အန်နာဂယ်လ်တန်ထံ စာတစ်စောင်ရေးခဲ့မိ၏။ ထိုစာထဲတွင် မိမိတို့ထံ ရက်အနည်းငယ်မျှ လာရောက်နေထိုင်ပါဟု ဖိတ်ခေါ်ခဲ့မိသည်။ ထိုကိစ္စသည် ခွင့်မလွှတ်နိုင်လောက်အောင် ကြီးမားသည့် ပြစ်မှုတစ်ခုလား။

အန်နာသည် လီဗင်ဖိုဒ်မြို့တွင် မွေးဖွားကြီးပြင်းခဲ့သူဖြစ်သည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်ကမှ သူ့ဖခင်နှင့်အတူ အိုင်ယာလန်နိုင်ငံသို့ ပြန်သွားခဲ့ခြင်းဖြစ်၏။ အန်နာ၏ ဖခင်မှာ ဖရန့်ပိုင် 'လင်းနေ့စ်နှင့် ဂယ်လ်တန် ကိုယ်စားလှယ်ဌာန' တွင် ဖက်စပ်ပါဝင်ခဲ့သူဖြစ်သည်။ ထို့ကြောင့်လည်း လုပ်ငန်းကို အနီးကပ်ကြီးကြပ်နိုင်ရန် ဘဲလ်ဖတ်စ်မြို့သို့ ပြောင်းရွှေ့ အခြေချခဲ့ကြခြင်းဖြစ်သည်။

ယခုအခါတွင်မူ အဘိုးအို ဂယ်လ်တန်သည် ကွယ်လွန်သွားခဲ့ပြီဖြစ်၏။ အန်နာသည် ဖခင်ကွယ်လွန်ခဲ့ပြီးနောက် သူတို့ပိုင်မြေယာများကိုပါ ရှင်းလင်းရန် အိုင်ယာလန်သို့ ပြန်၍ လင်းနေ့စ်နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ ထို့နောက် လီဗင်ဖိုဒ်မြို့ရှိ ဂျိုးထံသွားရောက်ကာ သီတင်းနှစ်ပတ်ကြာမျှနေထိုင်ခဲ့သည်။ သူ့အနေဖြင့် ပို့ထ်ဒိုရန်ဆိပ်ကမ်းမြို့၌ နေထိုင်လျက်



ရှိသူ အက်ဒ်ဝပ်ထံသို့လည်း မသွားဘဲ နေလိမ့်မည် မဟုတ်။ သို့ဆိုလျှင် သူသည် အတ်စ်ဖီလန်မြို့ကိုရော မလာဘဲ နေလိမ့်ပါမည်လော...။

အမှန်တော့ ဤကိစ္စသည် လူမှုဆက်ဆံရေးအရ ယဉ်ကျေးဖော်ရွေမှုကို ဖော်ပြခြင်းမျှသာဖြစ်၏။ ထို့ပြင်လည်း မိမိတို့ဘက်မှ ထောက်ထားစရာတစ်ခုတာ ရှိထားသည်။ လွန်ခဲ့သော ငါးနှစ်က ဖရန့်သည် ဘဲလ်ဖတ်စ်မြို့သို့ သွား၍ မမာမကျန်းဖြစ်နေသော အဘိုးအို ဂယ်လ်တန်၏ကိုယ်စား ကိုယ်စားလှယ်ဌာန လုပ်ငန်းများကို တာဝန်ယူ ကြီးကြပ်ပေးခဲ့ရသည်။ ထိုစဉ်က ဖရန့်သည် အန်နာတို့အိမ်၌ သုံးလကျော်မျှ နေထိုင်ခဲ့ရသည်ဖြစ်ရာ ညီမဝမ်းကွဲတော်သူ အန်နာ၏ ဧည့်ဝတ်ကျေပွန်မှုကို ရယူခဲ့သည် မဟုတ်ပါလော။

ထိုအချိန်က မိမိသည် ဖရန့်အတွက် များစွာစိတ်အေးခဲ့၏။ ဖရန့်၏ နေထိုင် စားသောက်ရေးများအတွက် ပူပန်သောက မရောက်ခဲ့ရ။ ဟိုတယ်နှင့် တည်းခိုရိပ်သာများ၌သာ တည်းခဲ့ပါမူ ဖရန့်သည် အနေအစား ဆင်းရဲခြင်းဒုက္ခများကို ခံရမည်မှာ မလွဲ။ ထိုစဉ်က အန်နာ့ကျေးဇူးသည် မိမိအပေါ်၌ ရှိခဲ့သည်ဟု မိမိက ခံယူထား၏။ ထို့ကြောင့်လည်း မိမိအနေဖြင့် အတုံ့အလှည့် ပြန်ပြုသည့်သဘောဖြင့် အန်နာအား အိမ်၌တည်းရန် ဖိတ်ခေါ်လိုက်မိခြင်း ဖြစ်သည်။ တကယ်တော့ မိမိအနေဖြင့် မလုပ်မဖြစ်သည့် တာဝန်တစ်ခုဟု မြင်ထားသည်ဖြစ်ရာ ယခုကဲ့သို့ ဖရန့်က ကန့်ကွက်လာသည့်အခါ များစွာဒေါသဖြစ်မိသည်။ သို့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



သူသည် နှုတ်ခမ်းများကို တင်းတင်းစေ့ကာ သူ့ စိတ်ကို ချုပ်တည်းထားသည်။ သူ့ လျှာပေါ်၌ရှိနေသည့် ဒေါသ ပါသော စကားလုံးများကိုပါ ပါးစပ်မှထွက်မသွားအောင် အတင်းအဓမ္မပိတ်ထားသည်။

အကန့်ကြာမျှ ငြိမ်ဆိတ်နေသည်။ ထို့နောက်ဖရန့်သည် ထိုင်ရာမှ ဖြည်းညှင်းစွာ ထရပ်သည်။ သူ့ အိတ်ကပ်ထဲမှ စီးကရက်ဘူးကိုထုတ်၍ ဆေးလိပ်တစ်လိပ်ကို မီးညှိပြီးဖွာသည်။ လူစီအား တစ်ချက်မျှ လှမ်းကြည့်လိုက်ပြီး 'ဒီနေ့ အလုပ် တော်တော်များတယ်' ဟု ပြောသည်။

တင်းမာမှုပြေပျောက်သွားစေရန် လေပြည်ထိုးခြင်း ဖြစ်သည်ကို လူစီနားလည်သည်။ သူသည် ချက်ချင်းပင် စောစောကပြဿနာကို မေ့ပစ်လိုက်သည်။ ထိုအကြောင်းကို ထပ်မပြောမိရန် သတိထားမည်ဟုလည်း ဆုံးဖြတ် လိုက်သည်။ သို့သော်လည်း လိမ်မာပါးနပ်စွာဖြင့် စကားတစ်ခွန်း ပြောသည်။

'မစ္စတာ လင်းနေ့ဘ်နဲ့တော့ ဟိုအကြောင်းတိုင်ပင်ကြည့်ဦးမှ ဖြစ်မယ်'

ဖရန့်က အံ့အားသင့်သွားသည့် မျက်နှာထားဖြင့် လှမ်းကြည့်သည်။ 'ဘာအတွက်လဲ' ဟု မေးသည်။

'ရှင် နောက်ကျတော့ သိလာမှာပေါ့....၊ ကျွန်မ သူ့ကို လာမယ့်အပတ်ထဲမှာ ညစာ ဖိတ်ကျွေးပြီး တိုင်ပင်ရမှာပဲ'

ဖရန့်သည် စားပွဲပေါ်မှ ပန်းကန်များကို သိမ်းဆည်းရှင်းလင်းနေသော လူစီအား အတန်ကြာမျှ စိုက်ကြည့်နေ



သည်။ ထို့နောက်တော့ သူ့အကြည့်သည် ပြတင်းပေါက်ဆီသို့ ရောက်သွားသည်။ အပြင်ဘက်တွင် ဒီရေကျသွားခဲ့လေပြီ။ ခြောက်သွေ့တင်းမာနေသော သဲသောင်ပြင်ပေါ်တွင် ကလေးသူငယ်တချို့ ကစားနေကြသည်။ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေကစားနေကြခြင်း ဖြစ်၏။ သူ့သား ပီတာသည် အိမ်ထဲလစ်ထွက်ကာ ထိုကလေးအုပ်စုထဲ ရောက်နေပေပြီ။

သူသည် ကလေးများ ကစားနေကြသည်ကို အမှတ်တမဲ့ ငေးကြည့်နေသည်။ သူ ငယ်ငယ်တုန်းက ဤကစားနည်းမျိုး ကစားခဲ့ဖူးသည်ကို သတိရနေသည်။ အခုကျတော့ အဖြစ်အပျက်တွေက မြန်ဆန်လွန်းလှ၏။ အချိန်တွေ ကလည်း အကုန်မြန်လွန်းလှ၏။

အန်နာ လာမည့်ကိစ္စသည် သူ့ ခေါင်းထဲ ပြန်ဝင်လာသည်။ ဤအကြောင်းကို တွေးရသည်မှာ စိတ်မကြည်မလင် ဖြစ်စရာ ကောင်းလှချေသည်။ သူကတော့ အန်နာအား သူ့အိမ်တွင် တည်းခိုခွင့် မပေးလို။ ညနေခင်းကတော့ သာယာလှ၏။ သူ အပြင်ထွက်ပြီး မြက်ဖြတ် ရလျှင် ကောင်းလေမလား။ အို...မနက်ဖြန်မှပဲ လုပ်တော့မယ်။

သူသည် ပြတင်းပေါက်နားမှ ဆိုဖာတွင် ဝင်ထိုင်ကာ စီးကရက်တစ်လိပ် မီးညှိပြီး ဖွာပြန်သည်။ မီးတရဲရဲတောက်နေသော ဆေးလိပ်ကို စိုက်ကြည့်နေသည်။

'လင်းနေ့ဘ်ကတော့ အဲဒီ စိတ်ကူးအတိုင်း လုပ်မယ့်သဘော ရှိနေတယ်'

www.burmeseclassic.com

www.burmeseclassic.com



လူစီက ဖရန့်၏စကားကို ကြားလိုက်ရသည့်အခါ သူ့လုပ်လက်စအလုပ်ကိုလုပ်၍ ဖျတ်ခနဲလှမ်းကြည့်သည်။ ဤကိစ္စမှာ လူစီကိုယ်တိုင်လည်း အထိုက်အလျောက်သိထားသောကိစ္စဖြစ်သည်။ လွန်ခဲ့သော နှစ်နှစ်ကတည်းက တည်ထောင်ခဲ့သောကုမ္ပဏီသည် လင်းနေ့စ်ပိုင်ကုမ္ပဏီ ဖြစ်၏။ သို့သော်လည်း လုပ်ငန်းစကတည်းက ပါဝင်လာခဲ့ရသော ဖရန့်အဖို့ ဤလုပ်ငန်းကို သူ့လုပ်ငန်းဟု ဆိုလျှင်လည်း မှားနိုင်စရာမရှိဟု လူစီက ယူဆသည်။

လင်းနေ့စ်၏ကုမ္ပဏီသည် အိုင်းရစ်နိုင်ငံထွက် ကုန်ပစ္စည်းများကိုသာ အဓိကထား၍ တင်သွင်းရောင်းချခဲ့၏။ ယခုအခါတွင်မူ လင်းနေ့စ်က သူ့လုပ်ငန်းကို ချဲ့ထွင်လုပ်ကိုင်ရန် ဆန္ဒရှိလာခဲ့သည်။ အထူးသဖြင့် ဟော်လန်နိုင်ငံမှ ထုတ်လုပ်နေသည့် 'မာဂျရင်းခေါ် ထောပတ်တု'ကို တင်သွင်းရောင်းချရန် စဉ်းစားစီစဉ်လာခဲ့သည်။ လူစီအနေဖြင့် ထောပတ်တုဟု ခေါ်သော ကုန်ပစ္စည်းကို သိပ်ပြီး နှစ်သက်ခြင်း မရှိ။ သို့သော်လည်း လုပ်ငန်းတိုးချဲ့ခြင်းကိုမူ သဘောကျသည်။ သူ သဘောကျသည်မှာလည်း တခြားကြောင့်မဟုတ်။ လုပ်ငန်းတိုးချဲ့လာလျှင် သူ့ယောကျ်ား ဖရန့်၏ အခြေအနေသည် တိုးတက်လာစရာ ရှိနေသည် မဟုတ်ပါလား။

ဖရန့်၏ လက်ရှိအဆင့်ကတော့ 'ဖရန့်သည် လင်းနေ့စ်တို့ ဂယ်လ်တန်တို့နှင့် အတူတူတွဲ၍ အလုပ်လုပ်နေသည်'ဟု ပြောနိုင်ရုံမျှသာ ရှိ၏။ အမှန်တော့ သင့်တော်လုံလောက်သည့် လစာဖြင့် အလုပ်ရှင်များ၏ ယုံကြည်စိတ်ချမှုကို ရရှိနေသော



အလုပ်သမား တစ်ဦးမျှသာ ဖြစ်ချေသည်။ တကယ်တမ်းပြောကြမည်ဆိုပါက ကုမ္ပဏီ၏ နယ်လှည့် အရောင်းကိုယ်စားလှယ် တစ်ဦးမျှသာ ဖြစ်၏။

လူစီကတော့ ဖရန့်အား လက်ရှိအနေအထားထက် အဆင့်မြင့်စေချင်သည်။ ယခုအဆင့်ထက် ပို၍ အရေးပါ အရာရောက်သည့် တာဝန်တစ်ခုကိုယူထားရသော လူတစ်ယောက် ဖြစ်စေချင်သည်။ ထို့ကြောင့်လည်း သူ့ဘာသာသူ စိတ်ကူး၍ အစီအစဉ်တစ်ခု ချထားခဲ့သည်။ ထိုအစီအစဉ်ကို လူစီက ဖရန့်အား ထုတ်ဖော်ပြောပြသည့်အခါ သူ စဉ်းစားပါဦးမည်ဟုသာ အဖြေပေးခဲ့၏။ သို့သော်လည်း သူ့အစီအစဉ်အတိုင်းမလုပ်ဘဲ ရှောင်လွှဲရန် ဖရန့် အားထုတ်နေသည်ကို လူစီက သိနေသည်။

'အေးပါကွယ်၊ မောင် စဉ်းစားပါ့မယ်၊ အချိန်တော့ ပေးဦးမှပေါ့'ဟု လည်းကောင်း၊ 'မောင် မနက်ဖြန်ကျရင် လင်းနေ့စ်ကို မင်းခိုင်းထားတဲ့ အတိုင်း ပြောပြပါ့မယ်၊ စိတ်ချပါ'ဟု လည်းကောင်း အဖြေများပေးခဲ့သည်။ လက်တွေ့တွင်မူကား လင်းနေ့စ်အား လေသံ တစ်ချက်တလေးမှ မဟခဲ့သည်ကို လူစီက ရိပ်မိနေသည်။

လူစီသည် ဖရန့်၏မျက်နှာကို စေ့စေ့ကြည့်၍ အကဲခတ်သည်။ ထို့နောက် 'ဒီကိစ္စဟာ လူစီတို့ရဲ့ဘဝကိုလဲ တိုးတက်လာစေမယ့်ကိစ္စလို့ ထင်တယ် ဖရန့်၊ လူစီအနေနဲ့ ထောပတ်တုကို လုံးဝစိတ်မဝင်စားပါဘူး။ ထောပတ်အစစ်မှ မဟုတ်တာ၊ ဘာပြုလို့ စိတ်ဝင်စားရမှာလဲ၊ လူစီတို့အိမ်မှာ သုံးဖို့

www.burmeseclassic.com

www.burmeseclassic.com



လုံးဝစိတ်ကောင်းပါဘူး၊ ဒါပေမယ့် ဒီလုပ်ငန်းကြောင့် လူစီတို့မှာ တိုးတက်စရာ ရှိလာမှာဆိုတော့'ဟု ပြောသည်။

'ဟုတ်ပါတယ်လေ၊ စိတ်ကူးကလဲ ကောင်းတယ်'ဟု ဖရန့်က အလိုက်သင့် ပြန်ပြောသည်။ 'လင်းနေ့စ်က အမြင်ကျယ်တဲ့လူပဲ၊ မောင်ကလဲ သူ့ပစ္စည်းကို တွင်ကျယ်အောင် ရောင်းပေးနိုင်မှာပါ'

ဤမျှသာ ပြောအပြီးတွင် ဖရန့်သည် ငြိမ်ဆိတ်စွာထိုင်၍ ပြတင်းပေါက်မှ မြင်နေရသည့် ကမ်းခြေသဲသောင်ပြင်ကိုသို့ ငေးကြည့်နေသည်။ အိမ်စေမကလေး နက်တာသည် ပီတာအား သွား၍ခေါ်နေသည်ကို မြင်နေရ၏။ ထို့နောက်တော့ တစ်စုံတစ်ခု ရောက်အလာကို မျှော်လင့် စောင့်စားနေသည့် မျက်နှာထားဖြင့် တွေဝေငေးမောနေပြန်သည်။

ဖရန့်၏ဟန်သည် အမြဲတစေ ဤပုံအတိုင်းပင် ဖြစ်၏။ တစ်ခုခုရောက်အလာကို မျှော်လင့်စောင့်စားနေသည့် ပုံမျိုး ဖြစ်သည်။ အနည်းငယ်မျှ စိတ်လှုပ်ရှားနေခြင်းကိုလည်း ကောင်း၊ စိုးရိမ်ကြောင့်ကျမှု ရှိနေခြင်းကို လည်းကောင်း သူ့မျက်နှာ ပေါ်ပြူနေလေ့ ရှိ၏၊ သူ့ မျက်နှာထားသည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သူ့အပေါ် ဘေးအန္တရာယ်ဆိုး တစ်ခုခု ကျရောက်လိမ့်မည်ဟု အထင်ရောက်ကာ ကြောက်လန့်နေသည့်နှယ်ရှိသည်။ လူစီကတော့ သူ့ယောကျ်ား တွေတွေ ငေးငေးနှင့် ထိုင်နေသည်ကို မြင်ရတိုင်း နားမလည်နိုင်အောင်ဖြစ်ကာ ခေါင်းတစ်ယမ်းယမ်း လုပ်တတ်သည်။



လူစီအနေဖြင့် ဖရန့်၏ နေပုံထိုင်ပုံများကို သဘောမကျ။ ဖရန့်အား သွက်လက်ဖျတ်လတ်သော လူတစ်ယောက် ဖြစ်စေချင်၏၊ နမော်နမဲ့နေခြင်းကို ပြင်စေချင်၏။ သူ၏ ငေးငေးငိုင်ငိုင်နေထိုင်မှု၊ စိတ်ညှိုးငယ်သည့် အရိပ်လက္ခဏာနှင့် သူ့ကိုယ်သူ မယုံကြည်မှု စသည်တို့သည် လူစီ့အဖို့ စဉ်းစားတွေးတောစရာများ ဖြစ်နေရ၏။ အထူးသဖြင့် ရွှင်ရွှင်လန်းလန်း နေထိုင်တတ်သော အလေ့အကျင့်မရှိသည်ကို လူစီ သတိပြု မိသည်။ တစ်ခါတစ်ရံတွင် ဖရန့်သည် မီးဖိုအနီး၌ မလှုပ်မယှက်ထိုင်ကာ မီးတောက်များဆီသို့ ငေးကြည့်နေတတ်သည်ကိုလည်း အစဉ်အမြဲလိုလို မြင်တွေ့ရတတ်လေသည်။

ဖရန့်၏ အားနည်းချက်တစ်ခုမှာ မိတ်ဆွေအပေါင်းအသင်း များများစားစား မရှိခြင်းဖြစ်သည်။ သူသည် မိတ်ဆွေရှာရန်နှင့် မိတ်ဆွေဖွဲ့ရန် အလွန် ဝန်လေးသူဖြစ်၏။ သူ အရင်းနှီးဆုံးဟု သတ်မှတ်ထားသူများမှာ ရှိုင်းလ်စတုန်တောအုပ်အတွင်းမှ ယုန်ထောင်သမားတစ်ယောက်၊ လမ်းပြင် အလုပ်သမား တစ်ဦးနှင့် လေ့ရှုံမှ အဘိုးအို ဘိုးစီးတို့ ဖြစ်ရာ လူစီ့အဖို့ အထူးအဆန်း တစ်ခုဖြစ်ခဲ့ရ၏။

အခုလည်း သိမ်းစရာရှိသည်များသိမ်းပြီး၍ လူစီ အခန်းထဲ ပြန်ဝင်သွားသည့်အခါ ဖရန့်သည် သူ စောစောက ထိုင်နေသည့် ဆိုဖာပေါ်မှာပင် အေးအေးဆေးဆေး ထိုင်နေသည်ကို တွေ့ရသည်။ လူစီသည် ဖရန့်၏ ဘေးတွင် ဝင်ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ဘယ်လိုလဲ ဆရာကြီးရဲ့' ဟု လူစီက စကားစသည်။ 'ဒီနေ့ညနေထုတ် သတင်းစာမှာ ဘာသတင်းထူးတွေများ ပါသေးလဲ။ မောင့်ရဲ့မယားကို အသိမပေးတော့ဘူးလား ဟင်'

ဖရန့်သည် စိတ်မပါတပါဖြင့် သူယူလာသည့် ညနေထုတ် သတင်းစာကို ကောက်ယူလိုက်သည်။ သတင်းများကို ဖတ်ပြလိုက်၊ ဝေဖန်လိုက် သူ့ထင်မြင်ချက်များကို ပြောလိုက်၊ ပြီးတော့မှ လူစီ၏ သဘောထားကို မေးလိုက်နှင့် အလုပ်ရှုပ်လျက်ရှိသည်။ နောက်ဆုံးကျတော့ ဖတ်စရာသတင်းကုန်သွားသည်။ ဖရန့်သည် လက်ထဲမှသတင်းစာကို ခေါက်၍ စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။

'စာအုပ်တစ်အုပ်လောက် ဖတ်မပြတော့ဘူးလားမောင်' ဟု လူစီက လက်ထဲရှိ အပ်မှ အပ်ချည်ကြိုးကို ပါးစပ်နှင့် ကိုက်ဖြတ်လိုက်ရင်း ပြောသည်။

သို့သော်လည်း ဖရန့်သည် စာအုပ်ဖတ်ဖို့ကျတော့ လုံးဝ ဝါသနာပါသူမဟုတ်။ အပတ်စဉ်ထုတ် အပေါစား ဂျာနယ်လို စာအုပ်မျိုးမှတစ်ပါး အခြား ဘာစာအုပ်ကိုမှ စိတ်မဝင်စား၊ သူသည် ဆိုဖာပေါ် ခေါင်းတင်၍ မှီလိုက်ပြီး 'မောင် ခဏလောက် နားပါရစေဦးကွာ' ဟု ပြောသည်။

အမှောင်ရိပ်များသည် အခန်းထဲသို့ ဝင်ရောက်လာနေပြီ။ ဖရန့်သည် လူစီ၏မျက်နှာသို့ စိုက်ကြည့်နေသည်။

'လူစီ ဘာမှမမြင်ရတော့ဘူး' ဟု လူစီက ပြောပြသည်။ 'လူစီ မှန်အိမ်ထွန်းလိုက်ဦးမယ်နော်'



'ဘာလုပ်ဖို့လဲ အချစ်ရယ်' ဟု ဖရန့်က ပြောသည်။

'ချုပ်စရာတွေ ရှိသေးတယ်လေ'

'ဒီညအဖို့ တော်လောက်ပါပြီကွာ'

ပြောပြောဆိုဆို ဖရန့်၏လက်တစ်ဖက်သည် လူစီ၏ ပခုံးကို ဖက်လိုက်သည်။ ထို့နောက် လူစီအား ပေါ့ဖက်စွာ သူ့ဆီသို့ ဆွဲယူလိုက်သည်။ လူစီက အလိုက်သင့် လိုက်ပါသွားသည်။ အခုလိုကျပြန်တော့လည်း လူစီသည် ကျေနပ်ခြင်း၊ သာယာခြင်းနှင့် ပျော်ရွှင်ခြင်းများကို ရရှိခံစားရပြန်၏။ ဘယ်တော့ သူသည် ဖရန့်အား ချစ်သည်မဟုတ်ပါလား။

'အန်နာရောက်နေတုန်းမှာတော့ မောင် အခုလို နေလို့ ဖြစ်ဘူးနော်' ဟု လူစီက ရွှင်မြူးသောလေသံဖြင့် ပြောသည်။

ဖရန့်သည် တစ်စုံတစ်ရာ ပြန်၍ ပြောရန်ဟန်ပြင်သည်။ သို့သော်လည်း သူ မပြောဖြစ်။ ပြောချင်သော်လည်း ပြောနိုင်ဖို့ အခွင့်အလမ်းက ပိတ်သွားပြီ။ ရုတ်တရက် ချက်ချင်းပင် လူစီ၏နွေးထွေးသော နှုတ်ခမ်းများသည် သူ့ပါးများဆီသို့ အဆက်မပြတ် ကျရောက်လာနေပြီ မဟုတ်ပါလော။

ထို့နောက်... လူစီ၏နှုတ်မှ နှစ်ကိုယ်ကြားလေသံဖြင့်ပြောလိုက်သည့်စကား။ 'လူစီ...လေ...၊ မောင့်ကို သိပ်ချစ်တယ်၊ လူစီ သိပ်ချစ်တယ်ဆိုတာ မောင် သိပါတယ်...နော်'

www.burmeseclassic.com

www.burmeseclassic.com



( ၂ )

ထိုသီတင်းပတ် ကြာသပတေးနေ့ ငါးနာရီခွဲအချိန်တွင် လီဗင်းဖို့ဒ်မြို့မှ ဂျိုးဆက်ကိုယ်တိုင်မောင်းနှင်လာသော မြင်းရထားသည် လူစီတို့အိမ်ရှေ့၌ ရပ်သည်။မြင်းရထားပေါ်တွင် ဂျိုး၏နှမ ပေါလီ၊ အန်နာနှင့် အန်နာ၏ ပစ္စည်းများ ပါလာသည်။ မြင်းရထားရပ်မိလျှင်ရပ်မိချင်း ဂျိုးသည် မြင်းရထားပေါ်မှ ဆင်းလာပြီး မောပန်းနွမ်းနယ်လျက်ရှိသော သူ့မြင်းအား ကျောသပ်ရင်သပ်လုပ်ကာ စုတ်သပ်၍ ချော့မော့လျက် ရှိလေသည်။

ဂျိုးသည် လူတစ်မျိုးဖြစ်သည်။ ဘာကိုပဲလုပ်လုပ် အလုပ်သဘောဆန်ဆန် လုပ်လေ့ရှိသည်။စာလည်း ဟုတ်တိပတ်တိ မတတ်။ ဘာစာကိုမှလည်း အရေးတယူလုပ်၍ ဖတ်ရှုလေ့

ဓာသူမဟုတ်။ သူ့လက်မှတ်ကိုပင် ပင်ပန်း ခက်ခဲစွာ ထိုးရသူဖြစ်၏။ အင်္ဂလိပ်စကားပြောတော့လည်း ပီပီသသ မရှိ။ သူသည် အရက်ဆိုင်ပိုင်ရှင်ဖြစ်သည်။ တစ်နည်းအားဖြင့် ပြောရလျှင် အရက်ရောင်းပြီး စီးပွားဖြစ်နေသူ တစ်ဦးဖြစ်၏။ သို့သော်လည်း အရက်ရောင်းချမှုနှင့် ပတ်သက်၍ သူ့တွင် နာမည်ပျက်မရှိ။ ဖောက်သည်များက သူ့အား လူမှန် ယဉ်ကျေးအဖြစ် အသိအမှတ်ပြုကြသည်။

ဂျိုးသည် မြင်းအမောပြေစေရန် လက်ဖြင့်ဖွတ်သပ်ချော့မော့နေရာမှ မြင်းရထားပေါ်မှလူများအား မော့ကြည့်သည်၊ 'ကဲ....ကဲ.... ရောက်ပြီ၊ ဆင်းကြတော့လေ၊ ပစ္စည်းတွေကို ဖရုန့် သယ်မှာပေါ့၊ အင်း....ဖုန်တွေ ရှူရလွန်းလို့လားမသိဘူး၊ ရေငတ်လိုက်တာကွာ'ဟု ပြောသည်။

သူသည် ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်ကြီးမားသော်လည်း အရပ်ကျတော့ သိပ်မမြင့်၊ ရှေ့သို့စူထွက်လျက်ရှိသော ဗိုက်သည် ဂုဏ်သရေရှိ အရက်ဆိုင်ပိုင်ရှင်ဖြစ်ကြောင်း ဖော်ပြနေသည်။ အနက်ရောင် မျက်လုံးအစုံသည် ချိုင့်ဝင်လျက်ရှိသည်။ သူ၏ ဖြူရော်ရော်မျက်နှာသည် နူးညံ့သိမ်မွေ့သည့် အရိပ်အငွေ့ကို ပြသလျက်ရှိသည်။ သူ၏ နှာခေါင်းပေါက်ကျယ်ကြီးများ အတွင်းမှ အမွေးများသည် အပြင်သို့ ထိုးထွက်နေကြသည်။ သူဝတ်လာသည့် အပြာရောင်ဝတ်စုံတွင် ဖုန်များကပ်လျက်ရှိသည်။မည်သို့ပင်ဖြစ်စေ လူပုံကတော့ ထည်ဝါ ခံ့ညားသည်။ အသက်ငါးဆယ်ရှိနေပြီ ဖြစ်သော်လည်း စိတ်ကတော့ ငယ်ရွယ်နုပျိုဆဲ ...။

www.burmeseclassic.com

www.burmeseclassic.com



ဂျိုးသည် လူသွားလမ်းပေါ်အတိုင်း ရှေ့ဆုံးမှလျှောက်ကာ အိမ်တွင်းသို့ဝင်လာသည်။ သူ့နောက်မှ သူ့နှမပေါ်လီ လိုက်လာသည်။ ပေါ်လီသည် ဂျိုးထက် အသက် နှစ်နှစ်ငယ်သည်။ ပြီးတော့ ဂျိုးလောက် အရပ်မမြင့်သော်လည်း၊ ဝေလွန်းသဖြင့် ကြည့်ရသည်မှာ အရုပ်ဆိုးသည်။ ပါးဖောင်းဖောင်း၊ မေးနှစ်ထပ်၊ ဗိုက်စူစူနှင့်ဖြစ်၍ လမ်းလျှောက်သည့်အခါ နှေးကွေးလေးလံသည်။ ဝတ်စား ဆင်ယင်ပုံကတော့ ထည်ဝါသည်၊ သူ့ကိုယ်ပေါ်မှ အဝတ် များသည် အဖိုးထိုက်တန် စျေးကြီးပေးရသော အဝတ်များ ဖြစ်၏။

အိမ်ရှေ့တံခါးဝသို့ရောက်သည့်အခါ ပေါ်လီသည် ပင်ပန်းမောဟိုက် လျက်ရှိသည်။ သူ့ အစ်ကို ဂျိုးကတော့ အိမ်ရှေ့မှ လှေခါးခေါင်းလောင်းကြိုးကို အကြိမ်ပေါင်းများစွာ ခပ်ကြမ်းကြမ်းဆွဲခါလျက်ရှိ၏၊ အိမ်စေမလေး နက်တာက တံခါးကို ဖွင့်ပေးလိုက်သည့် အခါတွင်မှ ဂျိုးသည် သူ့နှမ ပေါ်လီ၏ လက်မောင်းကိုဆွဲ၍ တွဲခေါ်သည်။

'နင် ရပ်ပြီးကြည့်နေပုံက သားသတ်သမားကို မော့ကြည့်နေတဲ့ ဝက်မကြီးတစ်ကောင်နဲ့ တူလှသဟယ်....၊ ဘာပြုလို့ ကြောင်ပြီး ရပ်နေရတာလဲ ဟ'ဟု ဂျိုးက ရေရွတ်သည်။

'ကျွန်မက အစ်ကိုပေါ်က လျှောက်ခဲ့ပြီး လျှောက်လို့မှမရတာ၊ ဘယ်လိုလုပ်ပြီး အထဲဝင်သွားရမှာလဲ....'ဟု ပေါ်လီက ပြောသည်။ သူ၏ ပြောဟန်ဆိုဟန်နှင့် လေသံသည် သူ့အစ်ကိုအား အလွန်ချစ်ကြောင်း ဖော်ပြနေသည်။ မှန်ပါ၏။ ပေါ်လီသည် သူ့အစ်ကိုနှင့်အတူနေပြီး အိမ်ထောင့် တာဝန်



များကို ယူလာခဲ့သည်မှာ အခု ဆိုလျှင် ငါးနှစ်မျှ ရှိခဲ့ပြီ ဖြစ်ပါလား။

ဂျိုးသည် သူ့နှမအားဆွဲ၍ အိမ်ထဲသို့ တွန်းသွင်း လိုက်ပြီး နောက်သို့ လှည့်ကြည့်သည်။

'ဟေ့...အန်နှာ၊ လာ....လေ၊ ဘာပြုလို့ အဲဒီမှာ ရပ်နေတာလဲ'ဟု လှမ်းအော်ပြောသည်။ သူသည် ခန်းမထဲရောက်၍ ထိုင်ခုံနှင့်ဆုံမိသည့်အခါ လူစီ၏လက်ကိုဆွဲ၍ အားရပါးရ နှုတ်ဆက်သည်။ ပြီးတော့ သူ့တူ ပီတာအား ပြောင်နောက် နောက် မျက်နှာထားဖြင့် နှုတ်ဆက်ပြီးသော် သူ့ညီအား ကျယ်လောင်စွာ အော်ခေါ်သည်။

ဟေး....ဖရန့်ကီး၊ မင်းက ဘယ်သွား ပုန်းနေတာလဲ....၊ ဦးကိုလာပြီး နှုတ်ဆက်ပါဦး'

'ဖရန့် အခုပဲဆင်းလာပါလိမ့်မယ်'ဟု လူစီက အပျာယာဝင်ပြောသည်။ အမှန်တော့ ဖရန့်သည် လူစီက အချိန်များစွာ အကုန်ခံပြီး တိုက်တွန်းလွန်း၍ မုတ်ဆိတ် ရိတ်ရန်နှင့် အဝတ်လဲရန် အပေါ်ထပ်သို့ တက်သွားခဲ့ခြင်း ဖြစ်၏။ လူစီသည် ဂျိုးအား လိုက်လိုက်လှဲလှဲ နှုတ်ဆက် နေရာမှ 'အန်နီတော၊ အန်နီဘယ်မှာလဲ'ဟု မေးသည်။

ဂျိုးသည် သူ့ခေါင်းပေါ်မှ ဦးထုပ်ကို ချွတ်လိုက်ရင်းမှ 'အန်နီရေ၊ ဟေး....အန်နီ' အော်ပြန်သည်။

အန်နီ အခန်းထဲသို့ဝင်လာသည်။ အရပ်မြင့်မြင့်ကိုယ်လုံးကိုယ်ပေါက်လှလှ၊ အသက် သုံးဆယ်လောက် မိန်းမချောတစ်ယောက်ဖြစ်၏။ အညိုရောင် မျက်လုံးများသည် ဘဝကို့မှ

www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်သည့် အကြည့်မျိုးကို ဖော်ပြနေသည်။ သူ့နှုတ်ခမ်းများသည် ပြုံးသလိုလို မဲ့သယောင်ယောင်နှင့် နားလည်ရခက်သည့် အနေအထား၌ ရှိသည်။

'အန်နာဆိုတာ သူလား' ဟု လူစီက ပြုံး၍ပြောတာ သူ လက်တစ်ဘက်ကို ကမ်းပေးသည်။ 'တွေ့ရတာ ဝမ်းသာပါတယ်၊ အန်နာ' ဟု လည်း ပြောသည်။ 'အခုလို လာလည်တာ ဝမ်းသာပါတယ်'

'ကျေးဇူးပါပဲ' ဟု အန်နာက ပြန်ပြောသည်။ အသံသည် တည်ငြိမ်အေးဆေးသည်။ သာယာချိုမြသည်။ ယဥ်ကျေးဖွယ်ရာမှု အပြည့်ပါသည်။ အန်နာ၏ ရုပ်ရည်ကို သူ၏ နောက်ခံအချက်အလက်များနှင့်တွဲ၍ စဉ်းစားလိုက်သည့်အခါ လူစီ၏ ရင်ထဲတွင် ကျေနပ်အားရသလို ခံစားရသည်။ 'ငါ သူ့ကို ခင်မှာပါ၊ ငါ သူ့ကိုဖိတ်မိတာ မမှားဘူး' ဟုလည်း တွေးမိသည်။

သူတို့အားလုံး စားသောက်ခန်းထဲသို့ ဝင်ကြသည့်အခါ ဂျိုးက သူ့တူ မိတာ၏လက်ကိုဆွဲ၍ လိုက်လာသည်။ စားပွဲပေါ်၌ ပြင်ထားသည့် ညနေစာသည် တစ်ခမ်းတစ်နားရှိလှ၏။ ဆင်ရင်သန့်ရှင်းလှ၏။ လူစီ၏ အကောင်းဆုံး လက်ရာပေတည်း။ ဂျိုးသည် စားပွဲပေါ်မှ စားစရာ သောက်စရာများကိုကြည့်ကာ များစွာသဘောကျလျက်ရှိသည်။ စားပွဲတွင် ဝင်ထိုင်ရင်း 'ငါတို့ အိမ်က အစောကြီးထွက်လာကြတာဆိုတော့ ဆာလှပြီ' ဟု ရေရွတ်သည်။



'ငါ့ညီတော်မောင်တစ်ယောက် ဘယ်ရောက်နေလဲ၊ အခုထိ ပေါ်မလာသေးပါလား'

ထိုအခိုက်မှာပင် ဖရန့်သည် အခန်းထဲသို့ ဝင်လာသည်။ ဂျိုးသည် ဖရန့်အား မြင်လျှင်မြင်ချင်း ဝမ်းသာအားရ ထအော်သည်။ 'ဟော့ ကောင် ဖရန့်၊ မင်း နေကောင်းတယ်ဟုတ်လား'

ဖရန့်က ခေါင်းညိတ်ပြသည်။ သို့သော်လည်း သူ့ အမူအရာသည် တက်တက်ကြွကြွမရှိလှ။ အန်နာနှင့် မျက်နှာချင်းဆိုင်မိသည့်အခါတွင်မူ.... 'ဘယ်လိုလဲ အန်နီ၊ နောက်တစ်ခေါက်ရောက်လာပြန်ပြီလား' ဟု လှမ်းမေးသည်။

'ဟုတ်တယ်လေ၊ ရှင် မြင်တဲ့အတိုင်းပဲ၊ တစ်ခေါက်ရောက်လာရပြန်ပြီ' ဟု အန်နာက ပြုံးရယ်ပြီး ပြောသည်။ 'ရှင့်ကြည့်ရတာ အန်နာ့ကို မမှတ်မိတော့သလိုပါလား'

'ဘာ မမှတ်မိစရာရှိလို့လဲ အန်နီရယ်၊ ဟို တစ်ခေါက်လာတုန်းက တွေ့ခဲ့တဲ့ အန်နီနဲ့ အခု အန်နီဟာ အပြောင်းအလဲမှ မရှိတာ'

ထို့နောက်တော့ တစ်ခဏမျှငြိမ်ဆိတ်သွားသည်။ 'မစ္စတာဒင်းနော့စ်လဲ လာလိမ့်မယ်' ဟု လူစီက ပြောသည်။ 'ဒါပေမယ့် သူ နောက်ကျလိမ့်မယ်၊ လူစီတို့ သူ့ကို မစောင့်တော့ဘူး'

စားသောက်ပွဲစသည်။ နက်တာသည် ဘေးမှနေ၍လိုအပ်သမျှ လုပ်ကိုင်ပေးလျက်ရှိ၏။ လူစီသည်လည်း အိမ်ရှင်မကောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အနေဖြင့် သူ့ဝတ္တရားကို ကျေအောင် အထူး ဂရုစိုက်၍ ဆောင်ရွက်ခဲ့လျက်ရှိသည်။

'လူစီကတော့ အန်နာ ပျော်လိမ့်မယ်လို့ မျှော်လင့်ထား တာပဲ'ဟု အန်နာက လှည့်၍ပြောသည်။ 'ပီဘာက အန်နာ ပျော်ပွဲစားထွက်ဖို့ စီစဉ်ထားတယ်၊ ပြီးတော့ ပွိုက်ဒိုရန် တစ်ရက်သွားလည်ပြီး အက်ဒ်ဝပ်နဲ့ တွေ့ဖို့လဲ စီစဉ်ထား တယ်'

'ဟင့်အင်း....'ဟု အန်နီက ပြန်ပြောသည်။ 'အန်နီ အဲဒီ ကို သွားဖို့ စိတ်မကူးပါဘူး'

'ဘာလဲ...၊ အန်နာက အက်ဒ်ဝပ်ကျတော့ သိပ်ပြီး စိတ် မဝင်စားဘူးထင်တယ်၊ ဟုတ်လား'ဟု ပေါင်မုန့် ထောပတ် သုတ်ကို ပလုပ်ပလောင်းဝါးနေသော ပေါ်လီက လှမ်းမေး သည်။

'မဟုတ်ပါဘူး၊ သူလဲပဲ ဘုန်းကြီးကောင်း တစ်ပါးပါပဲ'

'တော်ကြတော့၊ တော်ကြတော့'ဟု ဂျိုးဆ ဝင် ကား သည်။ 'ဘုန်းကြီးဝတ်စုံကို လေးစားကြပါ၊ မိသားစု ဂုဏ် ကို သိက္ခာထားကြပါ'' ဂျိုး၏ လေသံသည် ပြောင်သလို လှောင်သလိုလိုဖြစ်သည်။

'ဟုတ်ပါတယ်'ဟု အန်နီက ဆက်ပြောသည်။ 'သူ့ အိမ် ဧ မစ္စအိုရိုင်ဂင်ကလဲ အလွန်တော် အလွန်သဘောကောင် တယ် မဟုတ်လား၊ မစ္စအိုရိုင်ဂင်က သူ့ကို နတ်သမီးတစ်ပါး စောင့်ရှောက်သလို စောင့်ရှောက်ပေးနေတာ၊ ကရုဏာရှင် အမျိုးသမီးတစ်ယောက်ပါပဲ'



အန်နီ၏ စကားထဲတွင် ပြုံးစရာ ရယ်စရာပါသည်မဟုတ်၊ သော်လည်း ဂျိုးက မြုံးဖြဲဖြဲ လုပ်နေပြီး ပေါ်လီအ ဘ်၍ ရယ်သည်။ ဖခင်သည်ပင်လျှင် ပြုံးနေသည်ကိုတွေ့ ဖြင့် လူစီသည် အံ့အားသင့်နေသည်။ သူ့ အနေဖြင့် လည်နိုင်အောင် ဖြစ်ခနရ၏။ သူသည် အန်နာအား ချက် လှမ်းကြည့်သည်။

'အန်နာ့စကားထဲမှာ ရယ်စရာဟာသမပါပါဘူး'

ဂျိုးသည် စကားလမ်းကြောင်းပြောင်းရန် အားထုတ် သည်။

'ဟေ့...ကြက်ဥတော့က တယ်ပြီး စားလို့အရသာရှိတာပဲ၊ ရေ့၊ ငါ့ကို နောက်ထပ် ကြက်ဥ နှစ်လုံးလောက်တော့ ပါဦး၊ ပြီးတော့ အမဲသားကြော်လဲနည်းနည်းလောက်'

ပေါ်လီက သူ့အစ်ကို၏ပန်းကန်ကိုယူ၍ လူစီအား လှမ်း သည်။

'ဒါနဲ့ စကားမစပ်၊ မင်းတို့ ထောပတ်လုပ်ငန်းက ဘယ် သဲ ငါ့ညီ'ဟု ဂျိုးဆ သူ့ခါးတွင် ဆပ်ခနသည့် တောပတ် ကို လျှက်ရင်း လှမ်းမေးသည်။

'မဆိုးပါဘူး၊ အခြေအနေ ကောင်းပါတယ်'

ဂျိုးဆ ခေါင်းတဆတ်ဆတ် ညိတ်သည်။ သူ့လက်ထဲမှ နှင့်ခက်ရင်းကို ပန်းကန်ထဲချလိုက်ပြီး ကိုယ်ကို မတ်မတ် ၍ ထိုင်လိုက်သည်။ 'စားရ သောက်ရတာအဖြင့် သိ ကောင်းသကွာ၊ ငါ့ညီ မယားကောင်း တစ်ယောက် ရထား ပဲဟေ့၊ သိလား'ဟု ရေရွတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုလို သတင်းမျိုး ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်က သိချင်လို့ တောင်းခံထားတဲ့ သတင်း မဟုတ်ဘူး' ဟု ဖရန့်က မာကျောကျော လေသံဖြင့် ပြန်ပြောသည်။

သို့သော်လည်း ဂျိုးသည် သူ့ညီ၏စကားကို ဂရုမစိုက်ဘဲ 'မုဆိုးဖို တစ်ယောက်အနေနဲ့ ငါကတော့ မင့်ကို မနာလိုဘူးကွာ၊ ပညတ်တော် ဆယ်ပါးကို အသာထားလိုက်၊ ငါ ဂရုမစိုက်ဘူး၊ ငါ့မိန်းမကေဘီတောင် ဒီလောက် အရသာတူတဲ့ အစားအစာမျိုး မချက်တတ်ဘူးကွယ့်'

လူစီ၏စိတ်သည် ဂနာမငြိမ် ဖြစ်လာသည်။ ဤမိသားစုသည် စိတ်ထဲရှိသလို လွှတ်လပ်စွာ ပြောနေကြခြင်း ဖြစ်၍ သူတို့ကိုယ်သူတို့ တင်းကျပ်စွာ ထိန်းချုပ်ထားခြင်း မရှိကြပေ။ တစ်ချိန်က အခုလိုပင် ဆုံခဲ့ဖူးကြရာ ထိုစဉ်က ဖရန့်ကိုယ်တိုင်ပင်လျှင် သူ့စိတ်သူ လွှတ်လပ်စွာ လွှတ်ထားသည်ကို တွေ့မြင်ခဲ့ရဖူး၏။ သို့သော်လည်း အခုတစ်ကြိမ်မှာတော့ ဘာ့ကြောင့်ရယ်မသိ၊ ဖရန့်သည် သူ့စိတ်သူ ထိန်းချုပ်နေရသည့် အရိပ်လက္ခဏာများ မြင်နေရလေသည်။

ထိုအပြုအမူကို ရိပ်စားမိနေသော လူစီသည် ဖရန့်၏ အခြေအနေ ပြောင်းလဲသွားရန် ကြိုးစားသည်။ သူမ ပန်းအိုးထဲရှိ ဂန္ဓမာပန်း အဝါများပေါ်မှကျော်၍ ဖရန့်အား လှမ်းစကား ပြောသည်။



'ဘယ်လိုလဲ...ဖရန့်၊ ရှင့်နှမအန်နာကို ဒီလိုပဲပစ်ထားတော့မှာလား၊ သူ့ကို ပေါင်မုန့်ပန်းကန် ပေးလိုက်ပါဦး'

'ရပါတယ်၊ သူ့ကြည့်ရတာတော့ နေကောင်းပုံ ပေါ်တယ်၊ အန်နာ့ကို ထပ်တွေ့ရလို့ သွေးလန့်မယ်တော့ မထင်ပါဘူး' ဟု အန်နာက ပြုံး၍ပြောသည်။

'သွေးတော့ လန့်တယ်အန်နာ' ဟု လူစီက အလိုက်သင့် ပြန်ပြောသည်။ ထို့နောက် အန်နာဘက်လှည့်၍ မေးသည်။

'လီဗင်းဖို့ဒ်ကို ပြန်လာရတာ ဝမ်းမသာဘူးလား'

'ဝမ်းလဲသာတယ်၊ ဝမ်းလဲ မသာဘူး'

'သူ ပြောတဲ့ အဓိပ္ပာယ်က' ဟု ပေါလီက ကြားဝင်ပြောသည်။ 'လီဗင်းဖို့ဒ်ကို သူ မုန်းတယ်လို့ဆိုချင်တာ လူစီရဲ့'

'ဪ...သိပြီ၊ အန်နာက သူ့နှလုံးသားကို အိုင်ယာလန်မှာ ထားခဲ့တယ်ထင်ပါရဲ့'

ဂျိုး၊ ပေါလီနှင့်ဖရန့်တို့က အန်နာအား စိတ်ဝင်တစား လှမ်းကြည့်သည်။

'ဒါကတော့ ဖြစ်ချင်လဲ ဖြစ်မယ်၊ မဖြစ်ချင်လဲ မဖြစ်ဘူး'

ထိုအခါ အားလုံးငြိမ်ဆိတ်သွားသည်။ လူစီသည် အန်နာ၏ စကားအပေါ် နားမလည်နိုင် ဖြစ်သွားရုံမျှမက စိတ်ပါ ပျက်သွားသည်။ သူ့အနေဖြင့် နောက်ထပ် ဘာပြောရမှန်း မသိ ဖြစ်နေခိုက်မှာပင် ဖရန့်က သူ့ကုလားထိုင်ကို တွန်းဖယ်ပြီး ထိုင်ရာမှထရပ်အာ 'စားသောက်ပြီးကြပြီပဲ၊ ဧည့်ခန်းထဲ သွားကြရအောင်' ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံး ဧည့်ခန်းထဲသို့ ပြန်ဝင်ခဲ့ကြသည်။ ဂျိုးသည် ဆေးပြင်းလိပ်တစ်လိပ် ထုတ်၍ မီးညှိဖွာနေသည်။ မြ ပေါက်အနီး၌ နေရာယူထားသော ပေါ်လီသည် ယပ်တော တဖျတ်ဖျတ်ခတ်ကာ ဇိမ်ခံလျက် ရှိသည်။ အန်နာကတော ဆိုဖာတစ်လုံးယိုင်လျက်။ ဖရန့်ကတော့ သူလုပ်နေကျ ထုံး အတိုင်း ဆောင်းမီးဖိုထောင့်၌ ထိုင်ကာ မတွေဝေဝေ လျက် ရှိလေသည်။

လူစီသည် ပီတာကိုဖက်၍ ဧည့်ခန်းတံခါးဝသို့ ရှိ သည်။ 'လူစီ့ကိုခွင့်ပြုဦး အန်နာ၊ သားကို အိပ်ရာထဲ ပို့ လိုက်ဦးမယ်'ဟု ပြောသည်။

'ဟင့်အင်း မမေ၊ သား မအိပ်ချင်သေးဘူး၊ စော သေးတယ်'

'ခဏလောက် နေပါစေဦးလား'ဟု အန်နာက ဝင်ပြော သည်။

'စည်းကမ်းလေး လုပ်ထားလို့ပါ၊ ခုနစ်နာရီဆိုရင် သူအိ ရမယ်'

ပီတာ၏နှုတ်ခမ်းသည် စူထွက်လာသည်။ 'သားကို ဦးကြီး ဂျိုးက မုန့်ဖိုး တစ်ပဲနီပေးမယ်လို့ ပြောထားတယ်၊ အခု မပေးသေးဘူး'ဟု ပြောသည်။

'ဟာ...ဟုတ်သားပဲ၊ ငါမေ့သွားတယ်' ပြောပြောဆို ဂျိုးသည် အိတ်ထဲမှ တစ်ပဲနီပြားတစ်ပြားကို ထုတ်ယူလိုက်ပြီး ပီတာ့လက်ထဲသို့ ထည့်ပေးသည်။



'ကျေးဇူးတင်တယ်လို့ ပြောလိုက်'ဟု လူစီက သံပြတ်နှင့် ပြောသည်။ သူ့သား၏ အပြုအမူသည် မနှစ်မြို့စရာ ဖြစ်နေသည်၊ ဧည့်သည်ထံမှ ငွေတောင်းသော အိမ်ရှင်တစ်ယောက်ဟု သူ ယူဆသည်။ သူသည် ပီတာအား ဆွဲကာ အပြင်သို့ ထွက်လာခဲ့၏။ လှေကားပေါ် ရောက်သည့် အခါတွင်မူ တစ်ခဏမျှရပ်၍ သူ့သားအား စူးစူးရဲရဲ ကြည့်သည်။

'မင်း ဒီလိုမလုပ်သင့်ဘူး သား'

'ခွင့်လွှတ်ပါ မေမေ'ဟု ပီတာက ပြန်ပြောကာ စပ်ဖြဲဖြဲ လုပ်နေသည်။ လက်ထဲမှပဲနီပြားကို သူ့အိတ်ကပ်ထဲသို့ သတိကြီးစွာထား၍ထည့်လိုက်သည်။

အပေါ်ထပ်ရောက်သည့်အခါ လူစီသည် အန်နာအား ခေါ်ခဲ့ရလျှင် အကောင်းသားဟု တွေးမိသည်။ သူ့သား အား ရေချိုးပေးရာ၌ အန်နာကို ကူညီခိုင်းရလျှင် လူချင်း ပို၍ တရင်းကနှီး ရှိလာလိမ့်မည်ဟု သူထင်သည်။ ပြီးတော့ အန်နာဘက်ကလည်း ဤအိမ်တွင် နေရသည့်အခိုက် ကိုယ့် အိမ်လို သဘောထားပြီး နေသွားနိုင်စရာရှိ၏။

ထိုအခိုက်မှာပင် အိမ်ရှေ့မှ ခေါင်းလောင်းသံတစ်ချက် ကြားရသည်။ မစ္စတာ လင်းနော့စ် ရောက်လာပြီ။ သူသည် သူ့သားအား လုပ်ပေးစရာ ရှိသည်များကို ကပျာကယာ လုပ်ပေးနေသော်လည်း စိတ်ကတော့ မစ္စတာလင်းနော့စ် ထံသို့ ရောက်နေသည်။

မစ္စတာလင်းနော့စ်၏ရုံးသည် ဂလက်စဂိုမြို့တွင် တည်ရှိ သော်လည်း၊ သူနေထိုင်သည့် အိမ်မှာ အက်ဒီဖီလန်မြို့၏

www.burmeseclassic.com

www.burmeseclassic.com



ထောင်ကုန်းပေါ်၌ရှိသည်။ သူသည် ရွှင်ရွှင်လန်းလန်း နေ
တတ်သော အကျင့်စာရိုက်မရှိ။ သို့သော် လူစိအတော့ သူ့
ခင်သည်။ ခင်ရသည့်အကြောင်းလည်းရှိသည်။ မစ္စတာလင်
နေ့ာစ်သည် တစ်ဘက်သားအပေါ် အနိုင်အထက်မပြုတတ်
လိမ္မာပါးနပ်သည်။ သည်းခံစိတ်ရှိသည်။ သူ့အား လူအမျ
က သဘောထားကြီးသော ပုဂ္ဂိုလ်တစ်ဦးဟုပင် အသိအမှတ်
ပြုထားကြသည်။ မဟုတ်ပါလား။

မစ္စတာလင်နေ့ာစ်သည် ဂယ်လ်တန်နှင့်အတူ တွဲ၍ အလု
လုပ်လာခဲ့သည်မှာ ကြာပြီ။ စနေ့ာလူမျိုး တစ်ယောက်နှ
အိုင်းရစ်ရှိလူမျိုး တစ်ယောက် စီးပွားရေးလုပ်ငန်းတစ်ခု
ဖက်စပ်လုပ်နိုင်ဖို့ ဆိုသည်မှာ လွယ်သည်မဟုတ်။ ခရစ်ယာ
တစ်ယောက်နှင့် ဂျူးတစ်ယောက် အလုပ်တွဲလုပ်သည်ထ
ပို၍ ခက်ခဲသော သဘောရှိသည်။ သို့သော်လည်း လင်
နေ့ာစ်သည် ဂယ်လ်တန်နှင့် ဘာပြဿနာမှမရှိဘဲ အလု
တွဲလုပ်နိုင်ခဲ့သည်။ ဂယ်လ်တန်က အဆက်အသွယ်ကောင်း
သူ့မှာက အရင်းအနှီးရှိသည်။ ထိုနှစ်ခုကို ပေါင်းစပ်
အလုပ်လုပ်လာခဲ့ခြင်း ဖြစ်၏။ အခုကျတော့လည်း ဂယ်လ်
တန် ကွယ်လွန်သွားပြီဖြစ်၍ သူ့လုပ်ငန်းကို သူစိတ်တိုင်းကျ
တိုးချဲ့ရန် စိတ်ကူးလျက်ရှိလေပြီ။

ယခုလောလောဆယ်တွင် မစ္စတာလင်းနေ့ာသည် ဟော်
လန်နိုင်ငံမှ ဆန်းသစ်သောပစ္စည်းတစ်ခုဖြစ်သည့် 'ထောပတ်
တုံ'ကို တင်သွင်းရောင်းချရန် စီစဉ်လျက်ရှိ၏။ လူစီကထော
ထိုအစီအစဉ်ထဲတွင် သူ့အတွက် အခွင့်အရေးကောင်းတစ်ခုက



မြင်နေသည်။ ယနေ့ည ဤကိစ္စကို တိုက်ရိုက် ပြောဆိုရန်
စိတ်မကူးသေးသော်လည်း မကြာမီအနေဖြင့် ကြိုတင်မြင်ဆင်
မှုကိုတော့ ပြုထားမှဖြစ်မည်ဟု လူစီ စိတ်ကူးထားသည်
မဟုတ်ပါလား။

လူစီသည် သူ့သားအား ကပျာကယာနှုတ်ဆက်
ကာ အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ ဧည့်ခန်းထဲသို့
သူ ဝင်သွားသည့်အခါတွင်မူ ဂျူးသည် အာကျယ်ပါကျယ်
ဖြင့် လေထန်လျက် ရှိနေလေပြီ။

'သူတို့က ကျုပ်တို့ကို အောက်တန်းစား အိုင်းရစ်တွေလို့
ခေါ်ကြတယ်။ ကျုပ်တို့က သူတို့ပြောနေသလောက်လဲ
အောက်တန်းမကျပါဘူးဗျာ၊ ဒါပေမယ့်၊ ကျုပ် သူတို့ကို
ဆန့်ကျင်တဲ့စကား ပြောသလား၊ တစ်လုံးမှမပြောပါဘူး၊
ကျုပ်လုပ်စရာရှိတာကိုပဲလုပ်တယ်၊ ကျုပ်တို့ ဘာလုပ်နေကြ
သလဲဆိုတာ သူတို့မြင်အောင်ပဲ လက်တွေ့ပြတယ်။ ခင်ဗျား
လီဗင်းဖို့ဒ် ရောက်တဲ့အခါ 'ဂျူးမူး'ကို သိသလားလို့ မေး
ကြည့်ပါ။ ကျုပ်ကို အားလုံးက သိကြတယ်၊ ကျုပ်ဟာ
တခြားညီအစ်ကို မောင်နှမတွေလို အခွင့်အရေး ကောင်း
ကောင်း မရခဲ့ပေမယ့် ကိုယ့်နည်းနဲ့ကိုယ် ကိုယ့်ဘဝကို ထူ
ထောင်လာခဲ့တာပါ။ ကျုပ်ငယ်ငယ်တုန်းက သတင်းစာ
ရောင်းခဲ့ရပေမယ့် အခုဆို ဟတ်ပ် ဘောလုံးအသင်းရဲ့
ကလပ်မှာ ဒါရိုက်တာဖြစ်နေပြီ'

လင်းနေ့ာစ်သည် သူ့ရှေ့၌ရှိနေသည့် ဝီစကီပန်ခွက်ကို
စိုက်ကြည့်နေသည်။ သူသည် ပိန်လည်းမပိန်၊ ဝလည်းမဝ၊

www.burmeseclassic.com

www.burmeseclassic.com



မုတ်ဆိတ်မွေးများက ဖြူနေပြီး အသက် ငါးဆယ်ခန့်မျှသာ ရှိဦးမည်။ သူ့လက်နှစ်ဘက်ကို ဘောင်းဘီအိတ်များထဲသို့ ထိုးသွင်းကာ ခေါင်းတချက်ဆတ်ညိတ်၍ ပြောသမျှကို စိတ်ရှည် လက်ရှည် နားထောင်လျက်ရှိသည်။

'အေးပါ…၊ ဟုတ်ပါတယ်' ဟု လင်းနေ့ခွစ်က ထောက်ခံသည်။ 'ခင်ဗျားဟာ ထူးခြားတဲ့ပုဂ္ဂိုလ်တစ်ယောက်ဆိုတာ သိကြပါတယ်'

'ပြီးတော့ ကျုပ်ရောင်းနေတဲ့ အရက်ဟာ အင်မတန်ကောင်းတဲ့အရက်ပါ'ဟု ဂျိုးက ဆက်ပြောပြန်သည်။ 'တခြားဆိုင်ကအရက်တွေနဲ့ ယှဉ်ပြီးသောက်ကြည့်စမ်းပါ၊ အဲဒီကျရင် ကျုပ်ပြောတာ ဟုတ်မဟုတ် သိလာပါလိမ့်မယ်'

'ခဏမှတ်ရင် ရှိသမျှလေကို အားကုန်ထုတ်ပြီးမှုတ်ရတယ် မှုတ်သာမှုတ်ပေး'ဟု ဖရန့်က မျက်နှာကြက်ကို မော့ကြည့်ပြီး နှုတ်ခမ်းကို မဲ့၍ပြောသည်။

'မှုတ်ရမှာပေါ့ ငါ့ညီရာ၊ အားကုန်ထုတ်ပြီးမှုတ်မှ ဂီတသံထွက်တော့မပေါ့'ဟု ဂျိုးက မလှုပ်မယှက်ဖြင့် ပြန်ပြောသည်။

'ငါ့အစ်ကို ဂျိုးက သိပ်သဘောထားကြီးတဲ့ လူတစ်ယောက်ပါ ဖရန့်ရယ်'ဟု ပေါ်လီက ဝင်ပြောသည်။

ခဏတာမျှငြိမ်ဆိတ်နေသည်။ ထို့နောက် လင်းနေ့ခွစ်က လူစီအား တစ်ချက် လှမ်းကြည့်ပြီး 'ဘယ်လိုလဲ၊ မင့်သားလေးတော့ နေကောင်းရဲ့လား'ဟု မေးသည်။



လူစီကပြုံး၍ 'နေကောင်းပါတယ်'ဟု ပြောသည်။ 'မစ္စတာလင်းနေ့ခွစ်ရဲ့ လုပ်ငန်းတိုးချဲ့မယ့် အစီအစဉ်ကော ဘယ်လိုလဲ၊ စတော့မှာလား'

'အော်…စတော့မယ်ဆိုပါတော့၊ စီစဉ်သင့်တာတွေတော့ ကြိုတင်စီစဉ်ထားပြီးပြီ'

'လုပ်ငန်းတိုးချဲ့ရင် မစ္စတာလင်းနေ့ခွစ်တစ်ယောက်တည်း ဘယ်နိုင်မလဲ၊ နိုင်ပါ့မလား'

လင်းနေ့ခွစ်သည် သူ့မုတ်ဆိတ်မွေးကို အသာအယာဆွဲကာ စဉ်းစားနေသည်။ 'ယင်း…နိုင်ချင်လဲ နိုင်မယ်၊ နိုင်ချင်မှလဲ နိုင်မယ်'

လူစီ၏ရင်ထဲတွင် ချက်ချင်း ပြောချလိုက်ချင်သည့် စကားတစ်ခွန်းကရှိနေသည်။ ပြောသင့်မပြောသင့် ချိန်ဆနေရ၏။ ဤအခိုက်မှာပင် ဂျိုးထံမှ အောင်ကျယ်ကျယ်စကားပြောသံ ထွက်ပေါ်လာသဖြင့် တန့်သွားရလေ၏။

'စကားမစပ် မေးရဦးမယ် အန်နာ၊ မင်းကော ဘာလုပ်ဖို့ စိတ်ကူးထားသလဲ၊ မင့်အဖေကတော့ မင့်အတွက် အနည်းအပါး ထားခဲ့တယ် မဟုတ်လား'

အန်နာက ချိုသာသော မျက်နှာထားဖြင့် ဂျိုးအား ကြည့်နေသည်။ သို့သော်လည်း မျက်လုံးများကတော့ ရူးစမ်းဆင်ခြင်နေသည့် အရိပ်အငွေ့များကို ဖော်ပြနေကြသည်။

'ထားခဲ့ပါတယ်'ဟု အန်နာက ပြောသည်။ 'ဒါပေမယ့် ဂျိုး မကြာခဏ ပြောဖူးခဲ့တဲ့ စကားလို ဖြစ်နေတယ်၊ လူမယ့်လူရှိရင် ဘုန်းကြီးအသော့ ရှိလာမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



အနိန္ဒာသည် ပြောပြောဆိုဆို ထိုင်ရာမှထရပ်လာ လူစီအား လှမ်းကြည့်သည်။

'အနိန္ဒာ ခရီးပန်းနေလို့ နားလိုက်ချင်တယ်၊ လူစီလိုက်ပို့ပေးမလား၊ မပို့နိုင်ရင်လဲ ဖြစ်ပါတယ်'

'အို....ဘယ်ဟုတ်မလဲ၊ လူစီလိုက်ပို့မှာပေါ့'ဟု ပြောကာ လူစီ ထရပ်သည်။ သူတို့နှစ်ယောက် အခန်းထဲမှ ထွက်သွားသည်ကို အားလုံးက ကြည့်နေကြသည်။

'ဒီမိန်းကလေးက လူတစ်မျိုး၊ ခပ်ဆန်းဆန်းရယ်၊ အဲဒါကို ဂျိုး သိတယ်မဟုတ်လား'ဟု ပေါ်လီက ပြောသည်။

'အင်း... သူက ကောင်းတဲ့အခါ ကောင်းပေမယ့် ဆိုးချင်တော့လဲ ဆိုးတတ်တယ်၊ ပြီးခဲ့တဲ့ သီတင်းနှစ်ပတ်ထဲကတော့ ငါနဲ့ သူနဲ့ အဆင်ပြေနေသားပဲ'

အခန်းထဲတွင် ငြိမ်ဆိတ်နေသည်။ ဂျိုးသည် တစ်စုံတစ်ခုကို စဉ်းစားမိသည့်နှယ် ဖျတ်ခနဲခေါင်းထောင်ပြီး ဖရန့်အား ကြည့်သည်။

'သူ့အကြောင်းကို လူစီ သိသလား'ဟု လှမ်းမေးသည်။

ဖရန့်၏မျက်နှာသည် နီရဲသွားသည်။ 'ဟင့်အင်း.... မသိသေးဘူး၊ အခုလို အချိန်မှာ အသိပေးလိုက်လဲ လုံးဝ မဖြစ်ဘူး'

'မှန်ပါတယ် ငါ့ညီ၊ မှန်တယ်၊ အခု အချိန်မှာကတော့ မဖြစ်သေးဘူး'ဟု ဂျိုးက လေသံအေးအေးဖြင့် ပြောသည်။

သူ့ဆေးတံကို စိုက်ကြည့်နေသော လင်းနေ့ဘ်က 'စီးပွားရေးလုပ်ငန်း ကိစ္စမှာတော့ ဒီမိန်းကလေးဟာ ဆင်ခြင် စဉ်းစားတတ်တဲ့သဘော ရှိပါတယ်၊ အမြော်အမြင် ရှိတယ်လို့လဲ ပြောရမယ်ထင်တာပဲ၊ အဲဒီတော့ ဒီကိစ္စကို ကျုပ်ပဲ ပြောပါ့မယ်'ဟု ပြောသည်။

'အင်း....ကျားသစ်ရဲ့ကိုယ်ပေါ်က အစက်အပြောက်တွေကို ပြောင်းပစ်ဖို့ကတော့ ဘယ်တော့မှ မရနိုင်ဘူး'ဟု ပေါ်လီက စာသံပေသံဖြင့် ဝင်ပြောသည်။ 'အနိန္ဒာလို မိန်းကလေးကို ပြောင်းလဲသွားအောင် လုပ်ဖို့ဆိုတာ မလွယ်ဘူးရှင့်'

ထိုအခိုက်မှာပင် လူစီသည် ဧည့်ခန်းထဲသို့ ပြန်ဝင်လာသည်။ အခန်းထဲရှိ လူလေးယောက်စလုံး၏ မျက်နှာထားများ တစ်မျိုးဖြစ်နေသည်ကို ချက်ချင်း သတိထားလိုက်မိ၏။

လူစီက တစ်ယောက်ချင်းစီ၏ မျက်နှာကို ကြည့်ကာ 'ဘာဖြစ်နေကြတာလဲ'ဟု မေးသည်။ 'ရှင်တို့ကြည့်ရတာ အိပ်မက်ကနေ နိုးလာကြသလိုပဲ'

'ဘာမှမဖြစ်ပါဘူး လူစီရယ်'ဟု ဂျိုးက ဖြေသည်။ 'မိုးအတော်ချုပ်သွားပြီ၊ တို့များ ပြန်ကြမှ ကောင်းမယ်'

'ပြန်တာပေါ့၊ ဒါပေမယ့် အခုတော့ စောပါသေးတယ် ဂျိုးရယ်၊ သီချင်းလေး ဘာလေး နားမထောင်တော့ဘူးလား'

ဂျိုးက ခေါင်းခါသည်။ 'မဖြစ်သေးဘူး၊ လူစီ၊ ဒီနေ့ရတဲ့ ငွေကို ရေရေတွက်ရဦးမယ်၊ ကဲ... ပေါ်လီ ရေ၊ တို့သွားကြစို့'

လင်းနေ့ဘ်သည် သူ့ဝီစကီကို လက်စသတ်လိုက်ပြီး နာရီကို ကြည့်သည်။ 'အေး...ငါလဲ သွားတော့မှပဲ'ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



လူစီကတော့ ဧည့်သည်များကို မပြန်စေချင်သေး၊ သို့သော်လည်း တားမရတော့သဖြင့် လက်လျှော့လိုက်သည်။ 'လာမယ့် အပတ်ထဲမှာတော့ ညစာ လာလှည့်စားပါဦး မစ္စတာလင်းနေ့' ဟု ထပ်၍ဖိတ်သည်။ လင်းနေ့စ်ကလည်း သူစဉ်းစားပါဦးမည်ဟု ဆိုသည်၊

လူစီသည် ဖရန့်၏ လက်ကိုဆွဲကာ ဧည့်သည်များအား ဝင်းတံခါးဝအထိ လိုက်ပို့သည်၊ ဂျိုးတို့၏ မြင်းရထားသည် မကြာမတင်မှာပင် ညအမှောင်ထုအတွင်းသို့ တိုးဝင်သွားသည်။ လင်းနေ့စ်သည် မပြန်ခင်အချိန်ကလေးကျမှ လာမည့်အပတ် တနင်္ဂနွေညတွင် ညစာလာစားမည်ဟု ကတိပေးသွားသည်။ ယနေ့ည သူပြောလိုသည့်စကား ပြောခွင့်မရလိုက်၍ မကျေမနပ် ဖြစ်နေသော လူစီသည် လင်းနေ့စ်၏ ကတိစကား ကြားရသည့်အခါ များစွာ အားတက်သွားရပြန်သည်၊ လင်းနေ့စ် ထွက်သွားသည့်အခါ 'ဘယ်လိုလဲထင်သလဲ ဖရန့်၊ လူစီ စီစဉ်ထားကာ အဆင်ပြေမယ် ထင်သလား' ဟု သူ့ယောကျ်ားအား မေးသည်။

'ပိုပြီး ဆိုးချင်ဆိုးသွားနိုင်တယ်' ဟု ဖရန့်က အဖြေပေးသည်။

လူစီသည် အတန်ကြာမျှ ငြိမ်နေပြန်သည်။ ထို့နောက် ဖရန့်အား မော့ကြည့်ပြီး 'အန်နာနဲ့ ခင်မင်ရင်းနှီးဖို့အတော်လွယ်ပါမလား၊ သူ့ကြည့်ရတာ မြုံစိစိနိုင်သလိုပဲ' ဟု မေးပြန်သည်။



'သူ့ကို ဒီမှာလာတည်းဖို့ဖိတ်တာ ကောင်းမယ်ဟုတ်လား လူစီ' ဟု ဖရန့်က ဖြေသည်။

လူစီသည် ဘာမှထပ်မပြော၊ သို့သော်လည်း ဖရန့်၏ မျက်နှာကို စူးစမ်းသည့်နှယ် စိုက်ကြည့်နေသည်။ ထို့နောက် ဖြည်းဖြည်းချင်း ပြုံးလာသည်။ သူတို့သည် ဝင်းတံခါးဝ၌ မဆိတ်စွာ ရပ်နေကြသည်၊ ပတ်ဝန်းကျင် အမှောင်ထုသည် ငြိမ်းစိုးလျက် ရှိ၏။

ကောင်းကင်တွင် လမရှိ၊ ကြယ်မရှိ။ ထို့ကြောင့်လည်း အမှောင်ထုသည် ပို၍သိပ်သည်းသည်၊ နက်ရှိုင်းသည်။ ငြိမ်ဆိတ်မှုကလည်း ကြီးမားလှပါဘိခြင်း။ သူတို့ ခေါင်းပေါ်မှ တဖျပ်ဖျပ် ပျံသန်းသွားသည့် လင်းနို့တစ်ကောင်၏အသံ၊

လူစီက ဖရန့်၏ လက်မောင်းကို ဖက်တွယ်ကာ သူ့ခေါင်းကို ဖရန့်၏ကိုယ်တွင် မှေးမှီလိုက်သည်။ ထို့နောက် သူ့လက်တစ်ဘက်ဖြင့် ဖရန့်၏ ပခုံးများကို ဖက်ထားလိုက်သည်။

'ညဉ့်နက်လှပြီ…ဖရန့်' ဟု လေသံဖြင့် ပြောသည်။ 'လူစီတို့အိမ်ထဲ ပြန်ဝင်ကြရအောင်'

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( ၄ )

နောက်တစ်နေ့မနက်တွင် လှစီသည် ဖရန့်တို့သားအဖနှင့်အတူ နံနက်စာစားလျက်ရှိသည်။ အန်နီ့အတွက် မနက်စာကိုမူ လင်ပန်းတစ်ခုတွင် ထည့်၍ အခန်းထဲသို့ ပို့ပေးခဲ့သည်။ တခြားကြောင့်မဟုတ်။ ယမန်နေ့ညက သူ ပင်ပန်းနေသည်ဟု အင်နီက ပြောထားခဲ့သည့် စကားကြောင့်ဖြစ်၏။ သူတို့မိသားစု စားသောက်နေခိုက်မှာပင် ရစ်ချတ်ထံမှ ကြေးနန်းစာ ရောက်လာသည်။

ကြေးနန်းရောက်လာခြင်းသည် မိသားစုအတွက် ထိတ်လန့်စိုးရိမ်ရသော ကိစ္စတစ်ခုဖြစ်သည်။ လှစီသည် တုန်ယင်နေသောလက်ဖြင့် စာအိတ်ကိုဖောက်ကာ အတွင်းမှ ကြေးနန်းကို အသေအချာ ထုတ်ဖတ်သည်။



'အမယ်လေး....တော်ပါသေးရဲ့'ဟု လှစီက စိတ်သက်သာရာ ရသွားသည့်အသံဖြင့် ရေရွတ်ပြီး စာရွက်ကို ဖရန့်ထံသို့ လှမ်းပေးသည်။ ဖရန့်က ကြေးနန်းကို အသံထွက်၍ ဖတ်သည်။ 'ချစ်ညီမလှစီ၊ အီဗာ နေမကောင်း၍ ခဏ သာနေပေးပါ။ ရစ်ချတ်'

ဖရန့်က မကျေနပ်သော မျက်နှာထားဖြင့် လှစီအား ကြည့်နေသည်။ 'သူ့မှာ အခက်အခဲ ဖြစ်လာပြီဆိုရင်သာပြီ။ တစ်ခါလာလဲ ချစ်ညီမ လှစီ၊ တစ်ခါလာလဲ ချစ်ညီမ လှစီ၊ဘာမှအဓိပ္ပာယ်မရှိဘူး'ဟုလည်း ရေရွတ်သည်။

'ဟုတ်ပါရဲ့၊ စိတ်ပျက်စရာပဲ'ဟု လှစီက အလိုက်သင့်ပြန်ပြောသည်။ 'အခုလို အန်နာရောက်နေတုန်းမှာ ဆိုတော့ခက်တာပဲ၊ လှစီသွားရင် သူက ဘယ်လိုထင်မလဲ'

'ဘာလဲလှစီ၊ မင်းက သွားဖို့ စိတ်ကူးနေသလား'

'အင်းပေါ့၊ ခဏ လာနေ ပေးပါလို့ ဆိုထားတော့လဲသွားရမှာပေါ့၊တကယ်လို့ သွားရင်လဲ အင်္ဂါနေ့လောက်အထိပဲ နေမှာပါ၊ မသွားလို့ကတော့ မကောင်းဘူး ထင်တယ် ဖရန့်ရယ်'

'ဒါတော့ မင်းသဘောပဲလေ၊ သူတို့အတော့ ပြဿနာလာမှ မင့်ကို အသုံးချဖို့ သတိရကြတာပဲ။ ဟိုး လွန်ခဲ့တဲ့နှစ်လောက်ကလဲ ဒီပုံစံမျိုးဖြစ်ခဲ့ဖူးတာပဲ၊ မင့်မေမေကဒုက္ခရောက်မှ မင့်ကို သတိရတာပါ၊ ကျန်တဲ့အချိန်တော့၊ ဟင်း.... သတိရဖို့ဝေးပါတယ်၊ ...နှစ်တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ခေနစ္စမိတ်ကယ် ပို့ရှိကလဲပြီး တခြား အာများ လုပ်ပေးခဲ့သလဲ'

ဖရန့်၏လေသံကြောင့် လူစီ၏မျက်နှာသည် နီရဲသွားသည်။ 'ဒါကတော့ ဘယ်လိုပဲဖြစ်ဖြစ်၊ လူစီ့မှာ တာဝန်ရှိနေသေးတာပဲ၊ ရှမ်ချက် ဘာပဲလုပ်လုပ် ဒါက သူ့ကိစ္စပဲ၊ လူစီကတော့ လူစီ ဘာလုပ်တယ်ဆိုတာကိုသာ အမှတ်ထားတယ်။ အခုဟာက အဖေ နေမကောင်းဘူး၊ ရှမ်ချက်ဟာ လူစီ့အစ်ကို၊ အဲဒီတော့'

'ငါကတော့ မင့်ကို အိမ်မှာပဲ ရှိစေချင်တယ်၊ မင်းမသွားပါနဲ့'

သို့သော်လည်း လူစီသည် ဖရန့်၏ သဘောမတူမှုကို အလေးတယူပြု၍ စဉ်းစားခြင်းမပြု။ သူ့မှာ ဝတ္တရားရှိနေသည်ဟူသော ခံယူချက်ကိုသာ အခိုင်အမာ ဆုပ်ကိုင်ထားသည်။ ရှမ်ချက်သည် သူ့အစ်ကို၊ ရှမ်ချက်မှာ ပြဿနာရှိနေလျှင် သူကူညီရမည်။ ဤအသိဖြင့် သူ့စိတ်ကို ပိုင်နိုင်စွာ ဆုံးဖြတ်သည်။

'တစ်ခုတော့ရှိတယ်၊ အင်နာရောက်နေတာဟာ လူစီ့ကံကောင်းတာပဲ၊ လူစီ သွားနေတုန်းမှာ သူက မောင့်ကို ကူညီနိုင်မှာပါ'

'သူ ကူညီတာကို ငါ မလိုချင်ဘူး'

ဖရန့်၏လေသံသည် တင်းမာလှ၏။ သို့သော်လည်း ထိုလေသံသည် လူစီ၏ ဆုံးဖြတ်ချက်ကို ပြင်သွားအောင် မစွမ်းဆောင်နိုင်။



'ဆယ်နာရီ ရထားနဲ့ဆိုရင် အဆင်ပြေလိမ့်မယ်'ဟု လူစီက ဆုံးဖြတ်သည်။ 'လူစီဆုံးဖြတ်ပြီးနေပြီ ဖရန့်။ လူစီက ဆုံးဖြတ်ပြီးသွားကိုတော့'

နောက်ထပ် ပြောစရာစကား မရှိတော့။ ဖရန့်သည် ထိုင်ခုံမှ ဖြုန်းခနဲ ထရပ်ကာ သူ့ကုတ်အင်္ကျီကို ယူဝတ်သည်။

'အေးပေါ့လေကွာ၊ မင်းက မင်းကြိုက်သလိုပဲ လုပ်နေတာပဲ၊ မင့်သဘောပေါ့'

'မဟုတ်ပါဘူး… ဖရန့်ရယ်၊ လူစီသွားချင်လို့ သွားတာမဟုတ်တာ၊ ပြီးတော့လဲ အင်္ဂါနေ့ဆို ပြန်လာမှာပဲဟာ'

ဖရန့်သည် လူစီ၏မျက်နှာကို အတန်ကြာမျှ စိုက်ကြည့်နေသည်။ တင်းမာနေသောမျက်နှာထားသည် ပျော့သွားပြီး ပြုံးရိပ် ဝင်လာသည်။ သူ၏ခေါင်းကို ယမ်းလိုက်သည်။

'ဒီလိုမှပေါ့မောင်ရယ်'ဟု လူစီက ပြောကာ ဖရန့်၏ အင်္ကျီအောက်လာကို သပ်ရပ်သွားအောင် ပြင်ပေးသည်။ ပြီးတော့ တယုတယ နမ်းသည်။ ဖရန့်ထွက်သွားသည့်အခါ တံခါးပေါက်မှ ရပ်ကြည့်နေသည်။ လမ်းမပေါ်မှ ဖရန့်၏ ပုံလွှာ ပျောက်သွားခါမှပင် အပေါ်ထပ်ရှိ အင်နီ၏ အိပ်ခန်းသို့ တက်လာခဲ့၏။

လူစီသည် အင်နီ၏ ခုတင်စွန်းတွင် ဝင်ထိုင်လိုက်သည်။ 'ကိုယ်စိတ်မကောင်းပါဘူး အန်နီရယ်'ဟု စိတ်ညစ်စိတ်ညှိုးနှင့် သာသောလေသံဖြင့် စကားစသည်။ 'ကိုယ့်အစ်ကိုဆီက ကြေးနန်းရောက်လာလို့၊ ကိုယ်မသွားလို့ကလဲ မဖြစ်ဘူး ဒါကြောင့်….'

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိပါဘူး'ဟု အန်နီက ပြောကျနေသော ဆံပင်ကို ပြန်၍ထုံးရင်း ပြောသည်။ သူ့အမူအရာသည် ဘယ်လို မဖြစ်သည့်နှယ်ရှိ၏။ လူစီကတော့ သူ့စကားအပေါ် အလေး အနက်မထားသည့် အန်နာ၏အပြုအမူကိုကြည့်ကာ စိတ်ထဲ ကျိတ်၍ အံ့ဩနေမိသည်။

'လူစီ ဆယ်နာရီရထားနဲ့ လိုက်ရမလို ဖြစ်နေတယ်'ဟု လူစီက ထပ်ပြောသည်။

'လူစီ အဆင်ပြေသလို လုပ်ပါ'ဟု အန်နီက ပြန်ပြော သည်။

နှစ်ဦးစလုံး ငြိမ်ဆိတ်နေကြသည်။ တစ်ယောက်က မှု လင်းသည်၊ စိတ်ရောကိုယ်ပါ အားတက်သရော ရှိရှံမှုမ စေတနာထားသည်။ ကျန် တစ်ယောက်ကတော့ ထိုကဲ့သို့ မဟုတ်။ ပြုံးစိစိနိုင်လွန်းသည်။ သူက်လက် တက်ကြွမှုလည်း မရှိ။ တစ်ဘက်သား အပေါ် လိုက်လိုက် လျောလျော မပြောဖော်မရ။

'ကိုယ်သွားနေတုန်း ဖရန့်ကိုတော့ နည်းနည်းပါးပါး ကြည့်လိုက်ပါ'ဟု လူစီက ထပ်ပြောကာ ထိုင်ရာမှ ထသည်။ 'ရပါတယ်၊ ဖရန့်နဲ့ အန်နီဟာ တစ်ယောက်နဲ့ တစ်ယောက် သိနေကြတာပဲ'ဟု အန်နာက ခပ်ပေါ့ပေါ့လေသံဖြင့် ပြန် ပြောသည်။

လူစီသည် အောက်ထပ်သို့ ပြန်အဆင်းတွင် အန်နာ့ အကြောင်းကို မတွေးဘဲ မနေနိုင်။ 'အို...ဟုတ်လား၊ ဖြစ်မှ ဖြစ်ရပလေတယ်၊ ဒါပေမယ့် အခုဟာက လူစီ ယောင်းမ နေ



ကောင်းဖြစ်တာဆိုတော့ လူစီမသွားလို့ ဘယ်ဖြစ်ပါမလဲ၊ သွားမှပေါ့၊ သွားစရာရှိတာသာ သွားပါ၊ အန်နီ့ကိုအားနာ နေစရာမလိုပါဘူး၊ လူစီသွားနေတုန်း အိမ်အတွက် ဘာမှမပူနဲ့၊ အန်နီ တာဝန်ယူထားပေးမယ်' စသည် စသည့် လောကွတ် စကားများကို ဘာ့ကြောင့် မပြောနိုင်တာပါလိမ့်ဟု တွေးမိ သည်။ ထိုကဲ့သို့ တွေးမိသောအခါ လူစီသည် သူ့ညီသည်၏ အပေါ့ယွင်းချက်အပေါ် ဘဝင်မကျသလို ဖြစ်လာသည်။ သို့ သော်လည်း ဤကိစ္စမှာ တာရှည်တွေးနေသည့်ကိစ္စ မဟုတ် သဖြင့် နောက်ဆုံးတွင် လူစီသည် သူ့စိတ်ထဲမှ ထုတ်ထား လိုက်လေသည်။

သူသည် ချက်ချင်းပင် သူသွားရမည့်ခရီးအတွက် ကြိုတင် ပြင်ဆင်မှုများကို လုပ်သည်။ ရှေးဦးစွာ သူ့သား ပီတာကို ခေါ်သည်။ ပီတာသည် သူ့အိပ်ခန်းထဲမှ ထွက်လာသည်။ အဝတ်အစားလဲထားပြီးပြီကို တွေ့ရသဖြင့် လူစီ့စိတ်ထဲတွင် ကျေနပ်သွားသည်။ သူ့အဖေ အလုပ်တက်ရသည့် ရက်များ တွင် ပီတာသည် သူ့အဖေ ထွက်သွားခါမှ မနက်စာ စား သည်ဖြစ်ရာ ဤအချိန်တွင် အဆင်သင့် ဖြစ်နေခြင်းကို လူစီ သဘောကျသည်။ သို့သော်လည်း လူစီသည် သူသဘောကျ သွားသည့် အရိပ်လက္ခဏာကို လုံးဝမပြ။

'ဒီမယ်...ပီတာ၊ ဒီနေ့ နေ့လယ်စာကို နက်ဖြန်က ကျွေး လိမ့်မယ်၊ အန်တီအန်နာလဲ ရှိနေမယ်၊ မေမေဟာ ခရီးသွား စရာရှိနေတယ်၊ ကြားလား'ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ပီတာအား မေ့ကြည့်သည်။ 'မေမေက ဘယ်သွားမှာလဲ၊ ဘာလုပ်ဖို့လဲ' ဟု မေးသည်။

လူစီက ပီတာ၏မေးခွန်းကို မဖြေ။ 'မေမေ မရှိတုန်းမှာ သားက အန်တီအန်နာကို ဂရုစိုက်ရမယ်၊ ကြားလား၊ သူပြောတာ နားထောင်ရမယ်' ဟု ပြောသည်။

ပီတာသည် လူစီ၏ မျက်နှာကို ကြည့်ကာ စဉ်းစားနေသည်။ 'မေမေခိုင်းသလိုလုပ်ရင် သားကို မေမေက ပိုက်ဆံ ပေးမှာလား' ဟု ပြန်မေးသည်။

လူစီအဖို့ ဤတောင်းဆိုချက်ကိုတော့လိုက်လျော့ဖို့အသင့် ဖြစ်သည်။ သူ့သား ပီတာသည် မုန့်ဖိုးပေးလျှင် လက်လွတ် စပယ် သုံးပစ်တတ်သူမဟုတ်။ ရသမျှကို သူ့စုဘူးထဲ ထည့်၍ စုထားတတ်သည့် အကျင့်ရှိသည်။ ထိုအကျင့်သည် မိခင် တစ်ယောက်အနေဖြင့် ပီတိဖြစ်စရာ ကောင်းသော အကျင့်စရိုက် ဟု ယူဆသည်။ ပြီးတော့ ပေးရမည့် မုန့်ဖိုးက များများ စားစားမဟုတ်၊ တစ်ခါပေးမှ တစ်ပဲနီ။

လူစီက ချက်ချင်းပင် ပဲနီပြားတစ်ပြား ထုတ်ပေးသည်။ မိခင်တစ်ယောက်အနေဖြင့် မပေးဘူးဟု ခါးခါးသည်းသည်း ငြင်းရမည့် ကိစ္စမဟုတ်ဟု သူ ယူဆသည်။ ပီတာက တော့ ခုန်ပေါက်မြူးထူးကာ လူစီကို ဖက်ထားသည်။ ထို့နောက် အိမ်စေမလေး နက်တာအား မှာစရာရှိသမျှကို မှာသည်။ နောက်ဆုံးတွင် လူစီသည် အိမ်မှထွက်ခွာခဲ့သည်။

ဆောင်းဦးပေါက်ရာသီ၏ နံနက်ခင်းသည် သာယာလှပါ ပေ၏။ မြို့ဘက်သို့ ခြေကျင်လျှောက်လာနေသော လူစီသည်



ပတ်ဝန်းကျင် သာယာမှုတွင် အရသာခံလာသည်။ အတ်ဒ်မီလန်မြို့သည် တယ်တာစရာ ကောင်းလှသည်ဟု သူ ထင်သည်။ လမ်းမကြီးများသည် ကျယ်လည်း ကျယ်သည်၊ သန့်လည်း သန့်သည်။ လမ်းဘေးဝဲယာမှ သစ်ပင်တန်းများကလည်း ကျက်သရေရှိသည်။ လမ်းတစ်ဘက် တစ်ချက်ရှိ ဆိုင်များကလည်း ဆွဲဆောင်မှု အပြည့်။

တကယ်တော့ ဤမြို့၌နေထိုင်ရန် လူစီပင် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်၏။ 'လူစီတို့ ဒီမှာပဲ နေမယ်ဖရန့်' ဟု သူက အခိုင်အမာ ပြောခဲ့သည်။ 'အကောင်းဆုံး အပိုင်းမှာတော့ မနေနိုင်သေးဘူးပေါ့၊ နောင်တစ်ချိန်ကျတော့လဲ လူစီတို့ နေနိုင်အောင် ကြိုးစားကြတာပေါ့'

အမှန်အတိုင်း ဝန်ခံပြောမည်ဆိုပါမူ အတ်ဒ်မီလန်မြို့ကွင် မိတ်ဆွေ အပေါင်းအသင်းဟူ၍ များများစားစား မရှိ။ သူ့မွေးရပ်ဌာနေဖြစ်သော ပတ်သ်မြို့တွင် နေခဲ့ဖူးစဉ်တုန်းကနှင့် တော့ မတူသည်မှာ အမှန်။ ပတ်သ်မှာကတော့ ကောင်တီ တရားရုံး တစ်ရုံး၌ စာရေး လုပ်ခဲ့ဖူးသော သူ့အဖေကို လူတိုင်းလိုလိုက သိကြသည်။ ထို့ကြောင့်လည်း သူ၏ ပေါင်းသင်းဆက်ဆံရေး နယ်ပယ်သည် ခိုင်မာပြီးသား၊ ကျယ်ပြန့် ပြီးသား၊ သူ့အား လူအများက သိကြသည်မဟုတ်ပါလား။

သို့သော်လည်း သူ အိုင်းရစ်အမျိုးသား တစ်ယောက်နှင့် လက်ထပ်လိုက်ကတည်းက သူ့ဘဝသည် ပြောင်းလဲသွားခဲ့ ရ၏။ အခြေအနေ အရပ်ရပ်သည်လည်း မလုံမခြုံ ဖြစ်လာခဲ့ ရ၏။ တကယ်တော့ ထိုအဖြစ်သည် သူမလွဲမသွေ ရင်ဆိုင်ရ

www.burmeseclassic.com



လိမ့်မည်ဟု အစကတည်းက သိပြီးသားဖြစ်ပါ၏။ သို့သော်လည်း ရင်ဆိုင်လာရသည့် ဘဝအခြေအနေကို သူ ဂရုမစိုက်။ မိန်းမ တစ်ယောက်သည် မိမိ၏ယောကျ်ားအား မိမိနှင့် အဆင့်အတန်း တူလာအောင် မြှင့်တင်ပေးလျှင် ရသည်ဟု အခိုင်အမာ ယုံကြည်ချက်ဖြင့် ရှိထားသည်။ ထိုယုံကြည်ချက် အတိုင်းလည်း မရမနေကြိုးပမ်းခဲ့ရာ အထိုက် အလျောက် အောင်မြင်မှု ရခဲ့ပြီးပြီဖြစ်၏။ နောင်အနာဂတ်ကာလတွင် မိမိတို့၏ အခြေအနေကို ယခုထက်ပို၍ မြှင့်မားလာအောင် မိမိတို့၏ဘဝကို ပိုမို၍ လုံခြုံမှုရှိလာအောင် လုပ်ဖို့သာ ကျန်တော့သည်ဟု သူ ယူဆလေသည်။

ရထားပေါ် ရောက်သည့် အခါတွင်လည်း လူစီ၏ စိတ်အစဉ်သည် လွန်ခဲ့သောနှစ်များအတွင်းက ပျော်ပျော် ပါးပါး နေထိုင်ခဲ့ရသည်။ မိမိ၏အိမ်ထောင်သည်ဘဝကို ပြန်၍ သတိရမိပြန်သည်။ ထိုစဉ်က သူ့အစ်ကို ရစ်ချတ်သည် သူ့အား ဖရန့်လို လူစားတစ်ယောက်နှင့် လက်ထပ်ခဲ့သဖြင့် ဒုက္ခ လှလှကြီး တွေ့ရလိမ့်မည်ဟု ဆိုခဲ့၏။ သို့သော်လည်း လက်တွေ့ဘဝတွင် သူ့ အိမ်ထောင်သည် အောင်မြင်မှုရခဲ့သည်။

သူ့ အစ်ကို ပြောခဲ့သလိုပင် ဖရန့်၏ မိသားစုအသိုင်းအဝိုင်းသည် အောက်တန်းကျချင် ကျပေလိမ့်မည်။ သို့သော်လည်း မိမိ၏ယောကျ်ား ဖရန့်ကတော့ အောက်တန်းမကျဟု ယုံကြည်ထားသည်။

တဖယ်တော့ လူစီသည် မည်သည့်ကိစ္စကိုမဆို အောင်မြင်မှုရအောင် လုပ်ချင်တတ်သော သဘာဝရှိသည်။ သူသည်



'အရှုံး' ဟူသော စကားလုံးကို အသိအမှတ်ပြုသူ မဟုတ်။ မြင်လိုခြင်းနှင့် မဖြစ်မနေ ဖန်တီးရယူလိုခြင်းစသော စိတ်ဓာတ်သည် စကော့သွေးမှ ပါလာခြင်းပေလားမသိ။ သူသည် ရပါပြီ ဆိုကတည်းက ဖရန့်၏ အကျင့်စရိုက်များကို ပြောင်းလဲသွားအောင် အားထုတ်သည်။ သူ့ အားထုတ်မှုသည် အောင်မြင်မှု ရခဲ့သည်။ ဘာ့ကြောင့်နည်း။ သူက ဖရန့်အပေါ် မေတ္တာစစ် မေတ္တာမှန်ဖြင့် ချစ်ခဲ့ခြင်းကြောင့် ပေတည်း။

သူ့ အနေဖြင့် သူ့အစ်ကို ရစ်ချတ်၏ အယူအဆ လွဲမှားကြောင်းကို သူ၏ သာယာသော အိမ်ထောင်သည်ဘဝဖြင့် သက်သေထူနိုင်ခဲ့၏။ ရစ်ချတ်ကတော့ သူ့ထံသို့ မကြာမကြာ စာရေးခဲ့သည် ဖြစ်ရာ သူ့စာများတွင် သူ့မိန်းမ 'အီဗာ' နှင့် သူ့ကလေးများ ဖြစ်ကြသော 'ဗာထုနှင့် ချားလ်စ်' တို့ အကြောင်းကို များစွာ အမွှမ်းတင်၍ ရေးလေ့ရှိ၏။ ပြီးတော့ အောင်မြင်မှုရနေသည့် သူ့လုပ်ငန်းအကြောင်းနှင့် ဆင်ပြေနေသည့် စီးပွားရေးအခြေအနေများ ...။

သူ့ အတွေးနှင့်သူ ဖြစ်နေသော လူစီသည် ပတ်ဝန်းကျင်ကို သတိမထားမိ။ ရှည်လျားစွာ မှုတ်ထုတ်လိုက်သော ရထားဥသြသံကို ကြားခါမှပင် သတိပြန်ဝင်လာသည်။ ရထားသည် ဂလက်ဇဂိုမြို့၏ ဆင်ခြေဖုံးဖြစ်သော ရာလ်တန်ရပ်ကွက် ဘူတာကိုပင် ရောက်နေလေပြီ။ သူသည် ကပျာကယာ ထ ကာ ရထားပေါ်မှ ဆင်းလာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရာလ်စတန်ရိပ်ကွက်သည် အောင်မြင်မှုရနေသူများ နေ ထိုင်ရာ လူကုံထံရပ်ကွက် ဖြစ်သည်။ အောင်မြင်ကျော်ကြားနေ သော ရစ်ချက်လို ရွှေ့နေတစ်ယောက်အတွက် အလွန်အဆင် ပြေသော ရပ်ကွက်ဖြစ်၏။ အိမ်ကလေးကတော့လည်း နှစ်ထပ်တိုက် နီနီလေးဖြစ်၍ ပတ်ပတ်လည်တွင် ပန်းဥယျာဉ် ဝိုင်းရံထား သည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် တိုက် ကလေးဖြစ်သည်။

လူစီ အိမ်ရှေ့ရောက်သွားသည့်အခါ တံခါး လာဖွင့် မှာ သူထင်ထားသလို အိမ်စေမ မဟုတ်။ ရစ်ချက်ကိုယ်တိုင် ဖြစ်နေသည်။ ရစ်ချက်သည် လူစီအား ဝမ်းသာအားရ နှု ဆက်သည်။ နှုတ်ဆက်ပုံသည် လှိုက်လှိုက်လှဲလှဲ ရှိလှ၏ 'တော်ပါသေးရဲ့ လူစီရယ်၊ လာမှလာပါ့မလားလို့ စိတ် နေတာ'ဟု ပြောသည်။ သူသည် ချက်ချင်းပင် လူစီအား စာ ကြည့်ခန်းထဲသို့ ခေါ်သွားသည်။

'မင်းရောက်လာလို့ တော်ပါသေးရဲ့'ဟု ရစ်ချက်က ဆေ ရှက်သည်။ 'အခုဆိုရင် ငါ ရုံးတောင်မသွားနိုင်ဘူး၊ အီဗာ နေမကောင်းလို့ ငှားထားတဲ့ သူနာပြုဆရာမက အိမ် ထမင်းချက် မေမွှ ကောင်နဲ့ ရသွားတယ်၊ ငါ့ယဲ ဒေါ်ပွနဲ့ နှစ်ကောင်စလုံးကို အိမ်ထဲက ကန်ထုတ်ပစ်လိုက်တယ် အိမ်စေမလေးတစ်ယောက်ကလွဲပြီး အိမ်မှာ ခိုင်းစရာ လူ မရှိတော့ဘူး'

'အီဗာက ဘာဖြစ်တာလဲ'ဟု လူစီက မေးသည်။



'ဖြစ်တာကတော့ ဆိုးဆိုးဝါးဝါး မဟုတ်ပါဘူး'ဟု ရစ်ချက်က ပြောသည်။ 'မကြာခင် ကောင်းသွားမှာပါ၊ သူ့ကို ကြည့်နေကျ ဆရာမလဲ အင်္ဂါနေ့ဆိုရင် ရောက်လာတော့ မှာပါ။ ဒီကြားထဲမှာ မင်းက ခဏတစ်ဖြုတ် ကြည့်ပေးဖို့ပါ'

လူစီက ခေါင်းညိတ်သည်။ 'ကြည့်ပေးရမှာပေါ့၊ အခု ရောက်လာတာကိုက ကူညီဖို့ လာခဲ့တာပဲ'

ရစ်ချက်က လူစီအား အီဗာ့အခန်းသို့ ခေါ်သွားသည်။ အီဗာသည် အိပ်ရာပေါ်တွင် လှဲလျက်ရှိသည်။ အသားအရည် ဖြူဖျော့ဖျော့နိုင်လွန်းလှ၏။ တကယ်တော့လည်း သူ့ ယောင်းမ အီဗာသည် ပျော့တိပျော့ခွေနှင့် နုနယ်လွန်းသူ ဖြစ်၏။

'လူစီရောက်လာပြီ အီဗာ'ဟု ရစ်ချက်က ပြောသည်။ 'နောက် နှစ်ရက်လောက်တော့ လူစီက ကြည့်ပေးလိမ့်မယ်၊ ဘာမှ အားမငယ်နဲ့တော့'

အီဗာက မျက်လုံးဖွင့်ကြည့်သည်။ ထို့နောက် သက်ပြင်း တစ်ချက်ချကာ လူစီအား စကားမပြောဘဲ ကြည့်နေသည်။ ပြီးတော့မှ ခပ်ယဲ့ယဲ့ အပြုံးဖြင့် နှုတ်ဆက်သည်။

'ကဲ...အီဗာ၊ ကိုယ် ဒီနေ့တော့ ရုံးသွားဦးမှ ဖြစ်မယ်။ မင်းကို လူစီ ကြည့်ပေးလိမ့်မယ်'ဟု ပြောကာ ထွက်သွားရန် ဟန်ပြင်သည်။

'မသွားခင် အီဗာ့ကို နမ်းသွားပါဦး'

လူစီသည် အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ အိမ်ထဲ၌ လုပ်စရာရှိသည်များကို လုပ်ရပေတော့မည်။ သူသည် မီးဖို

www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲ အရင်ဆုံးဝင်သည်။ မလုပ်တတ် မကိုင်တတ်သော အိမ်စေမလေး၏ လက်ထဲတွင် မီးဖိုချောင်သည် သပ်သပ်ရပ်ရပ်မရှိ၊ ပွရှုပ်လျက်ရှိသည်။ လှစီသည် အိမ်စေမလေး၏ အကူအညီဖြင့် မီးဖိုခန်းကိုသာမက တစ်အိမ်လုံးကို သပ်ရပ်သန့်ရှင်းသွားအောင် ရှင်းလင်းရသည်ဖြစ်ရာ တစ်နေ့လုံး အားရသည် မရှိတော့။

ညနေခင်း ရစ်ချတ်ပြန်ရောက်လာသည့် အခါတွင်မူ တစ်အိမ်လုံး သန့်ရှင်းပြောင်လက်နေသည်။ ရစ်ချတ်အဖို့ ကျေနပ်စရာဖြစ်သည်။ အိဗာအား သူကိုယ်တိုင် ချက်ပြုတ်ကျွေးမွေးထားကြောင်း၊ အစား အသောက်များများ စားကြောင်း သိလိုက်ရသည့်အခါ ရစ်ချတ်သည် ပို၍ ဝမ်းသာသွားသည်။ ညနေစာ စားသည့်အခါတွင်လည်း ရစ်ချတ်သည် လှစီ၏ လက်ရာကို ချီးမွမ်း၍မဆုံး။

လှစီကတော့ သူ့အစ်ကို အားရပါးရ စားသောက်နေသည်ကို ပြုံး၍ကြည့်နေမိသည်။ အိဗာသာ အိမ်ရှင်မကောင်း တစ်ယောက် ဖြစ်ခဲ့ပါမူ သူ့ အစ်ကိုရစ်ချတ်သည် အခုထက် ပို၍ ဝဖီးလာလိမ့်မည်ဟု မတွေးဘဲ မနေနိုင်။

စားသောက် အပြီးတွင် ရစ်ချတ်သည် သူ့မိန်းမ ရှိရာ အပေါ်ထပ်သို့ တက်သွားသည်။ လှစီကတော့ အိမ်စေလေးနှင့်အတူ ပန်းကန်များ ဆေးကြောနေရသေးသည်။ ထို့နောက်တော့ အိပ်ရာဝင်ခဲ့သည်။ ထိုအခါကျမှပင် သူ့အိမ်အကြောင်းသည် သူ့ခေါင်းထဲ ရောက်လာသည်။



တနင်္လာနေ့တွင် ရစ်ချတ်စီစဉ်ထားသည့်အတိုင်း ကားမောင်းချက်အသစ်နှင့် သူနာပြုဆရာမ ရောက်လာသည်။ အင်္ဂါနေ့တွင် လှစီသည် ပြန်ဖို့ပြင်ဆင်သည်။ သူ့အိမ်မှ ထွက်သည့်အခါ ရစ်ချတ်သည် ကျေးဇူးတင်စကား တဖွဖွပြောကာ ခြံဝင်းတံခါးဝအထိ လိုက်ပို့သည်။

လမ်းမပေါ် လျှောက်လာခဲ့သည့် လှစီသည် ဘူတာရုံအထိ လိုက်မပို့သော ရစ်ချတ်၏ အားနည်းချက်တို့ မစဉ်းစားဘဲ မနေနိုင်။ ရထားပေါ် ရောက်သည့်အခါတွင်လည်း ရထားခ ပေးဖော်မရသည့် ရစ်ချတ်၏ချို့ယွင်းမှုကို သတိမရဘဲ မနေနိုင်။

မည်သို့ပင်ဖြစ်စေ အပြန်ခရီးတွင် ဂလက်စ်ဂိုမြို့တွင် ခဏ ဆင်း၍ ဈေးဝယ်သေးသည်။ ပြီးတော့ နာမည်ကြီး ဆိုင်တစ်ဆိုင်သို့ဝင်၍ လက်ဖက်ရည်သောက်သည်။ ထိုအချိန်တွင်လည်း သူနှင့် သူ့အစ်ကိုအကြောင်း ခေါင်းထဲ ဝင်လာပြန်သည်။ သူ့အစ်ကိုဘက်က ဝတ္တရားပျက်ချင် ပျက်ပေလိမ့်မည်။ မိမိဘက်ကတော့ ညီအစ်ကို မောင်နှမများ ပြုသင့်ပြုအပ်သည့် တာဝန်နှင့်ဝတ္တရားကို မဖျက်။ ဤအတွက်တော့ဖြင့် သူ့ကိုယ်သူ ကျေနပ်မိသည်။

အိမ်ပြန်ရောက်တော့မည့် အရေးကို တွေးမိသော အခါ စိတ်ထဲတွင် ကြည်နူးခြင်း ဖြစ်ရ၏။ ဟို တစ်ချိန်က သူနှင့် ပီတာ ရက်အနည်းငယ်ကြာမျှ အပန်းဖြေခရီးထွက်ခဲ့ဖူးသည်။ ထိုစဉ်က သူတို့သားအမိ ပြန်အရောက်ကို စောင့်ကြိုနေသော ဇရန့်သည် သူ့အိပ်ခန်းထဲရှိ စားပွဲပေါ်၌ သူကြိုက်တတ်

www.burmeseclassic.com

www.burmeseclassic.com



သော ရှန့်ပိန့်ဘစ်ပုလင်းနှင့် နှင်းဆီပန်းတစ်အိုးတင်၍ ကြိုး ခဲ့၏။ ဖရန့်၏ ချစ်စရာကောင်းသော အပြုအမူလေး တစ် ဟု သူ အသိအမှတ်ပြုခဲ့ရသည်။

သူသည် ထိုင်ရာမှ ကပျာကယာထကာ လက်ဖက်ရည်ဖိုး ရှင်းပေးသည်။ ရထားမီရန် ဘူတာသို့ခပ်သုတ်သုတ် လျှော လာခဲ့သည်။ တော်ပါသေးရဲ့။ ရထားမီသည်။ သူသည် ရထားတွဲ၏ ထောင့်တစ်ထောင့်ရှိ တိုင်ခုံတွင် ထိုင်ကာ အမောတကော လျှောက်လာခဲ့ရသည့် အတွက် စိတ်ကို အေးအေးထား၍ အပန်းဖြေသည်။

* * *

( ၄ )

လှုစီလိုက်ပါလာသည့် မီးရထားသည် ညနေခင်း နေဝင်ဆည်းဆာအချိန်တွင်ဖြစ်၏ ညာဘက်ကမ်းပါးတစ်လျှောက် အရှိန်ပြင်းစွာ ခုတ်မောင်းလျက်ရှိသည်။ ထိုအချိန်တွင် အန်နာနှင့် ဖရန့်တို့သည် စားသောက်ခန်းထဲရှိ မီးဖိုဘေးတွင် မျက်နှာချင်းဆိုင် ထိုင်နေကြသည်။ လက်ဖက်ရည်သောက်ပြီးစဖြစ်၍ လက်ဖက်ရည်ပွဲကိုပင် မသိမ်းရသေး။ အခုလို ညနေပိုင်း နေဝင်ပြီးစအချိန်တွင် ရာသီဥတုသည် အေးစိမ့်စိမ့် ဖြစ်လာတတ်၏။ ညပိုင်းရောက်လာသည့်အခါတွင်မူ အအေးဓာတ်သည် ပို၍ လွန်ကဲလာတတ်သည်။ အခန်းထဲတွင် မီးများ ထွန်းထားပြီး။

သူတို့သည် မောင်နှမဝမ်းကွဲ တော်ကြသည်။ ဖရန့်၏ မိခင်နှင့် အန်နာ၏ဖခင်တို့သည် မောင်နှမအရင်း။ ထို့

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လည်း ဖရန့်နှင့် အန်နာတို့သည် ရုပ်ချင်း ဆင်သလို ရှိသည်။ သာမန်လယ်သမားမျိုးမှ ပေါက်ဖွားလာသူများ ဖြစ်၍၊ ရုပ်ချင်းဆင်သော်လည်း စိတ်ချင်းကတော့ လုံး မတူ။

ဖရန့်နှင့် အန်နာသည် စကားမပြောပဲ ငြိမ်ဆိတ်စွာ ထို နေကြခြင်းဖြစ်သည်။ တစ်ခါတစ်ရံတွင် နောက်ဖေးမီး နေးမှ ရယ်သံသဲ့သဲ့ ထွက်ပေါ်လာတတ်သည်။ ပီတာနှ နက်တာတို့က ကစားပွဲမှလာနေသည့် အသံများပေတည်း ဖရန့်သည် သူ၏ လှုပ်ကုလားထိုင်ကို လှုပ်ရင်း ဆေးလိပ် အားရပါးရ ဖွာလိုက်သည်။

'ပီတာ အိပ်ရာဝင်ဖို့အချိန်လွန်နေပြီ'ဟု ဖရန့်က ရွတ်သည်၊

အန်နာက လှည့်ကြည့်သည်။ 'သူ့ခမျှာ ကစားခွင့်ရတုန်း ကစားရတာ ကစားပါစေ၊ ပီတာကလီမှာပါတယ်၊ နက်တာ ကလဲ သဘောမဆိုးပါဘူး၊ အင်မတန်တော်တဲ့ အစေခံ ကလေး တစ်ယောက်ပဲ'ဟု ပြောသည်။

ဖရန့်က စိုးရိမ်မကင်းသော မျက်နှာထားဖြင့် တံခါးဆီသို့ ဖျတ်ခနဲ လှမ်းကြည့်သည်။ 'ဟာ— တိုးတိုးပြောပါ သူ့ကို အစေခံလို့ခေါ်တာ ကြားသွားရင် ချက်ချင်း ပြန်သွားမှာ၊ နက်တာ့ဆ တို့မိသားစုမျိုးရိုးက ဂုဏ်သိက္ခာနဲ့ နေကြတာလို့ လူစီက ပြောတယ်'



တစ်ခဏမျှငြိမ်ဆိတ်နေသည်။ ဖရန့်သည် မီးဖိုအထက်မှ ရိုကို မော့ကြည့်သည်။ 'အခုနာရီပိုင်းလောက်အတွင်း ပြန်ရောက်တော့မယ်'ဟု ထပ်ပြောသည်။

'ဟုတ်ပါတယ်၊ ရောက်လာတော့မှာပါ'ဟု အန်နာက သံဖြင့် ပြောသည်။ 'ဒီအခန်းထဲထိုင်နေတဲ့ ဆယ်မိနစ် ာက် အတွင်းမှာ နာရီကို မော့မော့ကြည့်တဲ့ အကြိမ် င်းဟာ ခြောက်ကြိမ်လောက်ရှိပြီ၊ အန်နီ သတိထားမိပါ ယ်'

ဖရန့်က ဘာမှပြန်မပြော။ ခေါင်းငုံ့ကာ စီးကရက်ပြာကို ိုထဲ ခြွေချလိုက်သည်။ 'ရှင့်ကြည့်ရတာ လူစီ့ကို တော် ာ်ချစ်ပုံပေါ်တယ်'ဟု အန်နာက ဆက်ပြောသည်။ 'လူစီ ွားတာတည်းက သုံးညရှိသွားပြီ၊ ဒီနေရာမှာ ဖင်ကျွတ်တက် ာင်ထိုင်ပြီး ငိုင်နေတာပဲ၊ လူစီအလာကို တမျှော်မျှော် ်နေတာ သိပ်ကို သိသာတယ်'

'အင်း....'ဟု ဖရန့်က ရေရွတ်သည်။

'လူစီကို သိပ်ချစ်တယ်ဆိုတာ ရှင့်တစ်ကိုယ်လုံးမှာ မြင် နေရတယ်'

'တစ်ကိုယ်လုံးမှာ ဟုတ်လား'ဟု ဖရန့်က သံယောင်လိုက် ရေရွတ်သည်။

'ဒါနဲ့ မေးရဦးမယ်၊ အန်နာရောက်စက ရှင် အန်နာ့ကို ိပ် စကားမပြောဘူး၊ လုပ်နေကျပုံစံပဲ သိပ်ပြီး ဘော ျသလိုဘဲ၊ အန်နာဆိုတဲ့ မိန်းမဆိုး တစ်ယောက် ရှင်တို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းစင်ကြယ်တဲ့အိမ်ထဲ ရောက်လာကို မလိုလားဘူး ပါ'

အန္တနာ၏စကားသည် ထိုင်းမှိုင်းတွေဝေနေသော ဖရန့် စိတ်ကို လှန့်လိုက်သလို ဖြစ်သွားသည်။ သူသည် ကုလားထိုင် တွင် မှိန်နေရာမှ ဖျတ်ခနဲ မတ်မတ်ထိုင်လိုက်သည်။

'ဒါတွေကို မပြောပါနဲ့တော့ အန္တနာ၊ တို့နှစ်ယော ကြားမှာ ဘာပြဿနာမှ မရှိတော့ဘဲ မိတ်ဆွေကောင်း အဖြစ် နေလာခဲ့တာ ကြာပြီပဲ'

'အန္တနာပြောတဲ့ စကားဟာ မှန်တော့မှန်တယ် မဟု လား၊ အန္တနာ ဒီအိမ်မှာ လာတည်းတာကို ရှင် မကြိုက် မဟုတ်လား'

'မကြိုက်ဘူးရယ်လို့တော့ ဘယ်ဟုတ်မလဲ' ဟု ဖရန့် ထစ်တီးထစ်ငေါ့ ရေရွတ်သည်။

'မင်း ဒုက္ခရောက်တုန်းကဆိုရင် ငါ့လောက် စိတ်ထိခို ခဲ့ရတဲ့လူတစ်ဦးမှ မရှိဘူးဆိုတာ ယုံပါ'

'အန္တနာ ဒုက္ခရောက်တုန်း' တဲ့၊ 'ဟုတ်လား' ဟု အန္တနာ မလိုတမာသံဖြင့် ရေရွတ်သည်။ သူ့မျက်လုံး အစုံတွင် ဖရန့် အား ပြောင်လှောင် သရော်နေသည့် အရိပ်အငွေ့မျ ယှက်သန်းနေသည်။ 'ရှင်ဟာ ဒီလိုပါပဲ ဖရန့်ရယ်၊ ဘယ် တော့မှ ပြဿနာကို ရင်မဆိုင်ရဲဘူး၊ 'မင်းဒုက္ခရောက်တုန်းက' လို့ ပြောမယ့်အစား 'မင်း အလေးရှိသွားတုန်းက' လို့ ဘာ ကြောင့် မပြောင်မပြောင်တင်းတင်း မပြောနိုင်ရတာလဲ'



အန္တနာသုံးလိုက်သည့် ကလေးရှိတုန်းက ဟူသောစကား ဖရန့်အား ထိတ်လန့်တကြားဖြစ်သွားစေခဲ့သည်။ တကယ် ထိုစကားထဲတွင် ထိတ်လန့်စရာပါသည် မဟုတ်။ ပြော သည့် အသံကလည်း မြင်းထန်သည် မဟုတ်။ သို့သော် ဤစကားသည် သူ့အရိုက်ကို ထိုးလိုက်သည့်နှယ် ရသည်။ အန္တနာလာသည်ကို သူ ဘာ့ကြောင့် ကန့်ကွက် ရတာလဲဟူသော မေးခွန်းအတွက် အဖြေထုတ်ပေးလိုက် သို့လည်း ဖြစ်နေသည်။

ဤစကားကြောင့်ပင်လျှင် သူသည် အန္တနာ၏ ကြေကွဲစရာ ကောင်းလှသည့် အဖြစ်ဆိုးကို ပြန်၍ သတိရလာသည်။ မြင် ယောင်လာသည်။ အမှန်တော့ အန္တနာ၏အဖြစ်ကို သူကသာ အဖြစ်ဆိုး' ဟု သတ်မှတ်ခဲ့ခြင်း ဖြစ်၏။ အန္တနာကတော့ ကြေကွဲစရာ အဖြစ်ဆိုး' ဟု မမြင်းဖြစ်ရိုးဖြစ်စဉ် ကံမကောင်း ကြောင်းမလှမှု တစ်ခုအဖြစ်သာ သတ်မှတ်ထားသည်။

လွန်ခဲ့သောငါးနှစ်က ဘဲလ်ဖတ်မြို့တွင် ရင်ဆိုင်ခဲ့သော အဖြစ်သည် မိသားစု တစ်ခုလုံးကို များစွာဒုက္ခပေးခဲ့၏။ တီအကျပြောရလျှင် သူရောက်သွားစဉ်အချိန်မှ ထိုဒုက္ခ၏ စကို မြင်တွေ့ရခြင်း ဖြစ်သည်။ အမှန်တော့ ထိုအချိန်ကမှ န္တနာ၏ မဖုံးနိုင် မဖိနိုင်တော့သည့် အခြေအနေကို မြင်တွေ့ ရခြင်းလည်း ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ထိုကိစ္စမျိုးသည် အလွန်မလိုလား သောအရာ ဖြစ်သည်။ ဆက်စပ်ပတ်သက်နေသူ အားလုံး၏ ကိုယ်စိတ်နှစ်ပါးကို များစွာ ဆင်းရဲစေခဲ့သည့်အရာ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့တစေလည်း ထိုအရာသည် ဖြစ်လာခဲ့ရ၏။ အန်နာအ ကတော့ ကာယကံရှင် ဖြစ်သဖြင့် အခြားလူများထက် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းဒုက္ခကို ပြင်းထန်စွာ ခံစား သည်။ သူသည် တိတ်တိတ်ပုန်းရလာသော ကလေးကို န်နှင့် လွှယ်ထားခဲ့ရသည်။ အများ၏စွန်းပယ်မှုနှင့် ဖြစ်တင်ကဲ့ မှုများကို ရင်ဆိုင်ခဲ့ရသည်။ ဘယ်သူက ဘယ်လောက်ပဲ မေး အန်နာကတော့ ကလေးအဖေ မည်သူ မည်ဝါ လုံးဝပြောလိမ့်မည် မဟုတ်မှန်း ဖရန့်က ကောင်းစွာ သိ ခဲ့၏။

တကယ်တော့ အန်နာသည် ခေါင်းမာသူဖြစ်သည်။ စိတ်ကို အကွင်းနိုက်၍ သိဖို့ဆိုသည်မှာ မလွယ်။ အပေါ မျက်နှာပြင်သည် ကြည်လင်သာယာနေသော်လည်း အော ဘက်မှာကတော့ ပြင်းထန်စွာ လှုပ်ရှားနေသည်။ ထိုအရှိ အခါက လီဗင်းဖွိုဒ်မြို့၌နေခဲ့သည့် သူတို့၏ ငယ်စဉ်ဘဝများ ဖြစ်၏။ သူ့အနေဖြင့် အန်နာ့ အကြောင်းကို နောက်ထ မတွေးခဲ့တော့။ အန်နာကိုယ်တိုင်ကလည်း သူ့ထံမှ သနာ ကြင်နာမှုကို တောင်းခံခြင်းမပြု။ သို့သော်လည်း သူ့ရင်ထ မှာတော့ အန်နီ အတွက် မရေမရာနိုင်လွန်းလှသည့် တရားသ တရားသည် တည်ရှိခဲ့သည်၊ မည်သို့ပင်ဖြစ်စေ ထိုစဉ်အခါ အန်နာသည် ဖခင်၏ဒေါသမုန်တိုင်းဒဏ်နှင့် ပတ်ဝန်းကျင်၏ ဖြစ်တင် ကဲ့ရဲ့မှု၊ ရှုတ်ချမှုဒဏ်များကို တစ်ယောက်တည်း ဗိုင်ခံ၍ ရင်ဆိုင်ခဲ့သည်။



'ဘာတွေပဲဖြစ်ခဲ့၊ ဖြစ်ခဲ့ပေါ့ အန်နာရယ်'ဟု ဖရန့်က သားအေးဖြင့်ပြောသည်။ 'အဲဒီကိစ္စအတွက် စိတ်မကောင်း ခဲ့တာအမှန်ပါ၊ ကလေးသေသွားတယ်ဆိုတဲ့ သတင်း ကြားရတော့လဲ တကယ့်ကို စိတ်ထိခိုက်ခဲ့ရပါတယ်' သူသည် စတန်ကြာမျှ စကားကိုမဆက်ပဲရပ်နေသည်။ 'မင့်မှာ အဲဒီ အနာဖြစ်စတုန်းက ဘာပြုလို့လက်မထပ်ခဲ့တာလဲ၊ လက် ထပ်လိုက်ရင် အဆိုးထဲက အကောင်း ဖြစ်လာနိုင်တာပဲ'

'လက်ထပ်ဖို့ဆိုတာက လူနှစ်ယောက်သဘောတူပြုမှဖြစ်တဲ့ ကိစ္စပဲ'ဟု အန်နာက ပြောင်ပြောင်တင်းတင်းပင်ပြောသည်၊ ပြီးတော့လဲ အန်နာ့အနေနဲ့ နောက်ထပ် လက်ထပ်ဖို့ သင့် တယ်လို့ မထင်မိတော့ဘူး၊ အဲဒီတုန်းက အန်နာဟာ ရှင့်ရဲ့ ဒီသိပ်ကျစ်လျစ်မှုကိုသာ ထိုင်ကြည့်နေရတယ် မဟုတ်လား'

ဖရန့်သည် ဘာမျှပြန်မပြောသဖြင့် နှုတ်ဆိတ်လျက်ရှိ၏။ အန်နာကတော့ နူးညံ့သိမ်မွေ့သော အပြုံးဖြင့် ဖရန့်အား ကြည့်နေသည်။

'ရှင်သိနေပါတယ် ဖရန့်ရယ်' ဟု အန်နာက ဆက်ပြော သည်။ 'အန်နာ့အပေါ်မှာ ရှင်စိတ်ဝင်စားလာစေချင်တဲ့ဆန္ဒ က အန်နာ့ရင်ထဲမှာ ရှိနေတာအမှန်ပဲ။ အခုဆိုရင် ရှင်နဲ့ အန်နာ လွတ်လွတ်လပ်လပ်နေလာခဲ့ရတာ သုံးညရှိသွားပြီ၊ ရှင် အန်နာ့ အပေါ်မှာ စိတ်ဝင်စားတဲ့ အရိပ်အယောင် ညည်းနည်းလေးမှ မပြဘူး၊ ရှင်ဟာ အိပ်ပျော်နေတယ်'

ဖရန့်သည် အန်နာ၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အဖို့ကတော့ သူ့ကိုယ်သူထောက်ရန်မှတစ်ပါး
အခြားနည်းမရှိတော့။

'ကိုယ် စိတ်ကူးယဉ်အိပ်မက် မမက်နိုင်တော့ဘူး'ဟု ပြော
သည်။ 'ကိုယ့်မှာ အိမ်ထောင်နဲ့၊ အိမ်နဲ့ယာနဲ့၊ ပြီးတော့
အလုပ်ဆလဲ ဝင်ငွေကောင်းတဲ့အလုပ်....'

'အို... ဒါတွေပြောမနေပါနဲ့'ဟု အန်နာက ဟန့်သည်။

'အန်နာဟာ ရှင့်ကို အမြဲတစေ သဘောကျခဲ့တဲ့ မိန်း
မပါ။ ရှင့်ဘာသာရှင် အမြဲတကျဖြစ်နေတာတွေ ဘာတွေ
အန်နာ ဂရုလဲမစိုက်ဘူး၊ စဉ်းလဲမစဉ်းစားဘူး၊ လီဗင်းဖိုဒ်မှာ
နေခဲ့ကြတဲ့ အချိန်တုန်းကတော့ ရှင်ဘာ့ကြောင့် အန်နာ့
အပေါ် စိတ်ဝင်စားခဲ့သလဲဆိုတာတော့ သိချင်တယ်။ အဲ
တုန်းက ရှင်အန်နာ့နောက် တစ်ကောက်ကောက် ဖြစ်
တာဟာ ချစ်လို့မဟုတ်ဘူး၊ အားသာဖြေချင်လို့ ထင်ပါ
ဟုတ်လား'

ဖရန့်မှာ အငိုက်ဖမ်းခံရသလိုဖြစ်သွားသည်၊ 'ဟင့်အင်
အဲသလိုမဟုတ်ပါဘူး'ဟု မစဉ်းစားဘဲ ပြောချလိုက်သည်။

အန်နာကရယ်သည်။ 'အန်နာ ပြောင်ပြောင်ပဲပြောမယ်
အန်နာဟာ အခုထက်ထိ ရှင့်စိတ်ကို လှုပ်ရှားအောင် လုပ်
နိုင်သေးတယ်လို့ စိတ်ထဲကထင်တယ်။ ရှင် အန်နာ့ကို ရှောင်
ဖယ်ဖယ်လုပ်နေတာဟာ လူစီကြောင့်ပဲဖြစ်မယ်လို့ ကျွန်မ
ယုံကြည်နေတယ်။ ရှင်က လူစီရဲ့အထိန်းအချုပ်ကို သိပ်ခံနေ
တာကိုး၊ အခု သူခရီးသွားတော့မယ်ဆိုတော့ ရှင့်ကိုကြည့်ရ
စောင့်ရှောက်လိုက်ပါလို့ မှာသွားတယ်၊ သူက ရှင့်ကို အရင်



ကလေးတစ်ရှပ်လို သဘောထားနေပုံ ပေါ်တယ်။ အန်နာက
တော့ ရှင့်လို လူချောတစ်ယောက်ဟာ ကိုယ့်ဘဝကိုယ်
ပျော်ရွှင်အောင်နေဖို့သင့်တယ်လို့ ထင်တာပဲ။ အခုနေပုံ
ထိုင်ပုံမျိုးကတော့ အချိန်မကျခင် ရှင်အဘိုးအိုကြီး ဖြစ်သွား
မှာ'

ဖရန့်သည် မီးဖိုထဲမှမီးတောက်များကို စိုက်ကြည့်နေ
သည်၊ အန်နီ၏ စကားများကို ဆင်ခြင်သုံးသပ်လျက်ရှိ၏။
အန်နာ ဘာဆိုလိုသည်ကို သူကောင်းစွာနားလည်သည်။ တို
တစ်ချိန်တုန်းကတော့ သူ့ဟာ၌ ဒီစိတ်မျိုးရှိခဲ့ဖူးပါ၏။ အခု
တော့....။

'တကယ်လို့ ရှင်ဟာ မိတ်ဆွေအပေါင်းအသင်းတွေ
များများနဲ့ ရောက်တတ်ရင် ရှင့်အတွက် ပိုကောင်းမယ်'ဟု
အန်နာက ဆက်ပြောသည်။ 'သူငယ်ချင်းများများ ထားပါ
လား။ ပြီးတော့စက်ဘီးတစ်စီးဝယ်စီးတာတို့၊ ခွေးတစ်ကောင်
မွေးတာတို့ကော ဘာပြုလို့ မလုပ်တာလဲ၊ ဒါတွေဟာလဲ
ရှင်လုပ်သင့်တာပဲ'

ဖရန့်က မျက်ခုံးလှမ်းကြည့်သည်။ အန်နာသည် သူ့ကို
သရော်နေတာလား။ မျက်နှာထားကတော့ သရော်နေသည့်
ပုံမျိုးမဟုတ်။ သူသည် ခေါင်းတစ်ချက်ယမ်းလိုက်ပြီး လက်
ထဲမှ စီးကရက်ကို လွှင့်ပစ်လိုက်သည်။

'အဲဒါ ကိုယ့်ရဲ့ဟန်မဟုတ်ဘူး၊ ဒါတွေအတွက် အချိန်
မပေးနိုင်ဘူး'

အန်နာက ထပ်၍ရယ်ပြန်သည်။ 'တကယ်လို့စက်ဘီးမစီး

www.burmeseclassic.com

www.burmeseclassic.com



ရှင်ဘူးဆိုရင်လဲ ရှင့်ရဲ့နှမဝမ်းကွဲ ဒီမှာလာနေတုန်း သ
ကောင်းကောင်းနဲ့ ပြုစုဖို့တော့ ကောင်းပါတယ်။ လီဗင်း
ရောက်တော့ ဂျိုးက အန်နာ့ကို အစွမ်းကုန်ပြုစုခဲ့တယ်၊
ဒီမှာကတော့ အန်နာ့ကို ထိုင်ခိုင်းထားပြီး ရှင်ကတော့
မယားအကြောင်းပဲ ထိုင်တွေးနေတယ်'

ဖရန့်၏မျက်နှာသည် နီရဲသွားသည်။ စိတ်အနေ
အယှက်လည်း ဖြစ်သွားသည်။ အန်နာပြောသလို ဆို
တော့လည်း မိမိဘက်က ဧည့်ဝတ်မကျေသလို ဖြစ်နေသည်
တွေးမိသည်။ 'အင်းပေါ့လေ၊ ဒါကတော့ ဟုတ်ပါတယ်
မင်းပျော်အောင် ငါ တတ်နိုင်သရွေ့တော့ လုပ်ကိုင်
ရမှာပေါ့'ဟု ပြောသည်။

'ဒီလိုဆိုရင်တော့လဲ တော်သေးတာပေါ့'ဟု အန်နာ
ပြောသည်။ ဖရန့်ကတော့ စီးကရက် အသစ် တစ် လိ
ထပ်ညှိကာ အဆက်မပြတ် ဖွာလျက်ရှိ၏။ အခန်းထဲတွ
တိတ်ဆိတ်နေပြန်သည်။ နာရီစက်သံမှတစ်ပါး အခြားဘ
သံမှမကြားရ။

ရုတ်တရက် အန်နာသည် လှုပ်ရှားလာသည်။ 'ကဲ...ဒီလိ
ဆိုရင် အခုအချိန်ကစပြီး အန်နာတို့ ပျော်ပျော်နေကြမယ
နော်'ဟု ရွှင်မြူးသောလေသံဖြင့် ပြောသည်။

ဖရန့်က မော့ကြည့်သည်။ 'ဘာ....ဘယ်လို'ဟု မေးသည်။

'ရှင် အန်နာနဲ့ စကားပြောလိုက်ရလို့ ပင်ပန်းသွားပြီ
ဒီအတွက် ဘီယာတစ်ခွက်တော့ သောက်သင့်တယ်' ပြော
ပြောဆိုဆို အန်နာသည် နံရံကပ်ဗီရိုဆီသို့သွားကာ ဘီယာ



င်းနှင့် ဖန်ခွက်များ ယူသည်။ 'ရှင်က တစ်ခွက်သောက်၊
န်နာသဲ တစ်ခွက်သောက်မယ်'

'ငါ မသောက်ချင်ဘူး'ဟု ဖရန့်က ပြောသည်။ 'သောက်
သောက်ထ မရှိတာကြာပြီ'

အန်နာကတော့ ဘီယာပုလင်းကိုဖွင့်ကာ ဖန်ခွက်နှစ်လုံး
င် ထည့်သည်။ ထို့နောက် တစ်ခွက်ကို ဖရန့်အား လှမ်း
သည်။ 'သောက်လိုက်ပါ၊ ရှင့်အတွက် သိပ် ကောင်း
သွားမယ်၊ ပြီးတော့ အန်နာတို့ နှစ်ယောက်ကြားမှာ ပိုပြီး
ားလည်မှုရှိသွားမှာ'

ဖရန့်က ဖန်ခွက်ကိုလှမ်းယူပြီး တစ်ကျိုက်မျှ သောက်ကာ
န်ချထားလိုက်သည်။ ထိုအခိုက်တွင် အခန်းတံခါး ပွင့်သွား
း ပီတာ ပြေးဝင်လာသည်ကို တွေ့လိုက်ရလေ၏။

'ဖေဖေ....သား နက်တာနဲ့ လက်သီးတိုးတာ သားက နိုင်
တယ်'

ဟု အမောတကော ပြောသည်။ 'သား မအိပ်ချင်သေး
ဘူး၊ နောက်ထပ် နေဦးမယ်နော်'

'မနေငတာ့နဲ့ သား၊ ခုနစ်နာရီ ထိုးပြီးသွားပြီ'ဟု ဖရန့်က
ပြောသည်။

'မေမေ ပြန်ရောက်လာတဲ့အထိ သား နေပါရစေ၊ မေမေ မှ
က သားသား အတွက် လက်ဆောင် တစ်ခုခု ဝယ်လာမှာ
သေချာတယ် ဖေဖေရ'

'နေပါစေ ဦးဖရန့်ရယ်'ဟု အန်နာက ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုချက်ရသွားသဖြင့် ပီတာသည် ခုန်ပေါက်ပြီးထ
လျက်ရှိသည်။ 'ဟန်စ်အင်ဒါဆင် ပုံပြင်စာအုပ်'ကို ပြေး
ပြီး မီးဖိုနှင့်မနီးမဝေးရှိ ကော်ဇောပေါ်၌ အလျားမှော
လိုက်သည်။ စာအုပ်ကို သူ့ရှေ့၌ ဖြန့်ချထား မေးနှစ်ဘ
ထောက်၍ ဖတ်နေသည်။

အခန်းထဲတွင် ငြိမ်ဆိတ်လျက် ရှိပြန်သည်။ ခဏမျှအကြ
ဝင် အိမ်ရှေ့မှ သုတ်သီးသုတ်ပျာနှင့် လျှောက်လာနေသ
ခြေသံများ ကြားရသည်။ ပြီးတော့ တံခါးဖွင့်သံနှင့် အ
ခန်းမထဲ ဝင်လာသည့် ခြေသံ။ ထို့နောက် စားသောက်ခန်
တံခါးပွင့်သွားပြီး အတွင်းသို့ လူစီ ဝင်လာသည်။

ဖရန့်က လှည့်ကြည့်ပြီး 'လူစီ ပြန်ရောက်လာပြီ' ဟု ေ
ရွတ်သည်။ လူစီသည် မီးဖိုရှေ့၌ မျက်နှာချင်းဆိုင်၍ ထိုင်ေ
သော ဖရန့်နှင့် အန်နာတို့အားတစ်လှည့်၊ သူတို့နှစ်ယော
ကြား၌ အလျားမှောက်၍ စာဖတ်နေသော သူ့သား ပီတာ
အားတစ်လှည့် ရပ်ကြည့်နေသည်။ သူ့မျက်လုံး အစုံသည်
ဘီယာဖန်ခွက်များကို မြင်သည်။ ညနေခင်း လက်ဖက်ရည်
သောက်ပြီးစ အချိန်တွင် ဘာ့ကြောင့် ဘီယာသောက်ကြပါ
လိမ့်။ ပြီးတော့ အန်နာ။ သူကပါ ဘာ့ကြောင့် သူ့ယောကျ်ား
နှင့်တွဲ၍ ဘီယာသောက်နေရသနည်း။

လူစီသည် အားယူ၍ပြုံးထား လက်ထဲမှ အထုပ်များကို
ချသည်။ 'လူစီကတော့ ဘူတာအထိ ဆင်းကြိုလိမ့်မယ်လို့
ထင်တာ'ဟု ရေရွတ်သည်။



ဖရန့်သည် မျက်နှာပျက်သွားသည်။ ရုတ်တရက် ဘာပြန်
ပြောရမှန်းမသိဖြစ်ကာ ကြောင်အမ်းအမ်း ဖြစ်နေသည်။
'မောင် မတွေးမိလိုက်ဘူး'ဟု ပြောသည်။

'မေမေ... သားဖို့ ဘာဝယ်ခဲ့လဲ'ဟု ပီတာက ခုန်ထလိုက်
ပြီး မေးသည်။ 'သားသားကို မြန်မြန်ပေးပါ'

လူစီ့လက်ထဲမှ အထုပ်သည် ပီတာ့လက်ထဲသို့ ရောက်
သွားသည်။ အဝင်မကျဖြစ်နေသော လူစီ၏စိတ်သည် မကြည်
လင် ဖြစ်သွားသည်။ သို့သော်လည်း သူ့စိတ်ကို ထိန်းကာ
သွားဖြဲမပျက်အောင် နေသည်။ ဦးထုပ်နှင့် လက်အိတ်များကို
ချွတ်၍ စားပွဲပေါ်သို့ တင်လိုက်သည်။ ညနေခင်း လက်ဖက်
ရည်သောက်ပြီးစအချိန် ဘီယာသောက်ကြခြင်းသည် အရေး
ယူလုပ်စရာ မဟုတ်။ 'ဖရန့် ၂ ဝမ်းသာအားရ ထပြီး သူ့
အား ဘာ့ကြောင့် မဖတ်သနည်း။ အန်နာ ရှိနေလို့ ထင်
ပါရဲ့'

'မောင်နဲ့အန်နာတို့ ခင်ခင်မင်မင် ပြန်ဖြစ်နေတာ တွေ့ရ
လို့ လူစီ သိပ်ဝမ်းသာတယ်'ဟု လူစီက ပြောသည်။

အန်နာကတော့ ဘီယာဖန်ခွက်ကိုယူ၍ တစ်ငုံမျှ သောက်
လိုက်သည်။ ထို့နောက် ခြေနှစ်ဘက်ကို ချိတ်လိုက်ပြီး မီးဖို
ဘက်သို့ ကြည့်နေသည်။

အကြောင်းကတော့ ရှာ၍မရ။ သို့သော်လည်း လူစီ့
ရင်ထဲမှာကတော့ သာယာကြည်လင်ခြင်း ကင်းမဲ့နေသည်။

'မောင်တို့ မင့်ကို သိပ်ပြီး သတိရနေကြတာ'ဟု ဖရန့်က
ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား'ဟု လှစိက အလိုက်သင့်ရေရွတ်ပြီး ရယ်သည် သူ့ရယ်သံသည် အဆက်မပါလှ၊ 'ကဲ—လာတော့ ပီတာ သား အိပ်ချိန်လွန်နေပြီ'

ရုတ်တရက် လှစိ့မျက်လုံးအစုံသည် စို့လာသော မျက် ရည်များကြောင့် ဝိုးတဝါးဖြစ်သွားသည်၊ သူသည် ဖျတ်ခနဲ နောက်သို့လှည့်လိုက်ပြီး အခန်းထဲမှ ထွက်သွားသည်။

* * *

( ၅ )

နောက်တစ်နေ့မနက်သည် အက်ဒ်ဝပ်ထံအလည်သွား၊ ရန် ဇီစဉ်သတ်မှတ်ထားသည့်နေ့ ဖြစ်၏၊ လှစိသည် ယမန်နေ့ ညကနှင့်မတူတော့၊ သူ့စိတ်သည် ပြန်လည်၍ ကြည်လင် ရွှင်လန်းနေပြီဖြစ်သည်။ သူသည် အဖော်အပေါင်းနှင့် ပျော်ပျော်ပါးပါးခရီးထွက်ရခြင်းကို အလွန်နှစ်သက်သူဖြစ် သည်၊ အထူးသဖြင့် သူ့ယောကျ်ား၏ ဆွေမျိုးများထံ အလည်အပတ် သွားခွင့်ရခြင်းကို အလွန်လိုလားသူဖြစ်သည်။ ဤနေရာတွင် သူနှင့်ဖရန့်သည် စိတ်သဘောချင်း မတူကြ၊ ဖရန့်ကတော့ အခုလိုအလည်သွားခြင်းမျိုးတွင် ဝါသနာမရှိ။

အလွန်သာယာ အေးမြသည့် နံနက်ခင်းဖြစ်၏၊ နေရောင် သည် ပင်လယ်ပြင်ထက်တွင် တလက်လက်တောက်ပနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နေရာသို့ရောက်သော ကြုံရတတ်သည့် လေနုအေးသည့် အေးအေး
သာသာထိုက်ခတ်လျက်ရှိသည်။

သူ့သားပီတာအား အဝတ်လဲပေးနေသော လူစီသည်
လှုပ်ခါးများနှင့်တွေ့သည့်အခါ ယဉ်ကျေးသိမ်မွေ့စွာ ဆ
သံဖွဲ့မှုဖို့ ဆိုဆုံးမလျက်ရှိ၏။ မေ့မေ့မပြောတာ မမေ့နဲ့၊ နေ
ဟု လူစီကမှာသည်။ 'စကားပြောရင် 'ကျေးဇူးပြုပြီးတော့'
ဆိုတဲ့စကားနဲ့ 'ကျေးဇူးတင်ပါတယ်' ဆိုတဲ့စကားကို အမြဲ
တမ်း ထည့်ပြောရမယ်။ သားကို အန်နာက သိပ်ပြီး အ
လိုက်ထားသလား မသိပါဘူး၊ ပြီးတော့လဲ ဘယ်သူ့ကို
မကဲ့ရဲ့ရဘူးနော်၊ ကြားလား၊ နားမထောင်ရင်တော့ မေမေ
စိတ်ဆိုးရလိမ့်မယ်'

လွန်ခဲ့သော နှစ်နှစ်ခန့်က သူတို့သားအမိ အလည်ခရီး
ထွက်ခဲ့ဖူးသည်။ ထိုစဉ်က သူ့သားပီတာသည် မစ္စအိုရီဂင်၏
နွားခေါင်းအရောင်ကို အဆန်းတစ်ကြွယ်လုပ်၍ ပြောခဲ့သဖြင့်
သူ့မှာ များစွာ မျက်နှာပျက်ခဲ့ရဖူး၏။ ခရီးသွားရမည့်
အတွက် မြူးကြွနေသော ပီတာကတော့ သူ့အမေစကားကို
နားထောင်ပါမည်ဟု ကတိပေးသည်။ ခုန်ဟယ် ပေါက်ဟယ်
လုပ်နေသဖြင့် အင်္ကျီကြွယ်သီးများကိုပင် ခက်ခက်ခဲခဲတပ်နေ
ရသော လူစီသည် စိတ်မရှည်ဖြစ်လာသည်။ 'ငြိမ်ငြိမ်နေ
စမ်းပါ ပီတာရယ်'ဟုပင် ပြောယူရသည်။

လူစီသည် သူ့သားအား အဝတ်လဲပေးအပြီးတွင် ခြေ
သည်း လက်သည်းများကိုကြည့်သည်။ ထို့နောက် ပီတာ့ တစ်
ကိုယ်လုံးကို စေ့စေ့စပ်စပ် ကြည့်သည်။ သူ့သားသည်



သွားသားပါတာလား ဟု စိတ်ထဲမှ ကျိတ်၍ မှတ်ချက်ချ
၏။ ထို့နောက်တွင်မှ သူ့ကိုယ်သူ အလှပြင်သည်။ အဝတ်လဲ
ပြီး ကိစ္စဝိစ္စပြီးသည်နှင့် တစ်ပြိုင်နက် အန်နာ့အခန်းထဲသို့
ခဲ့သည်။

'အန်နာ လဲလို့ဖယ်လို့ ပြီးပြီလား'ဟု လူစီကမေးသည်။
အိပ်ရာခုတင်စွန်း၌ ထိုင်နေသောအန်နာသည် လူစီအား
ကြည့်ပြီး 'အန်နာမလိုက်ချင်ဘူးလူစီရယ်'ဟု ပြောသည်။
အန်နာက အက်ဒ်ဂပ်နဲ့လဲ သိပ်ပြီး တွေ့ချင်စိတ်မရှိဘူး၊
နဲ့ ပီတာတို့ပဲ သွားလိုက်ကြပါတော့၊ အန်နာအိမ်မှာပဲ
နေခဲ့ပြီး ဖရန့်ကို လက်ဖက်ရည်တိုက်ထားလိုက်မယ်'

လူစီ၏ သာယာပျော်ရွှင်မှုများသည် ချက်ချင်းပင် လွင့်စင်
ပျောက်ပျက်ကုန်သည်။ 'ဖရန့်ကို လက်ဖက်ရည်တိုက်တာ
သက်ကတော့ နက်တာလုပ်လို့ရပါတယ် အန်နာရယ်'ဟု
လူစီက ပြောသည်။ 'ယခုခရီးက အန်နာ့အတွက် ရည်ရွယ်ပြီး
စီစဉ်ထားတာမို့ လိုက်ခဲ့ပါကွာ'

'လိုက်ချင်စိတ်မရှိလို့ပါ လူစီရယ်'ဟု အန်နာက ယပ်
ငြင်းပြန်သည်။

'ဘာပြုလို့လဲအန်နာရယ်၊ ဒီနေ့လိုရာသီဥတု သာယာကဲ့
နေ့ဟာ ခရီးထွက်လို့ကောင်းပါတယ်၊ လိုက်ခဲ့ပါကွာ'

'အင်း....လူစီကတော့ ကိုယ်ကြိုက်တာကို မရမနေလု
တာပဲ၊ နော်'ဟု အန်နာက ပြုံးရယ်ပြီး ပြောသည်။

လူစီ့မျက်နှာသည် နီရဲသွားသည်။ ရုတ်တရက် ဘာပြန်
ပြောရမှန်းမသိ၊ အိုကွာ....၊ ဒီလိုပါ၊ လူစီက—

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိပါဘူး....လေ၊ အန်နာလိုက်ခဲ့ပါမယ်'

တစ်ခဏမျှတော့ ငြိမ်ဆိတ်သွားသည်။ လူစီသည်နောက်သို့ ပြန်လှည့်ကာ အခန်းထဲမှ ထွက်လာခဲ့သည်။ အောက်ထပ်သို့ ဆင်းလာသည့်အခါ သူ့မျက်နှာသည် တစ်စုံတစ်ရာ အလေးအနက်ထား၍ ဆင်ခြင်စဉ်းစား လာခြင်းကို ဖော် ပြလျက်ရှိလေသည်။

လူစီသည် အန်နာအား စောင့်နေခိုက်တွင် အိမ်စေမလေး နက်တာအား ခေါ်၍ မှာစရာရှိသည်များမှာသည်။ တကယ် တော့ နက်တာသည် သူ့လူယုံတော်တစ်ယောက်ဟု ဆိုနိုင် စရာရှိသည် မဟုတ်ပါလား။

'ကိုယ်.... ဂဏက်စရိုက်သွားနေတုန်းက အိမ်မှာ ဘာ ပြဿနာမှမပေါ်ခဲ့ဘူးနော်' ဟု လူစီက နက်တာအား မေး လိုက်မိသည်။ မေးပြီးခါမှပင် သူ့ဘာ့ကြောင့် ဤမေးခွန်း မေးမိပါလိမ့်ဟု တွေးမိသည်။ နက်တာကတော့ သူ့မေးခွန်း အပေါ် အနည်းငယ်မျှ အံ့အားသင့်ဟန်ရှိ၏။ အနည်းငယ် စဉ်းစားနေပြီးမှ 'ဘာမှမဖြစ်ပါဘူး၊ ဟုတ်တယ်...၊ ဘာမှ မဖြစ်ဘူး' ဟု နက်တာကဖြေသည်။

ထိုအခိုက်တွင် တံခါးပေါက်မှ အန်နာဝင်လာသည်။ အင်နာသည် သူ့ကို စောင့်နေရသူများအား တောင်းပန် စကားလည်းမပြော။ ဝတ်ဆင်ထားသည်မှာလည်း တ ကိုယ်လုံး အနက်ရောင်၊ ပြီးတော့ သပ်သပ်ရပ်ရပ်မဟုတ်။

ဖရန့် မပါတာ ဆိုးတယ်နော်၊ သူပါလိုက်လာရင် သိ ကောင်းမှာပဲ' ဟု အန်နာက ပြောသည်။



'သူ့မှာ အလုပ်ဆရှိနေတာကိုး' ဟု လူစီက စိတ်မပါတပါ သံဖြင့် ပြန်ပြောသည်။

သူတို့သည် အိမ်မှထွက်လာခဲ့ပြီး လမ်းမကို ကျော်ဖြတ် ကာ ဘိုးဝိုး၏လေ့ရုံနှင့်ကပ်လျက် တည်ရှိနေသော ဆိပ်ကမ်း သို့ ဆင်းလာခဲ့ကြသည်။ သူတို့ နှစ်ယောက်သည် ဘေး င်းယှဉ်၍ လျှောက်လာခဲ့ကြသည်။ ပီတာကတော့ သူ့ မေလက်ကိုဆွဲ၍ဇွန်ဆွဲခုန်ဆွဲ လုပ်ကာ လိုက်ပါလာသည်။ ခုလိုသွားတာက ပိုပြီးတော့လဲမြန်တယ်၊ စိတ်လဲ ချရတယ်' လူစီက ပြောသည်။

မှန်သည်။ လူစီတို့သည် ရေလမ်းခရီး သွားသည့်အခါ င်း အချိန်မှန်မှန် ရောက်လာလေ့မရှိသော ခရီးသည်တင် သော်ကို စောင့်ရှိစီးလေ့မရှိ။ ဘိုးဝိုးအဲမြွာညီ အစ်ကိုပိုင် င်းယုန်ကူးတို့ သဘောငယ်ကို စင်းလုံးငှား၍ သွားကြ သည်။ ဘိုးဝိုး ညီအစ်ကိုမှာ အတိုးအို ဘိုးဝိုး၏ သားများ ၍ ဖခင်၏လုပ်ငန်းကိုဆက်ခံကာ ဆက်လက် လုပ်ကိုင်နေ ခြင်းဖြစ်၏။ ဘိုးဝိုးညီအစ်ကိုသည် လှေများကို ကိုယ်ဘိုင် ယ်ဆောက်ကာ ငှားစားကြသည်။ ငှားသူ ရှိလာလျှင် င်းယုန်ကူးတို့သဘောငယ်ဖြင့် လိုက်ပို့လေ့ ရှိသည်။

ဘိုးဝိုးညီအစ်ကိုဟု လူသိများနေသော ဒေ့ဗ်နှင့် အင် စ်တို့သည် ရုပ်ချင်းတူလွန်းသဖြင့် မည်သူမှ ခွဲတရက် း၍မရ။ လူစီတို့ ရောက်သွားသည့်အခါ သူတို့အား ဆီး နေသူမှာ ဒေ့ဗ်။

'မင်္ဂအပေနေကောင်းရဲ့လား ဒေ့ဗ်' ဟု လူစီက မေးသည့် ါ ကောင်းတယ်၊ ကောင်းတယ်' ဟု ဒေ့ဗ်က ပြုံးရယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

ပြောသည်။ 'အဆင်သင့်ဖြစ်ပြီဆိုရင် သွားကြရအောင်' ဟု လည်း ပြောသည်။

နောက်တစ်ခဏမျှ အဟွင်းမှာပင် လင်းယုန်သည် ပင်လယ် ပြင်သို့ ထွက်လာသည်။ ပင်လယ်ပြင်သည် ငြိမ်သက်နေသည်။ နေရောင်သည် ရေပြင်ထက်တွင် တလက်လက် တောက်ပနေ သည်။ လူစီ အဖို့တော့ အခုလို ပုလဲရောင် သန်းနေသော အလင်းရောင်အောက်တွင် ကမ်းခြေမှ ခွာလာရခြင်းသည် ကြည်နူးဖွယ် ဖြစ်သည်။ ဖြည်းဖြည်းမှန်မှန် ဝေးကွာလာ သည့် ကမ်းခြေ၊ ကျယ်ပြန့်လာနေသည့် ပင်လယ်ကျော နောက်ဘက်တွင် ကျန်ရစ်ခဲ့သည့် ကျောင်းကုန်း ပြာပြာများ မြင်မြင်သမျှ အရာအားလုံးသည် အလွန်လှပသည့် ရှုခင်းများ ဖြစ်ချေသည်။

'သိပ်ကို ရှုစ်ရောကောင်းတဲ့ ရှုခင်းပဲနော်' ဟု လူစီက အန်နာအား တရင်းတနှီးပြုံးကြည့်ပြီး ပြောသည်။ အန်နာ ထံမှ အသံမှ မကြားရ။ ငြိမ်ဆိတ်စွာထိုင်ပြီး အဝေးသို့ ငေးနေသည်။ လူစီ့မျက်နှာသည် နီမြန်းသွားသည်။ သူ တရင်းတနှီး ကမ်းလှမ်းချက်ကို တစ်ဖက်က လှန်ထုတ်လိုက ပြန်လေပြီ။ သူသည် အန်နာအား စိုက်ကြည့်နေမိသည်။ အန်နာသည် အာကိုမှ စိတ်ဝင်စားသည့် လက္ခဏာမပြ။ သည် သူ့သားပီတာဘက်လှည့်၍ ပီတာနှင့်ပင် အဖော်လုပ် စကားပြောသည်။

ဒိုရန်ဆိပ်ကမ်းဘက်သို့ နီးကပ်လာသည့်အခါ ပီတာသည် ခုန်ထလိုက်ပြီး 'ဟိုမှာကြည့်စမ်း၊ ရပ်သလင် လူစီးသင်္ဘော' ဟု အော်သည်။



'အေး...ဟုတ်တယ်' ဟု အန်နာက မငြိမ့်လင့်ဘဲနှင့် ဖင် ပြောသည်။ 'အန်တီ အဲဒီသင်္ဘောကို စီးဖူးတယ်'

'ဟုတ်တယ်၊ သူကတော့ အချိန်မပျက် သွားနေတာပဲ၊ အချိန်မှန် သင်္ဘောအိုကြီးပေါ့' ဟု ဒေ့ဗ်ဆပါ ဝင်ပြော သည်။

သူတို့သည် ဆိပ်ကမ်းမှတွက်လာသော အိုင်းရစ်ခရီးသည် တင် သင်္ဘောဆီသို့ မျှော်ကြည့်နေကြသည်။ ထိုအခိုက်မှာပင် သူတို့သင်္ဘောသည် ဆိပ်ကမ်းရှိသော သောတံတား တစ်ခု တွင် ဝင်ကပ်သည်။ အားလုံးသင်္ဘောပေါ်မှ ဆင်းလာခဲ့ကြ သည်။

ပို့ထ်ဒိုရန်မြို့သည် လူစည်ကားပြီး လှုပ်လှုပ်ရွှားရွှားရှိသော တစ်မြို့ ဖြစ်၏။ အရက်ချက်စက်ရုံနှင့် သကြားစက်များ စည်ရှိသောမြို့ ဖြစ်၍ အလုပ်သမားများ နေထိုင်ရာ ရပ်ကွက် များရှိသည်။ ဆိပ်ကမ်းမှနေ၍ ခပ်ပြေပြေ မြင့်တက်သွား သော တောင်ကုန်းခုလတ်တွင် စိန့်ဂျိုးဇက် ပရက်စ်ဘီတေး ရီးယန် ဘုရားရှိခိုးကျောင်းနှင့် စာသင်ကျောင်းများ တည်ရှိ သည်။

သူတို့သည် ဘုရားရှိခိုး ကျောင်းထဲသို့ ဝင်လာခဲ့ကြ၏။ လူစီ၏ ခေါင်းလောင်း ကြိုးဆွဲသံကြောင့် အိမ်စေမလေး တစ်ယောက် ထွက်လာသည်။ ခပ်သေးသေး ဧည့်ခန်းထဲသို့ ခေါ်သွားပြီး နေရာချပေးသည်။ နံရံပေါ်တွင် ပုပ်ရဟန်း မင်းကြီးလီယို၏ပုံကြီး ချိတ်ထားသည်။

'အီလင်းက သားကို ဘာပြုလို့ စကားမပြောတာလဲ' ဟု ပီတာက အန်နာအား ကြည့်၍ တိုးတိုးကပ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှူး'ဟု လူစိတာ ဟန့်သည်။ 'နောက်ကျတော့ ပြောမှာပေါ့'

အခန်းထဲသို့ အသက်ခပ်ကြီးကြီး မိန်းမတစ်ယောက် ဝင်လာသည်။ အက်ဒ်ဝပ်၏ အိမ်ထောင်ထိန်း မစ္စအို-ရိဂင် ဖြစ်သူ ဖြစ်၏။ မစ္စအို-ရိဂင်သည် အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး ဆေးသားအရောင်က ဖြူရော်ရော် ဖျော့တော့။ ဝက်ခြံထူထူ ဆံပင်နီနီနှင့်ဖြစ်သည်။ မျက်လုံးများသည် အပြာရောင်ဖြစ်၍ ရင်အုံသည် ပြားချပ်ချပ်။ ဝတ်ထားသည့် ဝတ်လုံအင်္ကျီ ကြီးသည် အနက်ရောင် ဖြစ်၍ မေးစေ့အောက်မှသည် စီးထားသည့် သော့တွဲများသည် ဤကျောင်း၌ သူ့အရေးပါ အရာရောက်ကြောင်းကို ဖော်ပြနေကြ၏။

မစ္စအို ရိဂင်သည် ကျန်းမာရေးချို့တဲ့သူဖြစ်၍ မကြာမီ သေလိမ့်မည်ဟု ကျော်ကြားနေသော်လည်း အခုအချိန်ထိ အသက်နှင့်ကိုယ်မြဲနေဆဲဖြစ်သည်။ သူကတော့ အသက်ရှင် နေခြင်းသည် ဘုရားသခင်နှင့် ဘုန်းတော်ကြီး အက်ဒ်ဝပ်မှူး တို့အား ပြုစုရန်ဖြစ်သည်ဟုဆိုသည်။ အက်ဒ်ဝပ်သာ မရှိလျှင် သူ့ဘဝသည် ပျက်သုဉ်းပျောက်ကွယ်သွားမည်မှာ မလွဲပါဟု လည်း ပြောလေ့ရှိ၏။

'အိုး....ပီတာတာလဲ ပါလာသကိုးကွယ့်'ဟု မစ္စအို-ရိဂင်အ အသံစာစာဖြင့်ရေရွတ်သည်၊ 'သူ့ပါးစပ်ကဖြင့် တဆယ့်သူ့ အဖေပါးစပ်အတိုင်းပဲ....နော်'

ထို့နောက် အန်နာဘက်လှည့်၍ 'ဘယ်လိုလဲ မစ္စအန်နာ၊ မင်းလဲ ဝလာဘယ်နော်' ဟု ပြောသည်။

'ရှင့်ကိုတော့ ဝလာတယ်လို့ ကျွန်မကမပြောနိုင်ဘူး'ဟု အန်နာ ခပ်တိုးတိုးပြန်ပြောသည်။ အသားဟူ၍မရှိသလောက် ဖြစ်နေသော ကိုယ်ခန္ဓာယ်ပိုင်ရှင်တစ်ဦးအဖို့ ထိုစကားသည် ခံချင်စရာကောင်းလှသည်ဖြစ်ရာ မစ္စအို-ရိဂင်၏မျက်နှာသည် နီရဲလျက်ရှိသည်။ သို့သော်လည်း သူသည် ခွန်းတုံ့ပြန်ခြင်း မပြု။ နှုတ်ခမ်းများကို တင်းကျပ်စွာစေ့ကာ လှမ်းဘက်လှည့် ကြည့်သည်။

'ဆရာတော်ကတော့ မင်းတို့ကို မျှော်နေပါတယ်၊ ကဲ— ကဲ၊ ငါလိုက်ပို့ပေးပါမယ်'

သူတို့သည် မစ္စအို-ရိဂင့်နောက်မှ လိုက်သွားကြသည်။ အပေါ်ထပ်ရှိ အခန်းတစ်ခန်းရှေ့အရောက်တွင် မစ္စအိုရိဂင် သည် တရိုတသေ တလေးတစား ဦးညွှတ်လိုက်ပြီး တံခါးကို အသာအယာလေး ခေါက်သည်။

'ဝင်ခဲ့ကြပါ'ဟူသော အသံသည် အတွင်းမှ ထွက်ပေါ် လာသည်။ မစ္စအို-ရိဂင်သည် အလွန်ကျိုးနွံသောအမူအရာ ဖြင့် အထဲသို့ဝင်သွားသည်။ အထဲတွင် စားပွဲကုလားထိုင် များကို စနစ်တကျ တခမ်းတနားချထားသည်။ ပွင့်နေသည့် ပြတင်းပေါက်အနီး၌ ပက်လက်ကုလားထိုင် တစ်လုံးဖြင့် ထိုင်နေသော အက်ဒ်ဝပ်မှူး ရှေ့သို့ ရောက်သွားကြသည်။

ဘုန်းတော်ကြီး အက်ဒ်ဝပ်သည် ချက်ချင်းပင် ထိုင်နေ ရာမှ ထရပ်လိုက်သည်။ သူသည် အရပ် ထောင်ထောင် မောင်းမောင်း၊ အသက်သုံးဆယ်ကျော်အရွယ်။ ဆံပင်သည် သူဝတ်ထားသည့် ဝတ်လုံအင်္ကျီအရောင်ကဲ့သို့ပင် နက်မှောင် နေသည်။ သူ့ဦးခေါင်းသည် ဘဲဥတစ်လုံးနှင့်တူလှ၏။ သူ့ မျက်နှာအရောင်သည် အဝါရောင်၊ နှာတံထောင်ပေါ်၊ မျက်လုံးက ပြာပြာ၊ သို့သော်လည်း အမည်းရောင်မှဲ့ပြောက် များသည် မျက်နှာပေါ်တွင် ကွက်တိကွက်ကြား။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လက်ကိုဆန့်တန်းလိုက်ပြီး 'အန်နာပါလား' ရေရွတ်သည်။ 'မင့်ကိုတွေ့ရတာ ဝမ်းသာတယ်၊ ကြည့်နူး ကောင်းတဲ့ ပြန်လည်ဆုံတွေ့ခြင်း တစ်ခုပါပဲ၊ မင့်ကို မကြာမကြာ သတိရတယ်၊ မင်း ဘယ်လိုများ နေပါလိမ့်လို့ ခဏခဏ တွေးမိတယ်'

အန်နာသည် အက်ဒ်ဝပ်၏လက်ကို ဆွဲ၍ နှုတ်ဆက်သည် အက်ဒ်ဝပ်က 'မင့်အဖေ ဆုံးတဲ့သတင်း ကြားရတော့ အားလုံး စိတ်မကောင်း ဖြစ်ကြရတယ်'ဟု ဆက်ပြောသည် ထို့နောက် လူစီ့ဘက်လှည့်၍ 'ဘယ်လိုလဲလူစီ၊ မင်းတာဝ ဘယ်တော့ ကြည့်လိုက် ကြည့်လိုက် ပုံစံက ဒီအတိုင်း ရှင်လန်းကျန်းမာနေတာပဲ၊ အင်း...ပီတာကလဲ အရပ်ကြ ရှည်ထွက်လာပါပကော' ဟု ပြောသည်။ နှုတ်ဆက်ပြီးသ အခါ အက်ဒ်ဝပ်သည် သူ့ အိမ်ထောင်ထိန်းဘက် လှည့် နေ့လယ်စာ အဆင်သင့် ဖြစ်ပြီလားဟု မေးသည်။ မစ္စအို ရိဂင်ကလည်း အားလုံးအဆင်သင့် ဖြစ်နေပါပြီဟု ပြောသည် သူသွား၍ ပြင်ဆင်ထားပါမည်ဟုပြောကာ အခန်းထဲမှ ထွ သွားသည်။

အက်ဒ်ဝပ်သည် အခန်းထဲမှ ထွက်သွားသည့် မစ္စအို-ရိဂ အား မျက်စိတစ်ဆုံး လိုက်ကြည့်နေရာမှ 'သိပ်ကို တော်တဲ့ အမျိုးသမီးပါပဲ'ဟု မှတ်ချက်ချသည်။ 'တကယ့် သူ့တော်စ မပါ၊ ဒါပေမယ့် သူ့ ခမျာ မကျန်းမာရှာဘူး'

မကြာခင်မှာပင် မောင်းသံ ကြားရသည်။ အက်ဒ်ဝပ် ချက်ချင်းပင် သူ့ဧည့်သည်များအား အောက်ထပ်သို့ ခေါ် သွားသည်။ သူသည် စားသောက်ခန်းထဲ ရောက်သည့်အခါ ဧည့်သည်များအား နေ့လယ်စာ အဆင့်သင့်တင်ထားသည်



ပွဲတွင် နေရာချထားပေးပြီး သူကိုယ်တိုင် ဧည့်ခံ၍ ကျွေး သည်။ သူသည် အိမ်ရှင်ကောင်း ပီသပါပေ၏။ စကား သည်။ အမျှင်မပြတ်အောင် ပြောသည်။ အစားကိုလည်း ရက်ရောရော ကျွေးမွေးသည်။ လူစီကတော့ အန်နာ ား မကြာခဏ အကဲခတ်တတ်သည့် အက်ဒ်ဝပ်၏ အပြုအမူ ကို သတိမထားမိဘဲ မနေနိုင်။

နေ့လယ်စာ စားအပြီးတွင် သူတို့သည် အပေါ်ထပ်ရှိ ည့်ခန်းတွင် ကော်ဖီသောက်ကြသည်။ ပီတာကတော့ အပြင် ရောက်သွားပြီဖြစ်၏။ အက်ဒ်ဝပ်က သူ့ညီဖရန့်၏ လုပ် ငန်းအခြေအနေကို မေးမြန်းစုံစမ်းသည်။

'သူ့ လုပ်ငန်းကတော့ ကောင်းပါတယ်'ဟု လူစီက ပြော သည်။ 'အခု ဂလာ့စလာဆယ် သူ့အတွက် အလားအလာ ကောင်းတစ်ခုလဲ ရှိနေပါတယ်၊ လူစီ့ခဲတော့ ဖရန့်အတွက် ကောင်းသွားမယ့် အလားအလာလို့ ထင်ထားတာပဲ'

အက်ဒ်ဝပ်က ခေါင်းတညိတ်ညိတ်လုပ်၍ နားထောင်နေ သည်။ သူ့ညီ၏တိုးတက်မှု အလားအလာများကို ကြားရ သဖြင့် ဝမ်းသာကျေနပ်သည့် အရိပ်လက္ခဏာ ပြသည်။

သူတို့ဘဝ၏ အနာဂတ်အရေးကိုတွေး၍ ဝမ်းသာ အား တက်နေသော လူစီက သူ့စကားကို ဆက်ပြောသည်။ 'လူစီ တို့မှာက ကိုယ့်ဘဝ တိုးတက်အောင် လုပ်ကြရမယ် မဟုတ် လား၊ အမြဲတမ်း ရုန်းကန်လှုပ်ရှားနေမှ ဘဝအ တိုးတက်မှာ၊ လူစီတို့အနေနဲ့ ပီတာကို ပညာသင်ပေးရဦးမယ်၊ အခုဆိုရင် သူ ကြီးလာပြီ၊ အခု သူတက်နေတဲ့ကျောင်းက သေးသေး လေးဆိုတော့ သူ့ကို မထားချင်တော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



အက်ဒ်ဝပ်ထံ ပီတာအား ရဟန်းဖြစ် သင်တန်းကျောင်း ပို့ပြီး ရဟန်းဖြစ်အောင်လုပ်ပေးဖို့ ရည်ရွယ်လေသလား မေးသည်။ လူစီက သူ့သားကို ဆရာဝန်တစ်ယောက်မှ ပါး အခြား ဘာမှမဖြစ်စေချင်ဟု ဖြေသည်။

'အေးပေါ့လေ၊ ဆရာဝန်အလုပ်လဲ ကောင်းပါတယ်' အက်ဒ်ဝပ်ကပြောသည်။ သူတို့က ခန္ဓာကိုယ်ရဲ့ ဆရာဝန်တွေ တို့များကတော့ စိတ်ပိုင်းဆိုင်ရာ ဆရာဝန်တွေပေါ့'

ဘေးမှ နားထောင်နေသော အန်နာသည် သူတို့၏စကား များအပေါ် စိတ်ဝင်စားဟန် မပြ။ စိတ်မငြိမ်မသက် ဖြ နေသည့်ပုံ ပေါ်နေသည်။ အက်ဒ်ဝပ်က အန်နာ့အား ကြည့် အကဲခတ်သည်။ ထိုအခါ အန်နာက ပြုံးသည်။ 'အန်နာ အိပ်ချင်တာပဲ' ဟု ပြောသည်။

အက်ဒ်ဝပ်သည် စီးကရက်ကိုဖွာကာ မီးခိုးငွေ့များ မှုတ်ထုတ်လိုက်သည်။ 'ဒါဆိုရင်လဲ ပန်းခြံထဲ သွားကြမလား ဟိုမှာတော့ လေကောင်းလေး ဘာလေးရှူပြီး စိတ်လန်းဆန်းသွား နိုင်တာပေါ့'

'ရှင်တို့ပဲ သွားကြပါ' ဟု အန်နာက ပြန်ပြောသည်။ 'အန်နာငိုက်နေပြီ၊ ခဏ မှိန်းလိုက်ဦးမယ်'

အက်ဒ်ဝပ်သည် ထိုင်ရာမှထကာ လူစီ၏လက်မောင်း အသာအယာဆွဲ၍ အောက်ထပ်သို့ ပြန်ဆင်းသည်။ အပြင် ထွက်၍ ပန်းခြံတွင်းသို့ဝင်လာခဲ့ပြီး အညောင်းပြေ သ ဖြင့် ဟိုဟိုသည်သည် လျှောက်သွားသည်။ သူသည် ပ တော့ စကားမပြော။ တစ်စုံတစ်ခုကို တွေးတောဆင်ခြင် သည့်နှယ် ငြိမ်နေသည်။ ထို့နောက် သူ့ပါးစပ်မှ မထင်မှတ် သော မေးခွန်းတစ်ခု ထွက်လာသည်။



'မင်း အန်နာ့ကို ဘယ်လိုမြင်သလဲ လူစီ'

'လူစီတော့ မသိဘူး၊ လူစီ သူ့ကိုတော့ ခင်ပါတယ်၊ ဒါပေမယ့် သူဟာ တစ်မျိုးပဲ၊ သိပ်ပြီး လျှို့ဝှက်လွန်းတယ်လို့ ထင်တယ်'

'လျှို့ဝှက်လွန်းတယ် တဲ့၊ ဟုတ်လား' ဟု အက်ဒ်ဝပ်က ရေရွတ်သည်။ သူသည် တစ်စုံတစ်ခုပြောတော့မည့်နှယ် ပါးစပ်ကို ဟလိုက်သည်။ ထို့နောက် ချက်ချင်းပင် ပြန်ပိတ်သွားသည်။ လူစီကတော့ အက်ဒ်ဝပ်ထံမှ ထင်မြင်ချက်တစ်ခု ပေးလာမည် ဟူသော အထင်ဖြင့် မျှော်လင့်လျက်ရှိ၏။ သို့သော်လည်း ဘာမှ မကြားရ။

အက်ဒ်ဝပ်သည် နောက်ထပ် ဘာစကားမှမပြောတော့ဘဲ သူ၏ ဘုရားရှိခိုးကျောင်းကိုသာ လိုက်ပြသည်။ အတွင်းဘက် ရောက်သည့် အခါ ဘုရားသခင်၏ ရုပ်တုရှေ့မှောက်၌ ဒူးထောက်ထိုင်ပြီး အာရုံပြုသည်။ ထိုအခါ လူစီသည် သူ့ဘာသာ တိုးတက်ကောင်းမွန်ဖို့ ဆုတောင်းသည်။ သူတို့ ဘုရားရှိခိုးကျောင်းထဲမှ ပြန်ထွက်လာသည့်အခါ အီလင်းနှင့် တတွဲတွဲဖြစ်နေသော ပီတာအား ဝင်ခေါ်ပြီး စာသင်ကျောင်းဘက်သို့ လျှောက်ကြသည်။

အက်ဒ်ဝပ်သည် သူ၏စာသင်ကျောင်းအတွက်လည်း များစွာ ဂုဏ်ယူလျက် ရှိ၏။ သူသည် သူ့တူပီတာအား စာသင်ခန်းများထဲမှ ကလေးများအား စေ့စေ့စပ်စပ် လိုက်ပြသည်။ ကျောင်းထဲမှ ပြန်ထွက်လာကြသည့် အခါတွင် လူစီသည် သူ၏အလေ့အထအတိုင်း အိမ်ထောင်တာဝန်ကို ထမ်းဆောင်နေရသော မစ္စအိုရီဂင်အား တလေးတစား နှုတ်ဆက်ရန် တစ်ယောက်တည်း ခွဲထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် အန်နာ့ အကြောင်းကိုတော့ မတွေးဘဲ မ[..] နိုင်။ အန်နာသည် သူ့အတွက် စိတ်ဝင်စားစရာ လူ[..] ယောက် ဖြစ်နေသည်မှာ အမှန်။ အန်နာသည် ငွေ[..] ပြည့်စုံသူ ဖြစ်၏။ ရုပ်ရည်လည်း အထိုက်အလျောက် လှ[..] ချောမောသူ ဖြစ်၏။ ပြီးတော့ လွတ်လပ်စွာ နေထိုင်တတ်[..] ဖြစ်၏။ ထို့ကြောင့်လည်း သူသည် နေချင်သလို နေ[..] သလား။ သူ့ကို ကြည့်ရသည်မှာ ဘာကိုမှ ဂရုစိုက်ပုံလည်း မပေါ်။ မည်သူ့ကိုမှ စိတ်ဝင်စားဟန်လည်း မပြ။

အက်ဒီဝပ်နှင့် မစ္စအို-ရိုင်တို့က အန်နာအား ကြည့်ရှု[..] ပြောပုံဆိုပုံနှင့် ဆက်ဆံပုံများမှာ တစ်မျိုးဖြစ်၏။ ဤအချ[..] ကိုတော့ လူစီ သတိထားမိသည်။ ထို့ကြောင့်လည်း သူသည်[..] အက်ဒီဝပ်အား အန်နာ့ အကြောင်း မေးမည်ဟု စိတ်ကူး[..] မိ၏။ သို့သော်လည်း အက်ဒီဝပ်သည် အန်နာ့ အကြောင်း[..] ကို ပြောချင်ဆိုချင်ပုံ မရ။ အနာ့အကြောင်း စလိုက်လျှင်[..] ရေငုံနှုတ်ပိတ် လုပ်နေသည်တာ များ၏။ မစ္စအို-ရိုင်ကျတော့[..] ကော ဘယ်လိုနေပါမည်နည်း။

မစ္စအို-ရိုင်၏ အခန်းထဲ ရောက်၍ စကားအတန်ကြာ[..] ပြောမိကြသည့်အခါ လူစီက ရုတ်တရက် ကြားဖြတ်၍ မေး[..] ခွန်းတစ်ခု မေးသည်။

'မစ္စအို-ရိုင်ကို မေးချင်တာ တစ်ခုရှိတယ်၊ ပြောပြနိုင်[..] မလားတော့ မသိဘူး၊ ဘာပြုလို့ ရှင် အန်နာ့ကို မကြိုက်တာ[..] လဲ....'

'အန်နာလား'ဟု မစ္စအို-ရိုင်က ရေရွတ်သည်။ မမျှော်[..] လင့်သော မေးခွန်းဖြစ်၍ စိတ်ရှုပ်သွားပုံလည်းရ၏။



'ဟုတ်ပါတယ်၊ အန်နာပါ၊ ဘာပြုလို့ ရှင် သူ့ကို မကြိုက်တာလဲ'

သူသည် တစ်ခဏမျှ ငြိမ်နေသည်။ 'မကြိုက်တာတော့ ဟုတ်ပါဘူး'ဟု ပြောသည်။ 'ကျွန်မအနေနဲ့ သူပြုမူနေပုံတွေကို သဘောမကျတာပါ'

'ဟုတ်ပါတယ်၊ အဲဒါ ဘာ့ကြောင့်လဲလို့ မေးတာပါ'

'ရှင် မသိဘူးလား'ဟု မစ္စအို-ရိုင်က ထစ်တီး ထစ်ငေါ့ဖြင့် ပြန်မေးသည်။ 'ရှင့်ယောကျ်ားက 'အင်း....သူက ရှင့်ကို ပြောမပြဘူးလား'

လူစီက ခေါင်းခါသည်။ သူ့စိတ်ထဲတွင် အထူးအဆန်း ဖြစ်နေသည်။ မစ္စအို-ရိုင်၏ အပြုအမူကိုကြည့်၍ စိတ်လည်း ရှုပ်လာသည်။ သူ့အပြုအမူနှင့် မျက်နှာထားသည် အလိုဆန္ဒနှင့် အကြောက်ကြားတွင် ညှပ်နေသည့် သဘော ရှိနေသည် မဟုတ်ပါလား။

'ကျွန်မ ရှင့်ကိုမပြောတာ အကောင်းဆုံး ဖြစ်လိမ့်မယ်လို့ ထင်တယ်'ဟု တုန်ယင်သောအသံဖြင့် ပြောသည်။

'ဘာ....'

'ကျွန်မလဲ မသိတော့ဘူး၊ ခက်တော့တာပဲ' မစ္စအို-ရိုင်သည် အထစ်ထစ် အငေါ့ငေါ့ ဖြစ်လျက်ပင် ရှိသည်။ ထို့နောက် သူ့နှုတ်မှစကားများ ထွက်လာသည်။

မစ္စအို-ရိုင်ထံမှ ကြားလိုက်ရသည့် စကားများထဲတွင် အန်နာသည် အဖေနာမည် မဖော်နိုင်သည့် ကလေး တစ်ယောက်၏မိခင် ဖြစ်ခဲ့ဖူးသည် ဆိုပါတကလား။ လူစီသည် ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်ရ၏။ သူသည် မစ္စအို-ရိုင်၏ မျက်နှာကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

'လွန်ခဲ့တဲ့ငါးနှစ်က ဖြစ်ခဲ့တာ'ဟု မစ္စအိုင်-ရိုဂင်က ဆ
ပြောသည်။ 'ကလေးက သနားပါတယ်၊ သုံးနှစ်သား အရွ
ကျမှ သေသွားတယ်'

လူစီ့ မျက်လုံး အစုံသည် တိမ်သလ္လာဖုံးသလို ဖြစ်သွ
သည်။ စိတ်မချမ်းသာစရာ အလွန်ကောင်းသည့်ဖြစ်ရပ်တ
ဟု ဆိုရမည် ဖြစ်၏။ တစ်နေ့လုံး ကြည်လင်ချမ်းမြေ့ လာခဲ့
သော စိတ်သာယာမှုသည် ချက်ချင်းပင် ပျောက်ပျက် လွင့်
သွားခဲ့ရလေပြီ။

'ဒီလိုဆိုရင် ဘာပြုလို့'ဟု လူစီက ရေရွတ်သည်။ 'ကလေ
အဖေ ဘယ်သူ ဆိုတာကျတော့....'

မစ္စအိုင်-ရိုဂင်၏ အကြည့်သည် လွှဲဖယ်သွားသည်။ သူသ
မျက်လွှာများကိုချ၍ ငြိမ်နေသည်။

'ကျွန်မလဲ မသိဘူး'ဟု သူ့နှုတ်မှ အဖြေထွက်လာသည်
'ကလေးအဖေကိုသိတဲ့လူ တစ်ယောက်မှမရှိဘူး၊ သူ့ကို မေ
လို့လဲ မရဘူး၊ ဘယ်လိုပဲမေးမေး ပါးစပ်ကို အသေပိတ်ထာ
တာပဲ၊ ဆရာတော်အက်ဒ်ဝပ် ဆိုရင် သိပ်ကို စိတ်ထိခိုက်ခဲ့
တယ်၊ အို....အန်နာဟာ တစ်မျိုးပါ'

'ဒါပေမယ့် သေချာတာက....'

လူစီသည် စကားကို မဆက်နိုင်။ ထိုအခိုက်တွင် ပီတာ
သည် အခန်းထဲသို့ ပြေးဝင်လာသည်။ သူ့နောက်မှ အက်ဒ်
ဝပ်နှင့် အန်နာ။

'သားတို့ အပြန်နောက်ကျလိမ့်မယ်'ဟု ပီတာက ပြော
သည်။ 'မေမေက ဒေ့ဗ်ကိုမှာခဲ့တာ၊ လေးနာရီထိုး ပြန်မယ်
တဲ့....'

'ဟုတ်တယ် သား'



'ဒါဆိုရင် မြန်မြန်လုပ်၊ အန်တီအန်နာက အိပ်နေတယ်၊
မေမေက ဒီမှာလာပြီး စကားပြောနေတယ်၊ သားတို့ နောက်
ကျတော့မယ်'

အားလုံး ခန်းမဆီသို့ လျှောက်လာခဲ့ကြသည်။ 'ငါ့မှာ
မက်ခ်ဘာရာဆိုတဲ့ မိတ်ဆွေကောင်း တစ်ယောက်နဲ့ ချိန်း
ထားပြီးသား ဖြစ်နေလို့ လိုက်မပို့နိုင်တော့ဘူး၊ ခွင့်လွှတ်ပါ'
ဟု အက်ဒ်ဝပ်က တောင်းပန်စကား ပြောသည်။

'အန်နာတို့ကိုချစ်ရင် အဲဒီအမျိုးသမီးကို မတွေ့ဘဲ မနေ
ပါနဲ့'ဟု အန်နာက ပြုံးရယ်ပြီး ပြောသည်။ 'နာမည်ကလေး
က ချစ်စရာကောင်းလို့ပါ'

အက်ဒ်ဝပ်က သူတို့အား လိုက်လိုက်လှဲလှဲ နှုတ်ဆက်သည်။
ကျောင်းဝိတ်ရက်တွင် ပီတာအား သူ့ထံပို့ထားဖို့ ထပ်မှာ
သည်။ မစ္စအိုင်-ရိုဂင်က သူတို့လက်များကို တလေးတစား
ကိုင်၍ နှုတ်ဆက်သည်။ အိလင်းက တော့ မီးဖိုချောင် တောင်
ခြင်းပေါက်မှရပ်ကြည့်နေသည်။ လမ်းအတိုင်း ပြန်လျှောက်
လာကြသည့်အခါ ပီတာသည် အိလင်းကိုကြည့်၍ ရယ်လာ
သည်။

သို့သော်လည်း လူစီသည် ရယ်ခြင်းပြုံးခြင်း မရှိ၊ သူ့စိတ်
သည် နောက်ကျို ရှုပ်ထွေးလျက် ရှိ၏။ မစ္စအိုင်-ရိုဂင်ထံမှ
ကြားသိခဲ့ရသော စိတ်မချမ်းမြေ့စရာ သတင်းကြောင့် နှုတ်
ဆိတ်နေသည့်နှယ် ရှိသည်။ သူသည် အန်နာအား တစ်ချက်
ငဲ့ကြည့်ထား မသိမသာ အကဲခတ်သည်။ အန်နာသည် သူ့
အတွေးနှင့်သူ ဖြစ်နေဟန် ရှိ၏။

လူစီအဖို့တော့ စဉ်းစားရခက်လျက် ရှိသည်။ တွေးစရာ
တွေ့အလည်း များလှ၏။ သူ့ရင်ထဲတွင် ကျိုးကြောင်းမဖော်

www.burmeseclassic.com

www.burmeseclassic.com

ဖြိုးသည့် ခံစားမှု ဓာတ်ခုသည် ငြိတွယ်နေသည်။ သူ့စိ
သည် အင်ဆုံတစ်ခုသော သောကဖိစီးခြင်း ခံနေရသည့်နှ
လေးလံလျက် ရှိသည်။

'ရှုန်ဆ ဘာ့ကြောင့် ငါ့ကို မပြောပါလိမ့်။ အန်
အကြောင်းကို သူ လုံးဝမပြောဘူး၊ အဲဒါ ဘာဖြစ်လို့
ဟူသော အတွေးများသည် သူ့စိတ်ကို နာကြည်းစေ
မအေ လေးလံစေလျက် ရှိသည်။

'ရှင့် ယောကျ်ားက၊ အင်း....သူက ရှင့်ကို မပြောမဖြ
လား....'

မစ္စအို-ရိုဂင်၏ မေးခွန်းကို သူ ပြန်၍ ကြားယောင်လာ
သည်။ ထိုအခါ သူ့စိတ်သည် ပို၍ တုန်လှုပ်ခြင်းနှင့် လေးလံ
ခြင်း ဖြစ်ရ၏။ ပို၍ နှုတ်ဆိတ်ခြင်းလည်း ဖြစ်လာ၏။ မေးခွန်း
သစ်တစ်ခုသည် သူ့စိတ်ထဲတွင် တဖြည်းဖြည်း တောက်လော
နေသည့်မီးသဖွယ် တည်ရှိလာနေသည်။ မေးခွန်းမှာ တခြား
မဟုတ်။ 'ဖရန့်က အန်နာ့အကြောင်း ငါ့ကို ဘာပြုလို့မပြော
တာလဲ' ဟူသော မေးခွန်း ဖြစ်၏။

* * *

( ၆ )

ထိုသီတင်းပတ် စနေနေ့သည် ပျော်ပွဲစား ခရီးထွက်ရန်
စီစဉ်ထားသောနေ့ ဖြစ်သည်။ အန်နာ ရောက်မလာခင်
ကတည်းက ပီတာ ပူဆာလွန်း၍ စီစဉ်ထားခြင်းဖြစ်ရာ အခု
သည်း ပီတာ၏ နေမကောင်းမှုကြောင့် သွားရမည်ကို
ဖြစ်လျက်ရှိသည်၊ အမှန်စင်စစ်တော့ လူစီသည် ဤခရီးကို သွားချင်
စိတ်မရှိ။ သူ့စိတ်ထဲ၌ ဖြစ်ပေါ်နေသည့်အကြောင်း တစ်ခု
ကြောင့် ဖြစ်သည်။ ထိုအကြောင်းကို မည်သူ့မည်ရရ ဖော်ပြ
နိုင်ခြင်းလည်း မရှိ။ သို့သော်လည်း စီစဉ်ထားပြီးသားကိစ္စ
ဖြစ်၍ ပီတာ၏အလိုကို လိုက်လျောရန် ဆုံးဖြတ်ခဲ့ရ၏။

ပျော်ပွဲစားခရီးအတွက် မီးဖိုထဲ၌ ချက်ပြုတ်ကြော်လှော်
နေသော လူစီသည် လွန်ခဲ့သော နှစ်ရက်က သိခဲ့ရသည့်
ကိစ္စအတွက် စိတ်မသာမယာဖြစ်လျက်ပင် ရှိသည်။ သူသည်

www.burmeseclassic.com

www.burmeseclassic.com



သူ သိခဲ့ရသည့်အကြောင်းကို ဖရန့်အား ပြန်၍မပြော၊ သို့ သော်လည်း ဖရန့်သည် ဤကိစ္စကို သူ့အား အသိပေး သင့်သည်မှာ ကြာပြီဟု စိတ်ထဲက တွေးမိကာ စိတ်မချမ်း မြေ့ဖြစ်လျက်ပင် ရှိသည်။ သူ ငါ့ကို ဘာ့ကြောင့် မပြော ကာလဲဟူသော အတွေးကလည်း သူ့အား အမြဲတစေ ခြောက်လှန့်နေဆဲ။

မည်သို့ပင်ဖြစ်စေ၊ လူစီသည် ပို့ထ်ဒီရန်မှ ပြန်ရောက်လာ တည်းက ဤထိန်ချန်မှုကို ဖရန့်ဘက်မှ ပြောလာအောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့သည်။ သူ သိထားသည့်ကိစ္စနှင့် ပတ်သက်၍ အရိပ်အမြွက်မျှ အစဖော်ပေးပြီး လမ်းခင်းပေး သည့်အခါ ပေးသည်။ သို့သော် ဖရန့်ကတော့ ဘာမှမပြော။ ထိုအခါ သူ့စိတ်ထဲမှ ကျိတ်၍ မခံချိမခံသာဖြစ်သည်။ ဤကိစ္စသည် တမင်သက်သက် ရည်ရွယ်ချက်ဖြင့် ထိန်ချန် ဖုံးကွယ်ထားခြင်း ဖြစ်ရမည်ဟု သံသယဝင်ကာ ဒေါသပုန် ထမိလေသည်။

သူသည် ပြတင်းပေါက်မှနေ၍ အပြင်ဘက်၌ ရပ်နေကြ သော အန်နာ၊ ဖရန့်နှင့် ပီတာတို့ကို လှမ်းကြည့်မိသည်။ သုံးယောက်သား တီးတူးနေကြခြင်းဖြစ်၏။ တီးတူးနေသော ပီတာ၏ရယ်သံနှင့် ငါးမတွေ အများကြီးရအောင် မျှားလိုက် မည်ဟု ကြွားနေသံများ ကြားနေရသည်။ ယခင်က ဆိုလျှင် ပီတာ၏ လေလုံး မိုးလုံး ထွားနေသံကိုကြားလျှင် ကြားချင်း ပြုံးမိမည်ဖြစ်သော်လည်း ယခုတစ်ကြိမ်တော့ဖြင့် မပြုံးနိုင်။

သူသည် အန်နာ၏အတိတ်ဇာတိကြောင်းကို ကောင်း ကောင်း သိခဲ့သည်မဟုတ်။ ထို့ကြောင့်လည်း သူ့အစ်ကို ရှစ်ချက်ထံ သွားစဉ်က အိမ်တွင် ဖရန့်နှင့်နှစ်ယောက်ဘည်း

ထားခဲ့မိခြင်း ဖြစ်၏။ ထိုစဉ်က ယုံကြည်စိတ်ချစွာဖြင့် ဖရန့် အား တတ်အားသရွေ့ ပြုစု စောင့်ရှောက်လိုက်ပါဟုပင် ထားခဲ့မိသေးသည် မဟုတ်ပါလော။ ဘကယ်တော့လည်း ဖရန့် နှင့်အန်နာသည် ခေါင်နှမဝမ်းကွဲ တော်စပ်သူများ ဖြစ်၏။ ဖြစ်ပါစေလည်း....။

'ငါ ဒီကိစ္စကိုတော့ ရှင်းရှင်းပြတ်ပြတ်အောင် သိအောင် လုပ်မှဖြစ်မယ်' ဟု သူ တွေးသည်။ အခု သူ သိလာခဲ့ရသည့် အကြောင်းအရာဆိုလျှင် အန်နာသည် အကျင့်စရိုက်အားဖြင့် မိမိ နှင့် ခြားနားသော မိန်းမတစ်ယောက် ဖြစ်၏။ သူကတော့ ထို အကျင့်စရိုက်ကို မသိသဖြင့် သူ့ယောကျ်ားနှင့် နှစ် ယောက်တည်း ထားခဲ့မိခြင်းဖြစ်၏။ ထိုစဉ်က သူ့ယောကျ်ား သည် အန်နာ့အကြောင်းကို အမှန်အတိုင်း ထုတ်ဖော်ပြော သင့်၏။ သို့သော်လည်း လုံးဝ မပြောခဲ့။ ပို၍ဆိုးသည်က အန်နာ့အကြောင်းကို ဘာမှမသိလေဟန်လုပ်ကာ နှုတ်ပိတ် ထားခြင်း ဖြစ်သည်။

အမှန်တော့ ထိုကိစ္စကိုအကဲဒိဝပ်သိထားသည်မှာ သံသယ ဖြစ်ဖွယ်မလို။ ထိုကိစ္စကို ဂျိုးရော ပေါလီပါ သိကြလိမ့်မည်ဟု လည်း သူယုံကြည်သည်။ လင်းနေ့စ်ပင်လျှင် သိလိမ့်မည်ဟု သူ ထင်သည်။ သို့ဖြစ်ရာ ဖရန့်မသိဘဲ နေလိမ့်မည်မဟုတ်။ ...တော့ အန်နာ၏အဖြစ်သည် လွန်ခဲ့သော ငါးနှစ်တဟု ...ဆိုရာ ထိုအချိန်သည် အန်နာတို့နေထိုင်ရာ ဘဲလ်ဖတ်စ်မြို့သို့ ဖရန့်တစ်ယောက် အလုပ်သဘောနှင့်ဖြင့် ရောက်နေချိန် ဖြစ် သည်။ ဖရန့်သည် အန်နာ၏ဒုက္ခကို သူကိုယ်တိုင်ပင် မြင်တွေ့ ခဲ့ရဖို့ရှိ၏။ သို့ပါလျက်နှင့် ဤကိစ္စကို မိမိအား အသိမပေးဘဲ ...းထားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



လှစီသည် လုပ်စရာရှိသည်များကို မြန်မြန်ပြီးအောင်
သည်။ ဤမျှလောက် မြန်မြန်လုပ်နေသော်လည်း အ
ဖေ့ထံသေချာသူ ဖြစ်သဖြင့် ဘာတစ်ခုမှ မေ့ကျန်ခဲ့သ
ဖြေ၏ နောက်ဆုံးတွင် လက်ဆွဲခြင်းထဲ၌ ပစ္စည်းအား
ထည့်သွားသည်။ သူသည် ခါးစည်းကိုဖြုတ်ကာ ပင့်တင်
သည့် အကျီလက်မောင်းများကို ကပျာကယာချ၍နောက်
တံခါးသို့သွားသည်။ အပြင်မှလူများဆီသို့ ‘အားလုံး အ
သင့် ဖြစ်နေပြီ’ဟု လှမ်းအော်ပြောသည်။

နောက်မိနစ်အနည်းငယ်မျှအကြာတွင် သူတို့သည် လမ်း
ပေါ် ရောက်လာကြသည်၊ ဘိုးစိုး၏လှည်းဘက်သို့ ဦးတည်
လျှောက်သွားနေကြသည်။ ရှေ့ဆုံးမှ အပြေးအလွှား သွား
နေသူမှာ ပီတာ။ သူ့နောက်မှ အစားအသောက်ခြင်း
ဆွဲလာသည့် ဖရန့်။ နောက်ဆုံးမှ လှစီနှင့် အန်နာ။

ပင်လယ်ကမ်းစပ်သို့ အရောက်တွင် လှစီသည် ဖျတ်
ရပ်ကာ ရှေ့တည့်တည့်မှ လာနေသူအား လှမ်းကြည့်သည်။
‘ဟိုက လာနေတာ မစ္စတာဟော့လင်းပါလား’ဟု ရေရွတ်သည်။

မြေးတစ်ကောင်နှင့် အမျိုးသမီးမာစ်ယောက်သည် သူ
ဆီသို့ နီးကပ်လာနေသည်။ မြေးမှာ တယ်ရီယာ မြေးမျိုး
ဖြစ်၍ ကဟောခဟော တဟဲဟဲမြည်ကာ လျှောက်နေသည်။
အမျိုးသမီးကြီးမှာ အရပ် ထောင်ထောင်မောင်းမောင်းနှင့်
ခံ ညားသော ဥပဓိရုပ်ပိုင်ရှင် ဖြစ်သည်။

လှစီအား တွေ့လိုက်ရသည့်အခါ အရေးတယူ နှုတ်ဆက်
သည်။ သူ့ဆီ ဘယ်တော့ အလည်လာဦးမလဲဟု မေးသည်။
လှစီကလည်း မကြာခင် လာခဲ့ပါမည်ဟု အလိုက်သင့်
ပြောပြီး အန်နာနှင့် မိတ်ဆက်ပေးသည်။ စကားကို အမျိုး



အောင် ပြောတတ်သော မစ္စဟော့ကင်းက
နာအား လှမ်းကြည့်ပြီး ‘ငါက လူငယ်တွေဆိုရင် ခင်
တယ်ကွယ်’ဟု ပြောသည်။ ‘ဒါပေမယ့် ယောကျ်ား
တွေဆို ပိုခင်တယ်’

‘လှစီတို့ ပျော်ပွဲစား ခရီးထွက်မလို့’ဟု လှစီကပြောသည်။
‘ရာသီဥတု ကောင်းမယ်ပုံပါပဲ၊ ကောင်းကောင်း
ပြောပြော၊ ပင်လယ်ကလေးပြာပြာ ဆိုတော့ စိတ်ချရမှာပါ၊
ကဲ...သွားကြတော့၊ ငါကြောင့် နောက်ကျနေဦးမယ်၊
ငါ့မှာလဲ အရေးကြီးတဲ့ အလုပ်အလေးတွေ လုပ်ဖို့ရှိနေသေး
တယ်’

ပြောပြောဆိုဆို မစ္စဟော့ကင်းသည် သူတို့အား နှုတ်
ဆက်ပြီး ထွက်သည်။ ‘ဘုရား...ဘုရား၊ ဘယ်လိုမိန်းမကြီး
ပါလိမ့်’ဟု အန်နာက ရေရွတ်သည်။ ‘သူက ဘယ်သူလဲ လှစီ’
ဟု မေးသည်။

အန်နီ၏မေးခွန်းကို လှစီက မကြိုက်။ ‘လှစီရဲ့ အရင်းနှီးဆုံး
မိတ်ဆွေတစ်ယောက်ပဲ’ဟု လှစီက သံပြတ်နှင့် ဖြေသည်။
‘အင်မတန် ခင်စရာကောင်းတယ်’

‘သူ့ကြည့်ရတာ ခပ်ကြောင်ကြောင်လိုပဲ’ဟု အန်နာက
ပြောသည်။ ထိုအခါ ဒေါ်နှင့်အတူ လျှောက်နေသော ဖရန့်
က အန်နာအား ထောက်ခံသည်။

‘ဟုတ်တယ်၊ သူက ခပ်ကြောင်ကြောင်ပဲ၊ သူ့ဦးနှောက်
က ခပ်ချောင်ချောင်ရယ်’

လှစီကတော့ သူတို့စကားကို မကြိုက်။ အက်ဗီဖီလစ်ပြီ
တွင် သူနှင့် ခင်မင်ရင်းနှီးသူ အနည်းငယ် ရှိသည်။ ဤအထဲ
တွင် မစ္စဟော့ကင်းသည် သူ အခင်ဆုံးဖြစ်၏။ ယူချင်း မကြာ

www.burmeseclassic.com

www.burmeseclassic.com



ခဏဆုံ၍လည်း စကားမပြည့် ပြောခဲ့ဖူး၏။ သူ သိထား… သလောက်ဆိုပါက တစ်ချိန်က မစ္စဟော့ကင်းသည် အင်္ဂလ… တွင် နေထိုင်ပြီး ဂီတသင်ဆရာမအဖြစ် လုပ်ခဲ့ဖူးသည်။ ထို… နောက်မှ ဆက်ဒ်ဖီလန်မြို့သို့ ရောက်လာပြီး အခြေချ… ဖြစ်၏။ ယခုအခါတွင်မူ မစ္စဟော့ကင်းသည် ခွေးတစ်… ကောင်နှင့် တစ်ယောက်တည်း နေထိုင်လျက်ရှိသည်။ လူစီ… တော့ မစ္စဟော့ကင်းအား အဆင့်အတန်းနိမ့်ကျသည့် အမျိုး… သမီးတစ်ယောက်ဟု မမြင်။ ထို့ကြောင့်လည်း သူ့ယောက်ျား… ဖရန့်က အန်နာ့ဘက်မှထောက်ခံပြီး သူ့မိတ်ဆွေအား ကြိုး… ရှုတ်ချလိုက်သည့်အခါ စိတ်ထဲတွင် မခံမရပ်နိုင် ဖြစ်နေမိ…

သူတို့အားလုံး လှေပေါ်သို့ ရောက်သွားကြပြီး လူစီသည်… လှော်တက်များကို အားစိုက်၍ ခတ်နေသော ဖရန့်အား… ကြည့်၍ သက်သာယာနမကင်း ဖြစ်နေသည်။ သူ့ယောက်ျား… သည် အန်နာ့ရှေ့တွင် သူ့ကို အထင်ကြီးအောင် တမင်လုပ်… နေတာများလားဟု တွေးမိ၏။ ပြီးတော့ မုတ်ဆိတ်မွေး… နှုတ်ခမ်းမွေးများကို စင်ကြယ်နေအောင် ရိတ်ထားသည်… ဝတ်ထားသည့် ဝတ်စုံအလည်း အသစ်ကျပ်ချွတ်။ အခု… လုပ်လာခြင်းသည်လည်း အန်နာ့အတွက်ပဲလား။ သူတို့နှ… ယောက်သည် စကားလက်ဆုံ ကျနေကြ၏။ ဘာတွေ ပြော… နေကြပါလိမ့်။ ပို့ထ်ဒိုရန့်သို့ နောက်တစ်ခေါက် အလည်… သွားဖို့ ပြောနေကြခြင်း ဖြစ်၏။ ပြီးတော့ သူတို့သည် အထ… ဝပ်အား သရော်နေကြသည်။ လူစီကတော့ အန်နာ၏ အကျ… စရိုက်တစ်ခုကို နားလည်လာသည်။ အန်နာသည် ဘယ်သူ့… ကိုမဆို လှောင်ချင်ပြောင်ချင် သရော်ချင်သူ ဖြစ်သည်ဟု သူ မြင်သည်။



'ဆက်ဒ်ဝပ်က ဝိုင်တစ်ပုလင်းနဲ့ အစားကောင်းကောင်း …ရင် သာယာကျေနပ်နေတဲ့လူစားပါ'ဟု ဖရန့်ကပြောသည်။

'အင်း…ဟုတ်တယ်၊ ပြီးတော့ ဘာတဲ့၊ အာပတ်ဖြေတဲ့ …လုပ်လေ…'ဟု အန်နာက ပြောသည်။ 'အဲဒီအလုပ်ကလဲ …အတွက် အတော်ကို အကျိုးဖြစ်နေပုံပေါ်တယ်'

'ဒါပေါ့၊ မှော်မိုက်ထဲမှာ ရေမွှေးနံ့က တသင်းသင်း …တော့' ဖရန့်က ပြုံးဖြဲဖြဲ မျက်နှာထားဖြင့် ထောက်ခံ…သည်။

'ရှားပါတယ်၊ ဂျော်ဂျီကလပ်ကို စိတ်ဝင်စားတဲ့ ဘုန်း…ကြီးဆိုတာတွေရခဲတိခြင်း'ဟု အန်နာက ထပ်ပြောပြန်သည်။ …နည်းတယ်၊ သိမ်မွေ့တယ်၊ အေးဆေးတယ်၊ ချစ်စရာ…ကောင်းတဲ့ လူတစ်ယောက်ပါ၊ မစ္စမက်စ်တာဆရာရဲ့ မိတ်ဆွေ…ဆိုတော့…'

ဖရန့်က အားရပါးရ အော်ရယ်သည်။ သို့သော်လည်း လူစီ့အဖို့ကတော့ နားမခံသာအောင် ဖြစ်လာသည်။ သူ့ရှေ့…တွင် ဘုန်းကြီးတစ်ပါးအား သရော်နေခြင်းသည် သည်းခံ…နိုင်ဖွယ်ရာမရှိ။ 'ရှင်တို့တော်ကြရင် ကောင်းမယ်'ဟု လူစီက ဒေါသဖြင့်ပြောသည်။ 'ကျွန်မ နားမထောင်ချင်ဘူး၊ ကျွန်မ ပြောတာကို ရှင်တို့ နားလည်ကြပါ'

အန်နာက လူစီအားကြည့်၍ ပြုံးသည်။ 'အပျင်းပြေ ရယ်…စရာပြောကြတာပါ'ဟု ပြောသည်။

ဖရန့်ကတော့ သူ့ပခုံးများကိုတွန့်လိုက်ပြီး ငြိမ်နေသည်။ သူ့ထံမှ နောက်ထပ်စကားပြောသံ မကြားရတော့ပေ။ လူစီ…ကိုယ်တိုင်ကလည်း ခရီးလမ်းဆုံးရောက်ချိန်အထိ နှုတ်ဆိတ်…ပြီး လိုက်လာသည်။ လှေကို ဆာမ်းစပ်တစ်နေရာ၌ ဆိုက်မိ၍

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကုန်းပေါ်သို့ တက်မိကြသည့် အခါတွင်မှ လူစီ၏ စိတ်သည် ပြေပျောက်စပြုခဲ့လေပြီ၊ သူတို့သည် တောအုပ် အတွင်းသို့ ဝင်ခဲ့ကြသည်။ အရိပ်ကောင်းသဖြင့် အေးမြ လျက်ရှိသည်ဖြစ်ရာ အားလုံးပင် စိတ်ပြောင်းလာကြသည်။

နေ့ခက်ဆုံးတွင် သူတို့သည် ရေကန်ငယ်ဆီသို့ ရောက်ခဲ့ကြ သည်။ ပီတာသည် ငါးများရန်အတွက် အလုပ်ရှုပ်နေလေ ပြီ၊ သူ့သားလုပ်ပုံကိုင်ပုံများကို စိတ်ဝင်တစား ကြည့်နေမိ သော လူစီ၏စိတ်တွင်မှ တင်းမာမှု ဟူသမျှသည် ကင်းစင် လွင့်ပျောက်သွားခဲ့လေပြီ။ သူသည် ဖေန်နှာဘက် လှည့်၍ 'အန်နာတော ငါးများဦးမှာလား' ဟု ပြုံးရယ်ပြီး မေး သည်။

'အန်နာလား၊ ချက်ချင်းတော့ မများသေးဘူး၊ စောင့် ကြည့်ဦးမယ်'

ပီတာကတော့ သူ ငါးတစ်ကောင် ရသည်အထိ ထိုနေ ရာမှ မသွားပါနဲ့ဦးဟု ပူဆာသည်။

'ကောင်းပြီ၊ ဒီလိုလုပ်မယ်'ဟု လူစီကပြောသည်။ 'မေ မေက ရှပ်စ်ဘယ်ရီသီးလိုက်ရှာပြီး ခူးမယ်၊ မင်းက မေမေ ပြန်ရောက်လာချိန်မှာ ငါးနှစ်ကောင် သုံးကောင် မိအောင် များထား'

ပီတာက ခေါင်းညိတ်သည်။ လူစီသည် အားလုံးကို လက် ပြ၍ နှုတ်ဆက်ပြီး ခြင်းတစ်လုံးဆွဲ၍ ထွက်လာခဲ့သည်။ သူ သည် တောနက်ပိုင်းအထိ ဝင်လာ၍ သူ့သား ကြိုက်သော ဘယ်ရီသီးများကို လိုက်လံရှာဖွေ၍ ခူးယူလျက်ရှိ၏။ အလင်း ရောင် ကြည်လင်ဝင်းလက်နေချိန်တွင် အဝါရောင် ဘယ် ရီသီးမှည့်များသည် နေရောင်နှင့် ရောနေသဖြင့် ရုတ်တရက် မမြင်ရ။ တစ်ခါတစ်ရံတွင် ဘယ်ရီသီးမှည့်များသည် သူ့ လက်ထဲတွင် ပေါက်ပြဲကာ အရည်များထွက်ပြီး ကြေမွကုန် သည်။

တောသည် တိတ်ဆိတ်လျက်ရှိရာ လေတိုးတိုင်း လှုပ်ရှား နေသည့် သစ်ရွက်သံများကို ကြားနေရသည်။ သူ့ခြေထောက် အောက်မှ သစ်ကိုင်းခြောက်တစ်ချောင်း ကျိုးသံနှင့်အတူ ခိုတစ်ကောင်၏ ညည်းသံများ၊ သူ့လက်မောင်းတွင် ချိတ် ထားသည့် လက်ဆွဲခြင်းသည် လေးလာနေပြီ။ သူသည် ကပျာ ကယာ နောက်သို့ပြန်လှည့်ကာ ချုံကြီးချုံကြားမှ တိုးထွက်ပြီး ရေကန်ဆီသို့ လျှောက်လာခဲ့သည်။ ကန်နှင့် မနီးမဝေးသို့ ရောက်သည့်အခါ အသံလှမ်းပေးသည်။

တစ်ဘက်မှ ပြန်သံမကြားရ။ လူစီသည် ငါးထိုင်များနေ သော ပီတာတစ်ယောက်တည်းကိုသာ မြင်သည်။ သူ့မျက် နှာမှ အပြုံးရိပ်သည် ချက်ချင်း ကွယ်ပျောက်သွားသည်။ 'သူတို့ ဘယ်သွားကြသလဲ'ဟု ပီတာအား လှမ်းမေးသည်။ သူ့အလုပ်တွင် စိတ်ဝင်စားနေသော ပီတာက နှုတ်မှမဖြေ၊ ခေါင်းကိုသာ ခါပြသည်။

လူစီသည် မလှုပ်မယှက်ရပ်နေသည်။ ထို့နောက် လက်ထဲမှ ဆွဲခြင်းကိုချလိုက်ပြီး မီးမွှေးကာ ရေနွေးအိုးတည်သည်။ သူ့ မျက်နှာသည် ကြည်လင်ခြင်းကင်းမဲ့သွားပြန်သည်။ သူသည် ရေကန်အစပ်သို့ဆင်းကာ သဲအနည်းငယ်နှင့် ပွတ်၍ လက် နှစ်ဘက်ကို ဆေးနေသည်။ ရုတ်တရက် သူ့နားထဲသို့ ရယ်သံ များ ဝင်လာသည်။

သူတို့ပြန်လာကြပြီ။ လူစီ ရှိနေသည်ဟုပင် ထွေးပုံမရ။ အားရပါးရ ရယ်မောလာကြသည်။ သူ့ရင်ထဲတွင် ဒေါသ

www.burmeseclassic.com

www.burmeseclassic.com


လှိုင်းသည် ရိုက်ခတ်လျက် ရှိ၏။ သို့သော်လည်း လှစီသည် သူ့စိတ်ကို ထိန်းချုပ်ထားသည်။ ပထမဆုံးအကြိမ် သူ့မျက်နှာကို ဟန်ဆောင်မှုမျက်နှာဖုံး တပ်လိုက်သည်။

'ရှင်တို့ ဘယ်သွားနေကြတာလဲ'

'မောင်က အန်နာ့ကို ရှခင်းလှလှတွေ ပြချင်လို့ ဟိုဘက်က မြင်ရတဲ့ ရှုခင်းကိုပြောတာ'ဟု ဖရန့်က ဖြေသည်။

'စားသောက်ပြီးမှ ပြလို့ မော မရဘူးလား'

ဖရန့်က ဖျတ်ခနဲ မော့ကြည့်သည်။ 'ဒါပေမယ့် လှစီ ရယ် ဟို....ဟို....'

ဖရန့် စကားမဆုံးမီ လှစီက တင်းမာသော မျက်နှာထား ဖြင့် ကြားဖြတ်၍ 'ဘယ်ရှိသေး ခုပြီး ပြန်လာတဲ့ ကျွန်မကတော့ ထင်းလိုက်ကောက်ပြီး မီးမွှေးနေရတယ်၊ ရှင်တို့မှာ အစဉ်းစား အဆင်ခြင် ရှိကိုမရှိဘူး' သူသည် တစ်ခဏ ရပ်နေပြီးသော် စကားကို ဆက်ပြောသည်။ 'ထားပါတော့ အခုတော့ အားလုံး အဆင်သင့် ဖြစ်နေပါပြီ၊ ကဲ....လာကြ'

သူတို့ အားလုံး ဝိုင်းထိုင်ကြသည်။

အသားညှပ်ပေါင်မုန့်များမှာ အေးစက်နေသည်။ လက်ဖက်ရည်ကတော့ ကနဦးရဖြင့် ကျိုပြီး ဖျော်ထားခြင်းဖြစ်၍ ပူပူနွေးနွေး သောက်ကြရ၏။ မည်သို့ပင်ဖြစ်စေ လှစီကတော့ သူစားနေသည့်အစာတွင် အရသာ ရှာမတွေ့။ တစ်ချိန်လုံး 'ဒီညတော့ ဖရန့်နဲ့ စကား မပြောလို့မဖြစ်ဘူး၊ ပြောရမှာ ပြောမှုဖြစ်မယ်'ဟူသော အတွေးကြောင့် စားသောက်မှုတွင် စိတ်မဝင်စားပဲ ဖြစ်နေသည်။

'ရှင် ဘာမှလဲ သိပ်မစားပါလား၊ ဘာဖြစ်လို့လဲ'ဟု လှစီက ဖရန့်အား မေးသည်။

'ကိုစုမရှိပါဘူး၊ ဘာမှလဲ မဖြစ်ပါဘူး'ဟု ဖရန့်က ပြန်ပြောကာ လက်ဖက်ရည်ကို လက်စသတ်လိုက်သည်။ သူသည် ထိုင်ရာမှထကာ ငါးမျှားတံဆီသို့ သွားကြည့်သည်။ အခု အချိန်ထိ ငါးတစ်ကောင်မှ မမိသေး။

'စားသောက်ပြီး သိမ်းတော့လဲ ကျွန်မပဲ၊ ကူညီမယ့်လူ တစ်ယောက်မှ မရှိဘူး'ဟု လှစီက ပြောသည်။

'ဒါကတော့ မင်းက အနည်းဆုံး စားတဲ့လူမဟုတ်လား၊ ဒါကြောင့် မင်းပဲ သိမ်းရမှာပေါ့'ဟု ဖရန့်က နောက်သို့လှည့်မကြည့်ဘဲ ပြန်ပြောသည်။

မိတာက ရယ်သည်။ 'ဟုတ်သားပဲ မေမေ၊ သားက အများဆုံးစားတဲ့လူ၊ ဖေဖေက ဒုတိယ၊ အန်တီ အန်နာက တတိယ၊ မေမေက နောက်ဆုံးပိတ် အနည်းဆုံး စားတဲ့ သူပဲ'

လှစီသည် သူ့သားအား တစ်ချက်လှမ်းကြည့်ပြီး မာန်သည်။ ထို့နောက် သိမ်းစရာ ရှိသည်များကို သိမ်းသည်။ ပန်းကန်များကို ကန့်စပ်သို့ဆင်း၍ ဆေးသည်။ အားလုံး သိမ်းဆည်းပြီးသည့်အခါ သူတို့သည် ဖြတ်လှမ်း တစ်လမ်းမှ နေ၍ ပင်လယ်ဘက် ထွက်ခဲ့ကြသည်။

မွန်းလွဲပိုင်း နေသည် ပူပြင်းလျက် ရှိ၏။ လှစီ သည် ဖရန့်နှင့် လက်မောင်းချင်း ချိတ်၍ လိုက်ပါလာသည်။ အခု သို့ သူ့ယောကျ်ားနှင့် တွဲမိလာသည့်အတွက် အန်နာက နှာခေါင်းရှုံ့ချင် ရှုံ့ပေလိမ့်မည်။ အတယ်၍ သရော်လိုက သည်း သရော်ပစေတော့ဟု သဘောထားသည်။ တကယ် တော့ ထိုလုပ်ပိုင်ခွင့်သည် မိမိ တစ်ဦးတည်းပိုင် အခွင့်အရေး မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် လယ်ကွင်းတစ်ခုပေါ် မကျော်ဖြတ်လာကြ သည်။ လမ်းတစ်ဘက်မှ စမ်းချောင်းသည် ပို၍ ကျယ်လာ သည်ကို သတိထားမိကြ၏။ နောက်ဆုံးတွင် သူတို့သည် ပင်လယ်ကမ်းခြေသို့ ဆိုက်ရောက်လာကြသည်။ လူစီ၏ စိတ် သည် ထိုအချိန်အထိ ကြည်လင် ရွှင်လန်းမှုကို မရသေး အပြန် ခရီးတွင် လည်း သူသည် မျက်စိများကိုမှိတ်ထား ဆိ ချင်ဟန် ဆောင်လာသည်။ ဖရန့်၊ အန်နာနှင့် ပီတာတို့သည် သီချင်းတစ်ပုဒ်ကို သံပြိုင် ဆိုလာကြသည်။ လူစီကတော့ သူတို့နှင့်ရော၍ ဆိုချင်ဟန်ချင်စိတ်မရှိ။ သူ့ရင်သည် ထင် ကျပ် လေးလံလျက်ပင် ရှိနေသေးသည် မဟုတ်ပါလား။

ဆိပ်ကမ်း ပြန်ရောက်သည့်အခါ ဒေ့ဗ်က ဆီးကြိုသည် 'ပျော်ခဲ့ကြရဲ့လား'ဟု လာကျွတ်စကားဖြင့် နှုတ်ဆက်သည် 'ပျော်ခဲ့ပါတယ်'ဟု အလိုက်သင့် ပြန်ဖြေလိုက်သော်လည်း လက်တွေ့တွင် လုံးဝ မပျော်ရွှင်ခဲ့ရသည့် သူ့အဖြစ်ကို မြင် တွေးမိသည်။

မည်သို့ပင်ဖြစ်စေ ကိုယ့်အိမ်ရိပ်ကို ပြန်ဝင်မိသည့်အခါ သူ ဝမ်းသာသည်။ ပီတာအား ရေချိုးပေးပြီး သိပ်လိုက် သည်။ သူကိုယ်တိုင်လည်း အဝတ်များလဲကာ အောက်ထပ် သို့ ဆင်းခဲ့သည်။ ထုံးစံအတိုင်း သူလုပ်နေကျ ဇာထိုးသည့် အလုပ်ကို လုပ်နေသော်လည်း စိတ်ဝင်စား၍မရ။ အန်နာ အိပ်ရာ မဝင်သေးသည်ကိုကြည့်ကာ စိတ်မရှည်နိုင်ဖြစ်လျက် ရှိ၏။ တိုင်ကပ်နာရီဆီမှ ဆယ် ချက် တီး သံ ကြား ခါမှပင် အန်နာသည် အိပ်ရာဝင်သည်။ နောက်ဆုံးကျတော့လည်း လူစီသည် သူ့ယောကျ်ားနှင့် နှစ်ယောက်တည်း ကျန်ရစ် ခဲ့ကြပြီဖြစ်၏။

သူ မျော်လင့် စောင့်စားနေသော အခွင့်အရေးကို ရပြီ။ သူသည် လက်ထဲမှ ဇာထိုးအပ်များကို ချထားလိုက်ပြီး ညနေ ခုတ် သတင်းစာကို ဖတ်နေသည့် ဖရန့်၏ဘေးသို့ ပြောင်း ထိုင်လိုက်သည်။

'ဖရန့်၊ လူစီ အန်နာ့အကြောင်း ပြောချင်တယ်...' ဟု သားစသည်။

'ပြောလေ...၊ မောင်နားထောင်နေပါတယ်'

လူစီက သက်ပြင်းချသည်။ 'လူစီနဲ့ အန်နာက အခုမှတွေ့ ကြတာ၊ လူစီနဲ့ မတွေ့ခင်ကတည်းက သူ့အကြောင်းကို ဖရန့်သိခဲ့တယ် မဟုတ်လား'

'မင့်မေးခွန်းက ဘယ်လိုကြီးလဲကွာ...' ဟု ဖရန့်က ပြော သည်။ 'မောင်တို့ လီဗင်းဖို့ဒ်မြို့မှာ အတူတူနေပြီး ကြီးလာ ခဲ့ကြတာပဲ၊ ငယ်ငယ်ကတည်းက အတူသွား အတူလာစား လာခဲ့ကြတယ်ဆိုတာ မင်းသိနေတာပဲ'

'မောင်ဘဲလ်ဖတ်မြို့မှာနေတုန်းကလဲ သူနဲ့ မကြာ မကြာ ဆုံခဲ့ကြတယ်နော်'

'အေးပေါ့၊ ဆုံခဲ့ကြတာပေါ့'

'ဒီလိုဆိုရင် သူ့အကြောင်း လူစီ့ကို ဘာ့ကြောင့် အသိ ပေးတာလဲ'

ဖရန့်သည် လူစီအားလှည့်မကြည့်၊ သူ့အကြည့်ကိုသတင်း စာပေါ်၌သာ စူးစိုက်ထားသည်။ သူ့လက်ချောင်းများသည် ဒူးခေါင်းကိုရိုက်ခတ်နေသည်။

'မင်း ဘာကိုဆိုလိုနေတာလဲ'

'အန်နာ ကလေးတစ်ယောက် ရခဲ့တယ်ဆိုတာ လူစီ့ကို ဘာ့ကြောင့်ဖွင့်မပြောတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဖရန့်က ခေါင်းယောင်ကြည့်သည်။ အံ့အားသင့်နေဟန် လည်းရှိ၏။ 'ဘာ'ဟု ရေရွတ်သည်။ 'အဲဒီကိစ္စကို မင်းဘယ် လိုလုပ်ပြီး သိလာတာလဲ'

'ဘယ်လိုပဲသိသိ လူစီသိရတာဟာ ရှင်ကတစ်ဆင့် မဟုတ် ဘူးဆိုတာကတော့ အထူးပြောဖို့မလိုပါဘူး'ဟု လူစီက နှာ ကြည်းသံဖြင့်ပြောသည်။ 'အမှန်တော့ ရှင် လူစီ့ကို ပြော သင့်တယ်၊ မပြောသင့်တယ်ဆိုတာလဲ ရှင် သိမှာပါ၊ ဒီကိစ္စ သိနေရက်သားနဲ့ လူစီ့ကို မပြောခဲ့ဘူး၊ အန်နာ့ကို အလည် လာဖို့ဖိတ်တော့လဲ ဒီအတိုင်းပဲ ကြည့်နေတယ်၊ ပြီးတော့ လူစီ ရစ်ချတ်ဆီသွားတော့လဲ အန်နာ့ကို အိမ်အပ်ခဲ့ရတယ် ဆိုတာ ရှင် သိရက်သားနဲ့မပြောဘူး၊ ဒီလိုလုပ်တာဟာ မမှန် ဘူးလို့ လူစီထင်တယ်၊ ပြီးတော့ နားမလည် နိုင်အောင် ဖြစ်ရတယ်၊ ဒါမျိုးကို လူစီ လုံးဝမကြိုက်ဘူး၊ ရှင် ဘာပြုလို့ လူစီ့ကို ဖွင့်မပြောဘဲ ဖုံးထားရတာလဲ'

ဖရန့်၏မျက်နှာသည် နီမြန်းလျက်ရှိသည်။ 'အခါ အခွင့် မသင့်လို့ မပြောဖြစ်ခဲ့တာပါ' ဟု ပြောသည်။ 'မောင့်ကို တော့ အပြစ်မပုံစေချင်ဘူး'

အမှန်တော့လည်း ဖရန့်သည် ဤကိစ္စကိုပြောပြရန် စိတ် ကူးခဲ့သည်မှာ အမှန်ပင်ဖြစ်၏။ သို့သော်လည်း အမှတ်တမဲ့ နေတတ်သည့်အကျင့်ကြောင့် ဤကိစ္စကို မပြောမိခဲ့ခြင်းဖြစ် သည်။ ထို့ပြင်လည်း သူ့အနေဖြင့် အန်နာ၏ အရှက် နှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းလိုသောစိတ်ကလည်း ရှိနေခဲ့၏။

'မင့်ကို မပြောဖြစ်ခဲ့တာက တခြားကြောင့် မဟုတ်ဘူး လူစီ၊ တကယ်တော့ ဒီကိစ္စဟာ မင်းနဲ့ ဘာမှပတ်သက်တဲ့ကိစ္စ မဟုတ်လို့ပါ၊ အမှန်အတိုင်း ပြောရရင် အခုချိန်ထိလဲ မင်းနဲ့ ဘာမှဆိုင်တဲ့ကိစ္စ မဟုတ်ပါဘူး'

'ဟုတ်ပါတယ်၊ လူစီနဲ့ ဘာမှမဆိုင်ပါဘူး....' ဟု လူစီက လှိုက်မောသံဖြင့် ရေရွတ်သည်။ 'ဒါကြောင့်လဲ လူစီ့အိမ်ထဲ ကို ဒီလို အမျိုးအစား မိန်းမတစ်ယောက် ရောက်လာတာ ပေါ့၊ ရှင်က စထားမပြောတတ်တဲ့ အ,အကြီးလို့ လုပ်နေ လိုက်တော့ အခုလို ဂုဏ်သိက္ခာမဲ့တဲ့အဖြစ်မျိုး ရောက်လာရ တာပေါ့၊ ကျွန်မတို့မိသားစု အသရေ ပျက်စေမယ့် မိန်းမ တစ်ယောက်ကို လက်ခံထားရတဲ့ အဖြစ်မျိုးဟာ ကောင်း သလား၊ ရှင်က ကိုယ့်မယားသိသင့်တဲ့ကိစ္စကို မပြောဘဲ ဖုံး ထားလို့ ဒီအဖြစ်မျိုးနဲ့ ကြုံရတာ မဟုတ်လား'

'စိတ်ကို အေးအေးထားပြီး ပြောပါကွာ...' ဟု ဖရန့်က ဒေါသဖြင့် အော်သည်။

'အန်နာဟာ ငါ့ညီမ ဝမ်းကွဲပါ'

'ကျွန်မတို့ မပြောရင် မဖြစ်တဲ့ အပိုင်းကို ရောက်လာပြီ ဖရန့်'ဟု လူစီက တင်းမာသောလေသံဖြင့် ပြောသည်။ သူ့ မျက်လုံးများသည် ဒေါသရှိန်ဖြင့် တလက်လက်တောက်ပနေ ကြသည်။ 'ကျွန်မတို့နှစ်ယောက် သဘောထားချင်း လုံးဝ မတိုက်ဆိုင်နိုင်တဲ့ ပြဿနာတစ်ခုတော့ ရှိလာပြီ၊ ကျွန်မ ပွင့် ပွင့်လင်းလင်းပဲ ပြောမယ်၊ ကျွန်မ အန်နာကို မကြိုက်ဘူး၊ နားလည်လား၊ အခု ကျွန်မ သူ့အကြောင်းသိပြီ၊ ကျွန်မ သူ့ကို လုံးဝသဘောမကျဘူး၊ ဒီနေ့ဆိုရင် လျှော်ပေါ်မှာ သူ ဘာလုပ်ခဲ့သလဲ၊ အက်ဒ်ဝပ်ကို ပြောဆိုနေတာ ရှက်ဖို့မရှိဘူး၊ သူဟာ ကျွန်မညည်းသည်ပါ၊ ဒါပေမယ့် သူ့ကိုကြည့်ပြီး လက်

www.burmeseclassic.com



မခံနိုင်တော့ဘူး၊ ကျွန်မ အဓိပ္ပါယ်မရှိတဲ့ဟာတွေကို ဘာ
မခံနိုင်တော့ဘူး၊ သိလား'

'မင်း ဘာတွေလျှောက်ပြောနေတာလဲ'

လူစီ၏မျက်နှာသည် နီရဲလာသည်။

'ဒီနေ့ ရှင်တို့လုပ်ခဲ့တာကို ကျွန်မ နားမလည်ဘူးလို့
နေသလား'ဟု လူစီက ဖရန့်၏မျက်နှာကို စေ့စေ့ကြည့်
မေးသည်။ 'ရှုခင်းသွားကြည့်တာတဲ့၊ ဟင်း....ရှုခင်းတဲ့'

'ဟုတ်တယ်၊ ငါတို့သွားတာ ရှုခင်း သွားကြည့်တာ
မင်းက ဘာလုပ်ဖို့သွားတယ် ထင်နေသလဲ'ဟု ဖရန့်က
သည်။

'ရှင် ကျွန်မကို မခေါ်ပါနဲ့'ဟု လူစီက အံကြိတ်၍
သံဖြင့် ပြောသည်။ 'ရှင့်မယားအပေါ် ရှင် ဘယ်လိုဆက်
နေတယ်ဆိုတာ အန်နာကြားအောင်မလုပ်ပါနဲ့၊ ရှင်ဟာ
တစ်နေ့လုံး သူ့နောက် တကောက်ကောက် လိုက်ပြီး
ယာမှုရှာခဲ့တယ်၊ အခု ညခင်းကျတော့ ကျွန်မကို ဒေါ
ဟကြီးနဲ့ ရန်ရှာတယ်၊ ရှင် လုပ်ပုံကကောင်းသလား၊ ရှင် ရှက်
ကောင်းနေပြီ နားလည်ရဲ့လား'

'မဟုတ်ဘူးလို့ မင်းကို ပြောပြီးပြီ၊ ငါ သူ့ကို အိမ်
တစ်ယောက်အနေနဲ့ စိတ်သာယာမှုရှိအောင် ညှိခဲ့တာပဲ'

'ကျွန်မ ရှင့်အကြောင်း မသိဘူးမထင်နဲ့ ဖရန့်၊ ရှင်ဟာ
အဲသလိုညှိခံတတ်တဲ့ လူစားမျိုးမဟုတ်ပါဘူး၊ ရှင် ကျွန်မ
လိမ်ဖို့မကြိုးစားနဲ့၊ အလကားပဲ၊ ကျွန်မ ရှင့်ကို ဘယ်လော
ချစ်တယ်ဆိုတာ ရှင် သိပါတယ်၊ ဒိုပ်ထောင်သက် ကိုးနှ
အတွင်းမှာ ကျွန်မ ရှင့်ကို ဘာမဆို အသိမပေးခဲ့ဘူး၊ ဘာကို

ချွန်မထားခဲ့ဖူးဘူး၊ ကျွန်မ ရှင့်အပေါ် သစ္စာလဲရှိခဲ့တယ်၊
ဒါနဲ့တောင်မှ ရှင့်ဘက်က....'

'ကောင်းပြီ လူစီ'ဟု ဖရန့်က ပြောသည်၊ 'မင့်ကိုငါ ထပ်
ပြောလိုက်မယ်၊ ငါတလဲ အန်နာ့နောက်မလိုက်ဘူး၊ အန်နာ
လဲ ငါ့နောက်မလိုက်ဘူး၊ ငါ သူလာတာမကြိုက်လို့ မင်း
ကိုပြောဖူးခဲ့တာတွေ မမေ့မပစ်နဲ့၊ သူ့ကိုအလည်လာဖို့ ခေါ်
တာ ဘယ်သူလဲ၊ မင်းပဲမဟုတ်လား၊ ခေါ်တုန်းက ခေါ်
တယ်၊ အခုရောက်လာတော့ ပြန်မောင်းထုတ်ဖို့ ငါ့ကိုခိုင်းချင်
တယ်၊ မင်း ရူးနေပြီလို့ပဲ ငါထင်တယ်၊ ဒါပေမယ့် မင့်ကို
ငါ တစ်ခုတော့ အသိပေးထားလိုက်မယ်၊ ဒီကိစ္စမှာ မင်း
ငါ့ကို ဆရာကြီးလုပ်ဖို့ ချုပ်ချယ်ဖို့တော့ မကြိုးစားနဲ့၊ မရ
ဘူး၊ ငါ အန်နာ့အပေါ်မှာ ငါကြိုက်သလိုပဲ ဆက်ဆံမယ်၊
အန်နာဟာ မင်းထင်သလောက် ဆိုးဝါးတဲ့ အမျိုးအစား
မဟုတ်ပါဘူး'

နှစ်ဦးစလုံး ငြိမ်ဆိတ်နေကြသည်။ လူစီ၏မျက်နှာသည်
ချောဖျော့တော့လျက်ရှိ၏။ သူ့မျက်လုံးအစုံတွင် ဒေါသ
အခိုးအငွေ့များ ယှက်သန်းနေသည်။ သူ့အတော့ ကောင်း
လှသော စကားနာဖြင့် နှစ်ဦး နှစ်ဘက် ဆက်ဆံရေး ပြေ
လည်ရန် ဉာဏ်ကိုစွက် ခဲ့ခြင်းဖြစ်၏။ သို့သော်လည်း တစ်ဘက်
က အမြင်တစ်မျိုးဖြင့် တုံ့ပြန်ခဲ့သည်။ သူ့အား အပြစ်တင်
စကားများပြောတာ သူလိုရာဆွဲ၍ ပွဲကိုအပြီးသတ်သွားခဲ့၏။
ဖုံးကွယ်မထားသင့်ပါဘဲလျက်နှင့် ဖုံးကွယ်ထားခဲ့သည့် ကိစ္စ
သူတော့ ဘာ့ကြောင့်ဟု မည်မည်ရရ ရှင်းမပြ၊ ဉာဏ်ချက်
သည် လူစီ့အတွက် အလွန် နာကြည်းစရာကောင်းသည့်
အချက်တစ်ချက် ဖြစ်သွားခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် ထိုင်ရာမှဖြုန်းခနဲ ထရပ်လိုက်သည်။ 'ဒီမယ် ဖရန့်၊ ရှင့်ကို ကျွန်မ နားလည်စေချင်နေတာတစ်ခု ရှိတယ်' ဟု ပြောသည်။ 'ရှင့်အနေနဲ့ အဲဒီကိစ္စကို အကြောင်းတစ်ခုခု ကြောင့် ကျွန်မကို အသိမပေးဘဲ ဖုံးကွယ်ထားတယ်၊ ကျွန်မ ဘယ်လောက်အထိ စိတ်ထိခိုက်ရတယ် ဆိုတာကျတော့ ရှင် မသိဘူး၊ ရှင့်အနေနဲ့ ရှင်ကိုယ်တိုင် ရှင့်ကိုယ်ရှင် စိတ်ထိခိုက် အောင်လုပ်မိတဲ့ အဖြစ်မျိုးနဲ့ ကြုံစေချင်ပါတယ်၊ ဒါမှ ရှင် သိလာမှာပါ'

လူစီသည် ရင်ကိုကော့ကာ ခေါင်းကို မော့ထားသည်။ မျက်ရည်များ ပြည့်လျှံနေသဖြင့် သူ့မျက်လုံးများသည် ရီဝေမှုန်မှိုင်းနေကြသည်။ သူသည် နောက်သို့ ချာခနဲလှည့် ကာ အခန်းထဲမှ လျှင်မြန်စွာ ထွက်ခွာသွားသည်။

* * *

( ၄ )

ထိုညတွင် လူစီသည် ကောင်းစွာအိပ်မပျော်။ ဖရန့် နှင့် ...ခဲ့ရသည့်ရန်ပွဲကို သတိရကာ ကြက်အိပ် ကြက်နိုး ဖြစ်ခဲ့ရ ...သည်။ ရန်ပွဲအတော့ ပြီးသွားခဲ့ပြီဖြစ်သော်လည်း အရှိန်က ...နေသေး၏ မည်သို့ပင်ဖြစ်စေ ပြန်လည် သင့်မြတ်သွားလို ...သည့်စိတ်အတော့ လူစီတွင် ရှိနေသည်။ ထို့ကြောင့်လည်း ...ယာမှနိုးလာသည့်အခါ ရုတ်တရက်မထသေးဘဲ သူ့ဘေး အိပ်မောကျနေဆဲဖြစ်သော ဖရန့်အား စေ့စေ့စပ်စပ် ...ကြည့်နေမိသည်။

ဖရန့်၏ဦးခေါင်းသည် အလွန်လှသည်ဟု သူထင်သည်။ ...ောင့်စင်းပေါ်လွင်သော နှာခေါင်း အလှသည်လည်း ချစ် ...စရာကောင်းလှသည်ဟုပင် သူထင်၏။ သူ့နှာခေါင်းသည်

www.burmeseclassic.com

www.burmeseclassic.com



သူညီအစ်ကို မောင်နှမများနှင့် မတူ၊ ထူးထူးခြားခြား ထ... သောနှာခေါင်းဖြစ်သည်။ တကယ်တော့ ချစ်မြတ်နိုး... သော ဖရုန်သည် သူပိုင်ဆိုင်သော လူဖြစ်၏။ သို့ဖြစ်ရာ...

ဖရုန်သည် တစ်ချက်မျှ လူးလွန့်ကာ သူ့ဘက်သို့ စော... လိုက်သည်။ မျက်လုံးဖွင့်ကြည့်လိုက်သည့်အခါ လူစီက အ... ဖြင့် ဆီးကြိုသည်။ 'မင်္ဂလာ နံနက်ခင်းပါ...' ဟု သူက နှ... ဆက်သည့်အခါ ဖရုန်ကလည်း ပြန်၍ နှုတ်ဆက်သည်။ ... တစေသည်။ အပြုအမူက စိတ်ပါလက်ပါမရှိသဖြင့် လူစီ စိ... မကောင်းဖြစ်ရ၏။ မည်သို့ပင်ဖြစ်စေ လူစီကတော့ သူ့ခံစ... မှုကို ထုတ်ဖော်ပြသခြင်းမပြု၊ သူ့အနေဖြင့် ယမန်နေ့ည... အဖြစ်ကို ပြန်၍အစမဖော်မိအောင် သတိထားမည်ဟု ... ဖြတ်ထားပြီးပြီ မဟုတ်ပါလော။

လူစီသည် မိနစ်အနည်းငယ်ကြာမျှ စောင့်ကြည့်နေသည်... တနင်္ဂနွေနေ့များတွင် ဖရုန်သည် မနက်ခင်း လက်ဖက်ရည်... သောက်ပြီးတိုင်းသွားယူပြီး မိမိအား ပေးလေ့ရှိ၏။ အခု... ထိုအစီအစဉ်ကို လုပ်ပါမလား။ သို့သော်လည်း လုပ်မ... အရိပ်အယောင်မပြ။ လူစီသည် အိပ်ရာမှထကာ ခုတင်ပေါ်... ဆင်းသည်။ ဖရုန်အား ကျောခိုင်းကာ အဝတ်လဲသည်။

'မထပါနဲ့ဦးလား၊ စောပါသေးတယ်'

'မဖြစ်ဘူး ဖရုန်၊ လူစီ့မှာ လုပ်စရာတွေ အများကြီးရှိ... တယ်၊ ဒီည မစ္စတာလင်းနေ့ဝ်လဲ လာလိမ့်မယ်၊ သူလာ... လူစီ သူနဲ့ ဘာတွေပြောမလဲဆိုတာ စောင့်ကြည့်ပေါ့၊ ကဲ... ထပါတော့၊ ဘုရားကျောင်း သွားကြမယ်'

လူစီသည် စကားဆုံးသည်နှင့် တစ်ပြိုင်နက် အခန်းထဲ... ထွက်သွားသည်။ ဖရုန်သည် ယမန်နေ့ညက လူစီနှင့် ဖြစ်ခဲ့... ...သည်များကို မမေ့လျော့မရသေး။ ထိုအချိန်တွင် သူ့သား ပီတာ... ...လာသည်။ ထုံးစံအတိုင်း ပုံပြောခိုင်းသည့်အခါ ဖရုန်က... ...သည်။ ညက လူစီ၏ အစီအစဉ်မကောင်းမှုသော လုပ်ရပ်ကို... ...တိရကာ ဒေါသက မပြေသေး၊ ပြီးတော့ လင်းနေ့ဝ်... ...လိမ့်ဦးမည်ဟု ပြောသွားသည်။ ဒေါ်တော့ ဘာအစီအစဉ်... ...။

'ဖေဖေ— ပြောလေဗျာ' ဟု ပီတာက အော်သည်။ ထိုအခါ... ...ပင် ဖရုန်သည် ပုံကိုစပြောသည်၊ ပုံ မဆုံးခင် မှာပင် ...က်စာစားဖို့ အချက်ပေးမောင်းသံကြားရသဖြင့် သားအဖ ...ယောက် အောက်ထပ်သို့ ဆင်းလာခဲ့ကြလေ၏။

ထိုနေ့အဖို့ မနက်စာကို သားအမိ သားအဖ သုံးယောက် ...တူစားကြသည်။ ညနေသည် အနန္တကတော့ သူ့ အိပ်ခန်း... ...မှာပင်စားသည်။ စားသောက်ပြီး၍ ဘုရားရှိခိုးကျောင်း ...သည့်အခါတွင်လည်း သူတို့သုံးယောက် အတူတူပင်ဖြစ် ...သည်။ ဘုရားရှိခိုးကျောင်းမှအပြန်တွင်မူ ဖရုန်နှင့် ပီတာက ...မ်းလျှောက်ထွက်ကြသည်။ လူစီကတော့ အိမ်သို့ ပြန်လာ ...ခဲ့မှုကိစ္စဖြင့် အလုပ်ရှုပ်နေရ၏။ အထူးသဖြင့် ယနေ့ည ...စ္စတာ လင်းနေ့ဝ်အား ညစာစားဖို့ ဖိတ်ထားသည် မဟုတ် ...ပါလား။

လူစီအနေဖြင့် မစ္စတာလင်းနေ့ဝ်အား ဖိတ်ကြားထား ...င်းသည် သူ့ရည်ရွယ်ချက်နှင့်ဖြစ်သည်။ သူ့ယောကျ်ား... ...၏ ဘဝ တိုးတက်မြင့်မားရေးအတွက် မစ္စတာ လင်းနေ့ဝ် ...အား ဖွင့်ပြောပြီး အကူအညီတောင်းခံရန် ကြံစည်ထားခဲ့ ...သည်မှာ ကြာပြီ၊ ယနေ့ညတော့ မပြောလျှင် မဖြစ်တော့ဟု

www.burmeseclassic.com

www.burmeseclassic.com



သူ့တွက်ထားသည်။ အကယ်၍ ပြောလိုက်ပါကလည်း သူ့အစီအစဉ်သည် အောင်မြင်ရမည်ဟု သူ ယုံကြည်သည်။

တကယ်တော့ သူ့ယောကျ်ားသည် သင့်တော်သော လုပ်ခနန်းထားဖြင့် ကုမ္ပဏီတွင် အလုပ်သုပ်လာခဲ့သည်မှာ ကြာခဲ့ပြီ။ အခုလို လုပ်ငန်းတိုးချဲ့ချိန်တွင် သူ့ယောကျ်ား အနေဖြင့် အစုရှယ်ယာဝင်ခွင့်ရခဲ့ပါမူ တိုးတက်ရာလမ်းကြောင်းပေါ်သို့ရောက်သွားဖွယ်ရာရှိ၏။ အစုရှယ်ယာကိုလည်း တစ်လုံးတည်း မပေးရဘဲ အရစ်ကျစနစ်ဖြင့် ပေးသွင်းခွင့် ရခဲ့ပါမူ မိမိတို့အဖို့ ပို၍အဆင်ပြေစရာရှိ၏။ အဓိက လိုအပ်သည်မှာ မစ္စတာလင်းနေဘ့စ်အား နားဝင်အောင် ပြောပြဖို့သာဖြစ်၏။ ဘာပဲဖြစ်ဖြစ် ဒီညတော့ ဆက်ဆက်ပြောတော့မည်ဟု သူ အခိုင်အမာ ဆုံးဖြတ်ထားပြီးပြီ။

အကယ်၍သာ မစ္စတာ လင်းနေဘ့စ်က လက်ခံခဲ့ပါမူ ကုမ္ပဏီလုပ်ငန်းသည် လင်းနေဘ့စ်နှင့် ဖရန့်မူးတို့ပိုင်ဆိုင်သော လုပ်ငန်းတစ်ခုဖြစ်လာဖို့ရှိ၏။ သို့ဆိုလျှင်....။

မီးဖိုခန်းထဲ၌ အလုပ်များနေသော လူစီသည် သူ့အတွေးနှင့်သူ ကျေနပ်အားရစွာ ပြုံးလျက်ရှိသည်။

ထို ညနေခြောက်နာရီတွင် အိမ်ရှေ့မှ ခေါင်းလောင်းသံကြားရသည်။ လူစီသည် သူကိုယ်တိုင်သွား၍ တံခါးကို ဖွင့်ပေးကာ မစ္စတာ လင်းနေဘ့စ်အား ခေါ်လာခဲ့လေသည်။ လင်းနေဘ့စ်သည် လူစီအား ခင်မင်သူဖြစ်၏။ လူစီ အပေါ် အထင်အမြင်ကြီးသူလည်းဖြစ်၏။ ထို့ကြောင့်လည်း လူစီနှင့်သူ၏ ဆက်ဆံရေးသည် အမြဲတစေ ချောမွေ့ခဲ့သည် မဟုတ်ပါလား။

ညစာ စားပွဲသည် စိုစိုပြည်ပြည်ရှိသည်။ ပီတာဆလည်း ငြိမ်ငြိမ်ဆိတ်ဆိတ်ပင်ရှိသည်။ မစ္စတာလင်းနေဘ့စ်သည် ဖရန့်နှင့် စကားလက်ဆုံကျနေသည်။ ရံဖန်ရံခါတွင် အန်နာနှင့် မိမိတို့က ဝင်ပြောသည့်အခါ ဝင်ပြောသည်။

လင်းနေဘ့သည် ကော်ဖီကိုတစ်ကျိုက်မျှ သောက်လိုက်ပြီး ပန်းကန်ကို ပြန်ချထားလိုက်သည်။ ထို့နောက် အန်နာ့ဘက်လှည့်၍ 'မင်းကော ဘယ်တော့လောက် ပြန်မယ်လို့ စိတ်ကူးထားသလဲ'ဟု မေးသည်။

အန်နာက ပြုံးသည်။ ဤမေးခွန်းကို နေ့လယ်စာ စားနေစဉ်ကတည်းက အန်နာ့ရင်ထဲ၌ တည်ရှိလာခဲ့သည်။ ယခုလည်း အမေးခံရပြန်ပြီ။

'အပြောင်းအလဲလေးနဲ့တွေ့တော့ အန်နာပျော်နေတယ်'ဟု အန်နာက မျက်ခုံးပင့်ကြည့်ပြီး ပြောသည်။

'သူ့အနေနဲ့ အရေးတကြီး ပြန်ဖို့မလိုပါဘူး'ဟု ဖရန့်က ဝင်ပြောသည်။ 'သူ ဒီမှာ သူကြိုက်သလောက် နေနိုင်ပါတယ်'

လူစီက ကော်ဖီပန်းကန် ဖျတ်ခနဲချထားလိုက်ပြီး ဖရန့်၏ မျက်နှာကို စိုက်ကြည့်နေသည်။ 'မဟုတ်သေးဘူး ဖရန့်ရဲ့'ဟု ပြောသည်။ 'အန်နာ့မှာ သူ့အစီအစဉ်နဲ့သူ ရှိနေချင် ရှိနေမှာ၊ လူစီတို့က တားနေလို့ ဘယ်ဖြစ်ပါ့မလဲ'

'အန်နာ့မှာ အစီအစဉ် အထူးအထွေ မရှိပါဘူး....'ဟု အန်နာက ဝင်ပြောသည်။

'အန်နာက ဘယ်တော့မှ ကြိုတင်စီစဉ်တာတွေ ဘာတွေ လုပ်လေ့လုပ်ထ မရှိဘူး၊ အခြေအနေအရ ကိုယ်နဲ့သင့်တော်မယ်ထင်တဲ့ဟာကို ဆောက်လုပ်လိုက်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင်တော့ မင်းဟာ အလွန့်ကို ခေတ်မီတဲ့ ထားလေးတစ်ယောက်ပဲ'ဟု လင်းမနော့စ်က မှတ်ချက်ချသည်။

'အန်နာနဲ့လူစီ မတူတာ အဲဒါပဲ'ဟု လူစီက ပြောသည်။ 'လူစီကတော့ ရည်ရွယ်ချက်ကို ကြိုတင်ပြီး တွက်တယ်၊ တော့မှ လုပ်စရာရှိတာကို စနစ်တကျ ဆက်လုပ်တယ်၊ လူ တော့ ကိုယ့်ဘဝကိုယ် ရေစီးနဲ့ အလိုက်သင့် မျောပါသွား တာမျိုး အဖြစ်မခံနိုင်ဘူး'

'အန်နာကတော့ ဖြစ်လာတဲ့အတိုင်းလက်ခံတယ်၊ တာ လို့ ကိုယ်ဖြစ်ချင်သလို အတင်းအဓမ္မ လုပ်နေရင် နံရံ တစ်ခုကို ခေါင်းနဲ့ပြေးဆောင့်သလို ဖြစ်သွားမှာပေါ့၊ ဖ ကော ဘယ်လိုထင်လဲ၊ ကိုယ်လိုချင်တာတွေ ရဖို့အတွ အပြင်းအထန် ရုန်းကန်နေရတာကို ကြိုက်သလား'

မျက်လွှာကိုချ၍ သူ့ပန်းကန်ကို စိုက်ကြည့်နေသော ဖ က 'ကိုယ်တော့ မသိဘူး'ဟု ပြောသည်။ 'ကိုယ့်ကိုကို တခြားလူတွေနဲ့ အတူတူပဲလို့ ထင်တာပဲ၊ အလုပ်ထဲမှာ တော့ ပျော်စရာ ရှာမတွေ့ပါဘူး၊ မင်း အလုပ် လုပ်တယ် ဘာ့ကြောင့်လဲ၊ ရှင်းပါတယ်၊ မလုပ်မဖြစ်လို့ လုပ်ရတာ မင်းက ကြိုက်လို့လုပ်တာ မဟုတ်ပါဘူး'

စားပွဲထိပ်၌ထိုင်နေသော လူစီ၏ တစ်ကိုယ်လုံး တော တင်းသွားသည်။ အခုလိုအလုပ်နှင့် ပတ်သက်၍ အရေးကြ သောကိစ္စ ပြောမည်ဟု စိစဉ်ထားသည့်ညကျခါမှ ဤစကား မျိုးကိုလင်းနော့စ်ရှေ့၌ ပြောလိုက်ခြင်းသည် သူ့ယောကျ်ား ရူးမျှားသွားလို့လား။

'အခ်ပ္ပာယ်မရှိတဲ့ စကားတွေပဲ'ဟု လူစီက ရေရွတ်သည်။ 'ရှင့်ဟာ ရှင့်အလုပ် အပေါ်မှာ အလွန် စိတ်ဝင်စားတယ်



တာ လူစီ သိနေတာပဲ၊ လူစီလောက် ဘယ်သူသိမှာလဲ၊ စ်နေကပဲ ရှင့်အလုပ်ကို ရှင်အလွန်သဘောကျတယ်လို့ ကို ပြောနေသေးတာပဲ၊ ရှင့်အတွက် အလွန်ကြီးမားတဲ့ ခွင့်ကောင်းကြီး တစ်ခုဆိုတာ ရှင် သိဖို့ကောင်းပါတယ်'

'အဲဒီအခွင့်အရေးကို ရှင့်ဘာသာရှင်ပဲ ရအောင်ယူပေ စီရယ်'ဟု အန်နာက ကြားဖြတ်ပြောသည်။ 'ဘာ့ကြောင့် ဆိုတော့ အဲဒီအခွင့်အရေးကို သိပ်ကောင်းတယ်လို့ ထင် တော ရှင်ပဲမဟုတ်လား'

လင်းနော့စ်က အန်နီ၏စကားကို သဘောကျဟန်ဖြင့် ယ်သည်။ လူစီအား လှည့်ကြည့်ပြီး 'ဟုတ်သားပဲ၊ အန်နာ ပြောတာ မှန်တယ်'ဟု ပြောသည်။ 'အဲဒီအခွင့်အရေးကို င်း ရအောင်ယူဖို့ ကောင်းတယ် လူစီ၊ ဗီနေရာမှာ မင်းက င်းယောကျ်ားထက် ပိုပြီး တော်တယ်လို့ ငါကတော့ယုံကြည် နေတယ်၊ တကယ်လို့ မင်း လိုလားတယ် ဆိုရင်တော့ ငါ့ကို အသိပေးပေါ'

လူစီ၏မျက်နှာသည် ရဲရဲနီလာသည်။ အန်နာ၏ မဆီမဆိုင် ဝင်စွက်မှုကြောင့် မိမိ ကြံစည်စိတ်ကူးထားသမျှ အားလုံး ကပြောင်းကပြန် ဖြစ်ကုန်ရပြီဟု တွေးမိကာ စိတ်ထဲတွင် မခံ ရပ်နိုင် ဖြစ်နေသည်။ မည်သို့ပင် ဖြစ်စေ၊ ယခုရလာသည့် အခြေအနေကိုပင် သူ မဖြစ်မနေ အသုံးချတော့မည်ဟု ချက် ချင်း ဆုံးဖြတ်လိုက်သည်။

သူသည် အန်နာ၏ သရော်သောအကြည့်ကို သတိမထား မိ။ လင်းနော့စ်ကိုသာ ကြည့်၍ သူ့ကိုယ်သူ ရဲရဲတင်းတင်းလျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ စကားတစ်ခုတော့ ပြောပြချင်ပါတယ် မစ္စတာ လင်းနေ့ဒ်'ဟု စကားစသည်။ 'တခြားမဟုတ်ပါဘူး၊ ဖရန့်ရဲ့ အလုပ်ကိစ္စပါ'

'အင်း… သူ့အလုပ်ကိစ္စ …'ဟု လင်းနေ့ဒ်က ရေရွတ် သည်။

'ဟုတ်ပါတယ် ရှင်၊ ကျွန်မတို့ သိထားရသလောက်ဆိုရင် မစ္စတာလင်းနေ့ဒ် လုပ်ငန်းကို တိုးချဲ့ဖို့ရှိနေတယ် မဟုတ် လား၊ အဲဒီတော့ လုပ်ငန်းချဲ့ထွင်တဲ့အခါမှာ ပိုလာတဲ့အလုပ် တွေကို လုပ်ကိုင်ပေးဖို့ လူတစ်ယောက် လိုလာလိမ့်မယ်လို့ ထင်ပါတယ်'

အခန်းထဲတွင် ငြိမ်ဆိတ်သွားသည်။ အားလုံးက လူ အား ဝိုင်းကြည့်နေကြသည်။

'မစ္စတာလင်းနေ့ဒ် ကိုယ်တိုင်ကော တိုးလာမယ့် အလု ကိစ္စကို တွေးမိပြီးပြီလား မသိဘူး'

'အင်း…ငါကိုယ်တိုင်တတော့ တိုးလာမယ့် အလုပ်ရေ အကြောင်း မတွေးမိသေးဘူးကွယ့်၊ ပြီးတော့လဲ ငါကို တိုင်က ဟိုတုန်းကလို ငယ်ရွယ်တဲ့လူ မဟုတ်တော့ဘူးလေ အဲဒီတော့…

လူစီက ကိုယ်ကိုရှေ့သို့ ကိုင်းလိုက်ပြီး မစ္စတာလင်းနေ့ဒ် ၏ မျက်နှာကို ကြည့်သည်။ 'ဒါကြောင့်မို့လဲ လူစီက မစ္စတာ လင်းနေ့ဒ်မှာ လူတစ်ယောက်တော့ လိုမှာပဲလို့ တွေးမိတာ ပါ'ဟု ပြောသည်။ 'ဒီကိစ္စမှာ တို…ဟို—ဖရန့်ကိုပါ အ ရွယ်ယာ နည်းနည်းပါးပါး ဝင်ခွင့်ပေးပြီး လုပ်မယ်ကိုင်မယ် ဆိုရင်…'



မစ္စတာလင်းနေ့ဒ်သည် အံ့အားသင့်ကာ လူစီအား ကြည့်နေသည်။ စားပွဲတစ်ဘက်ထိပ်မှ ဖရန့်သည် လှုပ်စိ လှုပ်စိဖြစ်နေသည်။ သူ့မျက်နှာသည် နီရဲလျက်ရှိ၏။

'လောလောဆယ် ခေါင်းရှုပ်ခံပြီး စဉ်းစားဖို့ လိုအပ်တဲ့ ကိစ္စ မဟုတ်ပါဘူး မစ္စတာလင်းနေ့ဒ်'ဟု ဖရန့်က ပြော သည်။ 'ညစာကိုသာ အေးအေးဆေးဆေး စားပါ'

'သူ့ကို ဒီအခွင့်အရေးလေးတော့ ပေးမယ်မဟုတ်လား မစ္စတာလင်းနေ့ဒ်'ဟု လူစီက တခေတယလေသံဖြင့် ဇွတ် တိုး၍ ပြောသည်။ 'သူ့ကိုသာ ဒီအခွင့်အရေး ပေးလိုက်လို့ ကတော့ ရှင်မှားမသွားနိုင်ပါဘူး၊ ရှင့်အတွက် အများကြီး အထောက်အကူ ရလာလိမ့်မယ်လို့ ကျွန်မ အာမခံရဲပါ တယ်'

မစ္စတာလင်းနေ့ဒ်သည် လူစီ၏အကြည့်ကို မျက်နှာချင်း မဆိုင်တော့ဘဲ တစ်ဘက်သို့ လွှဲဖယ်လိုက်သည်။ သူသည် ထူးဆန်းသောအပြုံးဖြင့် ကြည့်နေသော အန်နာ့ဘက် လှည့် ကြည့်သည်။

'ကဲ…အန်နာ၊ ဒီကိစ္စကို တို့ ဘယ်လိုလုပ်ကြမလဲ'ဟု မေး သည်။ 'ညစာစားနေတဲ့ လူတစ်ယောက်ကို ဒီမေးခွန်းမျိုး မေးတော့ တော်တော် ခက်သွားတာပဲ'

အန်နာက စိတ်မကောင်းဖြစ်သည့် မျက်နှာထားဖြင့် လင်းနေ့ဒ်အား ကြည့်နေသည်။ 'အခု လောလောဆယ် မစ္စတာလင်းနေ့ဒ်က အလုပ်အကြောင်း ဘာမှမပြောချင် ဘူးနဲ့တူတယ်'ဟု ပြောသည်။ 'ဒါပေါ့လေ…အခုလို နား ရက် တနင်္ဂနွေနေ့မှာဆိုတော့ ပိုပြီး ပြောချင်စိတ် မရှိဘူး ပေါ့…'

www.burmeseclassic.com

www.burmeseclassic.com



လူစီ၏ဒေါသသည် အရှိန်ပို၍ တက်လာသည်။ သို့သော်လည်း အပြင်သို့ ပေါက်ထွက်မလာအောင် ချုပ်တည်းထား သည်။ သူသည် အန်နာ၏မျက်နှာကို စူးစူးဝါးဝါး ကြည့် သည်။ အန်နာ၏စကားကို သူခေါင်းထဲ ထည့်၍ မစဉ်းစား တော့။ သူ ပြောလက်စ စကားကိုသာ လင်းနေ့ဒ်အား ထပ် ပြောသည်။

'အစ်စပ် အဖေဖော်တစ်ယောက် ရှိလာရင် အကျိုးအများ ကြီး ဖြစ်လာနိုင်ပါတယ်၊ အစုထည့်ဝင်ဖို့ ငွေကလဲ ကျွန်မ အစ်ကိုက အကူအညီပေးမှာပါ'

'ဒါပေမယ့် ဖရန့်က....'ဟု အန်နာက စင်ပြောကာ ဖရန့် အား တစ်ချက် လှမ်းကြည့်သည်။ 'ရှင်က ဘာမှမပြောတော့ ဘူးလား၊ အန်နာဆိုလိုတာက ရှင် ဒီဟာကို ဘယ်နည်းနဲ့မှ မကြိုက်ဘူးလို့ ကျွန်မကတော့ ထင်....'

ဖရန့်၏မျက်နှာသည် နီမြန်းနေဆဲ၊ ယောက်ျား၏ အခြေ အနေ တိုးတက်ရေးအတွက် မယားလုပ်သူက ကြိုးပမ်းအား ထုတ်နေခြင်းသည် သင့်တော်ပါ၏လော၊ အထူး သဖြင့် အန်နာ့ရှေ့တွင် ပြောဆိုနေခြင်းသည် သိက္ခာချရာ မရောက် ပေဘူးလား။ ဤအိမ်တွင် သူသာလျှင်သခင်၊ သူသာလျှင် အာဏာပိုင်ဖြစ်သည်ဟု အများသိအောင် လုပ်တော့မည်ဟု မနက်ကပင် အတိအလင်း ပြောမိခဲ့သေး၏။ အခုတော့ ဖရန့် သည် စိတ်ဆိုးသော မျက်နှာထားဖြင့် လူစီအား ကြည့် သည်။

'ကိစ္စတစ်ခုလုံးဟာ ငါ့အတွက်တော့ အသစ်အဆန်းပဲ၊ အခုမှပဲသိရတာ၊ ဒါဟာ ငါလုပ်တဲ့ကိစ္စ မဟုတ်ဘူး'ဟု ဖရန့် က ပြောသည်။



'ဒါဆိုရင်လဲ လောလောဆယ် မေ့ထားလိုက်ပါဦး' ဟု လင်းနေ့ဒ်က ပြောသည်။ 'နောက်ကျတော့မှပဲ စဉ်းစား ကြတာပေါ့'

လူစီ့မျက်နှာသည် ဖြူရော်ရော် ဖြစ်သွားသည်။ သူ့ရင် သည် ဒေါသဖြင့် မြင့်ချည်တစ်ခါ နိမ့်ချည်တစ်လှည့် ဖြစ်နေ သည်။ အန်နာသည် သူ့အစီအစဉ်ကို ပျက်အောင်ဖျက်သည် ဟူသောအစွဲသည် သူ့စိတ်တွင် ဆပ်ငြိသွားခဲ့လေပြီ။

'အခုတစ်ခါတည်း ဘာပြုလို့ပြီးပြတ်အောင် မပြောနိုင် ရမှာလဲ'ဟု လူစီက ပြောသည်။ 'တနင်္ဂနွေနေ့ ညစာစားချိန် ဟာ 'လက်ခံမယ်' လက်မခံဘူး'ဆိုတဲ့ အဖြေမျိုးပေးတာကို တော့ တားမြစ်ပိတ်ပင်မယ် မထင်ပါဘူး'

'ဒီလိုဆိုရင်တော့ ဒီည ညစာလာစားဖို့ ဖိတ်တာဟာ ဒီကိစ္စပြောချင်လို့ပေါ့ ဟုတ်လား'ဟု လင်းနေ့ဒ်က မေး သည်။

လင်းနေ့ဒ်၏ပြောင်ကျလွန်းသောမေးခွန်းကို သူရှောင် လွှဲ၍မရ။ သို့တစေလည်း သူသည် ထိုမေးခွန်းကို မသိသလို လုပ်ကာ မဖြေဘဲ နေလိုက်သည်။

'မစ္စတာလင်းနေ့ဒ် အနေနဲ့ ကျွန်မတို့ကို သိလာတာ ကြာပြီပဲ'ဟု လူစီက ပြုံး၍ ပြောသည်။ 'ဖရန့်နဲ့ အလုပ်လုပ် လာတာလဲ ဆယ်နှစ်တောင် ရှိသွားပြီပဲ၊ ဒီကိစ္စကို စဉ်းစား ပေးဖို့ ကျွန်မ တောင်းပန်ပါတယ်'

လင်းနေ့ဒ်သည် လက်ထဲမှ ခက်ရင်းကို ပြန်ချလိုက်ပြီး သူ့မှတ်ဆိတ်မွေးကို အသာအယာဆွဲကာ စဉ်းစားနေသည်။ သူ့စိတ်တွင် အနှောင့်အယှက် ဖြစ်သွားပုံပေါ်လျက် ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒါတို့ ချက်ချင်း အဖြေပေးဖို့ဆာ မလွယ်ဘူး၊ စဉ်းစားစ ရာ ရှိသေးတယ်လို့ ထင်တယ်။ ငါက လွယ်လွယ်နဲ့လဲ သဘော တူချင်ဘူး၊ သဘောတူပြီးရင်လဲ လွယ်လွယ်နဲ့ မဖျက်ချင် ဘူး'

'တကယ်လို့ ဖရန့်ကို ဘဲလ်ဖတ်စ် အောဂျင်စီမှာ တာဝန် ပေးမယ်ဆိုရင်ကော မဖြစ်နိုင်ဘူးလား'ဟု အန်နာက ကြား ဖြတ် ပြောသည်။ 'ဖရန့် အဲဒီကို သွားလုပ်တုန်းက အများ ကြီး တိုးတက်လာခဲ့တာပဲ၊ အခု လောလောဆယ် တာဝန် ယူထားတဲ့လူက သိပ်မှုမတော်တာ'

လူစီ၏ ဦးခေါင်းသည် ထောင်လာသည်။ အန်နာလုပ် သည် မတန်တဆ လွန်ကဲလာပြီဟု သူ ယူဆသည်။ မိမိ ပြောထားသည့် အဓိက ကိစ္စသည် အန်နာ လုပ်ပုံကြောင့် ပျက်ရတော့မည့် အနေအထားသို့ ဆိုက်ရောက်နေလေပြီ။ အတယ်၍ သူ ပြောသလို ဘဲလ်ဖတ်စ်အေဂျင်စီ တာဝန်ကို ဖရန့် ရပြီ ဆိုပါတော့။ ယခုလက်ရှိ အလုပ်ထက် အဆင့် အတန်းအားဖြင့် အနည်းငယ်မျှသာ မြင့်လိမ့်မည် မဟုတ် ပါလား။

ယခုကိစ္စသည် အန်နာနှင့် လုံးဝ သက်ဆိုင်သည့်ကိစ္စ မဟုတ်။ ခွင့်မလွှတ်နိုင်လောက်အောင် ဆိုးဝါးသည့် ဝင် ရောက် စွက်ဖက်မှု တစ်ခုဟု သူ ထင်သည်။ သူ့အနေဖြင့် သူ့ကိုယ်သူ ထိန်းချုပ်နိုင်စွမ်း မရှိတော့။ သူသည် အန်နာ အား စူးစူးရဲရဲ ကြည့်သည်။

'ဒီကိစ္စဟာ ရှင့်ကိစ္စ မဟုတ်ပါဘူး အန်နာ၊ ကျွန်မတာ အိုင်ယာလန်ကို သွားနေချင်စိတ် ရှိတဲ့လူ မဟုတ်ပါဘူး'

'အိုင်ယာလန်ဟာ ဆိုးဝါးကဲ့နေရာတစ်ခုနေရာ မဟုတ်ဘူး ဆိုတာတော့ ရှင် နားလည်ထားဖို့ လိုလိမ့်မယ်'ဟု အန်နာ က ပြောသည်။ 'မိုးအ သိပ်ကောင်းတော့ အမြဲ စိုပြည် စိမ်းလန်းနေတဲ့နေရာပါ'

'ဘာပဲဖြစ်ဖြစ် ကျွန်မတို့နဲ့သင့်တော်တဲ့ နေရာမဟုတ်ဘူး' ဟု လူစီက တင်းမာသော လေသံဖြင့် ပြန်ပြောသည်။ 'ရှင်နဲ့ တော့ သင့်တော်ချင် တော်မှာပေါ့၊ ရှင့်အဖို့တော့ ကြိုက် စရာအကြောင်းတွေလဲ ရှိချင်ရှိမှာပေါ့'

'ဟုတ်တယ်၊ ရှိချင်ရှိမှာပဲ'ဟု အန်နာက လေအေးအေး ဖြင့် ပြောသည်။

'ကြိုက်စရာအကြောင်းတွေထဲမှာ ရှင့်ကိုယ်ရေးကိုယ်တာ ကိစ္စတွေလဲ ပါချင်ပါမှာပေါ့လေ'

အခြေအနေသည် တင်းမာလာသည်။ လင်းနေ့ဘ်သည် မျက်နှာကြက်ကို မော့ကြည့်နေသည်။ ဖရန့်ကတော့ စိတ်ညစ် စိတ်ရှုပ်နေသော မျက်နှာထားဖြင့် မီးဖိုဆီသို့ စိုက်ကြည့်နေ သည်။ စောစောက ရရှိနေသည့် ပျော်ရွှင် သာယာမှုများ သည် တစ်စစီဖြစ်ကာ ပျောက်ပျက်ကုန်ကြလေပြီ။

အမှန်တော့ မိမိ၏ အတင်းအကျပ် ပြောဆို မှုကြောင့် မဟုတ်ဘဲ လင်းနေ့ဘ်က အလျှော့ ပေးတော့မည့် အနေ အထားသို့ ဆိုက်ရောက်နေပြီဖြစ်၏။ သို့သော်လည်း အန်နာ ၏ မဆီမဆိုင်ဝင်ရောက် စွက်ဖက်မှုကြောင့် ချက်ချင်းလိုလို ပင် ထိုအနေအထားသည် ပျက်ပြား သွားခဲ့ရလေပြီ။ အခု အတိုင်းဆိုပါက လင်းနေ့ဘ်၏ စိတ်ခေတ် ပြန်လည်ပြောင်း လဲလာဖို့အတွက် နောက်ထပ် လအတန်ကြာမျှ စောင့်ရပေဦး တော့မည်။ မည်သို့ပင်ဖြစ်စေ လောလောဆယ် တော့ ဖြင့်

www.burmeseclassic.com



သူ၏ အခါအခြင့်သည် လုံးဝ ပျက်စီးသွားခဲ့ရပြီ။ ထရားခံအ သော့ ထင်ခြား လူမတုတ်၊ အန်နာ၊

'အကာဝ်ဖိနည်းနည်းလောက် ပေးပါဦး'ဟု ဖရန့်က ပြော ဆည်။

လူစီသည် ချက်ချင်းမပေးဘဲ တုံ့ဆိုင်းဆိုင်းလုပ်နေသည်။ ထို့နောက် ဖရန့်လက်ထဲမှ ပန်းကန်ကို လှမ်းယူပြီး ဆော် ထပ်ထည့်ပေးသည်။ နောက်ထပ် စကားတစ်ခွန်းမှ မပြော တော့ဘဲ ငြိမ်ဆိတ်နေသည်။

'ကဲ ကဲ ... တို့ ၂နှမ့ပါ'ပ၊ လင်းနေ့ဘ်က ပြောသည်။

'ဒီနေ့ စောစောလာတာပဲ စောစော ပြန်ချင်လို့ကွယ်'

လူစီက 'နေပါဦး'ဟု မတား။

'ကျွန်မတော်... ခြံဝအထိ လိုက်ပို့ပေးမယ်....'ဟု ဖရန့်က ပြောကာ ယိုင်ရာမှ ထရပ်သည်။

'အန်နာလဲ လိုက်ခဲ့မယ်၊ လေကောင်း လေသန့် ရှူရ တာပေါ့၊ ဒီည သိပ် သာယာတယ်'ဟု အန်နာက ဝင်ပြော သည်။

လူစီ၏ မျက်နှာသည် နီရဲလာပြန်သည်။ ဒေါသ အရှိန် သည် တက်လာပြန်ပြီ။ သူသည် ဘာမှဝင်မပြောဘဲ ငြိမ်နေ သည်။ ထို့နောက် ဧည့်သည်အား အိမ်ရှေ့ ခန်းမထဲအထိ လိုက်ပို့သည်။

'မင်္ဂလာညပါ လူစီ၊ ညစာအတွက် ကျေးဇူး သိပ်တင် တယ်'ဟု လင်းနေ့ဘ်က ပြောကာ လယ်ကိုဆွဲ၍ နှုတ်ဆက် သည်။

လူစီသည် အိမ်ရှေ့တံခါးဝမှရပ်ကာ သူတို့သုံးယောက် ထွက်သွားရာသို့ လိုက်ကြည့်နေသည်။ သူ့စိတ်သည်ငြိမ်သက် အေးချမ်းမှုကင်းမဲ့လျက်ရှိ၏။ သူ့စိတ်ကူးသည် ယခုထိတွင် အိုက်အိမ် ဆောက်သည့်နယ် ဖြစ်သွားခဲ့ရပြီ။ အန်နာသည် ဘာ့ကြောင့် ဤမျှလောက်အထိ အဘင့်ရဲရဲဖြင့် ပါဝင် စွက် ဖက်တာပါလိမ့်။ ဘယ်နည်းနှင့်မှ ရှိုးရိုးသားသား လုပ်သည် ဟု မပြောနိုင်။ သူ့ရင်ထဲဝင် မကျေနပ်မှု လှိုင်းတံပိုးသည် ကြီးကြလှုပ်ရှားလျက်ရှိသည်။ သူသည် ချာခနဲ ပြန်လှည့်ကာ အိမ်ထဲသို့ ဝင်ခဲ့သည်။

သူသည် ပီတာအား အိပ်ရာထဲသို့လိုက်ပို့သည်။ ပြန်ဆင်း လာပြီး စားပွဲပေါ်မှ ပစ္စည်းများကို သိမ်းသည်။ သူသည် အန်နာ၏ ပြောဟန်ဆိုဟန်များကို တွေးမိပြန်၏။ သူ့အား ရက်သိက္ခာ ကင်းမဲ့အောင် လုပ်ခြင်းဟုပင် မြင်နေသည်။ အန်နာ၏ လုပ်ပုံသည် စဉ်းစားရ ခက်လှ၏။ ဘာ့ကြောင့် ဤမျှလောက်အထိ ပါဝင်လာရသနည်း။ အမှန်တော့ ဖရန့်၏ ကိစ္စတွင် သူပါဝင်စွက်ဖက်ခွင့်ရှိသည်မဟုတ်။ သို့ပါလျက် နှင့် ဤမျှလောက်အထိ အဟင့်ရဲခြင်းသည် အလေးအနက် ထားရမည့်အကြောင်းကတော့ ရှိပါလိမ့်မည်။ ထိုအကြောင်း သည် လျှို့ဝှက်ချက်တစ်ခုများဖြစ်လေမလား။ ထိုအကြောင်း ကိုတော့ သူသိမှဖြစ်မည်ဟု ယူဆသည်။

အိမ်ရှေ့မှ တံခါးဖွင့်သံကြားလိုက်ရပြီးနောက် ခန်းမထဲ သို့ ဝင်လာသည့် ခြေသံများနှင့် သူတို့နှစ်ယောက်၏စကား ပြောသံများ အခန်းတွင်းသို့ ဝင်လာသော ဖရန့်အား ဆီး၍ကြည့်လိုက်သော လူစီ၏ မျက်နှာထားသည် တင်းမာ ပြတ်သားလှ၏။ ဘာကြောင့်ရယ်တော့မသိ။ ဝင်လာသည် မှာ ဖရန့် တစ်ယောက်တည်း။

www.burmeseclassic.com

www.burmeseclassic.com

'သိပ်တောင်းတယ်'ဟု ဖရန့်က ပြောသည်။ 'ဒီည မင်း ငါ့ကို အရွှးလုပ်လိုက်ပုံကဖြင့် သိပ်ကို ကောင်းတယ်၊ သာ အကျိုးကျေးဇူးမှုမရှိတဲ့ လုပ်ရပ်ပေါ့'

'အရွှးလုပ်တာ ကျွန်မ မဟုတ်ဘူး၊ ရှင့်ကိုယ်ရှင် ပြန်လှော တာ'ဟု လူစီက ဒေါသတကြီး တုံ့ပြန်သည်။ 'လင်းနေ့ က ဗီအခွင့်အရေး ရှင့်ကိုပေးဖို့ ရည်ရွယ်ထားပြီးသား ဆို တာ ကျွန်မ သိတယ်'

'ဪ...မင်းက ဗီကီစွကို မင့်ဘာသာမင်း ဆုံးဖြတ်နေ တာကိုး...၊ မင်းက သူ့ကို ဆရာကြီးလုပ်လို့ ရမယ်ထင်နေ သလား၊ ငါ့ကိုလဲ ဘဝတစ်လျှောက်လုံး ဆရာကြီး လုပ် သွားလို့ရမယ်ထင်နေသလား'

'ရှင် စွပ်စွဲနေတာ လုံးဝမဟုတ်ဘူး ဖရန့်'ဟု လူစီက အော်သည်။ 'ရှင် သိရက်သားနဲ့ ကျွန်မကိုမတရားစွပ်စွဲတာ၊ ကျွန်မလုပ်သမျှ အရာရာတိုင်းဟာ ရှင့်အတွက်ချည်းပဲ၊ ရှင် အကျိုးရှိဖို့နဲ့ ရှင် ကောင်းစားဖို့အတွက် လုပ်တာ'

'ငါ ကောင်းစားဖို့တဲ့'ဟု ရေရွတ်ကာ ဖရန့်အမဲ့သည်။ 'မင်း ငါ့ကို နှောင်ကြိုးတည်းနေတာ လူတိုင်း သိတယ်၊ အန်နာတောင်မှ သိနေပြီ'

'ဪ...အန်နာတောင် သိနေပြီကိုး'

'အေး...ဟုတ်တယ်၊ အန်နာတောင်သိနေပြီ၊ မင်း ဗီကီစွနဲ့ ပတ်သက်ပြီး အန်နာကို ဆက်ဆံတာ သိပ်ပြီးရိုင်းစိုင်းတယ်၊ မင်းသိထားဖို့က အန်နာဟာ ငါ့နှမဝမ်းကွဲပါကွ'

'ရှင့် နှမဝမ်းကွဲက ရှင့်မယားထက် ပိုပြီး အရေးပါနေ သလားဆိုတာ ကျွန်မ သိပါရစေ'



ဖရန့်က စီးကရက်တစ်လိပ်ကို မီးညှိပြီးဖွာသည်၊ မီးခြစ်ဆံ ကိုထဲသို့ ပစ်ထည့်လိုက်သည်။

'ငါ ပြောနေတာက အန်နာကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံဖို့ ပြောနေတာကွ'

လူစီသည် ဖရန့်၏စကားကို ဂရုမထား၊ ဒေါသအရှိန် တက်နေသော မျက်လုံးအစုံဖြင့် စူးစူးရဲရဲကြည့်သည်။

'ကျွန်မ ရှင့်ကို ရိုးရိုးရှင်းရှင်း မေးခွန်းတစ်ခု မေးချင် တယ်၊ ရှင် ဘာ့ကြောင့် အန်နာ့ကို ဒီလောက်အရေးပေးနေ တာလဲ'

'မင်း တော်တော်လွန်နေပြီ၊ မင်းက ငါ့ကို ဒီမေးခွန်းမျိုး မေးရာလိုသလား၊ မင်း ငါ့ကို ပြန်သုံးမေးခွန်းတွေ ထုတ် ရမလိုဘူး'

'လိုလို့မေးတာ၊ ဒီမေးခွန်းဟာ တည့်တည့်မေးတဲ့ မေး ၊ ရှင်သိရဲ့လား'

'ဒါမျိုး ငါ့ကို လာမမေးနဲ့၊ မင့်ဘာသာမင်း မေး'

လူစီက ဘာမှပြန်မပြော၊ သူသည် တစ်ခဏမျှ ရပ်နေ းသည်။ ထို့နောက် ဆိုဖာပေါ် သွားထိုင်ကာ ဇာထိုးအိပ် းကို ကောက်ကိုင်သည်။ ဇာထိုးနေသော လက်များသည် တုန်တုန်နေကြသည်။ သူ့မျက်လုံးအစုံတွင် မျက်ရည် းဖြင့် ပြည့်လာသည်။

'လူစီ ဘာလုပ်ပေးရဦးမလဲ'ဟု မေးသည်၊ ပြန်ပြည် မြတ်ရေးအတွက် လမ်းခင်းပေးလိုက်ခြင်း ဖြစ်၏။

'ငါ အိပ်တော့မယ်၊ ဘာမှမလိုဘူး'

www.burmeseclassic.com

www.burmeseclassic.com

'ကိုးနာရီတောင် မထိုးသေးဘူး ဖရန့်၊ ဖြစ်ခဲ့တာတွေ မေ့ပစ်လိုက်ကြပါစို့၊ လူစီနဲ့ဖရန့်ဟာ တစ်ယောက်ကို တ ယောက် ချစ်ကြတဲ့လူတွေပါ မောင်ရယ်'

'ဒီည မင်းလုပ်တာတွေဟာ နောက်တော့ကို စိတ်မသ သာစရာ ကောင်းတယ်'ဟု ဖရန့်ကပြောသော လူစီ့အ တုံ့ပြန်ခြင်းမပြုမီ အခန်းထဲမှ ထွက်သွားသည်။

လူစီသည် အချိန်အတော်ကြာမျှ ဆိုဖာပေါ်၌ ထိုင်နေ သည်။ အပေါ်ထပ်မှ ဖရန့်၏လှုပ်ရှားသံများကို ကောင်း ကြားနေရ၏။ အခုကျတော့လည်း လူစီ၏စိတ်သည် ဝ နည်း ကြေကွဲခြင်းကိုသာ ခံစားနေရသည်။ ပြီးတော့ စိုးရိမ် ထိတ်လန့်စိတ်။

နောက်ဆုံးတွင် သူသည် အပေါ်ထပ်သို့ တက်ခဲ့သည်။ မှောင်ထဲ၌ရပ်၍ အဝတ်လဲသော အိပ်ရာပေါ်တက်သည်။ ဖရ ၏ဘေး၌ အသာဝင်လှဲသည်။ ဖရန့်ကတော့ အိပ်ပျော်ဟ ဆောင်ကာ ငြိမ်နေသည်။ သို့သော်လည်း မကြာခဏ သ ပြင်းချသံများ ကြားနေရသဖြင့် ဖရန့် အိပ်မပျော်သေးမှ သိနေသည်။

ဖရန့်က သူ့အား စကားစပြောလိုက်လျှင် မည်မျှကောင် ပါမည်နည်း ဟူသော အတွေးသည် လူစီ့ရင်ထဲ၌ တည် လာသည်။ သို့သော်လည်း ပြောလိမ့်မည် မဟုတ်ဟု စိတ် သိနေသည်။ သူ့ဘက် နောက်တစ်ထစ် အလျှော့ပေးရလျှ ကောင်းလေမလား။ ဒီလိုကျတော့လည်း မဖြစ်နိုင်။ မိမိမှာ လည်း ကိုယ့်မာနနှင့်ကိုယ် ရှိနေသေးသည် မဟုတ်လော။



သူသည် ခလုပ်မယှက် လှဲနေသည်။ နှစ်ဦးနှစ်ဘက် ပြေ ည်သွားစေနိုင်မည့် အရိပ်လက္ခဏာများကိုလည်း မပြေး ပြင်ဘက်မှ လာရောင်သည့် မြတင်းပေါက်မှနေ၍ အခန်း ထဲသို့ စီးဝင်နေသည်။ သူကတော့ မျက်စိများကို စုံမှိတ် လျက်....။

ဝ

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၈ )

ရင်ဆိုင်နေရသည့်ပြဿနာကို အန်နာနှင့် ထိပ်တိုက်ရှင်းပါမှဖြစ်မည်ဟု လှစိက အဆိုင်အမာဆုံးဖြတ်သည်။ သူ့သားပိတာ အိမ်တွင်မရှိမည့် မွန်းလွဲပိုင်း အချိန်သည် ရှင်းလို့အကောင်းဆုံးအချိန် ဟုလည်း သတ်မှတ်လိုက်သည်။ ရှင်းသည့်အခါ မိမိဘက်က တည်ငြိမ်အေးဆေးရမည်။ အန်နာသည် မိမိ၏ဧည့်သည်၊ မိမိကအိမ်ရှင်၊ သူ၏ပြုမူပြောဆိုမှုများနှင့် ဘာ့ကြောင့် ဤမျှလောက်အထိ အတင့်ရဲလာသည်ကို ရှင်းပြပါဟု မိမိကတောင်းဆိုမည်။

သို့သော်လည်း နောက်နေ့မနက်တွင် လုံးဝ မမျှော်လင့်ဘဲနှင့် အန်နာသည် ဂလက်စဂိုမြို့သို့ ဈေးဝယ်သွားမည်ဟု ဆိုကာ ခရီးထွက်သွားသည်။ ကြိုတင်၍ပြောခြင်းမပြု။ မနက်စာစားရင်း ဖြုန်းခနဲ အသိပေးလိုက်ခြင်း ဖြစ်၏။ 'အန်နာ အဝတ်အစား သွားဝယ်လိုက်ဦးမယ်' ဟု ပြောကာ ထိုင်ရာမှ



ထချင်းထ၍ ဆယ်နာရီရထားအမီ ထွက်သွားခြင်း ဖြစ်သည်။ လှစိအား အပျင်းပြေလိုက်ခဲ့ပါလားဟူ၍ပင် ဖိတ်ခေါ်ခြင်းမပြု။

လှစိကတော့ အန်နာက ဖိတ်ခေါ်သည့်တိုင်အောင် လိုက်နိုင်မည် မဟုတ်။ သူ့ဦးခေါင်းသည် အိပ်ရာမှနိုးကတည်းက အလုံထိုင်းမှိုင်းလျက် ရှိသည်။ စိတ်ကလည်း ရှုပ်ထွေးလျက် ရှိသည်။ သူ့စိတ်ထဲတွင် အတွေးတစ်ခုသည် တရစ်ဝဲဝဲ ပေါ်လာလိုက် ပျောက်သွားလိုက် ဖြစ်နေသည်။ အခြေအနေမှန်ကို မရှာဖွေမီ စိတ်သဲက ဆေးချော့ဖို့လိုသဖြင့် အကြိမ်ကြိမ်အထပ်ထပ်ပင် တွေးနေမိခြင်းဖြစ်ရာ အခုအချိန်ထိတော့ မရသေး။

သူသည် အိမ်မှုကိစ္စများကို လုပ်ရင်းမှ လာမည့် သီတင်းပတ်အကုန်တွင် ပိုထ်ဒီရန်မြို့သို့သွားမည့် သားပိတာအတွက် အစည်းအတိုအထွာများ ကြိုတင်၍ စုဆောင်းနေသည်။ စိတ်ကတော့ ပတ်ဝန်းကျင်နှင့် ကင်းကွာလျက်ရှိ၏။ သူ့အတွေးသည် သူ့သံသယပေါ်၌သာ တလည်လည်ဖြစ်လျက် ရှိနေသည်။

စ၍တွေ့စဉ်အချိန်က သူသည် အန်နာနှင့်ခင်မင်ရင်းနှီးရန် ကြိုးပမ်းခဲ့သည်ကို မမေ့ပစ်၍မရ။ ထိုစဉ်က သူကိုယ်တိုင်ပင် အန်နာအား အလှန်လိုလိုလားလား လက်ခံခဲ့ရုံမျှမက အန်နာက သူ့အပေါ် တရင်းတနှီးဖြစ်လာစေရန် များစွာကြိုးပမ်းအားထုတ်ခဲ့ဖူး၏။ သို့သော်လည်း ထိုစဉ်က အခြေအနေအရပ်ရပ်ကို စနစ်တကျ ဆင်ခြင်ကြည့်လိုက်သည့်အခါ ဂျိုးလိုက်ပို့၍ အန်နာအိမ်ထဲ ရောက်လာကတည်းက စိတ်ချင်းသဟဇာတမဖြစ်ဟု စိတ်ထဲက အလိုလိုထင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က အန်နာအား သူ သဘောကျသည်ဟု ထင်ခဲ့ခြင်း သည် စိတ်လှုပ်ရှားမှု တစ်ခုမျှသာ ဖြစ်သည်။ တကယ်... ကျတော့ စိတ်ထဲက မနှစ်မြို့သည့် အနေအထားတွင် ရှိနေ... သူတို့နှစ်ယောက်သည် ကောင်းနှင့်မြောက်လို ခြားနား... သူများဖြစ်ရာ သူ့အနေဖြင့် အန်နာ့အပေါ် ယုံကြည်စိတ်... လုံးဝ မရှိခဲ့။ ထို့နောက် ဖရန့်နှင့် တရင်းတနှီး ရှိလာ... အခါတွင် မူကား ပို၍ ယုံကြည်မှု ထင်းမဲ့လာခဲ့ရုံမျှ ... သံသယများ ပါဝင်လာခဲ့ရလေသည်။

အန်နာ အလည်လာခြင်းသည် မိမိတို့အတွက် ပျော်... စရာတစ်ခု ဖြစ်မလာခဲ့၊ အနှောင့်အယှက် တစ်ခုမျှသာ ... လာ၏။ ဤအတွက် မိမိအပေါ် အပြစ်တင်ရမည်လော... တကယ်တော့ ဖရန့်သည် မိမိ၏လင်ယောကျ်ား၊ လင်မယား... နှစ်ယောက် ချစ်ခင်ကြင်နာစွာ နေခဲ့ကြသည်မှာ ကြာခဲ့... အခု အန်နာရောက်လာမှသာ ပြဿနာတက်လာရခြင်း ဖြစ်... ရာ ဤအတွက် တာဝန်ရှိသူမှာ မိမိမဟုတ်၊ အန်နာသာလျှင် ဖြစ်ရပေမည်။

အန်နီအပေါ် ဆက်ဆံခဲ့ကြသည့် ဂျိုး၊ အက်ဗီဝပ်နှင့် မစ္စအိုရိုက်တို့၏ အပြုအမူများကို ပြန်၍ စဉ်းစားမိပြန်သည်။ ပြီးတော့ အန်နာနှင့်ဖရန့်တို့၏ ဆက်ဆံမှု၊ ဖရန့်၏ နှုတ်ဆိတ်မှုနှင့် ပြုမူပြောဆိုပုံများ၊ ပြီးတော့ ဖရန့်က အန်နာ့ကိုစွက်ဖုံးကွယ်ထားမှု။ အန်နာ့တွင် ထိုပြဿနာပေါ်ခဲ့စဉ်က ဖရန့်သည် အိုင်ယာလန်၌ ရောက်နေသည်ဖြစ်ရာ ထိုပြဿနာကို အစအဆုံး သိခဲ့၏။ သို့ပါလျက်နှင့် မိမိအားမပြောဘဲ ဘာ့ကြောင့် ဖုံးကွယ်ထားရသနည်း။



မိမိအမြင်အရ ဆိုပါမူ အန်နာသည် ပေါ့ပေါ့တန်တန် ...အားတစ်ဦး ဖြစ်သည်။ ရည်ရွယ်ချက် ဦးတည်ချက် ဟူ၍ ...အမှုရှိသူမဟုတ်။ တာဝန်နှင့် ဝတ္တရား ဆိုသည်ကိုလည်း ...ရှထားသူမဟုတ်။ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍လည်း ...ပြီး အလေးအနက် ထားပုံမရ။ သူ့တွင် အဖေနာမည် ...ပေးနိုင်ဘဲ ကလေးတစ်ယောက် မွေးခဲ့၏။ တကယ်ဆိုလျှင် ထိုကလေးအားဖအား လက်ထပ်လိုက်လျှင် ဖြစ်နိုင်ပါလျက် ဘာ့ကြောင့် လက်မထပ်သနည်း။

ကလေးအဖေကရော ဘယ်လိုလူစားမျိုးပါလိမ့်။ စိတ်နေ စိတ်ထားဖြင့် အောက်တန်း ကျလိမ့်မည် ဟုပင် ယူဆရ၏။ ဖြစ်တုန်းကဖြစ်ပြီးခါမှ ဘာ့ကြောင့် တာဝန်မဲ့ရသနည်း။ သူ၏ တာဝန်မဲ့မှုကို အန်နာကရော ဘာ့ကြောင့် လက်ပိုက်ကြည့်နေရသနည်း။ သူသည် အန်နာနှင့် ပတ်သက်၍ တွေးလေ တွေးလေ ဘဝင်မကျလေ ဖြစ်နေရ၏။

လူစီသည် သက်ပြင်းရှည်ကြီးချကာ မီတာ၏အဝတ်အထည်အစားများထည့်ထားသည့် ဗီရိုတံခါးကို ဒူးနှင့်ဖိ၍ ပိတ်လိုက်သည်။ ထို့နောက် အန်နာ၏အိပ်ခန်းတွင်းသို့ ဝင်ခဲ့သည်။ မီ ဖိုဘဲတွင် အလုပ်များနေသော နက်တာအစား အခန်းကို ရှင်းလင်းပေးရန် ရည်ရွယ်ပြီးဝင်ခဲ့ခြင်းဖြစ်သည်။ အခန်း၏တံခါးဝမှ ရပ်၍ကြည့်လိုက်ကတည်းက အခန်းထဲတွင် စိတ်ပျက်စရာကောင်းလောက်အောင် ရှုပ်ပွနေသည်ကို မြင်ရသည်။ အိပ်ရာကိုပင်မသိမ်း။ နှုတ်ခမ်းဆိုးခဲ့အံဆွဲတစ်ခုကိုလည်း ပြန်ပိတ်မထား။ အဝတ်ဟောင်း တချို့မှာလည်း ကြမ်းပေါ်တွင် စုပုံလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် အခန်းထဲမှပစ္စည်းများကို သိမ်းရင်းက 'အန်နာ မြန်မြန်ပြန်ပါ စေတော့' ဟု ဆုတောင်းမိသည်။ ဘာပဲ ဖြစ်ဖြစ် မြန်မြန်ပြန်ဆောင်တော့ မိမိကိုယ်တိုင်လုပ်မှုဖြစ်တော့ မည်။ သူမြန်လျှင် ဝမ်းသာဖို့သာ ရှိသည်မဟုတ်ပါလား။

လူစီသည် အခန်းတစ်ခန်းလုံးကို သပ်ရပ်သွားအောင် ရှင်းသည်။ မှန်တင်ခုံပေါ်၌ ပစ်စလက်ခတ်တင်ထားသည့် ရွှေငွေလက်ဝတ်ရတနာများနှင့် အသေးအဖွဲ့အသုံးအဆောင် ပစ္စည်းများကို သိမ်းပေးသည်။ သူသည် ပစ္စည်းတချို့ကို မှန်ဘေး၌ ချထားသည့် သေတ္တာအလေးထဲသို့ ထည့်ရန် အဖုံးကိုဖွင့်လိုက်သည်။ ရုတ်တရက် သေတ္တာထဲမှအရာတစ် ခုကို မြင်လိုက်သည်။ သူ့မျက်လုံးအစုံသည် ထိုအရာဝတ္ထု ပေါ်မှ ခွာ၍မရ။

သူသည် သူမြင်တွေ့ နေရသော ပစ္စည်းကို ဆုတ်ယူ လိုက်သည်။ ဓာတ်ပုံတစ်ပုံဖြစ်၏။ ဓာတ်ပုံသည် ကြေမွ ဟောင်းနွမ်းနေပြီး ဤသေတ္တာထဲ၌ ထည့်ထားခဲ့သည်မှာ နှစ်ပေါင်းအတန်ကြာပြီဟုယူဆရ၏။ သို့သော်လည်း ဓာတ်ပုံ ထဲမှ ရုပ်လွှာသည် ပီပြင်ပြတ်သားနေဆဲ။ ကလေးတစ် ယောက်၏ပုံဖြစ်၏။ အန်နာ၏ကလေးဖြစ်လိမ့်မည်မှာ ယုံမှား ဖွယ်ရာမရှိ။ သို့သော်လည်း။

ဤဓာတ်ပုံထဲမှ ကလေး၏မျက်နှာနှင့်တူသော မျက်နှာ တစ်ခုသည် သူ့စိတ်အာရုံတွင် ဖျတ်ခနဲပေါ်လာသည်။ တခြားလူမဟုတ်၊ သူ့သားပီတာ၏မျက်နှာ။ နှာခေါင်း၊ *မျက်လုံးအစုံနှင့် နှုတ်ခမ်းတို့သည် ကာစ်ထပ်တည်း။ ဟုတ်မှ* ဟုတ်ရဲ့လား။ သူ့အိမ်မက် မက်နေသလား။ သံသယကြီးမှု ကြောင့် စိတ်က ထင်ယောင်ထင်မှား ဖြစ်တာလား။



မဟုတ်၊ အားလုံးမဟုတ်၊ သေသေချာချာကြည့်လေ၊ တူလေ။ ဘယ်နည်းနှင့်မှမလွဲမှားနိုင်။ တူသမှ အမြွာ ညီအစ်ကိုလားဟု ထင်ရလောက်အောင် တူခြင်းဖြစ်၏။ ရလာ သည့်အဖြေသည် သူ့အလွန်ကြောက်နေသော အဖြေဖြစ်၏။

'ဘုရား...ဘုရား' ဟု လူစီ၏နှုတ်မှရေရွတ်သည်။ အခုမှပင် ဖြစ်ရပ်တစ်ခုလုံးကို သူနား ည်လာရ၏။ လွန်ခဲ့သော ငါး နှစ်က ဖရန့်သည် အန်နာတို့အိမ်၌ လပေါင်းအတော်ကြာ ကြာ နေခဲ့သည်။ ထို့နောက် အန်နာ၏ကလေးမွေးဖွား လာသည်၊ တစ်နည်းအားဖြင့် သူတို့နှစ်ယောက်မှ ပေါက်ဖွား လာသော ကလေး၊ အန်နာကလေး၏အဖေသည် ဖရန့်။

သူသည် လက်ထဲမှဓာတ်ပုံကို သေတ္တာထဲသို့ တယောင် ချောက်ချားဖြစ်ကာ အလန့်တကြား ပြန်ထည့်လိုက်သည်။ ဘစ်ကိုယ်လုံးတုန်ယင်ကာ အိပ်ရာအစွန်းတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူ့မျက်လုံးများသည် မြူးလျက်ရှိသည်။ အံ့သြခြင်း ထိတ်လန့်ခြင်းတို့ကြောင့် အသက်ပင် ဖြောင့် ဖြောင့် မရှူနိုင်။ သူ့နားထဲတွင် တီးတိုးပြောသံများကြား နေရသည်။ ဖရန့်အကြောင်းဖြစ်၏။ သူချစ်မြတ်နိုးခဲ့သော သူ့ယောကျ်ား ဖရန့်သည် သူ့အပေါ် သစ္စာမရှိ၊ သစ္စာမရှိ သူသော အကြောင်း။

ဟုတ်မှဟုတ်ရဲ့လား။ မယုံနိုင်စရာ တောင်းလှပါဘိသည်။ သူမယုံနိုင်။ မယုံရဲ။ ဖြစ်ကောဖြစ်နိုင်ပါ့မလား။ မဖြစ် နိုင်ဘူးထင်ပါရဲ့၊ တစ်မိသားစုထဲမှ ပေါက်ဖွားလာကြ သွေးချင်းယှက်နွယ်မှုကြောင့် မတော်တဆလာပြီး တူတာ ထင်ပါရဲ့။ သူ့ခေါင်းသည် မူးဝေ နောက်ကျိလာသည်။ ဖရန့်သည် နှစ်ပေါင်းများစွာ ပေါင်းသင်းလာခဲ့သည်

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ား။ သူကလည်းချစ်၏၊ ဖရုန့်ဇလည်းချစ်၏၊ ဘ
အလုပ်မျိုးကို သူလုပ်ရက်ပါမလား။

သို့သော်လည်း ဘာကြောင့် အနန္တအကြောင်းကို 
အား ဖွင့်မပြောတာလဲ။ အနန္တရောက်မလာခင် ကြို
ထားသင့်ပါလျက်နှင့် လေသံပင်မဟခဲ့။ လာမည်ဆို
လည်း ကန့်ကွက်စကားပြောခဲ့၏။ ရောက်လာပြန်တော့လ
တရင်းတနှီးပင်နေခဲ့၏။ ဒါတွေက ဘာသဘောတွေလဲ။ သူ
နှစ်ယောက်ကြားတွင် နားလည်မှုဖြင့် လုပ်ထားသည့်လျှို့
ချက်တစ်ခုခုရှိနေသလား။

သူသည် နှုတ်ခမ်းများကို ပြတ်လုမတတ်ကိုက်ကာ လ
သီးများကို ကျစ်ကျစ်ပါအောင်ဆုပ်ထားသည်။ သူ၏နှ
ခုန်သံများကို ကျယ်လောင်စွာ ကြားနေရ၏။ လည်ချောင်
တစ်လျှောက်လုံး ခြောက်သွေ့ပူလောင်လာသည်။ သူသ
ငိုက်စိုက်ကျနေသောဦးခေါင်းကိုမော့လိုက်ပြီး သူ့စိတ်
အစွမ်းကုန် ချုပ်တည်းသည်။ ဖရုန့်သည် သူပိုင်ဆိုင်သော
လူဖြစ်၏။ အတိတ်က ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့၊ သူမေ့ပစ်ရမည်
သူအရေးထားရမည်မှာ လက်ရှိပစ္စုပ္ပန်ဘဝနှင့် အနာဂတ်အ
များအတွက်သာဖြစ်သည်။ သူသည် ထိုင်နေရာ ဖျတ်ခ
ထရပ်လိုက်ပြီး အောက်ထပ်သို့ဆင်းလာခဲ့သည်။ သူ့စိတ်
နိုင်အောင်ထိန်းကာ ဤပြဿနာကို ရင်ဆိုင်မည်ဟုလည်
အခိုင်အမာ ဆုံးဖြတ်လိုက်၏။

သို့သော်လည်း သူသည် အလုပ်ကိုမလုပ်နိုင်တော့။ အိမ်
ဧည့်ခန်းထဲသို့သွားကာ ဆိုဖာပေါ်ထိုင်သည်။ သူပြဿနာ
ထ်၍မတွေးဘဲမနေနိုင်သဖြင့် တွေးနေမိပြန်သည်။ မျက်နှ
သည် ညှိုးနွမ်းလျက်ရှိ၏။ ထိုအခိုက်တွင် နက်ဘာရော



ပြီး နေလည်စားစားဖို့ အဆင်သင့်ဖြစ်ပြီဟုပြောသည်။
စားသောက်ခန်းထဲ ဝင်သွားသည့်အခါ သူ့သားငယ်
ည် စားပွဲ၌ထိုင်နေပြီ။

ပီတာကိုမြင်လိုက်သည့်အခါ မျက်ရည်စို့လာပြန်သည်။
သော်လည်း သူ့ကိုယ်သူ ထိန်းချုပ်ကာ ပီတာအား
၍ တယုတယ နမ်းသည်။ 'အန်တီအနိန္တာကော မေမေ'
ပီတာက မေးသည်။

'ဂလက်ဇိုကို သွားတယ်'

'ဒီနေ့ တစ်မနက်လုံး သားသား သူနဲ့မတွေ့ရဘူး၊ သား
သား သူ့ကို ချစ်တယ်၊ အန်တီအနန္တက သဘော ကောင်း
တယ်နော်'

လူစီက အဖြေမပေး။ အနန္တသည် ပီတာကို ချစ်ပုံပေါ်
သည်ဟု တွေးမိသည်။ သူချစ်တာ ဘာ့ကြောင့်လဲ ဖရုန့်ရဲ့
သား ဖြစ်နေလို့ထင်ပါရဲ့။ ပြီးတော့ သူ မမွေးခဲ့တဲ့သားက
လည်း ဖရုန့်ရဲ့သားပဲ မဟုတ်လား။

လူစီသည် ဖြုန်းခနဲ ထိုင်ရာမှထကာ အပြင်သို့ ထွက်လာ
ခဲ့သည်။ 'မေမေ တယ်သွားမလို့လဲ'ဟု ပီတာက အော်
မေးသည်။

'အလုပ် ရှိသေးတယ်'ဟု သံပြတ်နှင့် ပြန်ဖြေကာ ဧည့်ခန်း
ထဲသို့ ဝင်ခဲ့သည်။ သို့သော်လည်း သူ ဘာအလုပ်မှ မလုပ်
နိုင်။ ဆိုဖာပေါ်၌ထိုင်၍ စောင့်မျှော်နေရသည့် အလုပ်
သာ လုပ်သည်။

မွန်းလွဲပိုင်းသည် တရွေ့ရွေ့ ကုန်ဆုံးသွားသည်။
နောက်ဆုံးတွင် ဖရုန့်လိုက်ပါလာမည့် မီးရထား ဆိုက်ချိန်
သည် နီးကပ်လာသည်။ သူသည် စောင့်နေသည့်အလုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်မရှည်နိုင် ဖြစ်လာသည်။ ထိုင်ရာမှထကာ ကုတ်အင်္ကျီကို ဝတ်သည်။ ဦးထုပ်ကို ဆောင်းသည်။ အိမ်ထဲမှ ထွက်သည်။ လမ်းပေါ် ရောက်သည့်အခါ ဘူတာဘက်သို့ ရှေ့ရှု၍ လျှောက်လာခဲ့လေသည်။

မြို့ဘက် ရောက်လာသည့်အခါ လူစီသည် သူ့ယောကျ်ားအား မျက်စိ ရှာသည်။ သွားလာလှုပ်ရှားနေသည့် လူအများကြားတွင် ဖရန့်ကိုမမြင်ရ။ ထိုအခိုက်တွင် သူ့နောက်မှ ကပ်၍ စကား ပြောသံ ကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်သည်။ မစ္စဟော့ကင်းပေတည်း။

'ဟန်ကျလိုက်တာ၊ ဝါမင်းနဲ့ အတူတူ ပြန်လို့ ရပြီ' ဟု မစ္စဟော့ကင်းက ရေရွတ်သည်။

'ကျွန်မ...ကျွန်မ ယောကျ်ားကို လာကြိုတာ' ဟု လူစီက ပြောသည်။

'မအေးပါလေ၊ ဘယ်သူ့ကိုပဲကြိုကြို အပြန်တော့ ငါနဲ့တူတူ ပြန်လို့ရတာပေါ့'

သူတို့သည် အတူတူတွဲ၍ လျှောက်လာခဲ့ကြသည်။ မစ္စဟော့ကင်းက သူ့အိမ်သို့ ခဏတစ်ဖြုတ် ဝင်ပြီး လက်ဖက်ရည်သောက်ဖို့ ဖိတ်သည်။ 'ဒီနေ့တော့ မအားလို့၊ နောက်များမှ ဝင်မယ်' ဟု ဖြေသည်။

'ရှင် ဖရန့်နဲ့ မတွေ့ခဲ့ဘူးလား' ဟု လူစီက မေးသည်။ 'ကျွန်မ သူ့ကို လာရှာတာ'

'ဟင့်အင်း...မတွေ့ဘူး၊ မင်းက သူ့ကို လိုက်ရှာနေရသလား၊ အမှန်တော့ သူက မင့်ကို ရှာသင့်တာ'

မစ္စဟော့ကင်း၏စကားသည် သာမန်အချိန်ဆိုလျှင် ဘာမှ



ဖြစ်စရာအကြောင်းမရှိ။ အခုတော့ လူစီ့မျက်နှာသည် နီရဲသွားသည်။

'မိန်းမတစ်ယောက်ဟာ သူ့အသာအလိုက်ခံရမှာ၊ သူ့အယောကျ်ားနောက် တကောက်ကောက် မလိုက်သင့်ဘူး၊ ငါဆိုရင် ဘယ်တော့မှ ယောကျ်ားနောက်ကို မလိုက်ဘူးကွယ်' ဟု မစ္စဟော့ကင်းက ဆက်ပြောနေပြန်သည်။

လူစီ့ရင်ထဲတွင် နာကျင်သောဝေဒနာကို ခံစားရပြန်၏။ သို့သော်လည်း ဘာတစ်ခွန်းမှ ပြန်မပြော။ နှစ်ဦးသား နောက်ထပ် စကားမပြောတော့ဘဲ ဆက်လျှောက်လာခဲ့ကြသည်။ ဘောတံတား၏ တစ်ဘက်အရောက်၌ လမ်းခွဲကြသည့်အခါ မစ္စဟော့ကင်းက သူ့အိမ်ရှိရာ တောင်ကုန်းပေါ်သို့ တက်သွားသည်။ လူစီကတော့ သူ့အိမ်ဘက်သို့ ဆက်လျှောက်လာခဲ့လေ၏။

လူစီ၏စိတ်သည် အန်နာနှင့်ဖရန့်တို့ထံ ရောက်သွားပြန်သည်။ သူတို့ နှစ်ယောက်သည် လီဗင်းဖို့ဒ်မှာ နေကြစဉ်ကတည်းက တစ်ယောက်ကို တစ်ယောက် ချစ်ခဲ့ကြလေသလား။ သူ့အစ်ကိုရစ်ချတ်သည် သူနှင့်ဖရန့်ကို သဘောတူခဲ့သည်မှာ ဤကိစ္စကို သိနေ၍လား။

အမှောင်ရိပ်များသည် များပြားလာနေပြီ။ ပင်လယ်ကွေ့ ပတ်ပတ်လည်တွင် ဟိုတစ်ကွက် သည့်တစ်ကွက် ကျနေသည့် အလင်းရောင်အနည်းငယ်မျှသာ ကျန်တော့၏။ အိမ်တွင် ဖရန့်ရောက်နှင့်နေမလား။ ထိုအတွေး ဝင်လာသော်လည်း ခြေလှမ်းများကို သွက်သွက် မလှမ်းမိ။ သူ့စိတ်တွင် ဖရန့်နှင့်တွေ့ရမည်ကို ဝန်လေးသလိုလို ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဖရန့်အပေါ် ချစ်ခဲ့သောစိတ်သည် ပြန်လည် ဝင်ရောက်လာပြန်သည်။ ထိုအခါ တွေ့မြင်ချင်စိတ် ပြင်းပြ လာပြန်၏။ အခုလို စိတ်ထိခိုက်ကာ ဝမ်းနည်းကြေကွဲနေရ သည့်အချိန်တွင် ဖရန့်ကို ပို၍ တွေ့ချင်မိ၏။ သူနှင့်တွေ့လျှင် မေးစရာရှိတာ မေးမည်၊ သူတရှင်းပြသည်ကို နားထော မည်။ ထိုအခါ နားလည်မှုသည် ဝင်လာဖို့ရှိသည်။ သူ့မျက် နှာသည် ပြန်လည်ကြည်လင်လာသည်။ သူသည် တံခါး ဖွင့်၍ အိမ်ထဲသို့ ဝင်လာခဲ့လေ၏။

သူ ထင်ထားသည့်အတိုင်းပင် ဖရန့်ပြန်ရောက်နေပြီး ရှေ့ရှည်ခန်းမဆောင် မီးဖိုရှေ့၌ ပက်လက်ကုလားထိုင်နှင့် နေသည်။ ပီတာသည် သူ့အပေါ်တွင်ထိုင်လျက်၊ အခြား တစ်ဘက်တွင်မူ အန်နာ။ အန်နာအား မြင်လိုက်ရသည့်အခါ သူ့ရင်ဝကို လက်သီးနှင့်ဆီး၍ ထိုးနှက်ခြင်း ခံရသည့်နှယ် သွားသည်။ ဖရန့်နှင့်အန်နာတို့သည် အတူတူ ပြန်လာကြခြင်း ဖြစ်ပေလိမ့်မည်။

'ရှင်တို့ လမ်းမှာ ဆုံမိလာကြသလား'ဟု လူစီက မေး သည်။

'သူတို့ အတူတူပြန်လာကြတာ မေမေရဲ့'ဟု ပီတာက ဝင် ဖြေပြီး ရယ်သည်။

'ဪ....ဟုတ်လား'

'ဒီမှာကြည့်ပါဦး မေမေ'ဟုပြောကာ ပီတာက သူ့လက် ထဲမှ ရွက်လှေလေးကိုပြသည်။

'သားသားအတွက် အန်တီ အန်နာ ဝယ်လာတာဗျ'

လူစီက ဘာမှမပြော၊ သူ့သားကို စူးစူးဝါးဝါး ကြည့် သည်။

'ဒီမှာတွေ့လား....မေမေ၊ သားသားရဲ့ လှေ....၊ မေမေ ကြိုက်တယ်မဟုတ်လား'ဟု ပီတာက ရွက်လှေကို လူစီ့ရှေ့သို့ ထိုးပြပြီး ထပ်မေးပြန်သည်။

'ပါးစပ်ပိတ်ထားစမ်း'ဟု လူစီက ဒေါသတကြီး အော် သည်။

'ငါ့မှာ နင့်ကစားစရာထက် အရေးကြီးတဲ့ဟာတွေ စဉ်း စားဖို့ ရှိသေးတယ်'

ထိုအခိုက်တွင် လက်ဖက်ရည်သောက်ဖို့ အချက်ပေးသည့် ခေါင်းသံကြားရသည်။

'ကဲ....ကြွ'ဟု ဖရန့်က ပြောသည်။ 'တို့အားလုံး သာ ယာယာ မရှိကြပေမယ့် စားစရာမတော့ စားကြသေးတာ ပေါ့'

လူစီ၏မျက်နှာ ရဲခနဲဖြစ်သွားပြန်သည်။ သို့သော်လည်း ဘာမှပြန်မပြောဘဲ စားသောက်ခန်းတွင်းသို့ ရှေ့ဆုံးမှ ဝင် သွားပြီး နေရာယူသည်။

ထိုင်မိကြသောအခါ ဖရန့်က လူစီအားလှမ်းမေးသည်။

'မင်း ဘယ်သွားတာလဲ လူစီ၊ ဒီအချိန်မျိုးမှာ မင်း အပြင်သွားလေ့ မရှိပါဘူး'

'ကျွန်မမှာလဲ လုပ်စရာကိုင်စရာကိစ္စတွေ ရှိသေးတာပဲ'ဟု လူစီက မသာမယာလေသံဖြင့် ပြန်ပြောသည်။

'ဒါကို ရှင် နားလည်လိမ့်မယ်လို့ ထင်တယ်'

'အို....ကွာ၊ နားလည်ပါတယ်'

တစ်ခဏမျှ ငြိမ်ဆိတ်နေသည်။

'ရယ်စရာကောင်းတယ် လူစီ၊ သိလား....'ဟု အန်နာက စပြောသည်။ 'ဖရန့်နဲ့ အန်နာ သွား တစ်စီး

www.burmeseclassic.com

www.burmeseclassic.com



တည်း စီးလာတာ မသိကြဘူး၊ အက်ဒ်ဖီလန်ရောက်လို့ လူချင်း ဆုံမိတော့မှပဲ သိတယ်'

'ဪ...ဟုတ်လား၊ မယုံကြည်နိုင်စရာပဲ...'ဟု လူစီက နှုတ်ခမ်းများကို မဲ့၍ပြောသည်။

လက်ဖက်ရည်ဝိုင်းသည် ပြန်လည်ငြိမ်ဆိတ်သွားပြန်သည်။ လူစီသည် စားစရာများကို အမြဲမပျက် စားနေသော်လည်း အလွယ်တကူမျိုချ၍ မရ။ အရသာလည်းမရှိ။ ထိုင်ရာမှ ထသွားချင်သော်လည်း ထ၍မဖြစ်၊ ပြောနေကြသည့် စကားများကို စိတ်မဝင်စားဘဲနှင့် နားထောင်နေရသည်။

နောက်ဆုံးတွင် လက်ဖက်ရည်ပွဲသည် ပြီးဆုံးသွားသည်။ အန်နာသည် အိမ်ရှေ့ဧည့်ခန်းဆီသို့ ထွက်သွားသည်။ ပီတာသည် သူ့ရှက်နေလှနှင့်အပေါ်ထပ်သို့ ပြေးတက်သွားသည်။ နက်တာသည် စားပွဲကို လာ၍ ရှင်းလင်းသုတ်သင်ပြီး မီးဖိုခန်းထဲပြန်ဝင်သွားသည်။ အခန်းထဲတွင် သူတို့ နှစ်ယောက်တည်း ကျန်ခဲ့သည်။ ဖရန့်က လူစီ့မျက်နှာကို သတန်ကြာမျှ စိုက်ကြည့်ပြီး အကဲခတ်သည်။

'မင်း ဘာဖြစ်နေတာလဲ လူစီ၊ တို့ကြားမှာလဲ ပြဿနာ မရှိတော့ဘူးလို့ ထင်ပါတယ်'

လူစီသည် ထိုင်ရာမှထကာ အခန်းတံခါးကို သွားပိတ်သည်။ ထို့နောက် ပြန်လာပြီး ထိုင်သည်။

'ကျွန်မ ရှင့်ကို စကားပြောစရာရှိတယ်'

'အင်း...ဒါကြောင့်ထင်ပါရဲ့၊ မင့်မျက်နှာက လူသေမျက်နှာအတိုင်းပဲ'

'ကျွန်မ မျက်နှာဘယ်လိုပဲဖြစ်နေနေ၊ ဒါကို ထည့်မပြောနဲ့...'



'ဪ...လူစီရယ်၊ တလွဲမထင်ပါနဲ့၊ မောင်က ရယ်စရာ ပြောတာပါ'

'ကျွန်မမှာ ရယ်စရာကို နားထောင်နိုင်တဲ့ အခြေအနေမရှိဘူး၊ ကျွန်မဘဝ တစ်ခုလုံးအတွက် အရေးကြီးတဲ့ အချိန်ရောက်နေတယ်'

'မင်း ဘာဖြစ်နေသလဲ လူစီ'

'ကျွန်မမှာ သံသယဖြစ်စရာတစ်ခုရှိနေတယ်...၊ သိပ်ကို ကြောက်စရာကောင်းတဲ့ဟာပဲ၊ ဒီကိစ္စကို ရှင်းနိုင်မယ့်နည်းလမ်းကလဲ တစ်လမ်းပဲရှိတယ်၊ အဲဒါကလဲ ရှင့်ဘက်ကအမှန်အတိုင်းပြောမှ ဖြစ်မယ်၊ ကျွန်မ မေးမယ်၊ ရှင်နဲ့အန်နာ ချစ်ကြိုက် ဖြစ်ဖူးခဲ့ကြသလား'

'ဘာ'

'ဒါတင်မကသေးဘူး၊ အန်နာမွေးတဲ့ ကလေးအဖေဟာ ရှင်ပဲလား'

ဖရန့်သည် အံ့အားသင့်လွန်းသဖြင့် လူစီအား ပါးစပ်အဟောင်းသားဖြင့် ကြည့်နေသည်။ အတန်ကြာမှထိတ်လန့်တကြား ဖြစ်နေသော မျက်နှာသည် 'မပြုံ'သွားသည်။

'မင်းက အဲသလိုထင်နေသကိုး'ဟု ဖရန့်က ရေရွတ်သည်။

'မင်း ငါ့ကို ဒီလိုပဲထင်နေတာပါလား'

'ကျွန်မ မေးတာဖြေပါ၊ ကျွန်မ ရှင့်အဖြေကို စောင့်နေတယ်'

'မဟုတ်သေးဘူး လူစီ'ဟု ဖရန့်က စိတ်ပျက် လက်ပျက် အသံဖြင့် ပြန်ပြောသည်။

'မင်း ဒီဘက်တော်မိုက်တာပဲ၊ ရယ်စရာကောင်းနေပြီ...'

www.burmeseclassic.com

www.burmeseclassic.com

'မယုံကြပါဘူး။ ရယ်စရာလဲမကောင်းပါဘူး။ ရှင့်မှာတော့ ခေါင်းချဲစရာဖြစ်သွားမှာပေါ့လေ'ဟု လူစီက မလိုတမာသံဖြင့် မဲ့ရွဲ့ပြီး ရေရွတ်သည်။

'မင်းရူးနေပြီ'ဟု ဖရန့်က ပြောသည်။ 'ငါနဲ့ အန်နာ ဘာမှမဖြစ်ခဲ့ဖူးဘူး၊ အဲဒီကိစ္စမှာလဲ ငါနဲ့ ဘာမှမပတ်သက်ခဲ့ဘူး၊ ငါ့ဘဝတစ်လျှောက်လုံး အန်နာနဲ့ ဘာဆို ဘာမှ မဖြစ်ခဲ့ဖူးဘူး၊ မင်း ပြောတာမယုံရင် အန်နာကို သွားမေး'

'အန်နာ့ကို သွားမေး၊ ဟုတ်လား'ဟု လူစီက ဒေါသတကြီးပြောသည်။ 'အန်နာကိုမေးပြီး ကျွန်မရှုံးပုံကို သိကျော်ကြားအောင်လုပ်လိမ့်မယ်လို့ ရှင်ထင်နေသလား၊ အန်နာ့ ရှေ့မှာ ကျွန်မကိုယ်ကျွန်မ နိမ့်ကျအောင် လုပ်ရမှာလား၊ ကျွန်မက အန်နာ့ကိုသွားမေးတော့ သူက ဘာပြောမယ် ထင်သလဲ၊ အမှန်ပြောလိမ့်မယ်လို့ ရှင်ထင်သလား၊ ရှင်တို့ နှစ်ယောက် နားလည်မှုယူထားမယ်ဆိုတာ ကျွန်မ မသိဘူးလို့ ထင်နေသလား'

ဖရန့်၏ဒေါသသည် အရှိန်တက်လာသည်။ 'မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ မင်းမှားနေပြီ နော…၊ မင်း အတော့်ကို မှားနေပြီ၊ မင်း သိပ်မှားနေပြီ'

'ဪ…ဟုတ်လား၊ မှားနေသလား၊ ဒါဆိုရင် ကျွန်မ မှားအောင်လုပ်တာ ဘယ်သူလဲ၊ သိလား၊ ရှင်ပေါ့'

'ဒါဆိုရင်လဲ မင်းထင်ချင်သလိုထင်၊ ရတယ်'ဟု ဖရန့်က အော်ကြီးဟစ်ကျယ်ပြောသည်။ 'ငါ လုံးဝ မကျူးလွန်ခဲ့တဲ့ အပြစ်ကို ငါကျူးလွန်တယ်လို့ထင်ရင် မင့်အပြစ်ပဲ၊ ထင်… ဆင် မင်းကြိုက်သလိုသာထင်၊ ငါ ဂရုမစိုက်ဘူး'



သူတို့သည် တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်ကာ စူးစူးရဲရဲ ကြည့်သည်။ ထို့နောက် ရုတ်တရက် ချက်ချင်း လူစီ၏မျက်နှာသည် အနည်းငယ်မျှ ပျော့ပျောင်းသွားသည်။ ဖရန့်အပေါ် သနားကြင်နာစိတ် တဖွားဖွား ပေါ်လာသည်။ သူ့မျက်လုံးအစုံတွင် ထင်ဟပ်နေသည့် ရှုရှာ ဆိုးသော အရိပ်အငွေ့များသည် ဖျတ်ခနဲကွယ်ပျောက်သွားသည်။

'ရှင် နားမလည်ဘူး ဖရန့်'ဟု ပြောသည်။ 'လူစီ ဘယ်လောက်အထိ စိတ်ဆင်းရဲနေရတယ်ဆိုတာ ရှင် သိရဲ့လား၊ ပြဿနာကို လူစီတို့ ရှင်းပစ်ကြပါစို့လား မောင်ရယ်၊ ရှင်းပြီးရင် ဘဝအသစ် ပြန်စတာပေါ့'

သို့သော်လည်း သူ့အပေါ် မဟုတ်မတရား စွပ်စွဲသည့် သော အစွဲဖြင့် ဒေါသပုန် ထနေပြီဖြစ်သော ဖရန့်သည် လူစီ၏စကားကို နားမထောင်။ သူသည် ထိုင်နေရာမှ ဝုန်းခနဲ ထရပ်လိုက်ပြီး 'တော်ပြီ၊ ဒီလောက်ဆို တော်လောက်ပြီ၊ ငါနောက်ထပ် သည်းမခံနိုင်တော့ဘူး၊ နားလည်လား'ဟု ပြောသည်။

လူစီသည် ဖရန့်အနီးသို့ ကပျာကယာ သွားကာ လက်မောင်းကိုဆွဲထားသည်။ 'ဖရန့်…ရယ်'ဟု တောင်းပန်ခယသည့် လေသံဖြင့် ပြောသည်။ 'လူစီ ရှင့်ကို ချစ်တယ်ဆိုတာ ရှင် သိပါတယ်၊ လူစီ ရှင့်အတွက် ဘာပဲ လုပ်ရလုပ်ရ၊ လုပ်ပေးဖို့အသင့်ပဲဆိုတာလဲ ရှင် သိသင့်ပါတယ်၊ ရှင့်အနေနဲ့ ရှင့်ကို ခွင့်လွှတ်ပါဆိုတဲ့ စကားလေးတစ်ခွန်းလောက်မှ မပြောနိုင်ဘူးလား ဖရန့်ရယ်'

www.burmeseclassic.com

www.burmeseclassic.com



ဖရန့်ကတော့ လူစီအား မကြည့်တော့ဘဲ တံခါးဆီ
လျှောက်သွားသည်။ 'ငါကဘာပြုလို့မင့်ကိုခွင့်လွှတ်ဖို့ေ
ပန်ရမှာလဲ' ဟု ပြောသည်။

'မသွားပါနဲ့ဦး ဖရန့်ရယ်၊ ဗီကိစ္စ ...'

'ငါ့ဘာသာငါ အေးအေးနေပါရစေ၊ မင်း မနေ
ယှက်ချင်ပါနဲ့တော့'ဟု ဖရန့်ကပြောကာ လက်ကို ဆေ
ရှန်းပြီး အခန်းထဲမှ ထွက်သွားသည်။

လူစီသည် ကုလားထိုင်တွင် ပြန့်ထိုင်သည်။ သူ့မျက်
အစုံတွင် မျက်ရည်များဖြင့် ပြည့်လျှံလာသည်၊ ဖရန့်က
သူ၏စွပ်စွဲချက်ကို အကြောက် အလန့် ငြင်းလျက်ပင် ရှိ
တကယ်တော့လည်း ဤကိစ္စမျိုးတွင် ဖရန့်ဘက်က ကြည့်
က ငြင်းရမည့်သာ ဖြစ်သည်။ သို့သော်လည်း ဖရန့်က ငြ
လေလေ၊ လူစီက သူ့ယုံကြည်မှုမှန်သည်ဟု အခိုင်အမာ ယူ
လေ ဖြစ်လာသည်။

အကယ်၍သာ ဖရန့်က ရိုးသားဖြောင့်မတ်စွာဖြင့် သူ
အမှားကို ဝန်ခံမည်ဆိုပါမူ မိမိဘက်မှ ဝမ်းမြောက်ဝမ်းသာ
ခွင့်လွှတ်နိုင်လိမ့်မည်ဟု လူစီက ယူဆထားသည်။ သို့သေ
လည်း လူစီဖြစ်စေချင်သလို ဖြစ်မလာ။ ဖရန့်အနေဖြင့် ဝန်
ရမည့်အစား အခန်းထဲမှ စိတ်ဆိုးမာန်ဆိုးဖြင့် ထွက်သွား
၏။ သူ့အနေဖြင့် ဖရန့်၏ အားနည်းချက်နှင့် ဖရန့်၏ စိတ်
အပြောင်းအလဲမြန်မှု စသည်များကို သိထားသူ ဖြစ်သည်
အားလျော်စွာ ထိုအကျင့်စရိုက်များကို ပြုပြင်ပေးဖို့ အမြ
အားထုတ်ခဲ့၏။

မည်သို့ပင်ဖြစ်စေ အိမ်ထောင်သက် ရှစ်နှစ်မျှ ကာလ
အတွင်း သူတို့သည် သာယာပျော်ရွှင်ခဲ့ကြသည်။ သူ၏ ကူညီ



ပြုပြင်မှုဟူသမျှကိုလည်း ဖရန့်ဘက်က လက်ခံခဲ့သည်။
ကြောင့်လည်း သူတို့နှစ်ဦးကြားတွင် ပဋိပက္ခဟူ၍ မရှိ
လောက် နည်းခဲ့သည်။ အခုမှပင် လုံးဝ မမျှော်လင့်သော
စ်တစ်ခု ကျူးရောက်လာခဲ့ရာမှ အဆင်မပြေမှု ကြီးထွား
ရခြင်းပေတည်း။

လူစီသည် အခန်းတံခါးကိုစိုက်ကြည့်ကာ တွေဝေ ငေး
လျက်ရှိသည်။ ရုတ်တရက် အိမ်ရှေ့ဧည့်ခန်းထဲမှ စန္ဒရား
နှင့် သီချင်းဆိုသံ ထွက်ပေါ်လာသည်။ အန့်နာ ဖြစ်၏။
၏ခေါင်းသည် အုံခဲလာသည်။ စိတ်ထိခိုက်ကြေကွဲခြင်း
ည်လည်း ပြင်းစွာဖြစ်ပေါ်လာသည်။ သို့သော်လည်း ငိုယို
း မပြု။ မျက်ရည်မကျအောင် သူ့စိတ်ကို ထိန်းချုပ်ထား
ည်။

သူ့မျက်နှာသည် ဆုံးဖြတ်ချက်တစ်ခုကို အခိုင်အမာ
အားပြီဖြစ်ကြောင်း ဖော်ပြနေသည်။ မှန်ပါ၏၊ သူသည်
န့်အပေါ် ချစ်မြတ်နိုးသူ ဖြစ်သည်။ သို့ဆိုလျှင် ဖရန့်အား
န်နာ့လက်မှလွတ်မြောက်အောင်ကယ်တင်ရမည်။ အခုလော
လာဆယ်တော့ အခြေအနေကို စောင့်ကြည့်မည်။ လိုအပ်
ာပြီဆိုမှ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်မည်။ သူသည်
ိုင်ရာမှ ဖျတ်ခနဲထကာ အိမ်ရှေ့ခန်းဆီသို့ လျှောက်သွား
ည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၉ )

အိပ်ရာမှနိုးလာသော လူစီ၏စိတ်သည် ခါတိုင်းနေ့များ
မဟုတ်၊ လေးလံထိုင်းမှိုင်းလျက်ရှိသည်။ အရင်တုန်းကတော
နေ့သစ်မွေးဖွားလာလျှင် ပျော်ခဲ့၏။ အခုတော့ မပျော်
ပတ်ဝန်းကျင်၏ သာယာမှုများကိုပင် သူမမြင်ရ၊ မတွေ့
မခံစားရ။ 'ငါ ဒီအဖြစ်ကို သည်းခံနိုင်စွမ်း ရှိပါသေ
မလား။ ဒီပြဿနာအ ငါ့ကို သတ်တော့မယ် ထင်ပါရဲ့' ဟု
တွေးမိသည်။

သို့သော်လည်း သူ သည်းမခံ၍မဖြစ်၊ သည်းခံရလိမ့်မည်
သူသည် လုပ်နေကျ အိမ်မှုကိစ္စများကို တာဝန်မပျက် လု
သည်။ ဖရန့်အတွက် လုပ်ပေးသင့်သည့် အလုပ်များကိုလည်
မလစ်ဟင်းစေရ။ ဤသို့ဖြင့် လေးရက် လွန်မြောက်လာသည်



ဤကာလအတွင်း သူသည် သူ့သား ပီတာနှင့်သာ စကား
ပြောသည်။ သူ့သားပီတာအတွက် စိတ်ဖြေရာ ဖြစ်ခဲ့ရ၏။
ညီသို့ပင်ဖြစ်စေ ကြာသေပတေးနေ့ကျတော့ သူ့သားအား
စနေနေ့တွင် ပို့ထ်ဗိုရန်ရှိ ဦးကြီးအက်ဒ်ဝပ်ထံ သွားရလိမ့်
မည်ဟု အသိပေးလိုက်သည်။

အသိပေးရာ၌လည်း အန်နာ့ရှေ့တွင် အန်နာ၏မျက်နှာကို
စေ့စေ့ကြည့်၍ 'သားရဲ့ဦးကြီး အက်ဒဝပ်က အန်တီအန်နာ
ပြန်သွားတာနဲ့ တစ်ပြိုင်နက် လာခဲ့လို့မှာထားတာ' ဟု ပြော
သည်။ အန်နာအား ပြန်စေလိုကြောင်း သွယ်ဝိုက်၍ ပြော
လိုက်ခြင်း ဖြစ်၏။ သို့သော်လည်း အန်နာကတော့ မသိသလို
လုပ်နေသည်။

ဤသို့ဖြင့် စနေနေ့သို့ ဆိုက်ရောက်လာသည်။ 'သား၊ သား
ယူသွားရမယ့်ပစ္စည်းတွေ အားလုံးပါတယ် ထင်တာပဲမေမေ'
ဟု လက်ဆွဲအိတ်ထဲ ပစ္စည်းများ ထည့်နေသည့် ပီတာက
ပြောသည်။ လူစီသည် လုပ်ပုံကိုင်ပုံ စနစ်ကျလှသော ပီတာ
အားကြည့်ကာ ပီတိဖြစ်လျက်ရှိသည်။ သူ့သားသည် သူ၏
လက်ကျွမ်းလ်ပ်နကို ရသူဖြစ်၏။ ဘာလုပ်လုပ် စနစ်ရှိသည်။
စေ့စပ်သေချာသည်၊ သန့်ပြန့်လက်ရပ်သည်။ သူ့ အဝတ်
အစားများကို သူကိုယ်တိုင် တရိုတသေ သိမ်းတတ်သည်။
သူ့ ပစ္စည်းများအပေါ် အလွန်အလေးအနက် ထားတတ်
သည်။ သူ့တွင် ဘာပစ္စည်းရှိသည်၊ ထိုပစ္စည်း ဘယ်နေရာမှာ
ထားသည် စသည်များကိုလည်း အတိအကျ သိသည်။ ထို
အကျင့်သည် သူ့ထံမှရခြင်းဖြစ်၍ လူစီဝမ်းသာသည်။ ကျေ
နပ်အားရခြင်းသည်လည်း ဖြစ်သည်။ ငယ်ငယ်ရွယ်ရွယ်နှင့်

www.burmeseclassic.com

www.burmeseclassic.com

ဤမျှလောက်အထိ စည်းကမ်းရှိနေခြင်းသည် အံ့ဩဖို့ ကောင်းသည် ထင်၏။

'မေမေနဲ့ ခွဲသွားရမှာကို သား ဝမ်းမနည်းဘူးလား' လူစီက မေးသည်။ ဤမေးခွန်းကို အမှတ်အမဲ့မေးလိုက်ခြင်း ဖြစ်သော်လည်း မျက်လုံးများတွင် မျက်ရည်များစို့ သည်။

ပီတာသည် လက်ဆွဲအိတ်ကိုပိတ်လိုက်ပြီး ဒူးထော ထိုင်နေရာမှ ခုန်ထလာသည်။

'ဟာ....မေမေကလဲဗျာ'ဟု ရှင်မြူးသော လေသံဖြင့် ရေရွတ်သည်။ 'သား....သား အကြာကြီးနေမှာမှမဟုတ်တာ ချက်ချင်းပြန်လာမှာပဲ။ ဒါပေမယ့်၊ သားပြန်လာတဲ့အချိန်မှာ အန်တီအန်နာကတော့ရှိမှာမဟုတ်တော့ဘူး၊ အဲဒါကျတော့ သား စိတ်မကောင်းဘူး'

ထိုအခိုက်တွင် နောက်ဖေးဘက်မှ တံခါးခေါက်သံကြား ရသည်။ 'ဒေ့ဗ်လာပြီ'ဟု ပီတာက အော်ကာ လှေကားဆီသို့ ပြေးသွားသည်။ 'သားကို သူလာခေါ်တာ၊ သားသွား တော့မယ်မေမေရေ။ သားအန်တီအန်နာကို သွားနှုတ်ဆက် လိုက်ဦးမယ်'

'အေး....သွား၊ မင်းပြန်လာရင် သူရှိမှာမဟုတ်တော့ဘူး'

ပီတာသည် အန်နာ့အခန်းသို့ပြေးသွားသည်။ မနက်ကိုး နာရီထိုးသံ အခုမှကြားရသည်။ အန်နာသည် အိပ်ရာမှထ မလာသေး။ လူစီသည် မီးဖိုခန်းဆီသို့ဆင်းလာခဲ့သည်။

'ဘိုးဝီးရဲ့သားလာတယ်၊ ပီတာကိုလာခေါ်တာတဲ့' ဟု နက်တာက လူစီအား ဆီးပြောသည်။ လာခေါ်သူမှာ အင်ဂပ်စ်၊ နက်တာလာစေချင်သည့် ဒေ့ဗ်မဟုတ်။



'သူ့ကို ဘာမှမဖြစ်အောင် ကြည့်ခေါ်သွားပါကွယ်' ဟု လူစီက တံခါးကိုဖွင့်ပေးပြီး အင်ဂပ်စ်အားမှာသည်။ သူ့ သားနှင့် ခွဲရမည့်အရေးကိုတွေးကာ လူစီ စိတ်မကောင်းဖြစ် လာခနပြန်သည်။

'စိတ်ချပါဗျာ' ဟု အင်ဂပ်စ်ပြောသည်။ အင်ဂပ်စ် သည် ဒေ့ဗ်နှင့် ရုပ်ချင်းတစ်ထေရာတည်း တူသော်လည်း စိတ်အာစကျတော့ ဒေ့ဗ်လို သွက်လက်ခြင်းမရှိ။

ပီတာသည် အိတ်ကို လက် တစ်ဖက်မှဆွဲ၍၊ တစ်ဖက်မှ ချိုလင်ပြားတစ်ပြားကိုင်၍ မီးဖိုခန်းထဲ ဝင်လာသည်။

'ဒီမှာကြည့်ပါဦးမေမေ'ဟု ပြောကာ ပီတာက လက်ဝါး သည်။ 'အန်တီအန်နာက သားကိုမုန့်ဖိုးပေးလိုက်တာ၊ ချိုလင်တစ်ပြားတောင်မှ'

'အဲဒီမုန့်ဖိုးကို ချိုချဉ်တွေ ဝယ်မစားပစ်နဲ့နော်'ဟု လူစီက သည်။ ပီတာက ခေါင်းညိတ်သည်။

လူစီက သူ့သား၏လက်ကိုဆွဲ၍ နှုတ်ဆက်သည်။ အင်ဂပ်စ် နှင့်အတူ လျှောက်သွားနေသော သားအား မျက်စိတစ်ဆုံး မျှော်ကြည့်နေသည်။ မျက်လုံးအစုံတွင် မျက်ရည်များက အပြည့်။ သူသည် မီးဖိုခန်းထဲမှ လျင်မြန်စွာထွက်ခွာလာခဲ့ သည်။ သူ မျက်ရည်ကျသည်ကို နက်တာ မမြင်စေချင်။

သူသည် ဧည့်ခန်းထဲရှိ ပြတင်းပေါက်နားသို့ရပ်ကာ အပြင် ဘက်မှ ရှုခင်းကို မျှော်ကြည့်နေသည်။ သူ့သားပီတာသည် သူနှင့်အန်နာ၏အကြားတွင် ရန်သူနှစ်နိုင်ငံကြားမှ ရပ်တည် နေသည့် ကြားနိုင်ငံတစ်ခုသဖွယ် ရပ်တည်နေသူဖြစ်၏။ အခု တော့ သူမရှိတော့ပြီ။

www.burmeseclassic.com

www.burmeseclassic.com

သူ့အနေဖြင့် အန်နာအား အမြန်ဆုံးပြန်ရန် ထုတ်ပြောရလျှင် ကောင်းလေမလားဟု စဉ်းစားသည်၊ သို့သော်လည်း ဆုံးဖြတ်ချက်ချ၍မရ။ တကယ်တမ်း စဉ်းစားသည့်အခါ ဘာမှမပြောဘဲ နေဖို့ဆိုသည်မှာမလွယ်။ အန်နာသည် သူ့အိမ်ထဲ၌ နေ၍၊ စား၍၊ အိပ်၍ သူ့အား ဆန့်ကျင်သော ဆက်ဆံပြောဆိုမှုများကို ပြုလုပ်လျက်ရှိ၏၊ အလန်မတရား သည့်ကိစ္စဟု သူနားလည်ထားသဖြင့် ဆက်လက်၍ သည်းခံသွားဖို့ဆိုသည်မှာ မဖြစ်နိုင်၊

သို့သော်လည်း သူ့အနေဖြင့် အန်နာပြန်သွားအောင် အခါအခွင့်သင့်တိုင်း သွယ်ဝိုက်၍ပြောခဲ့သည်မှာ တစ်ကြိမ်မကရှိခဲ့ပြီ။ အန်နာကတော့ အရေထူလှ၏၊ မသိဟန်ဆောင်ကာ ဂရုမစိုက်သလိုနေခဲ့၏၊ ဤမျှလောက်အရေထူသူအား မိမိကပို၍ပြင်းထန်သော ဆက်ဆံပြောဆိုမှုမျိုး မပြုလျှင်မဖြစ်ဟု ထင်မိ၏၊ သူက အန်နာအား ကြောက်ရွံ့နေသည်ဟု ယူဆခံရလျှင် သူ့အဖို့ ဂုဏ်သိက္ခာ တစ်စက်မှရှိတော့မည်မဟုတ်၊

အမှန်တော့ သူ ယခုရင်ဆိုင်နေရသော အခြေအနေသည် သာမန် တွေ့ရိုးတွေ့စဉ်မျိုးမဟုတ်၊ ထို့ကြောင့်လည်း သာမန်လုပ်ရိုး လုပ်စဉ်နည်းများကိုသုံး၍ ရနိုင်ဖွယ်မရှိ၊ ထိုကဲ့သို့ တွေးမိသောအခါ လူစီသည် အံကိုကြိတ်ကာ လက်နှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားမိ၏၊ အိမ်စေတာလေးနက်ကာ သီချင်းညည်းသံသည် သူ့နားများဆီသို့ ရောက်လာသည်၊

'ငါသည်းခံနေလို့ မဖြစ်ဘူး၊ လုံးဝမဖြစ်ဘူး၊ ငါအခုကို သွားပြောမှ ဖြစ်မယ်'

သူသည် ချက်ချင်းပင် ဧည့်ခန်းထဲမှထွက်ကာ အန်နာရှိရာ အပေါ်ထပ်သို့ လှေကားမှတက်လာခဲ့သည်၊ လျှင်မြန်စွာရှိ



နေသည့် နှလုံးခုန်သံနှင့်အတူ အန်နာ၏အိပ်ခန်းထဲသို့ဝင်လာခဲ့သည်၊

အန်နာသည် အိပ်ရာထဲမှမထွက်သေး၊ မနက်စာကိုပင် အခုအချိန်ထိထ၍မစားသေး၊ သူ့ခေါင်းသည် ခေါင်းအုံးထက်တွင် တင်ထားဆဲ၊ မျက်လုံးများကလည်း အိပ်ချင်မပြေသေးကြောင်း ဖော်ပြနေကြဆဲ၊ သူ့ညဝတ်အင်္ကျီကြယ်သီးများသည် ပြုတ်လျက်ရှိသဖြင့် သူ့ရင်ကိုလှစ်ပြထားသလို ဖြစ်နေသည်၊ အချိန်မဟုတ်၊ အခါမဟုတ်၊ လာနေကျမဟုတ်သောအချိန်တွင် ဝင်လာသည့် လူစီအားမြင်လိုက်သည့်အခါ တွင်လည်း အံ့အားသင့်ဟန်မပြ၊

'မင်းအခုထက်ထိ အိပ်ရာကမထသေးဘူးနော်'ဟု ခုတင်အနီးမှ ကုလားထိုင်တွင် ဝင်ထိုင်ရင်း လူစီကပြောသည်၊

'ဟုတ်တယ်၊ မထသေးဘူး'ဟု အန်နာက ခပ်ပေါ့ပေါ့ပင် ဖြေသည်၊

'မင်းဟာ အရာရာတိုင်းကို ပေါ့ပေါ့တန်တန်ပဲ သဘောထားတယ်နော်'

'အဲဒါ အကောင်းဆုံးနည်းမဟုတ်ဘူးလား'

'ကိုယ်ကတော့ မင်းကို နားမလည်နိုင်အောင် ဖြစ်နေတယ် အန်နာ'

'နားလည်စရာကော လိုနေလို့လား'

'မင့်မှာ အလုပ်လဲမရှိဘူး၊ အဆင့်အတန်းလဲမရှိဘူး၊ ဘာသာလဲမရှိဘူး၊ ဘာဆိုဘာမှမရှိဘူး၊ မင်းအသက်ရှင်နေတာဟာ မင့်ဘဝ ... ယာမှ တစ်ခုတည်းအတွက်ပဲ'

'သဝဆိုတာ ဘာလုပ်ဖို့လဲ'ဟု အန်နာက ပါမာမခန့်လေ

www.burmeseclassic.com

www.burmeseclassic.com



သံဖြင့်ပြောသည်။ 'ဘဝထဲက ရနိုင်သမျှရအောင် ယူဦးမယ်ဆိုတာ မဟုတ်လား'

'ဒါက မင်းယုံကြည်ချက်ပဲ'ဟု လူစီက သံပြတ်ပြတ်ဖြင့် ပြောသည်။ 'ဒီစကားဟာ မင့်ရဲ့စိတ်နေသဘောထားကို ဖော်ပြနေတာပဲ'

အန်နာက နှုတ်မှမဖြေ။ အပြုံးဖြင့် တုံ့ပြန်သည်။ သူ့အပြုံးသည် မလိုတမာအပြုံး။

'မင့်ရဲ့ဘဝအမြင်ဟာ ဒါပဲပေါ့'ဟု လူစီက ထပ်ပြောသည်။ 'မင့်မှာ တာဝန်သိစိတ်တို့ သစ္စာစောင့်မှုတို့ဆိုတာ တစ်ခုမှမရှိဘူး'

'ရှင့်မှာရော ရှိလို့လား'

'ကိုယ့်မှာ ယောကျာ်းရှိတယ်၊ သားရှိတယ်၊ ပြီးတော့ ယုံကြည်မှုဆိုတဲ့ ဘာသာတရားရှိတယ်'

'အဖရယ်၊ သားရယ်၊ ပြီးတော့ မြင့်မြတ်တော်မူတဲ့ တစ္ဆေကြီးရယ်၊ အာမင်း'ဟု အန်နာက သရော်သံဖြင့် ရေရွတ်သည်။

ငြိမ်ဆိတ်သွားသည်။ လူစီအဖို့ သည်းခံနိုင်စွမ်း ကုန်ဆုံးသွားခဲ့လေပြီ။ ရင်ထဲ၌ မျိုသိပ်ထားရသမျှအားလုံးသည် သူ့ရင်ထဲတွင် လှိုင်းထလာသည်။

'သိပ်ကိုကြောက်စရာ ကောင်းလှပါကလား'ဟု လူစီက ရေရွတ်သည်။ 'အင်မတန်ကိုယုတ်မာတာပဲ။ ဒါဟာ ဘုရားသခင်ကိုစော်ကားတဲ့စကားပဲ။ မင်းဟာ လူ့ဘဝမှာ တခြားလူတွေက အမြတ်တနိုးပြုတဲ့အရာတွေ၊ ကောင်းမွန် မြင့်မြတ်တဲ့အရာတွေအားလုံးကို လိုက်ပြီးသရော်နေ ရှုပ်ချနေတာပါလား'



အန်နာသည် အိပ်ရာပေါ်လှဲနေရာမှ တံတောင်ဖြင့် ထောက်၍ ခေါင်းထောင်ကြည့်သည်။ သူ့မျက်နှာထားသည် ခန့်တရန်နှင့် မထီမဲ့မြင်ဖြစ်လာသည်။ စောစောကထက် ပို၍ကြမ်းသောလေသံဖြင့် 'ကျွန်မကိုစိတ်တိုအောင်လာလုပ်မနေနဲ့'ဟု ပြောသည်။ 'ရှင်ပြောတဲ့ဟာတွေ အားလုံးဟာ ဒီတ်ကူးယဉ်ထားတဲ့ အနှစ်သာရတွေချည်းပဲ၊ ရှင်လဲဘာထူးလဲ တခြားလူတွေလို လမ်းမှားပေါ်မှာ ရပ်နေတဲ့လူပဲ။ အိမ်ထောင်သည်ဘဝကိုပဲ အထွတ်အမြတ်ထားပြီး စကားပြောနေတယ်။ မိခင်ဘဝကိုပဲ အကြီးအကျယ်လုပ်ပြီး အမွှန်းတင်နေတယ်၊ ရှင်လက်ထပ်တာ ဘာကြောင့်လဲသိလား၊ ကိုယ်လိုချင်တာတစ်ခုကို တခြားနည်းတွေနဲ့ယူရမှာ ကြောက်လို့ပါ၊ အဲဒီ ရှင်လိုချင်တဲ့ဟာရတော့ ဘာဖြစ်လာသလဲ၊ ကလေးရတာပေါ့၊ ဘဝဘယ်လိုစဘယ်ဆိုတော့ အဲဒါပဲ'

အန်နာက စကားကိုဖြတ်ထားပြီး လူစီအားရွံရှာစပ်ဆုပ်သည့် မျက်နှာထားဖြင့်ကြည့်သည်။

'ကျွန်မပြောနေတာ နားထောင်လို့မကောင်းဘူးလား ရှင်၊ ရှင့်အဖို့ ရှင့်သားကလေးကို ပြုစုစောင့်ရှောက်နေတာ ဟာ ရှင့်ကိုယ်ရှင် သတ်နေသလိုပါပဲ၊ နောက်ဆုံးကျတော့ အဲဒီသားကလေးကပဲ ရှင့်ကို ရန်ပြုပြီး ရှင့်မျက်နှာကို တံတွေးနဲ့ ထွေးသွားမှာပါ၊ နောက်ဆုံးမှာ ကြီးကြီးကျယ်ကျယ် ပြောဆိုနေကြတဲ့ စကားတွေဟာ အဓိပ္ပာယ်မရှိဘူးဆိုတာလဲ ရှင် သိလာမှာပါ၊ ရှင်သေခါနီးပြီဆိုရင်တော့ ရှင့်ကိုယ်ရှင် ငါဟာ ပွဲဖောင်းတွေနောက် ပြေးလိုက်နေတာပါလား ဆိုတဲ့အသိ ရှာတွေ့လာပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com

'နှင်ငါ့ကို ဒီစကားမျိုးတွေ ပြောတယ်ပေါ့လေ၊ ဟုတ်လား' ဟု လှစီက ဒေါသတကြီးဖြင့် အော်ပြောသည်။ ဒေါသအရှိန်ကြောင့် သူ့တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားနေသည်။ 'နှင်က ငါ့ကို ဒီလိုပြောတယ်' ဟုတ်လား၊ ငါလုံးဝ လက်မခံနိုင်ဘူး၊ နားလည်လား'

'လက်မခံနိုင်ဘူး ဟုတ်လား၊ အဲဒါရှင့်ဒုက္ခပဲ၊ သူများပြောတာကို ရှင်လက်မခံတာဟာ ရှင့်ဒုက္ခပဲဆိုတာကော နားလည်ရဲ့လား၊ ရှင်က ပူဖောင်းကို လက်နဲ့ဖျစ်ညှစ်ပြီး ပေါက်သွားအောင်ဖောက်မယ်၊ ပြီးတော့မှ ရှင့်စိတ်ကူးယဉ်ထားတဲ့အရာတွေကို လေထဲမှာလိုက်ရှာမယ်၊ ဒါပဲလုပ်နေတာ မိန်းမပါ'

လှစီသည် ကုလားထိုင်ပေါ်မှ ပြန်နိုးခနဲထရပ်ကာ မှန်တင်ခုံပေါ်မှ သေတ္တာကလေး အဖုံးကိုဖွင့်လိုက်သည်။ 'ငါ နှင့်ကို မေးမယ်၊ ဒီကိစ္စကို နှင် ရှင်းနိုင်မလား၊ အခု ချက်ချင်းရှင်း'

လှစီသည် သေတ္တာထဲကို လက်နှင့် နှိုက်၍ ယူသည်။ သို့သော်လည်း သူလိုချင်သော အရာသည် မရှိတော့။ အန်နာက ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။ သရော်သံ လှောင်သံ ပြည့်နေသော ရယ်သံဖြစ်၏။

'လုပ်နေပုံက တော်တော် ရယ်စရာကောင်းတာပဲ နော်' ဟု အန်နာက မလိုတမာသံဖြင့် ရေရွတ်သည်။ 'ဒီအထဲက ဓာတ်ပုံကို ရှင်တိတ်တိတ်ခိုးပြီး ကြည့်တဲ့နေ့ နောက်တစ်ရက်မှာပဲ ဓာတ်ပုံကို ကျွန်မကိုယ်တိုင် မီးပုံထဲထည့်ပစ်လိုက်ပြီ'

လှစီ၏မျက်လုံးများသည် ဒေါသ အရှိန်ဖြင့် ဝင်းဝင်းတောက်နေကြလေပြီ။ 'နှင် ဘယ်လိုပဲလုပ်လုပ် ငါနှင့်အကြောင်းကို အားလုံး သိပြီးပြီ၊ နှင် မေးခဲ့တဲ့ ကလေးအကြောင်းကအစ ငါ သိတယ်' ဟု အံကြိတ်၍ ပြောသည်။

'ဟုတ်တယ်လေ၊ အဲဒီကလေးကို မွေးခဲ့တာ ကျွန်မပဲ၊ [...]ဝှစရာ မဟုတ်ပါဘူး၊ ဒါက ကျွန်မရဲ့ကိုယ်ရေးကိုယ်တာ [...]ပါ' လှစီသည် အန်နာ၏မျက်နှာကို စူးစူးဝါးဝါး [...]ကြည့်သည်။ 'ဒါဆိုရင် ငါသိပ်သိချင်နေတာတစ်ခုရှိတယ်' ဟု [...]ကိုသီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်၍ ပြောသည်။

'နှင် ငါ့ကို ပြောမလား'

'ပြောမယ်'

'ဒါဆိုရင် နှင် ဘာ့ကြောင့် ဒီကို လာတာလဲ'

'ရှင် ခေါ်လို့ လာခဲ့တာပဲ၊ ရှင် မမှတ်မိတော့ဘူးလား'

'ငါ နှင့်အကြောင်း မသိလို့ ခေါ်မိတာ'

'အခုတော့ ရှင် ကျွန်မအကြောင်း သိပြီ မဟုတ်လား'

'ဖရန့်အပေါ်မှာ နှင် ဘယ်လို သဘောထားနေသလဲ'

'အင်း....ကျွန်မဟာ ဖရန့်ကို အမြဲတမ်း သဘောကျ[...]ခဲ့တယ်၊ ကျွန်မ ဒီရောက်လာချိန်မှာ ကျွန်မဟာ အားလုံးကို မုန်းသလောက် ဖြစ်နေပြီး ဒါပေမယ့် ရှင်လုပ်ပုံတွေကြောင့် [...]မှန်ပြီး သတိရလာတယ်'

'သူဟာ ငါ့လင်၊ နှင် သိတယ်မဟုတ်လား'

'လင်တော်တာနဲ့ပဲ ရှင် သူ့ကို အကုန် အပိုင် စီးထားရမယ်လို့ တွက်ထားသလား၊ တစ်ခါတရံ စားကျက်ထဲထွက်ပြီး လွတ်လွတ်လပ်လပ် နေတာကိုတောင် ခွင့်မပြုဘူးဆိုတော့ လွန်လွန်းဘူးလား'

'အဲဒါတွေဟာ ငါ သူ့ကို သိပ်ချစ်တယ်ဆိုတာ ပြနေတာပဲ၊ နှင် သရော်ချင်သလောက် သရော်ပေါ့၊ ငါ ဂရုမ



www.burmeseclassic.com

www.burmeseclassic.com

စိုက်ဘူး၊ နှင်ထင်သလို ထင်နိုင်တယ်၊ ငါ မရှက်ဘူး၊ ထ... လို ထိုတစ်ချိန်တုန်းက ဖရန့်ဟာ နှင်နဲ့ ဖြစ်ချင် တာ... ဖြစ်ခဲ့ထယ်ဆိုရင်လဲ ငါတော့ ဂရုမစိုက်ဘူး'

'ဒီလိုဆိုရင် ဘာပြုလို့ ရှင်စိတ်တွေ ပူနေရဘာလဲ'

လူစီ၏မျက်လုံးများတွင် ကြောက်မက်ဖွယ် အရိပ်အ... များ မြင်ရသည်။ သူ့နှုတ်ခမ်းများသည် တုန်ယင် လှုပ်... နေသည်။ သူ့အမူအရာသည် အန်နာအား ခုန်အုပ်လို... မတော့မည့်နှယ် ရှိသည်။

'နှင် အခုပြောနေတာတွေဟာ ငါ့ရဲ့ ညှော်ဝတ်ကျေ... စော်ကားနေတာပဲ၊ နှင်ဒီကို လာပြီး အတိတ်က ခမ္မာများ... နေတဲ့ ဇာတ်လမ်းကိုပြန်စဖို့ ကြိုးစားတယ်၊ ငါတို့ လင်မယား... ချစ်ခင်နေတာကို မုန်းတီးအောင် လုပ်တယ်၊ ငါ့ဆီက ဖရ... ကို ခွဲထုတ်ယူသွားဖို့ အစွမ်းကုန် အားထုတ်နေတယ်'

အန်နာကလည်း တင်းမာသော မျက်နှာထားဖြင့် လူ... အား ရင်ဆိုင်သည်။ 'ရှင် မှားနေပြီ'ဟု တည်ငြိမ်သော... လေသံဖြင့် ပြန်ပြောသည်။

'ကျွန်မ ဘာမှမလုပ်ဘူး၊ ဘာမှ ကြိုးစားစရာလဲ မလိုဘူး... ရှင့်ဘာသာရှင် လုပ်နေတာ၊ ကျွန်မ အနေနဲ့ ဖရန့်ကို နည်း... နည်းပါးပါး စိတ်ဝင်စားလာအောင် လုပ်မိတာကို တော့... ကျွန်မ ဝန်ခံတယ်၊ ဘာ့ကြောင့်လဲဆိုတော့ သူ့မှာ လိုအပ်... နေတယ်လို့ ထင်မိလို့ပဲ၊ ဒါပေမယ့် ဒီထက် ပိုပြီး ဘာမှ... မလုပ်ဘူး၊ ဘာမှလဲမဖြစ်ဘူး'

'နှင့်စကားကို ငါ မယုံဘူး၊ နှင် လိမ်နေတာ နှင်တို့ နှစ်... ယောက်ကြားမှာ တစ်ခုခုတော့ ရှိနေတာ အမှန်ပဲ၊ ငါ့ကို... အမှန်အတိုင်းသာပြော'



'ပြောတော့ရော ဘာထူးလာမှာလဲ....၊ ရှင့် ပါးစပ်က... ...ကျွန်မ ပြောသမျှယုံပါဘူးလို့ အခုပဲ ပြောခဲ့ပြီးပြီ မဟုတ်... ...ဘူး'

'အေး....ကောင်းပြီ၊ နှင်မပြောနိုင်ဘူးဆိုရင် နှင် ငါ့အိမ်... ...မှာ ဆက်မနေနဲ့၊ ဒီနေ့ပဲသွားပါ'

'ဪ....ဒါက မခက်ပါဘူး၊ နောက်ဆုံးကျရင် ရှင့် ဆီ... ...က ဒီစကားပဲလာမယ်ဆိုတာ သိပြီးသားပါ၊ သွားဖို့ ဆ... ...တ်ခဲ့တဲ့ကိစ္စမဟုတ်ပါဘူး'

လူစီသည် အလွန်ခံပြင်းသောစိတ်ဖြင့် အန်နာအားကြည့်... ...နေသည်။ ဤမိန်းမအား မိမိအိမ်ထဲ၌ တစ်စက္ကန့်မျှပင် အတူ... ...တွဲ၍ နေလိုသောစိတ် မရှိ၊ သူသည် သူ့ဒေါသကိုအပြင်း... ...အထန် ချုပ်တည်းနေရသည် မဟုတ်ပါလား။

'ဒါဆိုရင်လဲ နှင်သွားတော့၊ အခုချက်ချင်း ထွက်သွား၊ ...ဒါဟာ အကောင်းဆုံးနည်းပဲ၊ နေ့ခင်း ဆယ့်နှစ်နာရီ မီး... ...ရထား ရှိတယ်'

'ကျွန်မ ဒီကိုလာကတည်းကိုက တစ်ပတ်ထက်ပိုနေဖို့စိတ်... ...ကူးခဲ့ဘူးဆိုတာ ရှင်သိထားပါ'ဟု အန်နာက ပြောသည်။

လူစီသည် ဘာမှ ပြန်မပြောတော့ဘဲ အိပ်ခန်းထဲမှ ထွက်... လာခဲ့သည်။ အောက်ထပ်သို့ ဆင်းလာသည့်အခါ သူ့မျက်... နှာသည် ဖြူလျော်ဖျော့တော့လျက် ရှိ၏။ သူ အန်နာအား... မောင်းထုတ်ခဲ့ပြီးပြီ၊ မကြာမီ အန်နာသည် ဤအိမ်မှ ထွက်... သွားတော့မည်။ သို့သော်လည်း သူ့စိတ်ထဲတွင် သူ့ဘက်က... အသာစီးရလိုက်သည်ဟူသော အတွေးဝင်မလာ။ ဤတစ်... ချက်သည် များစွာ ထူးဆန်းလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



'တော်တော့်ကို လူမဆန်တဲ့ ကောင်မပါလား'ဟု လူစီ တွေးမိသည်။ သူသည် မီးဖိုခန်းထဲသို့ ဝင်ခဲ့သည်။ 'ဟဲ့... နက်တာ၊ ဖရှူးဆီသွားပြီး အငှါးမြင်းရထားတစ်စီး အမြန် ဆုံး လှတ်ပေးပါလို့ ပြော'ဟု ခိုင်းသည်။

နက်တာသည် လူစီ၏မျက်နှာရိပ် မျက်နှာကဲကို ကြည့် ကာ ချက်ချင်းပင်ထွက်သွားသည်။ မကြာခင် ပြန်ရောက်လာ သည်။ သူနှင့် ရှေ့ဆင့်နောက်ဆင့်ပင် မြင်းရထား ရောက် လာပြီး အိမ်ရှေ့၌ ရပ်သည်။ တစ်ခဏမျှအကြာတွင် အန်နာ အပေါ်ထပ်မှ ဆင်းလာသည်။ မျက်နှာထားကတော့မပျက်။ ခပ်ပြုံးပြုံးပင် ဖြစ်သည်။ လူစီအား မြင်သည့်အခါ 'ကဲ...ဒီမှာ မြင်လား၊ ရှင်လိုလားတဲ့အတိုင်းပဲ၊ ကျွန်မ သွားတော့မလို့' ဟု ပမာမခန့် အမူအရာဖြင့် ပြောသည်။ 'အခုဆိုရင် အား လုံးဟာ ရှင်လိုချင်တဲ့ပုံစံအတိုင်း ဖြစ်သွားပြီပေါ့'ဟု ထပ်၍ ထွန့်လိုက်သေးသည်။ မည်သို့ပင်ဖြစ်စေ လူစီကတော့ သူ့ ဘက်က ဝတ္တရားအပျက်မခံ။ နှုတ်ဆက်စကားတစ်ခွန်း ပြော ပြီး အန်နာ့ဆီသို့ လက်တစ်ဘက် ကမ်းပေးသည်။ အန်နာက တော့ သူ့လက်ကိုလှမ်း၍ မဆွဲ။

အိမ်ရှေ့လှေကားမှ အဆင်းတွင်မူ အန်နာက လူစီအား လှည့်ကြည့်သည်။ 'ရှင်ကတော့ ကျွန်မစကားကို ကြားရင် ထူးဆန်းတယ်လို့ ထင်မှာပဲ...'ဟု ပြောသည်။ 'ဒါပေမယ့် ကျွန်မ မပြောဘဲမနေနိုင်ဘူး၊ ကျွန်မစိတ်ထဲမှာ ရှင့်အတွက် စိတ်မကောင်းဖြစ်သလိုလို ခံစားနေရတယ်၊ ကျွန်မပြောခဲ့တဲ့ 'ပူဖောင်း'ကိုလဲ ရှင် မေ့မပစ်နဲ့'

ထို့နောက် အန်နာ၏ ရုပ်ပုံလွှာသည် မြင်းရထားနှင့်အတူ မျက်စိအောက်မှ ပျောက်သွားသည်။ လူစီသည် အိမ်ထဲသို့ ပြန်ဝင်ခဲ့သည်။ ညေ့ခန်းထဲတွင် အန်နာ့ထံမှကျန်ခဲ့သည့် ရေမွှေး အနံ့သည် လေထဲတွင် လွင့်မျောနေဆဲ။

လူစီ၏ တစ်ကိုယ်လုံးသည် အားအင်ဆုတ်ယုတ်သွားသည့်နှယ် ခံစားရသည်။ သို့သော်လည်း စိတ်ကတော့ ကျည်ငြိမ် အေးဆေးကာ ပေါ့ပါးလျက်ရှိ၏။ သူသည် ဆောင်းမီးဖို၏ ပေါင်ကို လက်တစ်ဘက်ဖြင့် အားပြု၍ရပ်ကာ မီးတောက် များကို ငေးကြည့်နေသည်။ သူ့မျက်စိထဲတွင် မီးတောက် မီးလျှံများသည် ယိမ်းကနေကြလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၀ )

ထိုညနေခင်း ဖရန့် အလုပ်မှပြန်မလာမီအချိန်တွင် လူစီသည် တစ်အိမ်လုံးကို ခါတိုင်းနှင့်မတူအောင် အထူးသတိထား၍ ဂရုတစိုက် သန့်စင်ရှင်းလင်းသည်။ အိမ်ထောင် ပရိဘောဂ ပစ္စည်းများကိုလည်း ခါတိုင်းထက် ပို၍ လှပအောင် စနစ်တကျပြုပြင်၍ နေရာချထားသည်။ အိမ်ရာ အိပ်ရာခင်းများကိုလည်း အသစ်လဲသည်။ အထူးသဖြင့် အန်နာ၏အိပ်ခန်းကို ပြန်လည်ရှင်းလင်းကာ ပြင်ဆင် မွမ်းမံသည်။ ညနေခင်း လက်ဖက်ရည်ပွဲအတွက်လည်း ဖရန့် ကြိုက်တတ်သော မုန့်များကို လုပ်ထားသည်။

လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက သူ ရင်ဆိုင်ခဲ့ရသော ဖြစ်ရပ်သည် သည်းမခံနိုင်လောက်အောင်ပင် ဆိုးဝါးခဲ့၏။ ထိုအဖြစ်ကို ရဲရဲတင်းတင်း ရင်ဆိုင်နိုင်ဖို့အတွက် သူသည် သူ့ကိုယ်သူ အပင်ပန်းခံ၍ တာစူခဲ့ရ၏။ နောက်ဆုံးတွင်မူ သူသည် ထိုဖြစ်ရပ်ကို ထိပ်တိုက်ရင်ဆိုင်ကာ ဖြေရှင်းနိုင်ခဲ့သည်။ အခုဆိုလျှင် အိမ်တွင် အန်နာမရှိတော့။ နောင်တွင်လည်း အန်နာသည် ရှိတော့မည် မဟုတ်။ သူနှင့် ဖရန့် နှစ်ယောက်တည်းသာ ရှိကြတော့မည်ဖြစ်၍ နောက် ထပ်ပြဿနာ ပေါ်လာတော့မည်မဟုတ်။



လွန်ခဲ့သည့် သီတင်းပတ်အတွင်းကတော့ သူသည် ဖရန့်နှင့် လုံးဝအဆင်မပြေခဲ့။ သူ့ဘက်က ဆက်ဆံပုံသည် ပြင်းထန်တင်းမာခဲ့၏။ ရိုင်းစိုင်းကြမ်းတမ်းခဲ့၏။ အထူးသဖြင့် အန်နာနှင့်ဆက်ဆံရာ၌ အလွန်ရိုင်းစိုင်းခဲ့သည်။ အခုအချိန်မှာတော့ ပြီးခဲ့သမျှကို မေ့ပစ်မှဖြစ်တော့မည်။ မိမိနှင့် ဖရန့်တို့၏ သာယာမှုနှင့် အိမ်ထောင်၏ ပျော်ရွှင်မှုကို ပြန်လည်တည်ဆောက်မှ ဖြစ်တော့မည်။

သူသည် စိတ်လှုပ်ရှားစွာဖြင့် ဖရန့် ရောက်အလာကို တမျှော်မျှော်ဖြစ်လျက်ရှိသည်။ ယနေ့ ဖရန့် နောက်ကျလိမ့်မည်ဟု သူသိထားသည်။ ယနေ့ နေ့ခင်းပိုင်းတွင် ဖရန့်သည် လင်းနေ့ဇ်နှင့်အတူ ‘လိဘ် သင်္ဘောကျင်း’ သို့ သွား၍ ဟော်လန်နိုင်ငံမှ ပို့လိုက်သော ကုန်ပစ္စည်းများကို လက်ခံရယူဖို့ ရှိနေသည် မဟုတ်ပါလား။

လူစီသည် အမှတ်တမဲ့နှင့် နာရီကို မော့ကြည့်သည်။ ငါးနာရီထိုးဖို့ စက္ကန့်အနည်းငယ်မျှသာလိုတော့သည်။ ထိုအခိုက်မှာပင် အိမ်ရှေ့ဝင်းတံခါးဖွင့်သံကို ကြားလိုက်ရ၏။ လူစီသည် ဝမ်းသာအားရ ခုန်ထလိုက်ပြီး အိမ်ရှေ့ခန်းဆီသို့ ကပျာကယာ လျှောက်သွားသည်။ အခန်း အလယ်မှရပ်ကာ ဖရန့်ဝင်အလာကို စောင့်သည်။

www.burmeseclassic.com

www.burmeseclassic.com


ခါတိုင်းလိုပင်ဖြစ်၏။ ဖရန့်သည် ရေခါးကိုငိုက်စိုက်ချ၍ စင်လာသည်။ သူ့ပုံပန်းသည် အေးအေးဆေးဆေးပင် ဖြစ်သည်။ 'လက်ဖက်ရည်ဆိုင်အဆောင်သင့်ပဲလား' ဟု ရေရွတ်သည်။ 'အပြင်မှာ အေးနေပြီ၊ ပင်လယ်ဘက်က နှင်းမြူတွေလဲ ကုန်းပေါ်တက်လာနေတယ်'

'ဟုတ်တယ် အေးနေပြီ'ဟု လူစီက အသံကိုမတုန်အောင် သတိထား၍ပြောသည်။ 'အတော်ပဲ၊ မောင် ကြိုက်တတ်တဲ့ မုန့်တွေ ပူပူနွေးနွေးစားရမယ်'

ဖရန့်က ဖျာစခဲ့လှမ်းကြည့်သည်။ လူစီ ဘက်ကအပြောင်းအလဲကြောင့် အံ့အားသင့်သွားဟန်ရှိသည်။ သို့သော်လည်း ချက်ချင်းပင် အကြည့်ကိုလွှဲဖယ်လိုက်ပြီး ဆောင်းမီးဖို ရှေ့သို့ သွား၍ပတာ မီးလှုံနေသည်။

'ဒီနေ့တော့ အလုပ်များတာပဲလား....'ဟု လူစီက မေးသည်။

'သိပ်တော့ မများပါဘူး'ဟု ဖရန့်ကပြောသည်။ 'သား သွားတာ အဆင်ပြေရဲ့သား'

'ပြေပါတယ်'

လက်ဖက်ရည်နှင့် မုန့်များကို နက်တာက လာပို့သည်။ နက်တာပြန်ထွက်သွားသည်နှင့် တစ်ပြိုင်နက် လူစီက 'ကဲ... ဖရန့်၊ ထိုင်တော့လေ'ဟု ခေါ်သည်။

'အန်နာတော၊ ခါတိုင်း သူမလာမချင်း မင်း စောင့်တတ်တယ်မဟုတ်လား'

'သူ ဒီနေ့ လက်ဖက်ရည် လာသောက်မှာ မဟုတ်တော့ဘူး၊ သူ အပြင်သွားတယ်'

ဖရန့်သည် သူ့ကုလားထိုင်တွင် ဝင်ထိုင်ကာ သူ့လက်ဖက်ရည်ပန်းကန်ကိုယူသည်။ သူ့ မျက်နှာသည် တစ်စုံတစ်ရာကို စဉ်းစားနေဟန်ဖော်ပြနေသည်။ နောက် သူ့နှုတ်မှ မေးခွန်းတစ်ခု ထွက်လာသည်။

'တင်ခုခုဖြစ်လို့လား'

'ဘာမှမဖြစ်ပါဘူး ဖရန့်ရယ်၊ လူစီကတော့ရှေ့လျှောက်ပြီး မောင်နဲ့ လူစီတို့ ဘာမှထွေပ်မဖြစ်တော့ဘဲ နေသွားနိုင်ဖို့ မျှော်လင့်မိတာပဲ'

'အင်း...မောင်ကလဲ အဲသလိုပါပဲ'

ဖရန့်သည် ပန်းကန်ဘေး၌ ချထားသည့် သတင်းစာကို ငုံ့ကြည့်ရင်း လက်ဖက်ရည် သောက်နေသည်။ သတင်းစာခေါင်းစဉ်များကို ငုံ့ဖတ်လိုက်၊ မုန့်စားလိုက်၊ လက်ဖက်ရည် သောက်လိုက်။

'အခုလို လူစီတို့နှစ်ယောက်တည်း လက်ဖက်ရည်သောက်ရတာ နားအေးတယ်နော်'ဟု လူစီက ပြောသည်။

ဖရန့်က ခေါင်းညိတ်သည်။ လူစီ ပြောလိုက်သည့်စကားကို ကြားတစ်ဝက် မကြားတစ်ဝက်ပုံမျိုး ဖြစ်၏။

'အခုလိုနှစ်ယောက်တည်း အေးအေးဆေးဆေး မစားရမသောက်ရတာ တော်တော်ကြာပြီနော်'ဟု လူစီက ဆက်ပြောသည်။

ဖရန့်ထံမှ အထွေအထူး ပြန်ပြောသံမကြားရ။ နောက်ဆုံး စားသောက်ပြီးသွားသော ဖရန့်သည် သတင်းစာကို ကောက်ယူကာ ထိုင်ရာမှထသည်။ ဆိုဖာတစ်လုံးဆီ သွား၍ ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

'အန်နာ ဘယ်ရောက်နေလဲ' ဟု သတင်းစာကို ဖြန့်ထ နေသော ဖရန့်က ရေရွတ်သည်။ 'သူ ဘယ်သွားတယ် ထင်လဲ'

လူစီက မဖြေ။ ရေငုံနှုတ်ပိတ်လုပ်ကာ ငြိမ်နေသည်။ ထို နောက် ဆိုဖာဆီသို့သွား၍ ဖရန့်၏ဘေး၌ ဝင်ထိုင်ပြီး သူ လင်မယား၏ ပြဿနာဖြစ်ခဲ့ရသည်များကို ပြန်၍ စဉ်းစား မိသည်။ ထိုစဉ်က သူ့ဘက်က သံသယအပြည့်ဖြင့် ရင်ဆိုင် ခြင်းကြောင့် မပြေလည်မှု ပေါက်ဖွားလာရခြင်း ဖြစ်သည် သူ ယူဆသည်။ သူ့အနေဖြင့် အခုအချိန်မှစ၍ ထိုသံသယ မေ့ထားလိုက်တော့မည်။ အတိတ်ကို အတိတ်မှာပင် ထား ပြီး ပစ္စုပ္ပန်နှင့် အနာဂတ်သာယာရေးကိုသာ ရှေ့ရှုတော့ မည်ဟု ပိုင်းဖြတ်ထားသည်။ ထို့ကြောင့်သည်း ဖရန့်နှင့် စကားပြောရာ၌ တတ်နိုင်သမျှ အေးအေးဆေးဆေး ပြော ရန် ဆုံးဖြတ်ထားပြီ မဟုတ်ပါလား။

'ဖရန့်ရယ်၊ လူစီတို့ကို အရင်တုန်းကလိုပဲ နေကြရအောင် လား၊ အိမ်မှာ လူစီတို့သာသာလူစီတို့နေပြီး သာယာအောင် လုပ်ခဲ့ကြတာတွေ မှတ်မိသေးတယ် မဟုတ်လား'

ဖရန့်သည် သတင်းစာ စာမျက်နှာတစ်ရွက်ကို လှန်လိုက် ပြီး 'ဘာပြုလို့ မမှတ်မိရဘာလဲ၊ မှတ်မိတာပေါ့' ဟု ပြော သည်။

'ဒါပေမယ့် ဖရန့်ရယ်၊ မောင် မှတ်မိဦးမလားတော့ မသိ ဘူး' ဟု လူစီက ပြောတာ စကားကိုမဆက်ဘဲ ရပ်ထားသည်။ ဖရန့်၏လက်ကိုဆွဲယူပြီး ဆုပ်ကိုင်ထားသည်။ 'လူစီလေ... ဒီနေ့ဟာစ်နေ့လုံး စဉ်းစားနေမိတယ် သိလား၊ ဟိုတုန်းက လူစီတို့...'



'မင်း ဒီနေ့ ဘာဖြစ်နေတာလဲ' ဟု ဖရန့်က ကြားဖြတ် သည်။ နီမြန်းလျက်ရှိသော လူစီ့မျက်နှာကို မော့ကြည့် သည်။ 'မင်း ဒီနေ့ ဘာလုပ်ထားသလဲ'

လူစီက ဖရန့်အနီးသို့ တိုးကပ်ထိုင်လိုက်ပြီး ဖရန့်၏လက် သူ့ပါးတစ်ဘက်တွင် ကပ်ထားလိုက်သည်။

'လူစီလုပ်ခဲ့သမျှဟာ ဖရန့်ကိုချစ်လို့ပါ' ဟု လူစီက ပြော သည်။ 'လူစီတို့ဘဝကို အသစ်လိုပြန်စချင်တယ်၊ လူစီကို နှစ် ဘက်စလုံး ဖြစ်ပြီးခဲ့သမျှတွေကို မေ့ပစ်ကြရအောင်နော်၊ တို့ တစ်ယောက်ကို တစ်ယောက် ချစ်နေရင် ကျန်တာ ဟာ ဘာမှ အရေးမကြီးပါဘူး'

'ဒါပေမယ့်' ဟု ဖရန့်က စကားစကာ လူစီအား ကြည့် သည်။ ထို့နောက် သူ့ခေါင်းထဲသို့ အတွေးတစ်ခု ဖျတ်ခနဲ င်လာသည်။ 'အန်နာ ဘယ်မှာလဲလို့မေးတာ မင်း မဖြေ သေးဘူး' ဟု ပြောသည်။

လူစီက ဖရန့်အား မကြည့်တော့ဘဲ မျက်နှာကို တစ်ဘက် သို့ လွှဲထားသည်။ 'လူစီ မလုပ်ချင်ပါဘူး ဖရန့်ရယ်၊ ဒီလို လုပ်ရတာ လူစီအတွက် မလွယ်ပါဘူး'

'မင်း အန်နာကို အိမ်မှာမနေဖို့ ပြောလွှတ်လိုက်သလား' ဟု မေးသည်။

'ဟုတ်တယ်'

'မင်း သူ့ကို မောင်းထုတ် လိုက်တယ် ဆိုပါတော့၊ ဟုတ်လား'

'ဟုတ်တယ်'

ဖရန့်၏ မျက်နှာထားသည် တင်းမာသွားသည်။ လူစီ့ လက်ထဲရောက်နေသည့် သူ့လက်ကို ဖျတ်ခနဲ ရုန်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း သူ့ကို ငါ့အိမ်ထဲက မောင်းထုတ်လိုက်တယ်၊ … လား'တဲ့ အော်မေးသည်။ 'မင်းမို့ လုပ်ရက်တယ်၊ အ… ဟာ ငါ့နှမဝမ်းကွဲပါတဲ့'

'ဒီ နှမဝမ်းကွဲဆိုတဲ့စကားက တော်လောက်ပါပြီ၊ ကြ… ရတာ များလွန်းလို့ စိတ်တောင် ပျက်လာပြီ' ဟု လူ… အသံကိုထိန်း၍ ပြောသည်။ 'လူစီ သူ့ကို သွားခိုင်းတာ… ရှင့်ကို တောင်းစေချင်လို့ပါ'

'ဖြစ်ရလေကွာ၊ မင်းပဲ စဉ်းစားကြည့်စမ်း၊ ပြီးခဲ့တဲ့ … ပတ်လုံးလုံး မင်း သူ့ကို ဘယ်လိုဆက်ဆံခဲ့သလဲ၊ ကဲ… တစ်ခါ အိမ်ကမောင်းထုတ်လိုက်တယ်၊ ဒါဟာ လုပ်သင့်… အလုပ်လားကွာ'

'သူ လာမယ်ဆိုတုန်းကတော့ ရှင်ပဲ မလာစေချင်ဘူး… ပြောခဲ့တာ မဟုတ်လား'ဟု လူစီက ဒေါသတကြီး ပြန်… သည်။ 'အခု သူသွားပြီဆိုမှတော့ ရှင်က ဘာ့ကြောင့် စိ… မကောင်း ဖြစ်နေရတာလဲ'

'ဟာ… သူလာမယ့်အပတ်သတည်းက ပြန်တော့မှာ… မင့်အနေနဲ့ သူ့ကို မုန်းတယ်ပဲဆိုဦးတော့ နောက်ထပ် ရ… နည်းနည်းလောက်ပဲနေပြီး ပြန်သွားတော့မှာ မဟုတ်လား'

'ကျွန်မ ရှင့်ကို ချစ်လွန်းလို့ လုပ်လိုက်တာပါ ဖရန့်ရဲ…'

အခန်းထဲတွင် ငြိမ်ဆိတ်နေသည်။ သူတို့သည် … ယောက်ကိုတစ်ယောက် မျက်နှာချင်းဆိုင်၍ ကြည့်နေ… သည်။ ထို့နောက်ဖရန့်က နှုတ်ခမ်းများကို တွန့်လိုက်သည်။

'မင်း ငါ့ကို ပိုင်တယ်လို့ထင်နေသလား'ဟု မသာမယာ… မျက်နှာထားဖြင့် မေးသည်။ 'မင်းကိုယ်မင်း ငါ့ရဲ့အထိန်း… …တော်လို့ ထင်နေသလား၊ ချစ်တာနဲ့ပဲ သံကြိုးနဲ့ချည်တား… ချင်လို့ ရမတဲ့လား'

'ဖရန့်ရယ် အိမ်ထောင်တစ်ခုလုံး ပြိုလဲသွားတာကို လူစီက … ဆက်ပိုက်ပြီး ကြည့်နေရမှာလား'

'ပြိုလဲသွားစရာဘာတွေရှိနေလို့လဲ၊ ဘာတွေဖြစ်နေလို့လဲ မင်းဟာ မင့်ကိုယ်မင်း အရာရာတိုင်းကိုသိတဲ့လူလို့ ထင်နေ တယ်၊ ဒါပေမယ့် အမှန်ကတော့ဘာမှမသိဘူး၊ အန်နာဟာ ငါ့အဖို့ သာမန်လူတစ်ယောက်ပါပဲ၊ တခြားလူတွေထက်ပိုပြီး ထူးတာမရှိပါဘူး၊ ဒါပေမယ့် သူရောက်လာကတည်းက သူ့ကို ငါ့ဆီတွန်းပို့နေတာ မင်းပဲ။ ဒီလိုသာဆက်လုပ်နေရင် မင်း ကြောင့် အားလုံးပျက်စီးရတော့မယ်၊ မင့်ကိုယ်မင်းလဲ ပျက်စီးအောင်လုပ်သလို ဖြစ်တော့မယ်'

လူစီ၏နှုတ်ဖျားတွင် ပြောချင်သည့်စကားလုံးတွေ တွယ်ကပ်လျက်ရှိသည်။ သို့သော်လည်း လူစီသည် သူ့စိတ်ကို ချုပ်တည်းထားသည်။ သူ့ဘက်ကလိုက်လျှော့မှုကို ဖရန့်က တုံ့ပြန်ပုံမှာ ကျေနပ်စရာမရှိ။ သို့သော်လည်း အခုအချိန်တွင် သူ့ဘက်က ခွင့်လွှတ်သည်းခံမှုသာ အစစအရာရာအဆင်ပြေဖို့ရှိသည်ဟု သူတွက်သည်။ ထို့ကြောင့်လည်း ဘာမှထပ် မပြောတော့ဘဲ ငြိမ်နေသည်။

ထို့နောက် လူစီသည် ထိုင်ရာမှအသာထ၍ အခန်းထဲမှ ထွက်လာခဲ့သည်။ အိပ်ရှေ့ခန်းမထဲရှိ ပြတင်းပေါက်အနီး၌ ထိုင်ကာ တွေဝေငေးမောနေသည်။ သူ့အတွေးများသည် ချာချာလည်လျက်ရှိ၏။ မည်မျှကြာအောင် ထိုင်နေမိသည်ကို သူသတိမထားမိ။ တံခါးဆောင့်ပိတ်သံ ထွက်လာ…ာမှပင် သတိပြန်ဝင်လာသည်။ သူ့ပတ်ဝန်းကျင်တွင် အမှောင်ရိပ်

www.burmeseclassic.com

www.burmeseclassic.com

များ လွှမ်းခြုံနေပြီး သူသည် တံခါးသံကြားရာဘက်သို့ ကပျာကယာလျှောက်လာခဲ့သည်။ ဖရန့် အပြင်ထွက်သွားခြင်းပေတည်း။

အခုလိုညပိုင်းတွင် ဖရန့်သည် အပြင်ထွက်လေ့မရှိ။ ဆောင်းမိုးဖွဲ့ဘော၌ ပက်လက်ကုလားထိုင်နှင့်ထိုင်ကာ နားနေကတတ်သူဖြစ်၏။ အခုကျတော့ ဘာမပြော ညာမပြော ထွက်သွားခဲ့လေပြီ။ လူစိတ်အဖို့တော့ စိတ်ဆင်းရဲစရာ၊ ထိတ်လန့်စရာတစ်ခုဖြစ်နေသည်။ သူသည် စားသောက်ခန်းထဲ ပြန်ဝင်ကာ စောစောက ဖရန့်ထိုင်သွားသည့် ကုလားထိုင်တွင် ဝင်ထိုင်သည်။

မဖေ့ရာနိုင်လွန်းလှသည့် သူ့အဖြစ်ကို မတွေးမိဘဲမနေနိုင်။ အခုလိုဆိုတော့လည်း သူ့စိတ်၌ဖြစ်ပေါ်ခဲ့သော သံသယသည် မှန်ကန်နေပြီဟု ယူဆရမလိုဖြစ်နေပြီ။ ယခု သူ အန်နာအား အိမ်မှနှင်ထုတ်ခဲ့သည့်အတွက် နောက်ဆက်တွဲဖြစ်ပေါ်လာသည့် ဖြစ်ရပ်သည် သူ့သံသယကို ထောက်ခံနေသော အစတစ်စ ဖြစ်လာခဲ့ပြန်လေပြီ။ သူသည် ဖရန့်ပြန်ရောက်အလာကို စောင့်မျှော်ရင်း တွေးမိတွေးရာများကို တွေးနေမိလေ၏။

* * *

( ၁၁ )

တံခါးကို တစ်အားကုန်ဆောင့်ပိတ်အပြီးတွင် ဖရန့်သည် အိမ်ခန်းလှေကားမှဆင်းကာ အိမ်ဝင်းထဲမှထွက်လာခဲ့သည်။ လမ်းပေါ်ရောက်သည်အထိ သူ့မျက်နှာထားသည် တင်းမာဆဲ။ သူ့နှုတ်ခမ်းများကို မဲ့ထားဆဲ။ သူသည် ဦးထုပ်ကို ခပ်ငိုက်ငိုက်ဖြစ်သွားအောင် ဆွဲချလိုက်ပြီးသော် လမ်းမပေါ် အတိုင်း လျှောက်သွား သည်။

အခုလိုအချိန်တွင် လမ်းပေါ်၌ လူသွားလူလာမရှိ။ တိတ်ဆိတ် ခြောက်သွေ့လျက်ရှိ၏။ သူသည် လက်နှစ်ဖက်ကို အင်္ကျီအိတ်ထပ်နှစ်ဖက်တွင်းသို့ ထိုးသွင်းကာ ခေါင်းကို ငိုက်ဆိုက်ချ၍ လျှောက်သွားနေခြင်း ဖြစ်သည်။ နှင်းမြူများသည် ပါးသွားလေပြီ။ ညသည် နွေးနွေး ထွေးထွေး ရှိလှ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်သွားမှာလဲ မသိ။ ဘယ်ကို သွားမည်ဟူသော ရည်မှန်းချက်ရှိထားသည်မဟုတ်။ ခြေဦးတည့်ရာ သွားမည် ဟူသော စိတ်ကူးဖြင့်သာ ထွက်လာခဲ့ခြင်းဖြစ်၏။ သူ့အနေ ဖြင့် ဆခုလို အချိန်မျိုးတွင် လမ်းပေါ်သို့ ထွက်ချင်သည် မဟုတ်။ ခါတိုင်းလုပ်နေကျအတိုင်း ရေချိုးဆွမ်းမိုးရှေ့ ထိုင်ကာ စိတ်အေးနားအေး အနားယူချင်သည်။ တကယ် တော့ အခုလိုလမ်းပေါ်ရောက်လာအောင် မောင်းထုတ် လိုက်သူမှာ တခြားလူမဟုတ်။ သူ့အား စိတ်ထဲမှ ဘယ်ကိုမှ မထွက်စေချင်သည့် သူ့မိန်းမ လူစီဖြစ်၏။

အမှန်တော့ အန်နာအား အိမ်မှနှင်ထုတ်လိုက်ခြင်းသည် အလွန်မသင့်တော်သည့် လုပ်ရပ်ဟု သူယူဆသည်။ သူ့နှ ဝမ်းကွဲ အန်နာသည် လွန်ခဲ့သောငါးနှစ်က ဆိုးဝါးပြင်း ထန်သော လူမှုဒုက္ခတစ်ခုကို ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။ ထိုကိစ္စနှင့်ပတ်သက်၍ သူသည် ဘာကိုမှ နှိုက်နှိုက်ချွတ်ချွတ် မသိခဲ့။ ဘယ်နေရာတွင် ဘယ်လိုဖြစ်လာမှန်းလည်း သူမသိ။ အန်နာနှင့်ဖြစ်ခဲ့သူ ဘယ်သူဘယ်ဝါမှန်းလည်း မသိ။ သိ အောင်လည်း သူအားမထုတ်။ တကယ်တော့လည်း ဤကိစ္စ သည် အန်နာ၏ ကိုယ်ရေးကိုယ်တာ ကိစ္စမျှသာဖြစ်သဖြင့် မည်သူနှင့်မှမဆိုင်ဟုပင် သဘောထားခဲ့၏။

မည်သို့ပင်ဖြစ်စေ၊ ဟိုတုန်းက အန်နာ့အကြောင်း မစဉ်း စားခဲ့သော ဖရန့်သည် ယခုတစ်ကြိမ်ပြန်တွေ့သည့် အခါ တွင်မူ အန်နာ့အပေါ် ကရုဏာမှတင်းဖြစ်ခဲ့မိသည်။ အထူး သဖြင့် လူစီ၏ တစ်ဖက်သတ်အမြင်ဖြင့် တစ်ဖက်သတ်ဆက်ဆံ မှုများကို မြင်ရကြားရသည့်အခါ ပို၍ပင် သနားစိတ်ဝင်ခဲ့မိ လေသည်။

အမှန်တော့ အန်နာသည် သူ၏ကြင်နာသနားမှုကို လို သူ မဟုတ်။ အန်နာသည် စိတ်နေစိတ်ထား အလွန် ကျေသူဖြစ်သည်။ ပတ်ဝန်းကျင်ကို လုံးဝဂရုစိုက်တတ်သူ တ်။ ဘာကိုမှလည်း အလေးအနက်ထားသူမဟုတ်။ အန်နာ ည် ခပ်ရိုင်းရိုင်း ခပ်ကြမ်းကြမ်းသမား တစ်ဦး ဖြစ်သဖြင့် ကိုကြိုက်သလို ကျသလို ရင်ဆိုင်တတ်သူ ဖြစ်၏။ သူ့ အတွက် ယာပျော်ရွှင်မှုကိုလည်း ကြိုက်သလို ကျသလိုပင် ရှာဖွေ ဘတ်သူ ဖြစ်၏။ အန်နာ၏ ထိုအကျင့်စရိုက် များကို ကောင်းစွာသိနေသော ဖရန့်သည် လူစီက အန်နာအား အိမ် အလည်လာရန် ဖိတ်ခေါ်လိုက်သည်ဟု သိရသည့်အခါ ကောင်မကျ ဖြစ်ခဲ့မိ၏။ အကြီးအကျယ်လည်း ထန့်ကွက်ခဲ့ ၏။ နောက်ပိုင်းကျမှ ထိုကိစ္စနှင့်ပတ်သက်၍ သူတို့ လင် ထားသည် ဘာပြဿနာမှ ထပ်မဖြစ်တော့ပေ။

သို့သော်လည်း လူစီသည် မိမိနှင့်အန်နာတို့ တစ်ချိန်က ရင်းတနှီး ဖြစ်ခဲ့ကြဖူးသည်ဟု လည်းကောင်း၊ မိမိသည် န်နာ တိတ်တိတ်ပုန်းမွေးဖွားခဲ့သည့် ကလေးအဖေ ဖြစ် သည်ဟုလည်းကောင်း တွေးထင်လာခဲ့သည်။ သူ့အနေဖြင့် ိုအတွေးအထင်ကို ရယ်စရာအဖြစ်သဘောထားလျှင်လည်း ဖြစ်နိုင်၏။ သရော်စရာအဖြစ် လုပ်လျှင်လည်း ရနိုင်၏။ သို့ သော်လည်း သူသည် အခြေအနေကို ထိုကဲ့သို့ ရင်မဆိုင် နိုင်ခဲ့။

ရောက်တတ်ရာရာတွေးကာ လျှောက်လာနေသော ဖရန့် သည် မြို့လယ်လမ်းမကြီးပေါ်သို့ ရောက်လာသည်။ သူသည် ပတ်ဝန်းကျင်ကို တစ်ချက်မျှ ငဲ့ကြည့်ပြီး လမ်းမကိုဖြတ်ဆာစ

www.burmeseclassic.com

www.burmeseclassic.com

ထစ်ဘတ်ထယ်ဖောင်းဘေးရှိ 'ရှန်ဒွန်ဘား'၏ ဆင်နွားရွှေ ထမ်းကိုပဲဖုံးနှင့်တွန်းဖွင့်ပြီး ဝင်လာခဲ့သည်။

ဆိုင်ထဲရောက်သည်နှင့် တစ်မြိုင်နက် အရက်တစ်ခွက် မှာ၍ သောက်သည်။ ချက်ချင်းပင် နောက်တစ်ခွက် ထပ်မှာသည်။ ဒုတိယခွက်ကျတော့ ချက်ချင်း မသောက်၊ ဖြည်းဖြည်းချင်း သောက်သည်။ သူ့အနေဖြင့် တတိယတစ်ခွက်တော့ သောက်ဖို့ မရည်ရွယ်။ သူသည် အရက်သမားမဟုတ်။ သူသည် လက်ကို မြှောက်၍ နာရီကို ကြည့်သည်။ အိမ်ကို ပြန်သင့်သော အချိန် ရောက်နေပြီ။ ထိုအခါ လူစီ့ကိုသတိရသည်။ လူစီ သည် မယားကောင်း တစ်ယောက် ဖြစ်ပါ၏။ သို့သော် သည်း....

သူသည် အရက်ဆိုင်ထဲမှ ပြန်ထွက်လာခဲ့သည်။ အပြင် ဘက် ပလက်ဖောင်းပေါ် ရောက်သည့်အခါ ငါဘာပြုလို့ ဒီနေရာကို လာရတာလဲဟု တွေးသည်။ သူသည် တစ်ခဏမျှ ရပ်၍ လမ်းမဆီသို့ လှမ်းမျှော်ကြည့်နေသည်။ လာလမ်း အတိုင်း အိမ်ပြန်တာ အကောင်းဆုံးမပါပဲဟု တွေးကာ နောက် သို့ ပြန်လှည့်လိုက်သည်၊ ထိုအခိုက်မှာပင်....

'ဟယ်လို....ဖရန့်၊ ဘာလုပ်နေတာလဲ'

အသံသည် သူ့နောက်ဘက်မှလာခြင်းဖြစ်၍ ချာခနဲ လှည့် ကြည့်လိုက်သည်။ ရပ်နေသူမှာ အန်နာ။

'ဟာ... အန်နာ၊ ကိုယ်က မင်း ပြန်သွားပြီလို့ ထင်နေ တာ....'

အန်နာက ပြုံးသည်။ 'ဘူတာရောက်မှ စိတ်ပြောင်းသွား လို့ မပြန်ဖြစ်တူး' ဟု ပြောသည်။ 'ပထမတော့ ပြန်မလို့ဘဲ နောက်တော့မှ မပြန်သေးဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ ဒီည ဂရေ့ဂ်ဟိုတယ်မှာ

'ဒါဆိုပမယ်....ဟို'

'ကဲပါ....လာပါ၊ ခဏထစ်ဖြုတ် လမ်းလျှောက်ရအောင် တောင်းပန်စကားပြောဖို့တွေ ဘာတွေကို မေ့ထားလိုက်'ဟု အန်နာက ကြားဖြတ်ပြောသည်၊

'ဘာလဲ...အန်နာ၊ မင်းက မြို့ထဲလျှောက်မှာလား'

'ဟင့်အင်း....၊ သဘောဆိုပ်ဘက် လျှောက်ချင်တာ'

သူတို့သည် လူသူကင်းမဲ့ နေသည့် ပလက်ဖောင်းပေါ် အတိုင်းလျှောက်လာခဲ့ကြသည်။ တစ်ခါတစ်ရံ အခုလိုညး အခုလိုအချိန်မျိုးတွင် သူနှင့် လူစီ လမ်းလျှောက်ခဲ့ကြဖူး၏။ ထိုအခါတွင် လူစီက သူ့လက်မောင်းကိုဆွဲကာ ဘေးမှ ခမ္မး မှီ၍ လိုက်လာလေ့ရှိသည်။ အခုတော့ သူက အန်နာ့လက်ကို ဆွဲ၍ လျှောက်လာနေခြင်းဖြစ်သဖြင့် သူ့စိတ်ထဲတွင် မလုံ မလဲဖြစ်မိသည်။ ထို့ပြင်လည်း နက်ရှိုင်းသော အမှောင်ထု အောက်တွင် အတူတူတွဲ၍ ပွေးပွေးတပ်ကပ် လျှောက်လာနေ ခြင်းဖြစ်သဖြင့် သူ ဘာ့ကြောင့် အခုလို အချိန်ကာလမျိုး တွင် အန်နာနှင့် နှစ်ယောက်တည်း လမ်းလျှောက် နေရ သနည်းဟု မတွေးမိဘဲ မနေနိုင်။

'အခုလို အချိန်မတော်ကြီးမှာ ဘာပြုလို့ အပြင်ထွက်လာ ရတာလဲ ဖရန့်'ဟု အန်နာက မေးသည်။

ဖရန့် စကားပြန်မပေး။

'ကိုယ် မကျူးလွန်ခဲ့တဲ့ပြစ်မှုအတွက် ဒဏ်ခတ် ခံရသလို ဖြစ်နေတဲ့ ဖရန့်အဖြစ်ဆ သနားစရာပဲ'ဟု အန်နာက ပြော ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

'ဒီပြဿနာက မင်းနဲ့ ဘာမှမဆိုင်ဘူးဆိုတာ မင်း သိပါတယ်'

အန်နာသည် ငြိမ်နေပြန်သည်။ ထို့နောက်… 'ဖရန့်ကို အန်နာ တစ်ခုမေးမယ်၊ မှန်မှန် ဖြေမလား' ဟု မေးသည်။ သူ့လေသံသည် နော့တော့တော့ ငေါ့တော့တော့ ဖြစ်၏။ 'ဖရန့်၊ အန်နာ့အပေါ်မှာ အရင်ကလို စိတ်မဝင်စားတော့ဘူးလား၊ ဖရန့်မျက်စိထဲမှာ အန်နာဟာ အကျည်းတန် အရုပ်ဆိုးတဲ့ အဘွားအိုမကြီး ဖြစ်နေသလား'

ဖရန့်က အန်နာ့မျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်သည်။ မှောင်မိုက်နေသဖြင့် မျက်နှာကို ပြတ်ပြတ်ထင်ထင် မမြင်ရ။ ထို့ကြောင့်လည်း အန်နာ၏ သဘောကို ခန့်မှန်းတွက်ဆ၍ မရ။ ထိုအခိုက်မှာပင် အန်နီ၏ ဘေးတစ်ဘက်သည် သူ့ကိုယ်နှင့် ဖိကပ်လာသည်ကို သတိထားလိုက်မိ၏။

'မဖြစ်ပါဘူး' ဟု ဖရန့်က တံတွေးကို တစ်ချက်မျှ ခက်ခဲပင်ပန်းစွာ မျိုချလိုက်ပြီး ဖြေသည်။ 'စိတ်မဝင်စားဘူးလို့လဲ ကိုယ်မပြောနိုင်ဘူး'

အန်နာက ရယ်သည်။ သူ့ရယ်သံသည် ခါတိုင်းနှင့်မတူ၊ ထူးထူးခြားခြား ရွှင်မြူးလျက်ရှိသည်။

သူတို့သည် ပလက်ဖောင်း လမ်းအဆုံးသို့ရောက်လာခဲ့ကြပြီ။ ရှေ့တည့်တည့် ဖြူဖွေးသော သဲသောင်ပြင်ကို မြင်နေရသည်။ ဒီရေကျချိန်ဖြစ်၍ မသိမသာ ဆုတ်ခွာစပြုနေပြီဖြစ်သော ရေပြင်သည် မှုန်မှိုင်းမှိုင်း။

'အချိန်ကစောပါသေးတယ်' ဟု အန်နာက ပြောသည်။



'ဒါပေမယ့် ရှင့်အတွက် အိမ်ပြန်ရမယ့် အချိန်ရောက်နေပြီ'

ဖရန့်အနေဖြင့် သူ အိမ်ပြန်သင့်သည့် အချိန်မှန်း သိနေသည်။ စိတ်ကလည်း ပြန်ချင်စိတ်ဖြစ်ပေါ်နေသည်။ သို့သော်လည်း အန်နာ၏ အပြုအမူသည် သူ့စိတ်ကို လှုပ်ရှားလာအောင် လှုံ့ဆော်လျက်ရှိသည်။

'ကိုယ်ပြန်ချင်တဲ့အချိန်ဟာ ကိုယ်အိမ်ပြန်ရမယ့် အချိန်ပဲ' ဟု ဖရန့်က ပြန်ပြောသည်။

'ဒီလိုဆိုရင် ကမ်းစပ်အထိ ဆင်းကြရအောင်၊ အဲဒီမှာဆိုရင် ပိုကောင်းမယ်'

'သွားပေါ့'

သူတို့သည် နောက်ထပ် စကားတစ်ခွန်းမှ မပြောတော့ဘဲ သောင်လယ်ပြင် ကမ်းစပ်သို့ ဆင်းခဲ့ကြသည်။ တစ်နေရာအရောက်တွင် အန်နာသည် တစ်ခဏမျှ ဖရန့်၏ပခုံးကို မှီ၍ရပ်သည်။ ခြေတစ်ဘက်ကိုမြှောက်၍ 'ဒီသဲပေါ်မှာ အန်နာ ကောင်းကောင်းမလျှောက်နိုင်ဘူး၊ ဖိနပ်ထဲ သဲတွေ ဝင်တယ်....' ဟု ပြောသည်။

ဖရန့်သည် အန်နာနှင့် မျက်နှာချင်းဆိုင်ကာ ကြောင်ငေးငေးနေသည်။ ပြန်ကြရအောင်ဟု ပြောလိုက်ရလျှင် ကောင်းလေမလားဟု တွေးကာ ချိန်ဆလျက်ရှိသည်။

'ဒီနားမှာ ခဏ ထိုင်ကြရအောင်နော် ဖရန့်၊ ဒီနေရာ သဲက သိပ်ကို နွေးနွေးထွေးထွေးရှိတာပဲ၊ အန်နာ့ ကုတ်အင်္ကျီခင်းပြီး ထိုင်ကြတာပေါ့၊ ဖရန့်က စီးကရက်သောက်'

အန်နာသည် ကုတ်အင်္ကျီချွတ်၍ သဲပေါ်တွင် ဖြန့်ခင်းလိုက်သည်။ ဖရန့်အား သူ့ဘေးနားတွင် ထိုင်ခိုင်း

www.burmeseclassic.com

www.burmeseclassic.com

သည်။ ကျပ်ကျပ်သပ်သပ်ထိုင်နေရခြင်းဖြစ်၍ ဖရန့်၏ ထ
ပါးတစ်ခြမ်းသည် သဲပေါ်သို့ရောက်နေသည်။ သဲပြင်သည်
နူးညံ့လှ၏။ အန်နာ၏ ခန္ဓာကိုယ်သည် နွေးထွေးလှ
ဖရန့်သည် စီးကရက်တစ်လိပ် ထုတ်၍ မီးညှိပြီးဖွာနေသည်
လှချင်းဖိကပ်နေသဖြင့် ဖရန့်မှာ မလှုပ်သာ မလှုပ်နိုင်သာ ဖြ
လျက်ရှိသည်။

အန်နာက ဖရန့်၏ အနီးသို့ကပ်၍ 'တို့ကိုလဲ စီးကရ
တစ်ဖွာလောက် တိုက်ပါဦး' ဟု တိုးတိုးကလေး ပြောသည်
ဖရန့်သည် သူ့နားသူ မယုံနိုင်အောင်ဖြစ်ကာ အံ့အား
သင့်လျက်ရှိသည်။ 'မင်း တကယ်ပြောနေတာလား....' ဟု
ပြန်မေးသည်။

'တကယ်ပေါ့၊ အန်နာက ဘယ်ဟာကိုမဆို စမ်းကြည့်ချင်
တဲ့ မိန်းမပဲ'

ဖရန့်က သူ့လက်ထဲမှစီးကရက်ကို အန်နာ၏ နှုတ်ခမ်း
တွင် တပ်ပေးသည်။ အန်နာက တစ်ချက်မျှဖွာပြီး မီးခိုးများ
ကို မှုတ်ထုတ်သည်။ သူသည် ဆေးသီးကာ ချောင်းတဟွ
ဟွတ် ဆိုးသည်။

'ကြည့်လို့တော့ လှပါရဲ့၊ သောက်ကြည့်တော့ မကောင်း
ဘူး'

'နောက်ထပ် တစ်ဖွာလောက် ထပ်ဖွာကြည့်ပါဦးလား'
ဟု ဖရန့်က တိုက်တွန်းသည်။ အန်နာက ခေါင်းရမ်းပြီး
သူ့ခေါင်းကို ဖရန့်၏ပခုံးပေါ် မှေးမှီထားသည်။ ဖရန့်က
အန်နာ၏မျက်နှာကို တစ်ချက်စူးစူးစိုက်စိုက်ကြည့်ကာ လက်
တစ်ဘက်ဖြင့် ခါးကိုဖက်ထားလိုက်သည်။

'ဖရန့်နော်.... ဒီလိုမလုပ်သင့်ဘူး'



နမ်း၍ပြီးကာမှ အန်နာက ရေရွတ်သည်။

'ဖရန့် သိပါတယ်လေ' ဟု အန်နာက စကားစသည်။
'တကယ်တမ်း ဆန်းစစ်ကြည့်ရင် ဒီကိစ္စနဲ့ပတ်သက်လို့ အန်နာ
နဲ့ ဖရန့်တို့မှာ အပြစ်မရှိပါဘူး၊ အမှန်က အန်နာတို့ကို
ဒီအခြေအနေထဲတွန်းပို့ခံခဲ့ရတာပါ၊ အန်နာ သိသလို ဖရန့်လဲ
သိလိမ့်မယ်လို့ ထင်တာပဲ'

ဒီရေသည် တဖျပ်ဖျပ်ရိုက်ပုတ်လျက်ရှိသည်။ သို့သော်
လည်း မမြင်ရ၊ မကြားရ၊ ညသည်ပို၍အေးလာသည်ဟုထင်
ရသည်။ နှင်းဖြူများသည်လည်း ယခင်ကထက် ပို၍ကျဆင်း
လာသည်ဟုထင်ရသည်။ ပတ်ဝန်းကျင်တွင် အသက်ဝင်
လှုပ်ရှား လာသည်။ ထိုအဖြစ်သည် အမှန်တကယ်ပင် ဖြစ်
ပျက်သွားခဲ့ပြီ။ ဖြစ်ပြီးသွားခဲ့သည့်အခါ ဖရန့်သည် အရာ
ရာတိုင်းကို နားလည်ရခက်သွားသည်။ သူ့ကိုယ်သူ မိုက်မဲ
လေခြင်းဟူသော အတွေးသည် သူ့ရင်ထဲတွင် ကိန်းအောင်း
လာသည်နှင့်အမျှ စိတ်ပူလောင်လာရသည်။

နှစ်ယောက်သား သဲသောင်ပြင်ထက်မှ ခွာလာခဲ့ကြ
သည်။ ပလက်ဖောင်းပေါ်သို့ ပြန်ရောက်လာကြ၍ လမ်း
အတိုင်းပြန်လျှောက်လာကြသည့် အခါတွင်မှ အန်နာသည်
ဖရန့်၏လက်မောင်းကို ဖက်တွယ်ပြီး လိုက်လာသည်။

'ဖြစ်ပြီးသမျှအတွက် စိတ်မပူနေပါနဲ့တော့ ဖရန့်ရယ်' ဟု
အန်နာက ပြောသည်။ 'ဘယ်သူမှလဲ သိတဲ့ကိစ္စမဟုတ်ပါ
ဘူး၊ ပြီးတော့လဲ အန်နာဟာ ဖရန့်ရဲ့လည်ပင်းကို ကြိုးကွင်း
စွပ်မယ့်လူမဟုတ်ပါဘူး၊ အန်နာ မနက်ဖြန်ပြန်တော့မှာပါ'

အန်နာ၏စကားများသည် ဖရန့်၏ရင်ကို ပေါ့ပါးစေ
သည်။ မနက်ဖြန်ဆိုလျှင် အန်နာရှိတော့မည်မဟုတ်။ ဒီလို

www.burmeseclassic.com

www.burmeseclassic.com

ဆိုတော့လည်း သူ့အတွက် ဝမ်းသာစရာ ကောင်းလှပေသည်။

'မင်းဘယ်တော့ ဘယ်လိုပြန်မှာလဲ' ဟု ဖရန့်က မေးသည်။

'အန်နာ ဇီကနေပြီး လင်းယွန်'နဲ့ ပို့ထ်ဒိုရန်ကိုသွားမယ်။ ဟိုကျမှ 'ရပ်သ်လင်သဘော်'ကို လေးနာရီ ဆက်စီးမယ်'

ရုတ်တရက် ဖရန့်၏စိတ်ထဲတွင် ရှက်စိတ်ဝင်မိသည်။ သူ၏ လုပ်ပုံကိုင်ပုံကို မဟုတ်ဟုတွေးတာ သူ့ကိုယ်သူ မကျေမနပ် ဖြစ်မိသည်။ ထို့ကြောင့်လည်း....

'မနက်ဖြန်ကျရင် ကိုယ်လိုက်ပို့မယ်လေ' ဟု ပြောမိသည်။

'ဒါဆိုရင်တော့ ကောင်းတာပေါ့ ဖရန့်ရယ်' ဟု အန်နာက ပြောသည်။ နောက်ဆိုရင် အန်နာနဲ့ တွေ့ချင်မှတွေ့တော့မှာ'

ပလက်ဖောင်းပေါ်အတိုင်း လျှောက်သွား နေသော အန်နာသည် ခရီးတစ်ဝက်ခန့် ရောက်သည့်အခါ ဖျတ်ခနဲ ရပ်လိုက်သည်။

'ဖရန့် ဆက်မလိုက်နဲ့တော့'ဟု အန်နာက ပြောသည်။ အန်နာသည် ဖရန့်၏စိတ်ကို အတိအကျသိနေပုံရ၏။ 'မနက်ဖြန်ကျတော့မှ ကရော့စ်ဟိုတယ်ကို လာခဲ့....နော်'

အန်နာသည် ဖရန့်၏ ဒေါးစက်နေသော ပါးကို တပျာတယာ နမ်းရှုပ်ပြီး သူ့အပါးမှထွက်ခွာသွားသည်။ ဖရန့်သည် မလှုပ်မယှက်ရပ်ကာ နှင်းမြူများကြားသို့ တိုးဝင်သွားနေသော အန်နာအား စိုက်ကြည့်နေသည်။ ထို့နောက် နောက်သို့ ဖျတ်ခနဲလှည့်ကာ သူ့အိမ်ဘက်သို့ ဦးတည်ပြီး ပြန်လျှောက် လာခဲ့သည်။



လျှောက်လာနေစဉ်အတွင်း သူ့စိတ်သည် သူ့မိန်းမ လူစီနှင့် ထိပ်တိုက်ရင်ဆိုင်ရမည့်အရေးကို တွေးနေမိသည်။ ထနေညအဖို့တော့ သူတို့လင်မယား ပြေလည်စရာအကြောင်း မရှိ၊ လင်မယားချင်း ရန်ဖြစ်တိုင်း တစ်ယောက်တည်း အိပ် နေကျအခန်းထဲ၌သာ အိပ်ရတော့မည်ဖြစ်၏။ ဘာပဲဖြစ်ဖြစ် မနက်ဖြန်ကျလျှင်တော့ အန်နာ့အား သွား၍နှုတ်ဆက်ရဦး မည်။ ထို့နောက်တော့ ယခုဖြစ်ခဲ့သည့်ကိစ္စကို သူမေ့ပစ်ဖို့ ကြိုးစားရမည်။ ပြီးတော့ ဘဝသစ်မြန်မြန်စဖို့သာရှိတော့သည် မဟုတ်ပါလား။

သူ့ခြေသံများသည် လူသူကင်းမဲ့နေသော လမ်းပေါ် တွင် ပဲ့တင်ထပ်လျက်ရှိသည်။ ရေပြင်ထက်တွင် နှင်းမြူ များသည် ထူထပ်သိပ်သည်းစွာ ကျဆင်းလျက်ရှိ၏။ ရုတ် တရက် နှင်းမြူများကြားမှ ဖြတ်သွားလျက်ရှိသော သင်္ဘော တစ်စီးဆီမှ ဥဩသံသည် ဟူးဟူးရှဲရှဲ ပေါ်ထွက်လာလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၂ )

နောက်တစ်နေ့မနက်တွင် လူစီသည် ခါတိုင်းအိပ်ရာနိုးနေကျအချိန်ထက် များစွာနောက်ကျပြီး နိုးသည်။ ယမန်နေ့ညက သူကောင်းစွာ အိပ်မပျော်ခဲ့၊ အပြင်ဘက်တွင် နှင်းမြူများကလည်း ထူထပ်စွာကျနေခဲ့၏၊ ရာသီဥတုကလည်း အဆမတန်အေးလျက်ရှိ၏။ ထို့ကြောင့်လည်း သူသည် ဖရန့်ပြန်ရောက်အလာကို စိုးရိမ်ပူပန်စွာဖြင့် တမျှော်မျှော်ဖြစ်ခဲ့ရ၏၊ ,ဖရန့်ပြန်ရောက်လာသည့်အချိန်မှာ များစွာနောက်ကျနေပြီ။ ဖရန့်သည် သူ့အား စကားလည်းမပြော၊ လှည့်၍ပင်မကြည့်ဘဲ သူတို့ချင်းအဆင်မပြေတိုင်း အိပ်နေကျအခန်းထဲသို့ တန်းဝင်သွားသည်။ ပြီးတော့ အတွင်းမှ သော့ခတ်ပိတ်လိုက်သည်ကို တွေ့ရ၏။ ထိုအဖြစ်ကို ပြန်တွေးလိုက်မိသည့်အခါ လူစီ၏ နှလုံးသားသည် ပြင်းစွာနာကျင်



ခဲ့ရသည်။ ဖရန့်၏ အပြုအမူသည် ရက်စက်လွန်းလှသည်ဟုပင် ထင်ခဲ့မိလေသည်။

မည်သို့ပင်ဖြစ်စေ လူစီကတော့ စိတ်စေတနာသန့်သည်။ သူ ဖရန့်ကိုချစ်သည်၊ မည်မျှလောက်ချစ်သည်ကို မိမိသာလျှင် အသိဆုံး၊ ထို့ကြောင့်လည်း စိတ်အပြောင်းအလဲမြန်တတ်သော ဖရန့်အား ဒုက္ခမဖြစ်အောင် အမြဲဘဝေ ကာကွယ်ပေးခဲ့၏၊ ဒါကိုပင် ဖရန့်ဘက်မှ သည်းခံခွင့်လွှတ်ခြင်းမပြုနိုင်ခဲ့၊ တကယ်တော့ 'ဖရန့်၏ အဆိုးဆုံးသော ရန်သူသည် ဖရန့်ပင်ဖြစ်သည်'ကို လူစီကနားလည်ထား၏၊ ထို့ကြောင့်လည်းသူသည် ဘေးမှနေ၍ ဖရန့်အား တည့်မတ်ပေးနိုင်ရန် အားထုတ်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း စေတနာကို ယခင်ကလိုက်လျှော့ခဲ့သည့် ဖရန့်သည် ဤရက်များအတွင်း ကျခါမှ ဘာ့ကြောင့်များ ဆန့်ကျင်လာရပါလိမ့်။

အိပ်ရာထက်၌ လှဲကာအတွေးရေယာဉ်ကြော၌ နစ်မျောနေသော လူစီသည် စားပွဲတင်နာရီကို လှမ်းကြည့်သည်။ သက်ပြင်းတစ်ချက်ချကာ အိပ်ရာမှထသည်။ အဝတ်အစားလဲကာ အခန်းထဲမှ ထွက်လာပြီး၊ ဖရန့်၏အခန်းတံခါးကို အသာအယာခေါက်သည်။

'ဖရန့်'ဟု ချိုသာသော လေသံဖြင့် ခေါ်သည်။ 'ဆယ်နာရီကျရင် လူစီ အပြင်သွားစရာရှိတယ်၊ လူစီနဲ့ အဖော်လိုက်ခဲ့ပေးမလား'

အတွင်းမှ ဖြေသံမကြားရ။

လူစီသည် တစ်မိနစ်ခန့်မျှရပ်၍ နားစွင့်နေသည်။ အထဲတွင် ဖရန့်ရှိနေသည်ကို သူသိနေသော်လည်း နောက်ထပ်အသံပေးဖို့ နှောင့်နှေးလျက်ရှိသည်။ သူသည် နောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်မခေါ်တော့ဘဲ အောက်ထပ်သို့ ဆင်းလာခဲ့၏။ အထီးကျန်နိုင်သောစိတ်ဖြင့် မနက်စာကို တစ်ယောက်တည်း စားသည်။ အခုအတိုင်းဆိုပါက ဖရန့်သည် သူနှင့်လိုက်လိမ့်မည် မဟုတ်။ သူသည် နက်တာအား ခေါ်၍ ဖရန့်အတွက် မနက်စာပြင်ခိုင်းသည်။ မနက်စာလင်ပန်းကို သူကိုယ်တိုင်ယူသွားပြီး ဖရန့်၏ အခန်းတံခါးရှေ့၌ ချပေးသည်။ ထို့နောက် အပြင်သို့ တစ်ယောက်တည်း ထွက်လာခဲ့လေ၏။

အပြင်ဘက်တွင် ရာသီဥတုသည် မှုန်မှိုင်းနေဆဲ။ သစ်ပင်များဆီမှ နှင်းစက် နှင်းပေါက်များသည် တစ်ပေါက်ပေါက် ကျနေဆဲ။ နှင်းမြူများသည် ပတ်ပတ်လည်တွင် လွင့်မျောနေဆဲ။ တစ်ချီတစ်ချီတွင် နေရောင်သည် မြူများကြားမှ တိုးဖောက်ကာ ရေပြင်ထက်သို့ ဆင်းသက်လာတတ်သည်။

စွတ်စိုထိုင်းမှိုင်းနေသော အငွေ့အေးဓာတ်ကြောင့် သူ၏ ခန္ဓာကိုယ်သည် တဆတ်ဆတ်တုန်လျက် ရှိသည်။ သူသည် ဘုရားရှိခိုးကျောင်းဆီသို့ ခပ်သုတ်သုတ်လျှောက်သည်။ အထဲရောက်သည့် အခါတွင်လည်း သူ့စိတ်သည် ပျံ့လွင့်လျက် ရှိသည်။ သူသည် ဖရန့်အကြောင်းကိုသာ တွေးနေမိသည်။ နောက်ဆုံးဝတ်ပြုပွဲ ပြီးသွားသည့်အခါ ဘုရားရှိခိုးကျောင်းထဲမှ တပျာတယာ ပြန်ထွက်လာခဲ့ပြီး အိမ်ဘက်သို့ပြန်သည်။

အိမ်ရှေ့ခန်းမထဲရောက်၍ ဦးထုပ်နှင့် ကုတ်အင်္ကျီကို ချွတ်ပြီး ချိတ်နေစဉ်အတွင်း သူ့စိတ်သည် ဖရန့်၏ အိပ်ခန်းဆီသို့ ရောက်နေသည်။ သို့သော်လည်း သူ့စိတ်ကို ချုပ်တည်းကာ ဖရန့်၏အခန်းဆီသို့ သွားချင်သောဆန္ဒကို မျိုသိပ်ထားပြီး မီးဖိုခန်းထဲသို့ ဝင်ခဲ့သည်။ စားပွဲပေါ်၌ တင်ထားသည့် မနက်စာလင်ပန်းကို မြင်ရသည့်အခါ တစ်ခဏမျှ ရပ်ကြည့်သည်။ မနက်စာကိုတော့ သူ စားသွားသည်ဟု တွေးသည်။

'ဖရန့် အောက်ထပ်ကို ဆင်းလာပြီလား' ဟု နက်တာအား လှမ်းမေးသည်။

အာလူးအခွံနွှာနေသော နက်တာသည် လူစီအား လှည့်မကြည့်ဘဲ ပြန်ဖြေသည်။ 'သူ အပြင်ထွက်သွားပြီ၊ မစ္စတာလင်းနေ့ဘ်နဲ့ တွေ့စရာရှိတယ်လို့ ပြောသွားတယ်'

'ဪ...ဟုတ်သားပဲ' ဟု လူစီက ရေရွတ်သည်။ 'အခုမှ မှတ်မိတယ်'

အမှန်တော့ သူ မှတ်မိသည်မဟုတ်။ မစ္စတာလင်းနေ့ဘ်နှင့် တွေ့စရာကိစ္စလည်း ရှိသည်မဟုတ်။ ဖရန့်၏ အပြုအမူနှင့် ပတ်သက်၍ နက်တာတစ်မျိုးတစ်ဖုံ ထင်မသွားစေအောင် စကားဖာလိုက်ခြင်းမျှသာ ဖြစ်၏။ သူ နားလည်ထားသည့်အတိုင်းဆိုပါက ဖရန့်သည် လင်းနေ့ဘ်ထံ သွားခြင်း မဖြစ်နိုင်။ အန်နာ့ထံ သွားခြင်းသာ ဖြစ်ဖို့များ၏။

သူသည် အိမ်ရှေ့ခန်းထဲသို့ သွားကာ ပြတင်းပေါက်အနီး၌ထိုင်၍ စာအုပ်တစ်အုပ်ကိုကောက်ဖတ်သည်။ သို့သော်လည်း သူ့မျက်လုံးများသည် စာကြောင်းများကို မမြင်။ အမြဲတစေ ပြတင်းပေါက်မှ နေ၍ အပြင်သို့မျှော်မျှော်ကြည့်သည်။ တစ်ကြိမ်တွင် အပြင်မှ ခြေသံကြားလိုက်သဖြင့် ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားသည်။ ဖရန့်အား ဆီးကြိုရန် အသင့်ပြင်ထားသည်။ သို့သော်လည်း ဖရန့် မဟုတ်။ သူ လင်းနေ့ဘ်ဆီသွားတာ တကယ်များလား။ ဒါမှ မဟုတ်၊ နှင်းမြူတွေကြားမှာ အနွေးထည်နှင့် ဦးထုပ် စသည်များ မပါဘဲ လျှောက်သွားနေသလား။

www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်း တစ်နာရီ ထိုးသွားပြီ ဖြစ်သော်လည်း ဖြန်ရော
မလာသေး။ လူစီ စိတ်သည် မငြိမ်မသက် ဖြစ်လာသည်
ဖရန့်၏လုပ်ရပ်သည် မဖွယ်မရာနိုင်လွန်းလှသည်ဟု ထင်
တစ်နာရီခွဲသော် နက်တာ ရောက်လာသည်။ နေ့လယ်
အဆင်သင့်ဖြစ်ပြီဟု အသိလာပေးခြင်းဖြစ်၏။ ထို့ပြင်လည်
ယနေ့ နေ့ခင်းပိုင်းသည် နက်တာ၏ အားလပ်ချိန်ဖြစ်၍
သွားလိုရာသို့ သွားခွင့်ပြုရတော့မည် မဟုတ်ပါလား။

'အေးကွယ်၊ ဖရန့် ခရီးလွန်နေပြီ ထင်တယ်၊ လူစီ
ယောက်တည်းပဲ နေ့လယ်စာ စားနှင့်တော့မယ်' ဟု လူစီ
ပြောသည်။

သူပြောသည့်အတိုင်း ဖရန့်သည် အမှန်တကယ်ပင်
လွန်လေသလား။ တစ်နေရာတွင် ကြာနေဖို့ ဆိုသည်ကတော
ဖြစ်နိုင်မယ်မထင်။ အထူးသဖြင့် လင်းနေ့စ် အိမ်မှာသာ
ဆိုပါက ဤမျှကြာနိုင်စရာ အကြောင်းမရှိ။ သူသည် နေ့လယ်
စာကို ကောင်းစွာမစားနိုင်။ နက်တာ့ရှေ့တွင် စားသော
၍ ကောင်းလေဟန် ဟန်ဆောင်ထားခြင်းမျှသာ ဖြစ်၏။

နောက်ဆုံးတွင် လူစီသည် စားပွဲမှထ၍ ဧည့်ခန်းထဲ
သွားထိုင်သည်။ ဆောင်းမီးဖို ရှေ့၌ ထိုင်ခြင်း မဟုတ်
ပြတင်းပေါက်အနီး၌ ထိုင်၍ အပြင်သို့ တမျှော်မျှော်ကြ
နေခြင်းမျှသာ ဖြစ်၏။ ယင်းကဲ့သို့ မျှော်လင့်စောင့်စား
ခိုက်မှာပင် သူ့စိတ်သည် ထူးဆန်းသော ခံစားမှုတစ်ခုဖြစ်
ပို၍ ပို၍ မငြိမ်မသက် ဖြစ်လာရသည်။

သူ ဘယ်လိုပြန်လာမည်နည်း။ အခုလို မိုးနှင်းက ထပ်
ကျနေလျှင် သူ့တစ်ကိုယ်လုံး ရွှဲရွဲစိုကုန်တော့မည်မှာ မ
အိမ်ထဲသို့ အသံမကြားအောင် ဝင်လာပြီး သူ့ဦးထုပ်



အင်္ကျီကို ချွတ်၍ ချိတ်နေလေမလား။ သို့သော်လည်း
အားလုံးအထင်မျှသာ ဖြစ်၏။ တကယ်တမ်းကျတော့ ဖရန့်၏
အရိပ်အယောင်ကိုပင် မမြင်ရ။

နှစ်နာရီခွဲသွားပြီ။ နက်တာပင်လျှင် အပြင်ထွက်သွားပြီ။
အိမ်ထဲတွင် လူစီ တစ်ယောက်တည်း။ ဖရန့်ကတော့ အခု
ထက်ထိ ပြန်ရောက်မလာသေး။ ကြာလှချည်တလား။ သူ့
မှာ လင်းနေ့စ်ထံ လိုက်သွားရလျှင် ကောင်းလေမလား။
လင်းနေ့စ်ထံ သွားတာတော့ ဟုတ်မှဟုတ်ရဲ့လား။ ဘာပဲ
ဖြစ်ဖြစ် လင်းနေ့စ်ထံ လိုက်သွားခြင်းသည် သူ လုပ်နိုင်
သော အခြေအနေ ဖြစ်၏။

လူစီသည် ထိုင်နေရာမှ ဖျတ်ခနဲထကာ အိမ်ရှေ့တံခါး
ဆီသို့ လျှောက်သွားသည်။ သူ့မျက်လုံးအစုံသည် သောကအ
ရိပ်များဖြင့် ဖုံးလွှမ်းနေသည်။ သူ့မှာ လုပ်စရာ တခြားလမ်း
မရှိ။ အကယ်၍ လိုက်သွားပါက ဖရန့်နှင့် လမ်းခုလတ်တွင်
ဆုံမိကောင်း ဆုံမိနိုင်သည်ဟု ထင်သည်။

အပြင်ဘက်တွင် မိုးဖွဲကလေးများ ကျနေသည်။ နှင်းမှုန်
ကလေးများလည်း ရောနှော၍ပါလာလျက် ရှိ၏။ သူသည်
လင်းနေ့စ်၏အိမ် တည်ရာ တောင်ကုန်းပေါ်သို့ ခပ်သုတ်
သုတ် တက်လာခဲ့သည်။ ရုတ်တရက် သူ့တစ်ကိုယ်လုံး တုန်
ယင်လာသည်။ သူသည် ခပ်သုတ်သုတ်ပင် လျှောက်နေမိ
သည်။ ဘာ့ကြောင့်မှန်းတော့ မသိ။ စိတ်ထဲတွင် ထိတ်လန့်
တကြား ဖြစ်နေမိသည်။ အံ့ဩဖွယ်ကောင်းသည့် စိတ်
ခံစားမှုတစ်ခု ဖြစ်၏။ ဘာ့ကြောင့် အခုလို ဖြစ်ရတာပါလိမ့်
ဟု တွေးသော်လည်း အဖြေအ ထွက်မလာ။

www.burmeseclassic.com

www.burmeseclassic.com

ဂါ့စ်ဒင်လမ်းထောင့်သို့ ရောက်သောအခါ လှုစီသည် တန်ဂဲနွေနေတိုင်း လမ်းလျှောက်ထွက်လေ့ရှိသည့် မစ္စတာလင်းနော့စ်နှင့် ဆုံမိသည်။ လင်းနော့စ်သည် လမ်းလျှောက်ထွက်ပြီး ပြန်လာခြင်းဖြစ်၏။ လင်းနော့စ်အား မြင်လိုက်သည့်အခါ လှုစီ၏ရင်သည် တထိတ်ထိတ် ခုန်လာရပြန်သည်။ ချက်ချင်းပင် စိတ်မောတ်လည်း ကျသွားသည်။ ဖရန့်သည် ဘယ်နည်းနှင့်မှ လင်းနော့စ်ထံ၌ ရှိမည်မဟုတ်။

'လှုစီပါလား' လင်းနော့စ်က နှုတ်ဆက်သည်။ 'မင်းသူတို့နောက် လိုက်တာလား၊ ဒါဆိုရင်တော့ တစ်လမ်းစီဖြစ်နေပြီ'

'သူတို့နောက်'ဟု လှုစီက နားမလည်သံဖြင့်ရေရွတ်သည်။

'ဝါနီ့တွေ့လိုက်တယ်၊ မင်း ယောကျ်ားနဲ့ အန်နာခေါ သူတို့ ဟိုဘက်ပြန်သွားကြတယ်'

လင်းနော့စ်စကားကြောင့် လှုစီ၏မျက်နှာသည် ဖြူဖတ်ဖြူလျော်ဖြစ်သွားသည်။ သူ့မျက်လုံးများက စိတ်ထိခိုက်သွားခြင်းကို ဖော်ပြနေကြသည်။ သူသည် စကားပြန်ပြောရန် အားထုတ်သော်လည်း မပြောနိုင်။

'အခုလောက်ဆိုရင် သူတို့ အိမ်ရောက်လောက်ပြီ ထင်တယ်'ဟု လင်းနော့စ်က ဆက်ပြောသည်။ လှုစီ၏ အရိပ်အခြည်ကို သူ ရိပ်မိဟန်မတူ။ 'အိမ်ထဲဝင်ပြီး လက်ဖက်ရည်သောက်ပါဦးလား လှုစီ'

'မဝင်နိုင်တော့ဘူး၊ ကျွန်မ ပြန်မှဖြစ်မယ်'

ပြောပြောဆိုဆိုပင် သူသည် နောက်သို့ ပြန်လှည့်ကာ လမ်းအတိုင်း လျှင်မြန်စွာ ပြန်လျှောက်လာသည်။



သူ့အထင်သည် မှန်နေလေပြီ။ သူ့မျက်လုံးအစုံမှ မျက်ရည်များသည် ပါးနှစ်ဘက်ရှိ မိုးစက်များနှင့်အတူ ရောနှောကာ စီးကျနေကြသည်။ လူတို့၏ စိတ်ထိခိုက်ခြင်းနှင့် ဒေါသဖြစ်ခြင်းတို့မှ မွေးဖွားလာသည့် မျက်ရည်များ ပေတည်း။ သူတို့နှစ်ယောက်၏ တိုတုန်းက အနေအထားကို ပြန်လည်တည်ဆောက်မနေကြပြီ။ အခုလိုမဖြစ်အောင် သူ နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့ပါ၏။ သို့သော်လည်း မရ။

သူသည် နှုတ်ခမ်းများကို ပြတ်လုမတတ်ကိုက်ထားသည်။ ကုတ်အင်္ကျီ အိတ်ကပ်များအတွင်းတွင် နှိုက်ထားသည့် လက်များကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ သူသည် လူသူကင်းမဲ့နေသော လမ်းပေါ် အတိုင်း ရေးကြီးသုတ်ပျာ လျှောက်သွားလျက်ရှိသည်။

ဘာ့ကြောင့် ဒီလိုဖြစ်ရတာလဲ။ အမှန်အားဖြင့် ဖရန့်သည် သူ့ကိုချစ်လိမ့်မည်မဟုတ်။ ဖရန့်သည် မိမိကိုချစ်သည်မှာအမှန်။ မိမိကလည်း ဖရန့်ကို ချစ်၏။ သို့ပါလျက်နှင့် ဤကိစ္စသည် ဖြစ်လာရ၏။ ဖရန့်၏ ဆန္ဒ မပါဘဲလျက်နှင့် အခြေအနေက ဇွတ်တွန်းပို့၍သာ ဖြစ်ပေလိမ့်မည်။

လှုစီသည် အိမ်ဘက်သို့နီးလာပြီ။ သူသည် လမ်းလျှောက်နေသည့်အချိန်ကို လျှော့ချလိုက်ပြီး သူ့စိတ်သူ တည်ငြိမ်အောင် ကြိုးစားသည်။ ဤကိစ္စကို ဝေါင်းအေးအေးထား၍ ဖြေရှင်းမှဖြစ်မည်ဟု ယူဆသည်။ ထိုအခိုက်တွင် သူသည် လမ်းတစ်ခု ဒေ့ဗ်ဘိုးဝိုးလို ရိပ်ခနဲမြင်လိုက်ရ၏။

'ခင်ဗျားက သူတို့နဲ့ လိုက်မသွားဘူးလား'ဟု ဒေ့ဗ်က နှုတ်ဆွမ်းမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် ဒေ့ဗ်၏မေးခွန်းကို နားမသည်။ 'ဘာ ပြောတာလဲ'ဟု ပြန်မေးသည်။

'ကျွန်တော် စိတ်မကောင်းဘူး လူစီ၊ ထုံးစံ အတိုင်း ရာသီဥတု အနှောင့်အယှက်ပေါ့'ဟု ဒေ့ဗ်က ဖြေသည်။ 'ဒါပေမယ့် ဒီနေ့မွန်းလွဲပိုင်းမှာ 'လင်းယုန် မော်တော်'နဲ့ လင်တန်ကို သွားခဲ့ရတယ်၊ တကယ် ခင်ဗျား ယောကျ်ားက လင်းယုန်ကို လိုချင်တယ်ဆိုတာ စောစောစီးစီးသိရရင် ကျွန်တော် အစောကြီး ပြန်လာမှာပေါ့'

'မင်း ဘာပြောနေတာလဲ ဒေ့ဗ်'ဟုလူစီက ထပ်မေးပြန်သည်။

'ခင်ဗျား မသိဘူးလား' ဒေ့ဗ်က ရေရွတ်သည်။ 'ကျွန်တော် အခုပဲလင်တန်က ပြန်ရောက်တာ၊ သူတို့က ကျွန်တော် ပြန်အရောက်ကို မစောင့်နိုင်လို့ သွားကြပြီတဲ့၊ ကျွန်တော့် အဖေက ပြောတယ်၊ သူတို့က အရေးတကြီးဖြစ်နေကြတော့ အင်ဂမ်စ်က လှေနဲ့လိုက်ပို့ပေးတယ်'

'ဘယ်ကိုပို့ပေးရတာလဲ'

'စာပို့ သင်္ဘောဆီကို ပို့ပေးရတာလေ၊ ခင်ဗျားတို့နဲ့ အတူတူနေတဲ့ အမျိုးသမီးနဲ့ ခင်ဗျားယောကျ်ားပေါ့'

'စာပို့သင်္ဘောဆီကို ဟုတ်လား'ဟုလူစီက အလန့်တကြား အော်သည်။ ရုတ်တရက် ထိတ်လန့်လှုပ်ရှားလာသည့် စိတ်ကို သူ မထိန်းနိုင်။ စိုးရိမ်စိတ်သည် ကြီးမားလာသည်။ ဖရန့် ထွက်သွားသည်။ တခြားလူနှင့် မဟုတ်။ အန်နာနှင့် နှစ်ယောက်တည်း။ သူ ငါ့ကို စွန့်သွားပြီ။ အန်နာ့ထံ ပြန်သွားပြီ။ ထိုသောအဖြစ်အပျက်မှုကြောင့် သူ့စိတ်သည် ဆောက်တည်ရာမရ ဖြစ်လာသည်။

သူ့ရှေ့တွင် ဒေ့ဗ်ရှိနေသည်ကို လူစီ သတိမပြုနိုင်။ သူ့ ပါးစပ်မှ နောက်တစ်ကြိမ် ထိတ်လန့်တကြား အော်သံထွက်လာပြန်သည်။ သူသွားပြီ၊ မိမိအား စွန့်ခွာသွားပြီ၊ သူ့ ချက်နှာနှင့်နှုတ်ခမ်းများသည် သွေးမရှိတော့သည့်နှယ် ဖြူဖပ်ဖြူရော် ဖြစ်လာသည်။

မိမိ၏ လင်ယောကျ်ားကို ဆုံးရှုံးပြီဟူသော အသိနှင့် မိမိ ဘက်က ရှုံးပြီဟူသော အသိများသည် သူ့စိတ်ကိုမျှော်လင့် ချက် ကင်းမဲ့သောအဖြစ်သို့ ဆိုက်ရောက်သွားစေခဲ့၏။ သူ သည် သူ့နားထင်နှစ်ဘက်ကို လက်ဖြင့် ဖိကိုင်ထားသည်။ သူ့ယောကျ်ားဖရန့်သည် ရူးသွားလေပြီလား။ ဤမျှလောက် ကင်းမဲ့သောအလုပ်ကို လုပ်ခြင်းသည် ရူးနေလို့သာ ဖြစ်ပေ လိမ့်မည်။ သူ့အား စွန့်ပစ်သွားသည်အထိ လုပ်လိုက်ခြင်း သည် ရူးနေလို့သာ ဖြစ်ပေလိမ့်မည်။

အန်နာနှင့် လိုက်သွားပြီး အတူတူနေပါက ချမ်းသာ သုခကို ဘယ်လိုနည်းနှင့်ရနိုင်ပါမည်နည်း။ သူသည် အန်နာ၏ ချင်းရိမှု၊ တာဝန်မဲ့မှု၊ အဆင့်အတန်းနိမ့်မှုနှင့် အရှက်ကင်းမဲ့ မှုများကို ပြန်၍သတိရလာသည်။ ထိုအခါ ဖရန့် အတွက် သူကျ ရင်ပူစ် သာ စိတ်သည် လှိုင်းထသလို ဖြစ်လာသည်။

ဒီအလုပ်မျိုး ဖရန့်လုပ်သည်ကို သူ ခွင့်မပြုနိုင်။ ဖရန့်သည် စိတ်ဓာတ်အင်အား ချည့်နဲ့သူဖြစ်၏။ သူတစ်ပါး၏ ဩဇာ လွှမ်းမိုးမှုကို အလွယ်တကူခံတတ်သူ ဖြစ်၏။ သူ့ဆန္ဒမပါဘဲ ချက်နှင့် တစ်ဘက်လူ၏ သွေးဆောင်မှုနောက်သို့ လိုက်ပါ သွားရသည်ဟုပင် သူယုံကြည်၏။

အန်နာလို မိန်းမစား၏ အနိုင်ယူမှုကို မိမိက ငြိမ်၍ခံရ မည်လော။ မျက်ရည်စက်လက်ဖြင့် ငိုပွဲဆင်ကာ လူစီမြောက်

www.burmeseclassic.com

www.burmeseclassic.com



ခန့်ညားရည်လော၊ ထိုအတွေး ဝင်လာသည့်အခါ
လောဘ မြူထိမြူရော် ဖြစ်နေသော မျက်နှာသည်
ခွင်းဝင် သွေးရောင်လွှမ်းလာသည်၊ ဘာပဲဖြစ်ဖြစ် ဤမိန်း
ဆိုး၏လက်တွင်းမှ ဖရုန်အား မိမိက ကယ်တင်နိုင်မှ
မည်။

သူသည် ဖျတ်ခနဲမော့ကြည့်ကာ ဒေ့ဗ်၏လက်မောင်း
လှမ်းကိုင်လိုက်သည်။ 'မင်း ဝါကို အခုချက်ချင်း လိုက်
ဖြစ်မယ်'ဟု ပြောသည်။

'ဘာဖြစ်လို့လဲ'ဟု ဒေ့ဗ်က မေးသည်။

လူစီက သူ့အမေးကို မဖြေဘဲ ဒေ့ဗ်၏ လက်မောင်း
ဆွဲကာ လှေရုံကွင်းသို့ ခေါ်သွားသည်။

'သူတို့ထွက်သွားတာ ဘယ်လောက် ကြာပြီလဲ'

'ကျွန်တော်လဲ အတိအကျတော့ မသိဘူး၊ ဆယ့်ငါးမိနစ်
လောက်ရှိပြီလို့ ထင်တာပဲ၊ ဘာဖြစ်လို့လဲ'

'အခုလိုက်ရင် သူတို့ကို မီနိုင်မယ်ထင်သလား'

ယခုအခါ သူတို့သည် သင်္ဘောဆိပ် အတွင်းသို့
ရောက်လာကြပြီ ဖြစ်သည်၊ ဒေ့ဗ်သည် တွန့်ဆုတ်ဆုတ်
လျက် ရှိသည်။

'ကျွန်တော်တော့ မထွက်ချင်ဘူး' ဟု ပြောသည်၊ 'သိပ်
နောက်ကျသွားပြီ၊ မြူတွေ ကျလာတော့မယ်'

လူစီသည် ဒေ့ဗ်၏ စကားကို ကြားဟန်မတူ၊ သွား
တိုင်းသာ ဆက်သွားနေသည်၊ ဒေ့ဗ်သည်နောက်မှ အပြေး
အလွှား လိုက်လာသည်။

'ကျွန်တော်တို့ ထွက်လို့မဖြစ်ဘူး'ဟု အော်ပြောသည်။
'ရာသီဥတုက မကောင်းဘူး၊ မြူတွေ သိပ်ကျနေပြီ၊ ရှေ့တည့်
တည့်ကို ကြည့်လိုက်ရင် ကိုက်တစ်ရာ အကွာကို ကောင်း
ကောင်း မြင်နိုင်မှာ မဟုတ်တော့ဘူး'

လူစီက လှည့်ကြည့်သည်၊ သူ့မျက်လုံး အစုံသည် ဝင်း
ဝင်းတောက်နေသည်၊ 'မင်းသွားမှဖြစ်မယ် ဒေ့ဗ်'ဟု ပြော
သည်၊ 'ငါလဲ မင်းနဲ့အတူ လိုက်မှာပါ၊ မင်း တစ်ယောက်
တည်းသွားရမှာ မဟုတ်ပါဘူး'

'ရေငွေ့အားက သိပ်ကျနေပြီဗျ'ဟု ဒေ့ဗ်က ပြောသည်၊
သူသည် ရေပြင်ထက်သို့ ထပ်ဖွဲ့ဖွဲ့ကျဆင်းနေသော နှင်းမြူ
ငွေ့များကို စိတ်ပျက်လက်ပျက် မျှော်ကြည့်နေသည်။

လူစီက ဒေ့ဗ်၏မျက်နှာကို စူးစူးဝါးဝါး ကြည့်နေသည်။
'မင်း အခုပဲ ဝင်လာတာမဟုတ်လား၊ အခု ပြန်ထွက်ရမှာ
ပေါ့'ဟု အော်သည်။

'ကျွန်တော် ရာသီဥတုကို မကြိုက်လို့ မထွက်ချင်ဘူးဗျာ'

သူတို့သည် မျက်နှာချင်းဆိုင်ရပ်ကာ တစ်ယောက်ကိုတစ်
ယောက် အချိန် အတော်ကြာမျှ စိုက်ကြည့် နေကြသည်။
ထို့နောက် ဒေ့ဗ်သည် မျက်လွှာကိုချကာ ဦးခေါင်းကိုငုံ့
စိုက်ချထားသည်၊ သူသည် လင်းယုန်အား ချည်ထားသည့်
ကြိုးကို သွား၍ ဖြေသည်၊ လူစီကတော့ လင်းယုန် ပေါ်သို့
ကပျာကသီတက်သွားသည်။

'ကျွန်တော် သိပ်မသွားချင်ဘူးဗျ'ဟု ဒေ့ဗ်က ညည်း
သည်၊ လူစီက ဘာမှပြန်မပြော၊ လင်းယုန်သည် အသက်ဝင်
လှုပ်ရှားကာ ပင်လယ်ပြင်သို့ထွက်လာသည်။

'မြန်မြန်လေးမောင်းပါ ဒေ့ဗ်ရယ်'ဟု လူစီက လှမ်းပြော
သည်၊ သူသည် ဒေ့ဗ်၏ဘေးနားမှ ကပ်၍ရပ်ကာ ရှေ့တည့်
တည့်ကို မျှော်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖရုန့်ကို မီမှမီပါ့မလားဟူသော အတွေးကြောင့် သူ့စိတ်သည် ယောက်ယက်ခတ်လျက်ရှိ၏။ အချိန်မီသာ ရောက်မသွားလျှင် ဖရုန့်သည် အန်နာ့လက်ထဲသို့ ပါသွား တော့မည်။ ပါသွားလျှင် မိမိဘက်က အရှုံးဟု သတ်မှတ်ရမည်။ ဘာပဲဖြစ်ဖြစ် သူ့ဘက်က အရှုံး တော့ မခံနိုင်။ မရမနေ လုပ်မှသာ ဖြစ်ပေတော့မည်။

ရေပြင်ထက်ရှိ နှင်းမြူများသည် တိုး၍တိုး၍သာ ထူထပ်သိပ်သည်းလာသည်။ ပင်လယ်ရေပြင်သည် ငြိမ်သက်လျက်ရှိ၏။ သို့သော်လည်း မြူများဆိုင်းနေသဖြင့် ဘာကိုမှ ပီပီပြင်ပြင် မမြင်ရ။ လူစီသည် ကုတ်အင်္ကျီကော်လာကို ဆွဲဆန့်ကာ လည်ပင်းကို ဖုံးလိုက်သည်။ သူသည် ခါးကို ကုန်းကာ ရှေ့တည့်တည့်ကို ကြည့်၍ မျက်စိရှာသည်။ သို့သော်လည်း ဘာကိုမှ မမြင်ရ။

ရုတ်တရက် ဒေ့ဗ်သည် သူ့သင်္ဘော၏စက်အရှိန်ကိုလျှော့ချလိုက်သည်။

'ကျွန်တော် ခင်ဗျားကိုပြောခဲ့သားပဲ'ဟု ဒေ့ဗ်က အော်ပြောသည်။ 'ကျွန်တော်တို့ ပြန်မလှည့်ရင် မဖြစ်ဘူးလားဗျ'

လူစီကတော့ မလျှော့ပါ။ 'မထူးပါဘူး ဒေ့ဗ်ရယ်… ဆက်မောင်းပါ'ဟု ပြောသည်။

'ကျွန်တော်တို့ တစ်ခုခုနဲ့ ဝင်တိုက်မိမှာ ကြောက်ရတယ်ဗျ….'

'ဆက်သာ မောင်းစမ်းပါ၊ အခုအချိန်ကျမှ နောက်ရင်းပြန်လှည့်လို့ မဖြစ်နိုင်တော့ဘူး'

ဒေ့ဗ်သည် ဆောက်တည်ရာမရဖြစ်ကာ အချက်ပေး ဥဩကြိုးကို တအားကုန် ဆောင့်၍ဆောင့်၍ဆွဲသည်။ ထူပိန်းနေ



သော မြူများနှင့် တငြိမ့်ငြိမ့်လှုပ်ရှားနေသော လှိုင်းလုံးများကြားမှ ကျယ်လောင်စူးရှသော ဥဩသံသည် အဆက်မပြတ်ထွက်ပေါ်လာလျက်ရှိသည်။ .

'သတိထား'ဟု ဒေ့ဗ်က အော်သည်။ 'ဦးပိုင်းမှာ'

လူစီသည် ခေါင်းကိုငုံ့ကာ ခါးကိုကုန်းလိုက်သည်။ သူသည် တစ်ကိုယ်လုံး အေးစက် စိုစွတ်နေသည်ကိုလည်း သတိမထားနိုင်။ ဘာကိုမှလည်းမမြင်။ ဘာသံမှလည်းမကြားရ။ သူ့ပတ်ပတ်လည်တွင် မြူနှင်းများသည် မီးခိုးငွေ့များသဖွယ်ရွေ့လျားလျက်ရှိကြသည်။ သူ့မျက်နှာသည် နှင်းစက် နှင်းပေါက်များဖြင့် ရွဲရွဲစိုလျက်ရှိ၏။ သူ့သစ်ကိုယ်လုံး ဆောက်တည်ရာမရနိုင်လောက်အောင် တုန်ယင်လှုပ်ရှားလျက် ရှိသည်။

'ဘာသံလဲ….'ဟု ဒေ့ဗ်က ရုတ်တရက် အော်မေးသည်။ 'တက်သံတွေ မဟုတ်လား' ပြောပြောဆိုဆို သူသည်အချက်ပေး ဥဩကြိုးကို ထပ်တလဲလဲ ဆွဲသည်။

လူစီသည် သတိထား၍နားစွင့်သည်။ ဘာသံမှ မကြားရ။ ဥဩသံများမှတစ်ပါး အခြား ဘာသံမှ မရှိ။ တစ်ချက်တစ်ချက်ကြားနေရသည်မှာ လှေသံ။

'ခင်ဗျား အသံမကြားဘူးလား'ဟု ဒေ့ဗ်က နောက်တစ်ကြိမ်ထပ်၍ အော်မေးပြန်သည်။

လူစီက နားစွင့် ပြန်သည်။ သို့သော်လည်း ဘာသံမှ မကြားရ။

ထို့နောက် ရုတ်တရက် သူတို့ရှေ့တည့်တည့် မအောက်နားဆီမှ ကျယ်လောင်စွာ အော်လိုက်သည့် အသံ တစ်သံသည်

www.burmeseclassic.com

www.burmeseclassic.com

မြူနှင်းများကြားမှ ထိုးထွက်လာသည်။ အသံမှာ သူတို့နှင့် နီးကပ်လှန်းလှ၏။

'အား—'

ဒေ့ဗ်သည် အလန့်တကြား သုံ့ကုန်ဟစ်၍ အော်ဟာ သင်္ဘောထက်မကို တအားကုန် လိမ်၍လှည့်လိုက်သည်။

သင်္ဘောဦးပိုင်းထဲရှိ ဝပ်နေသော လူစီသည် အော်သံထို အဆက်မပြတ် ထပ်ခါတလဲလဲ ကြားနေရသည်။ အသံသည် ပို၍ ကျယ်လောင်လာလည်း။ ပို၍ နီးလာသည်။ အော်သံမှာ ဘေးအန္တရာယ်တစ်ခုခုနှင့် ကြုံတွေ့နေ၍ အလျှင်စလို အော်နေသည့်အသံမျိုး။ ထို့နောက် လူစီ၏စိတ်ထဲတွင် ကြောက်ရွံ့ထိတ်လန့်မှုသည် ရုတ်တရက်ဝင်လာသည်။ တစ်ဆက်တည်းပင် ပြင်းထန်သော တိုက်သံတစ်ခု ပေါ်ထွက်လာသည်။ ထိုတိုက်သံမှာ အရှိန်ပြင်းသော်လည်း တစ်ခုနှင့် တစ်ခု ကပ်၍ တိုက်ခိုက်သံမျိုး ဖြစ်သည်။

ချက်ချင်းပင် သူ့အောက်နားဆီမှ ထိုးဝင်ပွတ်တိုက်သွားနေသည့်အသံများ ထွက်ပေါ်လာသည်။ အရှိန်ဖြင့် ပြေးဝင်ဆောင့်တိုက်မိသည့်အသံမျိုးမဟုတ်။ တစ်ခုနှင့်တစ်ခု ကပ်၍ ကြိတ်၍ ပြင်းထန်စွာ တိုးဝင်တိုက်ခိုက်နေသည့် အသံမျိုးဖြစ်၏။ ထို့နောက်တော့ လင်းယုန်သင်္ဘောတစ်စီးလုံး တုန်ခါသွားသည်။

'ဘုရားသခင် ကယ်တော်မူပါ'ဟူသော ထိတ်လန့်တကြား အော်သံသည် ဒေ့ဗ်၏နှုတ်မှ ထွက်ပေါ်လာသည်။ 'ကျွန်တော်တို့ တစ်ခုခုနဲ့ဝင်တိုက်မိပြီ'ဟုလည်း ရေရွတ်သည်။ သူသည် စက်ကို ပြန်လှည့်သည်။ ရှေ့တည့်တည့်သို့ကြည့်၍ 'ဟေး' ဟု အော်ဟစ်ကာ အချက်ပေးသည်။

'ဟေး—'

'တစ်ဖက်မှပြန်၍ အချက်ပေးသံကြားရသည်။ အသံသည် မဝေး၊ မနီးမှ ဖြစ်သည်။ တုန်ယင် လှုပ်ရှားနေသည့် အသံ။

'ဘုရား....ဘုရား....။ အင်းဂပ်စ်အသံပါလား၊ သူ့လှေနဲ့ ဝင်တိုက်မိတာပါလား'

တစ်ကိုယ်လုံး တုန်နေသော လူစီသည် ဝပ်နေရာမှထကာ ဒေ့ဗ်၏ဘေးတွင်လာရပ်သည်။ ပဲ့ပိုင်းဆီသို့ လှမ်းမျှော်ကြည့်သည်။

'ဖရန့်....'ဟု လှမ်းအော်သည်။ 'ဖရန့်....ရေ'

မြူများသည် တံဘိုင်းကြီးတစ်ခုသဖွယ် ကာဆီးလျက်ပင် ရှိသည်။

'ကြိုးတစ်ချောင်း ပစ်လိုက်ပါ'ဟူသော အသံသည် တစ်ဖက်မှ ထွက်လာသည်။

ဒေ့ဗ်၏လက်ထဲမှကြိုးသည် အော်သံလာရာဆီသို့ လွင့်ထွက်သွားသည်။ ခဏမျှအကြာတွင် ကြိုးသည် တင်းသွားသည်။ ဒေ့ဗ်သည် ကြိုးကို အားထုတ်၍ဆွဲသည်။ လူစီကလည်း ဘေးမှနေ၍ ကူဆွဲပေးသည်။

မြူများကြားမှ ထိုးထွက်လာသည့် ရေစိုနေသော လက်တစ်ဖက်၊ သင်္ဘောဦးပိုင်းနံရံကို ဆွဲထားသည်။ ထို့နောက် ဦးခေါင်းပေါ်လာသည်။ အင်းဂပ်စ်ဖြစ်သည်။ သူသည် အန်နာအား လက်တစ်ဖက်ဖြင့်ပွေ့ထားသည်။

'သူ့ကို ဆွဲတင်ပေးပါ၊ ဟိုမှာတစ်ယောက်ရှိသေးတယ်'

ဒေ့ဗ်က အန်နာအား ဆွဲတင်နေခိုက်တွင် အင်းဂပ်စ်သည် ကြိုးကို လက်တစ်ဖက်ဖြင့်ဆုပ်ကာ ရေထဲသို့ ပြန်ခုန်ဆင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



**'ဖရန့်—ရော့ ဖရန့်—'**

**လူစီ၏နှုတ်မှ** တကြော်ကြော်အော်ခေါ်နေသံသည် ဖ… **ဝန်းကျင်**တွင် ပဲ့တင်ထပ်လျက်ရှိ၏။ သူသည် ကုန်းပတ်လ… ရန်းကို လက်နှစ်ဖက်ဖြင့် တင်းကျပ်စွာဆုပ်ကိုင်ပြီး စ… အနီး၌ ပင်ပန်းမောဟိုက်စွာ ထိုင်ချလိုက်သော အန်နာအ… လှည့်၍ပင် မကြည့်။ သူသည် ရှေ့တည့်တည့်ရှိမြူများဆီ… သို့ဝေယံပွှန်သော မျက်နှာထားဖြင့် မျှော်ကြည့်နေသည်… ထို့နောက် သူ့နှုတ်ခမ်းမှာ ဝမ်းသာအားရ ရေရွတ်သံတစ်… ထွက်လာသည်။

သူသည် ရှိသမျှခွန်အားကိုထုတ်ကာ သူ့ယောကျ်ားအာ… ပဲ့ပိုင်းမှနေ၍ ဆွဲတင်သည်။ 'ဖရန့်'ဟု ခေါ်သံပေးသည်… သူ့လက်များသည် ဖရန့်အား တင်းကျပ်စွာ ဖက်ထားသည်… 'လူစီက ဖရန့်ကို ဘုက်သွားပြီလို့ထင်တာ' ဟု ပြောသည်… ပြီးတော့ ဝမ်းနည်းပက်လက် ငိုကြွေးသည်။

ဖရန့်ထံမှပြေသံမကြားရ။ တစ်ကိုယ်လုံး ပျော့ခွေစာ… ကုန်းပတ်ပေါ်တွင် ခြေပစ်လက်ပစ်ဖြစ်လျက်ရှိသည်။ ထို့… နောက် မျက်လုံးဖွင့်ကြည့်သည်။ လူစီအား မှတ်မိဟန်တူ၏…

'လေ့က….' သူသည် ခက်ခဲပင်ပန်းစွာဖြင့် စကားတစ်လုံး… ပြောသည်။ 'ဗိနေရာ—ကို၊ ဝင်ဆောင့်တယ်' သူ့လက်တစ်… ဖက်သည် အသာအယာ လှုပ်ရှားလာသည်။ ပြီးတော့ သူ့ရင်… ဘတ်ပေါ်သို့ ကျသွားသည်။

'ဖရန့်….'

လူစီက ကြောက်လန့်တကြား အော်ဟစ်လိုက်ပြီး ဖရန့်၏… ခေါင်းတွင် ဒူးထောက်ထိုင်ချလိုက်သည်။

'သင်္ဘောဦးပိုင်းက ဝင်ဆောင့်တာ'ဟု အင်းဂပ်စ်သည် အတ်ဆတ်တုန်လျက်ရှိသည်။ 'ဦးပိုင်းက သူ့ရင်ဘတ်ကို ဝင်ဆောင့်တာ၊ တော်တော် မြင်းတယ်' ဟု ထပ်ပြောသည်။

'ဖရန့်—'

ရှိုက်ကြီးတငင် ငိုကြွေးနေပြီဖြစ်သော လူစီသည် သူ့ယောကျ်ားအား စိုးရိမ်သောကကြီးစွာဖြင့် ငုံ့ကြည့်နေသည်။ 'မောင့်ကို ခိုက်မိသွားသလား၊ ထိသွားသလား၊ ပြောပါဦး မောင်ရယ်' ဟု အဆက်မပြတ်မေးနေသည်။

'မောင်….မောင်….သိပ်နေလို့မကောင်းဘူး' ဖရန့်၏ အသံသည် ထစ်တိုးထစ်ငေါ့နှင့် နွေးကွေးလေးလံလှ၏။ 'မောင့်ပါးစပ်ထဲမှာ၊ မောင့်ပါးစပ်ထဲမှာ၊ ဘာတွေလဲမသိ မသိဘူး'

ဖရန့်ထံမှ ချောင်းဆိုးသံတစ်ချက်ထွက်လာသည်။ ပူနွေးသောအရည်များသည် လူစီ၏ရင်ဘတ်ပေါ်သို့ကျလာသည်။ သွေးများပေတည်း။ လူစီသည် ဆောက်တည်ရာ မရနိုင်လောက်အောင် တုန်လှုပ်လာသည်။ မြင်ကွင်းသည် ကြောက်မက်ဖွယ်ကောင်းလှချေသည်။ လူစီသည် ဖရန့်အား တစ်စုံတစ်ရာ လုပ်ပေးနိုင်ရန် လှုပ်ရှားသည်၊ သို့သော်လည်း လှုပ်ရှား၍မရ။ ကြောက်စိတ်ဝင်နေသော ဖရန့်က သူ့အား တအားဖက်တွယ်ထားပြီ မဟုတ်ပါလား။

ရုတ်တရက် ဖက်တွယ်ထားသော ဖရန့်၏လက်များသည် ပျော့ခွေစာ ပြေကျသွားသည်။ ထို့နောက် သူ့ခန္ဓာကိုယ်သည် လူစီ၏ကိုယ်မှ ကွာသွားပြီး ကုန်းပတ်ပေါ်သို့ ကျသွားသည်။

လူစီသည် ဖရန့်၏ခေါင်းကိုပြန်မကာ သူ့ရင်ခွင်ထက်သို့ တင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘေးမှ ရပ်ကြည့်နေသော အင်းဂပ်စ်သည် မှန်အိမ်ကို သွားယူပြီး ထွန်းသည်။ လူစီ အနားမှနေ၍ မြောက်ပြသည်။ 'ဦးပိုင်းက ကာအားဝင်ဆောင့်တာဆိုတော့ ဒဏ်ရာက ပြင်းမှာပဲ'ဟု တိုးတိုးပြောသည်။ 'ဆောင့်တာထလဲ ရင်ဝကို တည့်တည့်မဆောင့်တာဆိုတော့....'

မီးရောင်သည် ဖရန့်၏ မျက်နှာပေါ်သို့ ကျလာသည်။ မျက်နှာသည် သွေးရောင်မရှိတော့။ ပြောင်းလဲမှုသည် မြန်ဆန်လှပါဘိခြင်း။

'ဖရန့်ရယ်၊ လူစီ ဖရန့်အနားမှာရှိပါတယ်၊ လူစီ ဖရန့်ကို ချစ်ပါတယ်'ဟု ပြောကာ သူ့ယောကျ်ား၏ ဦးခေါင်းကို တယုတယ ထွေးပိုက်ပြီး ရင်ခွင်တွင် အပ်ထားသည်။ 'ဖရန့်ရယ်....လူစီကို ကြည့်ပါဦး အချစ်ရယ်'

ဖရန့်ကတော့ မလှုပ်။

လူစီက ဒေဗ်အား လှမ်းကြည့်သည်။ ဒေဗ်သည် စက်အနီး၌ထိုင်နေခဲ့သော အနံ့နားအနီးမှ ထလာပြီး ဖရန့်အား ငုံ့ကြည့်သည်။ 'သူ့ ဒဏ်ရာက ဆိုးတဲ့လက္ခဏာပဲ'ဟု ပြောသည်။

'ရေသွားယူပေးပါ'

ရေရသည့်အခါ လူစီသည် ဖရန့်၏မျက်နှာကို သစ်ပေးသည်။ ဖရန့်၏ မျက်လုံးများသည် ပွင့်လာသည်။ လူစီအား မော့ကြည့်သည်။

'လူစီ၊ မောင့်ကို ပစ်မသွားပါနဲ့'

'မသွားပါဘူး မောင်ရယ်'ဟု ပြောသည်။ လူစီ၏ရှိုက်သံသည် တိုးတိုးသာသာ ထွက်လာနေသည်။ 'လူစီ မောင့်ကို ပစ်မထားနိုင်ပါဘူး၊ မောင်နဲ့ လူစီဟာ အမြဲတမ်း အတူတူနေမှာပါ'

'မောင် အနီးနဲ့ ဘာမှမဖြစ်ပါဘူး၊ မောင် အနံ့နားကို လာနှုတ်ဆက်တာပါ'

ဖရန့်၏အသံမှာ တိုးလွန်းသဖြင့် ကောင်းစွာ မကြားရ။ 'မောင် ခရေတ်လိုက်တာ'ဟု ပြောပြန်သည်။ သူ့အသံသည် ခပ်ယဲ့ယဲ့မျှသာ ရှိသည်။ 'ဒါပေမယ့် ရေကို မျိုချနိုင်မှာ မဟုတ်ပါဘူး'

လူစီသည် ဘာမှ ပြန်မပြောနိုင်။ ဓာမ္ဘာကြီး တစ်ခုလုံး လှုပ်ရှားမှုတင်းမဲ့ကာ ရပ်သွားသည်ဟုပင်ထင်မိသည်။ သူ့ရင်သည် လဟာပြင်တစ်ခုလို ဖြစ်သွားသည်။ 'အို....ငါဘာလုပ်မိတာပါလိမ့်' ဟူသော အတွေးသည် သူ့စိတ်ကို ချောက်ချားတုန်လှုပ်စေသည်။

'မှောင်လိုက်တာ'ဟု ဖရန့်က ရေရွတ်သည်။

လူစီ သူ့ကိုယ်သူ မချုပ်တည်းနိုင်။ ရှိုက်ကြီးတငင် ငိုကြွေးမိသည်။ 'အဘဘုရားသခင်ရယ်၊ လူစီ့ကို သနားရင် သူ့အသက်ကို ကယ်တင်တော်မူပါ၊ ဖရန့်ရယ် လူစီ့ဆီကို ပြန်လာခဲ့ပါ မောင်ရယ်၊ လူစီ မောင့်ကို ချစ်ပါတယ်'

သို့သော်လည်း ဖရန့်၏မျက်လုံးအစုံသည် ပိတ်သွားသည်။ ဦးခေါင်းသည် တစ်ဘက်သို့ ငိုက်ကျသွားသည်။ နှုတ်ခမ်းများသည် ဟသွားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

စာ အုပ်

နှင်

www.burmeseclassic.com

www.burmeseclassic.com

## ( ၁ )

'ချက်တယ်ကွာ'ဟု သူ့ဦးကြီးအက်ဒ်ဝပ်က ပြောလိုက်သည့်အခါ ပီတာသည် မျက်မှောင်ကုပ်ကာ စစ်တုရင်အရုပ်များကို စိုက်ကြည့်နေသည်။ သူ့ 'နိုက်'(စစ်ကဲ)ကို ရွှေ့လိုက်ရလျှင် ကောင်းလေမလားဟု စဉ်းစားသည်။ စစ်တုရင်ကစားရသည်မှာ တစ်မျိုး ဖြစ်၏။ အခုလို မမျှော်လင့်သော အဖြစ်များနှင့် မကြာခဏ ကြုံရတတ်သည်။

'ရယ်စရာကောင်းတယ်'ဟု ပီတာက ရေရွတ်သည်။ 'ကျွန်တော်ထင်ထားတာက....'

ဘုန်းတော်ကြီး အက်ဒ်ဝပ်က မသိမသာပြုံးသည်။ သူ၏ သွေးသွယ်လှပပြီး ရှည်လျားသော လက်ချောင်းများသည် စစ်တုရင်ခုံအေး၌ ချထားသည့် ဝိုင်ဖန်ခွက်ကို ဆုပ်ကိုင်ထားသည်။ ဖန်ခွက်ထဲမှ ဝိုင်သည် ပတ္တမြားရောင်သမ်းလျက်

www.burmeseclassic.com

www.burmeseclassic.com

ရှိ၏။ သူသည် ဖန်ခွက်ကိုယူပြီး နှုတ်ခမ်းဖြင့်တေ့ထား တစ်ငုံ နှစ်ငုံမျှသောက်သည်။ ထိုအခိုက်တွင် အပြင်မှ ဝေ့ယမ်း တိုက်ခတ်လာသော လေနှင့်မိုးသည် ပြတင်းပေါက်ကို မြင်း ထန်စွာ လာရောက်ရိုက်ခတ်သည်။

အက်ဒ်ဝပ်သည် ပြတင်းပေါက်ဆီသို့ ဖျတ်ခနဲမော့ကြည့် လိုက်ပြီး 'ဒီညအဖို့တော့ အိမ်ထဲမှာနေရတာက ပိုပြီး စိတ် ပျော်ရွှင်စရာကောင်း၊လိမ့်မယ်လို့ ငါထင်တယ်၊ မင်း ဘယ်လို သဘောရသလဲ' ဟု ပြောသည်။ ပိတာသည် ခေါင်းကို ကုလားထိုင်တွင် ဟန်ပါပါ မှီလိုက်သည်။ 'နှင်းတွေကျပြီး တဲ့ နောက်ပိုင်းကျရင် စိုစွတ်စမြဲပါပဲ'ဟု လူကြီးဂိုက်ဖမ်းကာ လူကြီးတစ်ယောက် လေဖြင့် ပြန်ပြောသည်။ အမှန်တော့ ထိုစကားသည် သူ့စကားမဟုတ်။ အဘိုးအိုဘိုးဝိပြောသော စကားဖြစ်၍ သူကြားဖူးထားသည့်အတိုင်း အသဝေမတိမ်း ပြန်ပြောလိုက်ခြင်း ဖြစ်၏။

'အေး...ဟုတ်ပြီ၊ ဒါဆိုရင်လဲ မင်းရဲ့ 'ဘုရင်မ'ကို ငါး စားပြီးတဲ့ နောက်ပိုင်းကျရင်တော့ ဘယ်လိုဖြစ်လာမလဲ' ဟု အက်ဒ်ဝပ်က မေးသည်။

နှစ်ဦးစလုံး အားရပါးရ ရယ်မိသည်။ သူတို့ အရယ်မရပ် မီမှာပင် အပြင်တံခါးခေါက်သံကြားရ၏။ ယနေ့အဖို့ နှစ် ယောက်တည်း နားအေးပါးအေး တစားကြမည်ဟု စီစဉ် ထားခဲ့ပြီးဖြစ်သဖြင့် မည်သူမှ လာစရာအကြောင်း မရှိ။ သို့ပါလျက်နှင့် တံခါးခေါက်သံ ကြားလိုက်ရသည့် အခါ အံ့သြစရာ ဖြစ်နေသည်။

'ဝင်ခဲ့လေ'



အက်ဒ်ဝပ်က အသံပြန်ပေးလိုက်သည်။ အခန်းထဲသို့ ဧရာ ကြီးသုတ်ပျာနှင့် ဝင်လာသူမှာ မစ္စအိုရိုင်း သူ့မျက်နှာသည် ငှားရိမ်မတင်းသည့် အရိပ်အငွေ့များ ဖော်ပြလျက်ရှိ၏။

'ဒီမှာ အခုပဲလာပို့သွားတာ'ဟု ပြောကာ ကြိုးမွှဲရောင် စာအိတ်တစ်လုံး လှမ်းပေးသည်။

အက်ဒ်ဝပ်သည် ကြေးနန်းစာအိတ်ကိုလှမ်းယူပြီး ဖောပျာ ယာ ဖောက်ဖွတ်သည်။ သူ့မျက်နှာသည် ဖြုန်းခနဲ ဖြူ သွားသည်။ ပါးစပ်လည်း စေ့သွားသည်။ လှုလည်ချောင်း ထဲမှ ထူးဆန်းသော အသံတစ်သံ။

'ဖြစ်မှ ဖြစ်ရပလေ၊ ဘယ်လိုများ ဖြစ်တာပါလိမ့်'

သူ့ပါးစပ်မှ စိတ်ထိခိုက်ခြင်းနှင့် ထိတ်လန့် အံ့သြခြင်းတို့ ကိုဖော်ပြနေသည့် စကားသံ လွတ်ခနဲ ထွက်လာသည်။ ထို့ နောက် သူ့မျက်နှာသည် ပြန်၍နီရဲကာ သွေးရောင် လွှမ်း လာသည်။ သူသည် ဖြုန်းခနဲ ထရပ်သည်။ သူ့ ရင်ခွင်ထဲမှ ခံတုရင်ရှုပ်များသည် နေ့ရာအနှံ့သို့ လွင့်စင်ကျကုန်သည်။

'ငါ ဘုရားရှိခိုးကျောင်းထဲ သွားရလိမ့်မယ်' ဟု ပြော သည်။ သူသည် ပိတာအား မကြည့်ဘဲ 'အခုချက်ချင်း သွား မှ ဖြစ်မှာ၊ မသွားလို့ မဖြစ်ဘူး'ဟု ရေရွတ်ကာ အခန်းထဲမှ အလောတကြီး ထွက်သွားသည်။ စောစောက ရောက် လာ သော ကြေးနန်းစာသည် သူ့လက်ထဲ၌ ပါသွားသည်။

ပျော်ပျော်ပါးပါး ကစားပြီး ရယ်မောနေရာမှ ရုတ် တရက်ဖြစ်ပေါ်လာသော အပြောင်းအလဲသည် ပိတာအား စိတ်ရှုပ်သွားစေသည်။ သူသည် ကုလားထိုင်ပေါ်တွင်မှီနေ ရာမှ ဖျတ်ခနဲ ထထိုင်သည်။ သူ့မျက်နှာသည် မကြည်မလင် ဖြစ်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြင့်မှ ပြင်းထန်သောလေသည် ပြတင်းပေါက်များဆီ အို ထိုးဝှေ့ရိုက်ခတ်ဆဲ....။ ပီတာ၏ စိတ်အာရုံသည် ယခု အ ဆောက်နေသည့် နေရာနှင့် ကိုးမိုင်အကွာရှိ သူ့အိမ်နှင့်မလှမ်း မကမ်းမှ မင်လယ်ပြင်ဆီသို့ ရောက်သွားသည်။ သူ့စိတ်ထဲ တွင် တစ်ခုခုကို သိသလိုလို နားလည်သလိုလို ခံစားရသည်။ သူ့ရှေ့၌ သူ့ဖခင်၏ ရုပ်လွှာသည် ပေါ်လာသည်ဟု ထင် ယောင်ထင်မှားဖြစ်သည်။ သူ့အဖေသည် အဖြူရောင် ဥ ဝတ်စုံများ ဝတ်ထားသည်။ သို့သော်လည်း သူ့အဖေ၏ ပုံသဏ္ဌာန်သည် ကိုးရိုးကားရား နိုင်လွန်းလှ၏။

ပျော်စရာကောင်းနေချိန်တွင် ဘာ့ကြောင့် အခုလို ထဖြစ် ရတာပါလိမ့်။ သူ့ဦးကြီး အက်ဒ်ဝပ်က စစ်တုရင်တစ်ပွဲ နိုင် အောင်ကစားနိုင်လျှင် သုံးပဲနီပြားတစ်ပြား ဆုချမည်ဟု သူ့အားပြောထားသည် မဟုတ်ပါလော....။ သူ့အား ဆု ချရန် ရည်ရွယ်ထားသည့် သုံးပဲနီပြားသည် စစ်တုရင်ခုံဘေး၌ ချထားသည် ဖြစ်ရာ သူသည် ကောက်ယူလိုက်သည်။ ဤ ပွဲကွင် သူနိုင်မည်မှာသေချာသဖြင့် ဤပဲနီပြားကို သူယူမည် ဟု ပိုင်းဖြတ်သည်။ သူသည် ပဲနီပြားကိုအိတ်အပ်ထဲထည့်လိုက် ပြီး စစ်တုရင်ခုံကို သိမ်းသည်။ ထို့နောက် အခန်းထဲမှထွက် သွားသည်။

ပီတာသည် အဖျော်ရှာလိုသောဆန္ဒဖြင့် အောက်ထပ်သို့ ဆင်းလာခဲ့သည်။ မစ္စအိုရိုဂင်နှင့် အီလင်တို့မှာ မီးဖိုထဲ ရောက်နေကြသည်။ မစ္စအိုရိုဂင်သည် ခေါက်တုံ့ခေါက်ပြန် လမ်းသလားရင်း ပုတီးစိပ်ကာ ငိုကြွေးလျက်ရှိသည်။ အီလင်း ကတော့ မီးဖိုအနီး၌ရပ်ကာ ငိုကြွေး မြည်တမ်းနေသော မစ္စအိုရိုဂင်အား ကြည့်နေသည်။



'သူ့ကို မပြောရသေးဘူး'ဟု မစ္စအိုရိုဂင်က ရေရွတ်မြည် တမ်းကာ တစ်နေရာ၌ ရပ်နေသည်။ မစ္စအိုရိုဂင်၏ အဖြစ်ကို မြင်လိုက်ရသောပီတာသည်နားမလည်နိုင်ဖြစ်ရ၏။ ကြေးနန်း ထဲပါသည့်ကိစ္စကြောင့် ငိုကြွေးသည်ဟု သူ မထင်၊ သူ့ ဦးကြီး အက်ဒ်ဝပ် ဖိုက်ထိခိုက်နေ၍သာ ငိုကြွေးခြင်း ဖြစ်လိမ့် မည်ဟု သူ တွေးတတ်သလို တွေးသည်။

'ဘာပြုလို့ ငိုနေတာလဲ မစ္စအိုရိုဂင်'ဟု ပီတာက လှမ်းမေး သည့်အခါ ဆတ်ခနဲ လှမ်းကြည့်ပြီး....'ဩော်- ခေါင်းကိုက် လို့ကွယ်'ဟု ဖြေသည်။ သူ့လက်ချောင်းများဖြင့် နားထင် ကြောများကို ဖိနှိပ်နေသည်။

မစ္စအိုရိုဂင် ကျန်းမာရေးချို့တဲ့ကြောင်း နားလည်နေ သော ပီတာအဖို့ ယခု ပေးလိုက်သော အဖြေသည် ကျိုး ကြောင်း ဆီလျော်လျက်ရှိသည်။ လွန်ခဲ့သော တစ်ရက် နှစ် ရက်က သစ်အယ်သီး မီးဖုတ်ယာမှ မီးလောင်ထားသော သူ့ လက်မှ ဒဏ်ရာကို သတိရလာသည်။

'ကျွန်တော့်လက်ညှိုးလဲ နာနေတယ်' ပီတာက ပြန်ပြော သည်။ အားမှရပ်ကြည့်နေသော အီလင်းသည် ပီတာ ပြော တန်ဆိုဟန်ကိုကြည့်ကာ ရယ်ချင်စိတ် ဝင်လာသဖြင့် ရယ်မိ သည်။

'ကိုးနာရီထိုးတော့မယ် ပီတာ၊ အန်တီ နွားနို့ တစ်ခွက် နဲ့ ဘီစကွတ်တစ်ခုပေးမယ်၊ စားသောက်ပြီးရင် အိပ်ရာဝင် တော့နော်'

နွားနို့ထိုင်သောက်နေသည့် ပီတာအား ကြည့်နေသော မစ္စအိုရိုဂင်သည် သူ့မျက်နှာကို လက်ကိုင်ပဝါဖြင့် မကြာ ခဏသုတ်သည်။ နှာခေါင်းကိုလည်း မကြာခဏ ပွတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မစ္စအိုရိုဂင်နှင့် အီလင်းတို့က သူ့အား မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည်ကို သတိထားမိလေသော ပီတာသည် အထူးအဆန်းတစ်ခုလိုဖြစ်နေသည်။ ပီတာ နွားနို့သောက်အပြီးတွင် အီလင်းသည် မစ္စအိုရိုဂင်အား လှမ်းကြည်သည်။

'ကျွန်မ သူ့ကို လိုက်ပို့ပေးရမလား'

မစ္စအိုရိုဂင်က ခေါင်းညိတ်ပြသည်။ ပီတာရောက်စတုန်းကတော့ ဤအလုပ်ကို ခွင့်မပြုခဲ့။ အီလင်းက ပီတာအား အဝတ်လဲပေးလိုက်ရမလားဟု မေးသည်ကိုပင် သူသဘောမကျခဲ့။ မလျော်ကန်သည့် မေးခွန်းဟု ယူဆကာ ဆူပူခဲ့သေး၏။

အခုညကျတော့လည်း အခြေအနေတစ်မျိုးဖြစ်နေသဖြင့် ပီတာအား အိပ်ရာထဲ လိုက်ပို့ရန်ပင် အီလင်းအား ခွင့်ပြုလိုက်သည်။

အီလင်းသည် ပီတာအား အဝတ်များလဲပေးသည်။ ထုံးစံအတိုင်း ပီတာသည် အိပ်ရာမဝင်မီ အခန်းထဲမှ လှမ်းမြင်နေရသော 'လင်တန်မီးပြတိုက်'ကို စိတ်ဝင်တစား ကြည့်နေသည်။ မီးပြတိုက်ဆီမှ အလင်းတန်းသုံးတန်း တစ်လှည့်စီထွက်ပေါ်လာတတ်သည်။ သုံးကြိမ် ပြည့်သွားသည့်အခါ အချိန်အတန်ကြာမျှရပ်နေသည်။ ထို့နောက် ပြန်ပေါ်လာပြန်သည်။ ဤမြင်ကွင်းသည် ပီတာ့အတွက် ရွှင်မြူးစရာတစ်ခုဖြစ်ချေသည်။ ကြည့်၍အားရသည့်အခါတွင်မှ သူသည် အိပ်ရာထက်သို့ ခုန်တက်သည်။ အီလင်းသည် ပီတာအား ပြုံး၍ကြည့်နေရာမှ ပါးကို တစ်ချက်မျှ ငုံ့နမ်းသည်။ ထို့နောက် အခန်းထဲမှ ထွက်သွားလေ၏။



အိပ်ရာထဲရောက်သည်နှင့် တစ်ပြိုင်နက် ပီတာ၏အတွေးများသည် ခါတိုင်းညများလိုပင် တစ်မျိုးတစ်ဖုံဖြစ်လာသည်။ သူ့အာရုံထဲတွင် ကြောက်စရာ လန့်စရာရုပ်ပုံလွှာများကို စိတ်ကူးဖြင့် မြင်ယောင်သည်။ မည်သို့ပင်ဖြစ်စေ ယနေ့ညအဖို့တော့ ခါတိုင်းညများက တွေ့မြင်နေကျ အရာများကို မမြင်၊ စောစောက သူမြင်ခဲ့ရသည့် အဖြူရောင်ဝတ်စုံနှင့် သူ့အဖေ၏ရုပ်လွှာထို့နောက် အိပ်ချင်မှုးတူးဖြစ်လာသည်။ ဤကြားထဲမှပင် သူရလာသည့် သုံးပဲနိပြားကိုသတိရသည်။ ထို့နောက်တော့ အိပ်ပျော်သွားသည်။

နောက်တစ်နေ့မနက် မိုးလင်းသည့်အခါ ကြည်လင်တောက်ပသော နေရောင်နှင့်ပြာလဲ့လဲ့ကောင်းကင်ကို မြင်ရသည်။ ရာသီဥတုကတော့ ကြည်နူးစရာ ကောင်းလှပါ၏။ သို့သော်လည်း အိမ်ထဲ၌ အခြေအနေသည် ခါတိုင်းနေ့များနှင့်မတူ တစ်မူထူးခြားလျက်ရှိ၏။ မနက်စာစားချိန်တွင် သူ့ဦးကြီးအက်ဒ်ဝပ်ကိုမတွေ့ရ။ မစ္စအိုရိုဂင်မှာလည်း ခါတိုင်းလို မဟုတ်၊ တက်ကြွခြင်းမရှိ။ ဦးခေါင်းငိုက်ဆိုက်ချကာ စိတ်မချမ်းမြည့်ဖြစ်နေသည့် မျက်နှာထားနှင့်ဖြစ်သည်။ အိမ်စေမကလေး အီလင်းသည်ပင်လျှင် ပြုံးရယ်ခြင်းမရှိ၊ သူ့အတွက် ဆန်ပြုတ်နှင့်ကြက်ဥပြုတ်များ လာပို့သည့်အခါတွင်လည်း ရေငုံနှုတ်ပိတ်ဖြစ်နေသည်။

တဖြည်းဖြည်းနှင့် ပီတာသည် စိတ်ဓာတ်ကျလာသည်။ မနက်စာစားပြီးသည်နှင့် တစ်ပြိုင်နက် အပြင်သို့ထွက်လာခဲ့သည်။ သွားနေကျဆိုင်သို့သွား၍ သကြားလုံးများ ဝယ်စားသည်။ သို့သော်လည်း စိတ်ဓာတ်က တက်ကြွရွှင်လန်းလာခြင်းမရှိ။ သင်္ဘောဆိပ်သို့သွား၍ အဝါရောင်သင်္ဘောကြီး

www.burmeseclassic.com

www.burmeseclassic.com

ပေါ် ထက်မနေကြသည့် စစ်သားများကို ရပ်ကြည့်နေသည်။ ထို့နောက် ပြန်လှည့်လာပြီး လမ်းဘေးဝဲယာမှ ဆိုင်များဆီ လျှောက်ကြည့်ပြန်သည်။ နောက်ဆုံးတွင် ဘာကိုမှ စိတ်ဝင်စား၍မရသော ပီတာသည် အိမ်ဘက်သို့ ပြန်လာခဲ့သည်။

သူ့အား စောင့်မျှော်နေသည့် မစ္စအိုရီဂင်နှင့် ခန်းမထဲတွင် ဆုံမိသည်။ ပီတာ တံခါးပေါက်မှဝင်လာလျှင် မစ္စအိုရီဂင်က 'ပီတာ' ဟု ခေါ်သည်။ 'အန်တီ မင့်ကို လိုက်ရှာနေတာ နှံ့နေပြီ၊ မင်းဘယ်သွားနေတာလဲ' ဟု မေးသည်။

'ကျွန်တော် အပြင်သွားနေတာ'

'အေး... အပြင်သွားတာတော့သိတယ်လေ၊ ဒါပေမယ့်'

မစ္စအိုရီဂင်သည် စကားကို မဆက်ဘဲရပ်ထားသည်။ သူ့ဆောင်ရွက်ရမည့်တာဝန်သည် ဝမ်းနည်းဖွယ် ကောင်းလှပေသည်။ ယနေ့မနက် ဘုန်းတော်ကြီး အက်ဒ်ဝပ်က သူ့အား ပြောခဲ့သည့်စကားများကို ပြန်၍ကြားယောင်မိသည်။

'ကလေးကို မင်းကပဲ ပြောပြလိုက်တာ ကောင်းပါလိမ့်မယ် မစ္စအိုရီဂင်၊ မင့်ဆီက ကြားရချင် သူ့အတွက် ပိုပြီး စိတ်သက်သာစရာရှိမှာပါ'

အက်ဒ်ဝပ်က သူ့အား ဤတာဝန်မျိုးပေးခြင်းသည် သူ့အတွက် ကျေနပ်စရာဖြစ်ပါ၏။ သူ့အပေါ်တွင် သာမန်အိမ်ထောင်ထိန်းတစ်ယောက် ဟုလည်း ယူဆပါ၏။ သို့သော်လည်း ပြောရမည့်အလုပ်မှာ လွယ်သည်မဟုတ်။

နောက်ဆုံးတွင် သူသည် ပီတာအား အပေါ်ထပ်သို့ ခေါ်လာခဲ့သည်။ ဧည့်ခန်းထဲ ရောက်သည့်အခါ ပြတင်းပေါက်အနီးမှ ဆိုဖာတွင် မျက်နှာချင်းဆိုင်၍ ထိုင်သည်။



မစ္စအိုရီဂင်၏ နှုတ်ခမ်းများသည် တုန်နေသည်။ သူ့မျက်လုံးများသည် ဂနာမငြိမ်။

'ပီတာ... တလေးကို စကားတစ်ခု ပြောချင်တယ်' ဟု မစ္စအိုရီဂင်က ပြောသည်။ 'မင်း သတ္တိရှိဖို့တော့လိုတယ်' သူသည် ရုတ်တရက် စကားကိုမဆက်သေးပဲ ပီတာ၏ပခုံးကို တယုတယ ဖက်လိုက်သည်။ 'ဟုတ်ဝယ် ကလေးရဲ့၊ မင်းဟာ သတ္တိကောင်းတဲ့ ကလေးတစ်ယောက်ပါ' ဟု ဆက်ပြောသည်။

'အန်တီ မင့်ကို ဝမ်းနည်းစရာသတင်းတစ်ခု ပြောရလိမ့်မယ် ပီတာ'

သူ့အားစိုက်ကြည့်နေသည့် မစ္စအိုရီဂင်၏မျက်နှာထားကို ကြည့်ပြီး ပီတာ စိတ်လှုပ်ရှားရသည်။ ပြောစရာရှိသမျှကို မြန်မြန်ပြောလိုက်စေချင်သော ဆန္ဒသည် ပီတာ့ရင်ထဲတွင် မြင့်ပြလာသည်။

'မင်းသိပါတယ်ပီတာ၊ မင့်...မင့်အဖေ သိပ်ပြီး နေမကောင်းဖြစ်နေတယ်'

ပီတာ၏စိတ်သည် ပို၍ မငြိမ်မသက်ဖြစ်လာသည်။ သို့သော်လည်း သူသည် မစ္စအိုရီဂင်၏စကားကို နားလည် လက်ခံကြောင်း ခေါင်းညိတ်ပြရုံမျှသာပြသည်။ ထိုအခါ မစ္စအိုရီဂင်သည် အားတက်လာသည်။

'ဒါပေမယ့် ပီတာရယ်၊ အခု မင့်အဖေဟာ နောက်ထပ် နေမကောင်း မဖြစ်တော့ဘူးကွ၊ သိလား၊ သူ... အခု ကောင်းကင်ဘုံကို ရောက်သွားပြီ၊ သူဆုံးသွားပြီပီတာ'

အတင်းပါးသော ပီတာသည် ကြိုတင်မြင်ထားမှုရှိထားသည်ဖြစ်ရာ ချက်ချင်းပင် မျက်ရည်များ စီးကျလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော စိတ်ထင့်မှုကြောင့် ကြေးနန်းစာရောက်လာကတည်းက အိမ်တွင် တစ်ခုခုတော့ဖြစ်ပြီဟု သွယ်သဝင်ခဲ့၏။ သူ့အနေဖြင့် မသိဟန်ဆောင်နေခဲ့သော်လည်း သူ့ပတ်ဝန်းကျင်ရှိ လူများ၏ပြောင်းလဲနေသော အပြုအမူများကြောင့် စိတ်ထဲကသိနေခဲ့၏။ မည်သို့ပင်ဖြစ်စေ၊ ကြားလိုက်ရသည့်သတင်းကြောင့် ပီတာသည် အော်ဟစ်ငိုကြွေးခြင်းရှိသည်။ မစ္စအိုရိုင်ကလည်း သူ့အားဖက်၍ ငိုကြွေးသည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ထင်းကျူပ်စွာဖက်၍ ဝမ်းနည်းပက်လက် ငိုကြွေးနေကြသည်။

နောက်ဆုံးတွင် ပီတာသည် အငိုတိတ်သွားသည်။ပြတင်းပေါက်မှနေ၍ အပြင်သို့ငေးမောနေသည်။ အောက်ဘက်လမ်းများပေါ်တွင် ရွေ့လျားနေသည့် စစ်သားများ၊ လူတွေနှင့်မတူ၊ ပုရွက်ဆိတ်များနှင့်တူနေသည်။ ပြတင်းပေါက်ဘောင်ပေါ်သို့တက်လာနေသည့် နကျယ်ကောင်တစ်ကောင်ဖျတ်ခနဲထပျံသွားပြီးသော် အောက်သို့ ပြန်ကျသွားသည်။ နောက်ဆုံးတွင် မစ္စအိုရိုင်သည် ပီတာအား ဖက်ထားရာမှ လွှတ်ပေးလိုက်သည်။

'မင့်ကို မစ္စတာ အက်ဒ်ဝပ်က ပြန်ပို့ပေးလိမ့်မယ်၊ မင်းအိမ်ပြန်ရောက်တဲ့အခါကျရင် အန်တီက မင့်ကို ဂရုတစိုက်ပြုစုစောင့်ရှောက်တယ်ဆိုတာ မင့်မေမေကို ပြောပြနော်'ဟု ပြောကာ သူ့ပါးပေါ်မှ မျက်ရည်စများကို သုတ်သည်။

'ဟုတ်ကဲ့ပါ၊ ကျွန်တော်ပြောပြပါ့မယ်'

သူ့အမေနှင့် ပြန်တွေ့ရမည်ဟူသော အတွေးသည် သူ့စိတ်ကို ပျော်ရွှင်စေရုံမျှမက အားလည်းတက်စေသည်။



ထိုအခိုက်မှာပင် အခန်းတံခါးပွင့်သွားပြီး အက်ဒ်ဝပ်ဝင်လာသည်။ မစ္စအိုရိုင်သည် ထိုင်နေရာမှ ကပျာကယာထရပ်ပြီး လက်နှစ်ဖက်ကိုယှက်၍ ဦးခေါင်းကိုငုံ့ထားသည်။

'ကျွန်မပြောပြီးပါပြီ၊ အဆင်ပြေပါတယ်'

သူတို့သည် ပီတာအား အထန့်ကြာမျှ စိုက်ကြည့်နေကြသည်။ ပီတာ၏မျက်နှာသည် နီရဲလာသည်။ သူသည် သူ့ဖခင်အတွက် အချိန်ကြာကြာမငိုမိသည့် အဖြစ်ကို တွေးမိပြီးရှက်သလိုလိုဖြစ်လာသဖြင့် ခေါင်းကိုငုံ့ထားသည်။ ထို့နောက် အက်ဒ်ဝပ်သည် သူ့အား မျက်နှာရိပ်မျက်နှာကဲပြ၍ ရှေ့မှ ထွက်သွားသည်နှင့် မစ္စအိုရိုင်၏နောက်သို့ လိုက်သွားလေသည်။

ပီတာသည် ထိုနေ့မှာပင် အိမ်ပြန်ရလိမ့်မည်ဟု ထင်သည်။ သို့သော်လည်း သူထင်သလိုဖြစ်မလာ။ ထိုနေ့လည်း မပြန်ရ၊ နောက်တစ်နေ့တွင်လည်း မပြန်ရ၊ မူလအစီအစဉ်အတိုင်း ဆယ့်လေးရက်ပြည့်သည့်နေ့ကျမှ ပြန်ရသည်။ ပြန်ရမည့်နေ့မနက်တွင် မစ္စအိုရိုင်သည် ပီတာအား မျက်နှာသစ်ပေးသည်။ လက်များဆေးကြောပေးသည်။ ဆံပင်ကိုဖြီးပေးသည်။ သူသည် မစ္စအိုရိုင်က လုပ်ကိုင်ပေးအပြီးတွင် အောက်ထပ်သို့ပြေးဆင်းကာ ပန်းခြံအနီးရှိကွင်းထဲ၌အောင်းနေသောဖားကို နောက်ဆုံးအနေဖြင့်သွား၍ ကြည့်သည်။ သို့သော်လည်း ဖားကြီးကိုမတွေ့။ သူသည် ချုံပြွတ်ချုံကြားများကို ဖွ၍ရှာသည်။သန့်စင်နေသောလက်များသာ ပေကျံသည်။ သူကြည့်လိုသောဖားကြီးကို မမြင်ရ။ ထို့နောက် သူ့နာမည်စာလုံးများ ထွင်းထားသည့်သစ်ပင်ကို သွားကြည့်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတိုင်မျှအပြီးတွင် နေ့လယ်စာစားရသည်။ ထို့နော
တော့ အားလုံးကိုနှုတ်ဆက်ကာ သူ့ဦးကြီးနှင့်အတူ သင်္ဘော
ပေါ်တက်သည်။ ယခုတော့ သူသည် သင်္ဘောကုန်း
ပေါ်တွင် လှည့်လည်သွားလာကာ စိတ်ဝင်စားစရာရှာသည်
ကြာလာတော့ ငြီးငွေ့လာ၍ သူ့ဦးကြီးထံ ပြန်ကပ်သည်
အတ္တလန္တိတ်သမုဒ္ဒရာ၏ ... ခ်ဖီလန်မြို့နှင့် နီးလာသည့်အခါတွင်မူ သူ့စိတ်သ
ပြန်လည်လှုပ်ရှားလာသည်။ တူဝရီးနှစ်ယောက် သင်္ဘော
ပေါ်မှဆင်းလာသည့်အခါတွင်မူ သူ့စိတ်သည် ဟိုးရှိ ရှေ
ရှားလာသည်။ သို့သော်လည်း သူတို့နှစ်ယောက်သည် စကား
တစ်ခွန်းမျှမပြောနိုင်ကြ။

အိမ်ဘက်သို့ ဦးတည်၍လျှောက်လာကြသည့် အခါတွင်
ပီတာ၏စိတ်သည် ညှိုးငယ်လာသည်။ ခြေလှမ်းများသည်
လည်း နှေးကွေးလေးလံလာသည်။ မည်သို့ပင်ဖြစ်စေ၊ အ
နေအိမ်သည် ကဖြည်းဖြည်းနှင့် မြင်ကွင်းထဲသို့ဝင်လာသည်
သူ့ဦးကြီးသည် တံခါးဝ၌ရပ်ကာ လူခေါ်ခေါင်းလော
ကြိုးကို အသာအယာဆွဲသည်။ ပီတာ၏ရင်ထဲတွင် ကြော
မက်ဖွယ်ကောင်းသည့် ဆန္ဒတစ်ခုသည် လှိုင်းထလျက်ရှိ
ဖြစ်နိုင်လျှင် သူ ဤနေရာမှဝေးရာသို့ ထွက်ပြေးချင်သည်
ဘယ်ကိုပဲရောက်ရောက်၊ ရောက်ရာပေါက်ရာသို့ ထွက်ပြေ
လွတ်မြောက်ချင်လှ၏။

သို့အချိန်မှာပင်တံခါးသည် ပွင့်သွားသည်။ သူ့အမေ
မျက်နှာကို မြင်သည်။ အမေ့မျက်နှာသည် ပိန်လှီချော့သည်
အမေ့မျက်နှာကိုမြင်လိုက်သည့်အခါ စောစောက ထွက်ပြေး
လိုသောဆန္ဒသည် ပျောက်သွားသည်။ သူလည်းချောင်းတွင်
အလုံးကြီးတစ်လုံး ဆို့နေသည့်နှယ် ခံစားရသည်။ စစ်မှ



သော ပျော်ရွှင်မှုနှင့် ဝမ်းနည်းကြေကွဲမှုများမှ ဖြစ်ပေါ်
လာသည့် မျက်ရည်ပေါက်များသည် သူ့မျက်လုံးအစုံမှ
သျှကျလာကြသည်။ သူသည် လက်နှစ်ဖက်ကို မြှောက်ကာ
အမေ့ရင်ခွင်တွင်းသို့ တိုးဝင်သည်။ ထိုအခါ အမေ့ထံမှ ချို
မြသော အနမ်းကိုရရှိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## ( ၂ )

နောက်ဆုံးကျတော့လည်း အထီးကျန်ဖြစ်နေသော သူ့အနားသို့ သူ့သား ပြန်ရောက်လာလေပြီ။ သူသည် ပီတာအား တင်းကျပ်စွာ ဖက်ထားသည်။ မျက်ရည်များသည် သားအပေါ် ထားရှိသည့် ချစ်ခြင်းမေတ္တာကြောင့် နောက်တစ်ကြိမ် ပိုးပိုးပေါက်ပေါက် ကျလာပြန်သည်။ သူသည် မျက်ရည်များကို ကပျာကယာ သုတ်ပစ်သည်။

'သား....မငိုတော့နဲ့နော်' ဟု လူစီကပြောကာ သူ့သားအား အပြုံးဖြင့် နှုတ်ဆက်နိုင်ရန် အားထုတ်သည်။ 'သားငိုရင် မေမေလဲ ငိုမိလိမ့်ဦးမယ်'

သို့သော်လည်း မိခင်၏အပြုံးနှင့် မိခင်၏ ကိုယ်ပေါ်မှ အဝတ်နက်များကို ကြည့်၍ ပီတာသည် နောက်တစ်လော ထပ်ငိုပြန်သည်။ ငိုရှိုက်နေရင်းမှပင် 'သား မငိုတော့ဘူး မေမေ၊ နော်....သား မငိုတော့ဘူး' ဟု ပြောသည်။



လူစီသည် သူ့သား၏လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားပြီး အက်ဒ်ဝပ်အား လှည့်ကြည့်သည်။ 'အိမ်ထဲဝင်ပါ အက်ဒ်ဝပ်' ဟု တိုးတိုးသာသာ ဖိတ်ခေါ်သည်။

'သားကို လာပို့ပေးလို့ ကျေးဇူးတင်ပါတယ်၊ အိမ်မှာ ဂျိုးလဲ ရောက်နေတယ်'

သူတို့သည် အိမ်ရှေ့ခန်းမထဲမှဖြတ်ကာ ဧည့်ခန်းထဲသို့ ဝင်ခဲ့ကြသည်။ 'လာ....လာ....အက်ဒ်ဝပ်' ဟု ပက်လက်ကုလားပေါ်၌ ထိုင်နေသည့် ဂျိုးက ဆီးခေါ်သည်။ 'ငါ အလဲ မင်းတို့တွေဝရီးရောက်အကြောင်းကို မျှော်နေတာ၊ ရောက်လာတဲ့အချိန်က အံကိုက်ပဲ၊ ငါတို့လဲ အခုပဲ မိသားစုကိစ္စကို ဆွေးနွေးနေကြတာ၊ ငါတို့ပီတာလဲ အတော်ကို ထွားလာပြီပဲကွ၊ မငိုပါနဲ့ကွာ မငိုပါနဲ့၊ မင်းအမေကို ကြည့်စမ်း၊ ဘယ်လောက် သတ္တိကောင်းသလဲ၊ ကဲ....ကဲ ငိုမနေနဲ့တော့'

ပီတာသည် သူ့အမေအား မော့ကြည့်သည်။ သူ့စိတ်ကို သူထိန်း၍ ခေါင်းညိတ်သည်။ 'ကျွန်တော် မငိုတော့ဘူး ဦးကြီးဂျိုး'

'အေး....ဒါမှ လိမ်မာတာကွ' ဟု ဂျိုးအပြော၏။

အက်ဒ်ဝပ်သည် ဝမ်းနည်းကြေကွဲနေသည့် ဂျိုး၏ မျက်နှာကို တစ်ချက်လှမ်းကြည့်ပြီး ဝင်ထိုင်သည်။ လူစီသည် ပီတာအား သူ့ဒူးနားအထိ ဆွဲယူပြီး ဖက်ထားသည်။ အားလုံး ငြိမ်ဆိတ်လျက် ရှိကြ၏။ အပြင်မှ ဝင်လာနေသော နေရောင်ခြည်သည် အခန်းထဲရှိကြမ်းပေါ်သို့ အကွက်လိုက် ကျဆင်းနေသည်။

'အင်း....အရင်တုန်းကလဲ ငါပြောခဲ့ပြီးပြီ၊ အခုလဲ ထပ်ပြောရဦးမှာပဲ' ဟု ဂျိုးက စပြောအော သက်ပြင်းချသည်။ 'ဘယ်

www.burmeseclassic.com

www.burmeseclassic.com

လို့ ဝေဘတ်နိုင်တဲ့ကိစ္စပဲ၊ သူဖြစ်ချိန်တန်တော့ ဖြစ်လာမှာပဲ၊ အခုဆို သူ့ခမျာ သွားရှာပြီ၊ သနားစရာပါ’

အက်ဒ်ဝပ်သည် မငြိမ်သက်ဖြစ်လျက်ရှိ၏၊ သူ ဘာပြောရမှန်းမသိ၊ မိသားစုဆိုမိနေခိုက် ဘယ်ကိစ္စကို အရင်ဆုံးထား၍ ပြောသင့်သနည်း၊ ဆုတောင်းပေးဖို့ကတော့ လိုအပ်မည်မထင်၊ ဖရန့်ဆုံးသည့်နေ့ကပင် သူ ဆုတောင်းခဲ့ပြီးပြီ မဟုတ်လော၊

‘ကဲ….ကဲ၊ မင်းကကော ဘာပြောစရာရှိသေးလဲ’ဟု ဂျိုးက စတင်စကားပေးသည်၊

‘ခင်ဗျားတို့၊ ဟို….ဟို….အားလုံးကို အသေးစိတ် ပြောပြီးကြပြီလား’ ဟု အက်ဒ်ဝပ်က လူစီဘက်လှည့်၍ မေးသည်၊ ‘ဥပမာဆိုပါတော့၊ သင်္ဂြိုဟ်စရိတ်ကို ဘယ်လောက် ကုန်တယ်ဆိုတာ တွက်ပြီးကြပြီလား’

‘တွက်ဖို့ မလိုတော့ဘူးလေ’ဟု ဂျိုးကပြောသည်၊ ‘အဲဒီစရိတ်က ငါတာဝန်ယူလားပြီးပြီ၊ ဒီလောက်ကလေးမှ မသေသွားတဲ့ ငါ့ညီအတွက် ငါက အကုန်အကျ မခံဘူး ဆိုရင် ကောင်းပါ့မလားကွာ’

ပြောရင်း ပြောရင်းနှင့် ကြေကွဲသံ ပါလာသည်၊ သူ့မျက်လုံးတွင် မျက်ရည်ပေါက်ကြီး တစ်ပေါက် တွဲလွဲခိုနေသည်ကို မြင်ကြရသည်၊ ‘ဟုတ်တယ်လေ—ငါသူ့ကို နောက်ဆုံးအနေနဲ့ အကောင်းဆုံး အလှဆုံး ဈာပနပွဲ ဖြစ်သွားအောင် လုပ်ပေးလိုက်ပါတယ်’ဟု ဆက်ပြောသည်၊ ခေါင်းက ဈေးအများဆုံးပေးရတဲ့ ကြေးဝါခေါင်း၊ ပြီးတော့ အလှဆုံးဆိုတဲ့ ပန်းခွေတွေတင်ပြီး အားလုံးလှနေအောင်



ခင်းပေးထားတာပါ၊ ကျသလောက်ကို ငါက ပေးမှာပါ၊ ငွေက ဘာလုပ်ဖို့လဲကွာ’

သူသည် စကားဆုံးသည့်အခါ မျက်ရည်စများကို လက်ခုံနှင့် ပွတ်၍သုတ်လိုက်ပြီး လူစီအား လှမ်းကြည့်နေသည်၊

သီအာင်းနှစ်ပတ်ကြာမျှ ကိုယ်စိတ်နှစ်ပါး ဆင်းရဲပင်ပန်းသည့်ဒဏ်ကို အပြင်းအထန် ခံစားခဲ့ရရှာသော လူစီသည် ခေါင်းကိုငုံ့ထားလျှာ နှုတ်ဆိတ်လျက်ရှိသည်၊ ဂျိုးကတော့ သူ့သိအတိုင်း ဈာပနပွဲ အကြောင်းကို အပြောမရပ်ချင်သေး၊ ဖရန့်အား မြေမြှုပ် သင်္ဂြိုဟ်ရေးနှင့် ပတ်သက်၍ ဂျိုးက သူ့ညီအဲ လီဗင်းဖိုဒ်မြို့ရှိ မိသားစုမြှုပ်နှံရာ မြေနေပါ ဆိုသွားပြီး သင်္ဂြိုဟ်လိုသည်ဟု ဆန္ဒပြုခဲ့သည်၊

လူစီကတော့ မြင်းရထားနှင့်သယ်ယူသွားရမည့် မနီးလှသော ခရီးကြောင့် ဘာဝင်မကျ ဖြစ်ခဲ့သည်၊ သို့သော်လည်း ဂျိုးက သယ်ယူစရိတ် ဘယ်လောက်ပဲကုန်ကုန် သူ အကုန်ခံမည်ဟု ပြောနေခြင်းကြောင့်တစ်ကြောင်း၊ သူ့ညီအတွက်များစွာ စိတ်ထိခိုက်နေသောအဖြစ်ကို မျက်မြင်ကိုယ်တွေ့ဖြစ်နေရခြင်းကြောင့်တစ်ကြောင်း နောက်ဆုံးတွင် လူစီက လိုက်လျောခဲ့ရ၏၊

မိတာအား ပွေ့ပိုက်ထားသော လူစီသည် ဈာပန ပွဲနေ့ကို သတိပြန်ရလာ တုန်လှုပ်ခြင်းဖြစ်ရပြန်သည်၊ ထိုနေ့က တစ်နေ့လုံးစိုစွတ်နေသည်၊ ကောင်းကင်ကလည်း ကြည်ကြည်လင်လင်မရှိ၊ အုံ့ဆိုင်းမှုန်မှိုင်းကာ မိုးအဆက်မပြတ်ရွာသွန်းလျက်ရှိ၏၊ မိုးလုပ်နေပုံသည် ဂျိုး၏ အစီအစဉ်ကိုပင် သရော်နေသည့်နှယ် ရှိသည်၊

www.burmeseclassic.com

www.burmeseclassic.com



အသုဘရထား လီဗင်ဖွိုဒ်သို့သွားနေသည့် ခရီးစဉ် တစ်လျှောက်လုံး မိုးသည် မရပ်မနား ရွာသွန်းလျက် ရှိသည်။ မြို့ထဲမှထွက်၍ တောပိုင်းဒေသ လမ်းများပေါ်မှအဖြတ်တွင် အသုဘရထားသည် တဒုန်းဒုန်း တဒိုင်းဒိုင်း ဆောင့်လျက် ရှိသည်။ လမ်းတွေထဆိုး မိုးရေထရွဲနှင့် သွားလာလှုပ်ရှားရသည်မှာ ခက်ခဲလှပါဘိသည်။ ခေါင်းထဲမှ ဖရန့်၏အလောင်းသည် နည်းနည်းကလေးမှ ငြိမ်သက်နိုင်စရာ မရှိ။ ထိုစဉ်အသုဘပြုလို့ အဲဒီထဲ ရောက်နေတာပါလိမ့်ဟု လူစီ တွေးမိသည်။ ထိုအတွေးသည် သူ့နှလုံးသားကို စူးချွန်နှင့်ထိုးလိုက်သည့်နှယ် ခံစားခဲ့ရရှိမျှမက တစ်ကိုယ်လုံး ဆောက်တည်ရာမရအောင် တုန်လှုပ်ခဲ့ရလေသည်။

အသုဘချသည့်နေ့တွင် လူ့သား ပိတာအား ရှိစေချင်သည်ဟု ဂျိုးက ဆန္ဒပြုခဲ့သော်လည်း လူစီကလက်မခံ။ ထိုကိစ္စကျတော့ လူစီက ကပြင်းအထန် ကန့်ကွက်ခဲ့၏။ ဂျိုးက သူ့ဖခင်၏ အခေါင်းကို မြေတွင်းထဲချသည့်အခါ ပိတာ သည်ဘေးမှနေ၍ ကြိုးကိုကိုင်ထားသင့်သည်ဟု ဆိုခဲ့သည်။ ထိုအဆိုကို လူစီက လုံးဝ သဘောမတူ။ သူ့သားအား ဈာပနပွဲပြီးမှသာ အိမ်ကို ပြန်ပို့ပေးရမည်ဟု လူစီက အခိုင်အမာပြောခဲ့သည်။ သူ့အနေဖြင့် စိတ်ထိခိုက် ကြေကွဲစရာကောင်းလှသည့် မြင်ကွင်းကို သူ့သားအား မကြည့်မမြင်စေချင်။

သုသာန်သို့ရောက်သည့်အခါ မိုးဒဏ်ကြောင့် မြေ များသည် ရွှံ့စေးများ ဖြစ်နေကြလေပြီ။ စွတ်စို ခြင်းနှင့် ရွှံ့ပွက်ကိုကြောက်တတ်သော အက်ဒ်ဝပ်သည် မျက်နှာ ပျက်လျက်ရှိ၏။ ဂျိုးကတော့ သူ့ညီ ဖရန့်ကိစ္စမှတစ်ပါး အခြားကိုမှ ဂရုမထား။ ခေါင်းကို ကြိုးများနှင့် ဆိုင်းပြီး တွင်းထဲသို့ချနေခိုက်တွင် ဘေးမှ ရပ်ကြည့်နေသော လူစီသည် တစ်ကိုယ်လုံး အေးစက်တောင့်တင်းလျက် ရှိလေသည်။

ထို့နောက်တော့ သူတို့အားလုံး ဂျိုး၏အိမ်သို့ သွားကြသည်။ ဂျိုး၏အိမ်တွင် စိတ်ပျက်စရာကောင်းလောက်အောင် ညစ်ပတ်ဒုပေရေလျက်ရှိရုံမျှမက အထားအသို စနစ်မရှိခြင်း တစ်အိမ်လုံး ရှုပ်ပွလျက် ရှိ၏။ အနံ့အသက် များကသည်းမကောင်း။ ဧည့်ခန်းထဲတွင်လည်း မီးခိုးငွေ့များ ထောင်းထောင်းထလျက်ရှိသည်။ စကားပြောသံ များမှာလည်း ဆူညံလျက်ရှိသည်။ ဧည့်သည်အားလုံး ဂျိုး၏ မိတ်ဆွေများဖြစ်၍ ဘယ်သူ့ကိုမှ လူစီမသိ။ လူစီ သိသူများမှာဘေးမှရပ်နေကြသည်။ သူ့အစ်ကို ရစ်ချတ်နှင့် လင်းနော့က်တို့ကတော့ လူစီကိုသာ မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည်။

ထိုစဉ်က လူစီသည် သူတို့အားလုံး၏အပြုအမူများကို မြင်သည်။ ကိုယ်စိတ်နှစ်ပါး ဆင်းရဲနေသည့်ကြားမှပင် သူတို့ပြောသမျှစကားများကို ကြားနေရသည်။ သူ ခံစားလာခဲ့ရသည့်ဆင်းရဲဒုက္ခသည် နှစ်ပတ်မျှကြာခဲ့၏။ ညရက်များသည် သူ့တွင် ကြီးစွာသော ပရိဒေဝမီး တောက်လောင်ခဲ့ရသော ရက်များပေတည်း။ ထိုစဉ်က သူ ရင်ဆိုင်ခဲ့ရသမျှကို သူ မမေ့သေး။ ပြန်၍သတိရဆဲ၊ မြင်ယောင်ဆဲ၊ ကြားယောင်ဆဲဖြစ်၏။

သို့သော်လည်း...

သူသည် ခေါင်းကို ယမ်းချက်မျှ ခါရမ်းလိုက်သည်။ ထိုအရာအားလုံးသည် ပြီးဆုံးသွားခဲ့ပြီ။ ပြန်လည် အောက်မေ့

www.burmeseclassic.com

www.burmeseclassic.com

ပြီး သတိရနေရှိမဖြစ်ဘော့ အားလုံးကို သူ့စိတ်ထဲမှမောင်း ထုတ်ပစ်ကာ ပစ္စုပ္ပန်၌ နေမှဖြစ်တော့မည်။ သူ့ သား၏ အမျိုးအတွက် ဦးစားပေးရမည့်တာဝန်သည် သူ့တွင် ရှိနေ သေးသည် မဟုတ်ပါလား။

ပျံ့လွင့်လျက်ရှိသော လူစီ့စိတ်သည် အခန်းထဲသို့ ပြန် ရောက်လာသည်။ ဂျိုး၏စကားပြောသံသည် သူ့နားထဲသို့ ပြန်ဝင်လာသည်။

'ဒီမှာ ငါပြောမယ်၊ ငါ့အနေနဲ့ လူစီနဲ့ပီဘာတို့သားအမိ ရဲ့ရေးကို မကြည့်လို့မဖြစ်ဘူးလို့ ထင်တယ်'ဟု ဂျိုးက ဆို သည်။ 'မင်းပဲ စဉ်းစားကြည့်ကြပေါ့၊ တကယ်လို့ငါတို့ဟာ ကိုယ့်ခြေမထောက်ပေါ် ကိုယ်မရပ်နိုင်ရင် ဘာလုပ်ကြမှာလဲ'

'ခင်ဗျားက ဒီစကားကို တကယ်ရည်ရွယ်ပြီး ပြောတာ လား ဂျိုး'ဟု အက်ဒ်ဝပ်က မေးသည်။

'တကယ်ပြောတာပေါ့ကွ၊ အဓိပ္ပာယ်မရှိတဲ့စကား ပြောဖို့ အတွက် ငါ့ပါးစပ်ကို ဟတယ်လို့ မင်းက ထင်နေသလား—၊ ဟေ့....ဒီမှာ အခုပြောတဲ့စကားကို အမှန်ပြောတယ်လို့ မှတ် ထားလိုက်'

ငြိမ်ဆိတ်သွားသည်။ အတန်ကြာမှ လူစီ့ဘက် လှည့်၍ 'မင်းကော ဘယ်လိုစိတ်ကူးထားသလဲ လူစီ'ဟု အက်ဒ်ဝပ်က မေးသည်။

'ဟုတ်တယ်'ဟု ဂျိုးက ကြားဖြတ်ပြောသည်။ 'မင်းက ကော ဘယ်လိုလုပ်မယ်လို့ စဉ်းစားထားသလဲ၊ ဖရန့်ထားခဲ့ တာ ဘယ်လောက်များများ ရှိမလဲ'

အက်ဒ်ဝပ်အသက်ရှူမှားသွားသည်။ ဂျိုးတွင်ယဉ်ကျေးမှု ဆိုသည်မှာ မရှိတော့ဘူးလား။ တစ်ဘက်သား၏ သိက္ခာကို



လေးစားရမည် ဟူသော အသိဥာဏ် မရှိတော့ဘူးလား။ ဤမေးခွန်းမျိုးကို မမေးထိုက်ဟုယူဆသော အက်ဒ်ဝပ်သည် မျက်နှာပျက်နေသည်။

လူစီ၏မျက်နှာသည် နီရဲသွားသည်။ မည်သို့ပင်ဖြစ်စေ၊ ဤပြဿနာကို သူသတ္တိရှိရှိ ရင်ဆိုင်မှဖြစ်မည်ဟု သူသိထား သည်။ ဂျိုးမေးခြင်းမှာလည်း မကောင်းစိတ်ဖြင့် မေးခြင်း မဟုတ်ဟု သူ ခံယူထားသည်။

'လူစီလဲ အတိအကျ မပြောမကတ်ဘူး' ဟု ခပ်တိုးတိုး ပြောသည်။ 'ပေးစရာတွေကတော့ တော်တော် များများ ရှိနေတယ်'ဟု ပြောရင်းပင် လူစီသည် ဘိုးဝီးတို့အား လေ ဆုံးရှုံးမှုအတွက် လျော်ကြေးပေးမည်ဟု သူ ဆုံးဖြတ်ထား သည်ကို သတိရသည်။ 'ဒါပေမယ့်အားလုံးရှင်းစရာရှိတာ အားလုံးရှင်းပြီးရင် ငွေ ပေါင် တစ်ရာကျော်လောက်တော့ ကျန်မယ်လို့ ထင်တယ်'

လူစီ စကားအဆုံးတွင် ဂျိုး၏ပါးစပ်သည် ဟောင်း လောင်း ဖြစ်သွားသည်။ သူသည် လေတစ်ချက် ချွန်လိုက်ပြီး ကုလားထိုင်နောက် မှီလိုက်သည်။ သူ့အကြည့်သည် မျက်နှာကျက်ဆီသို့ ရောက်နေသည်။ အက်ဒ်ဝပ်သည်လည်း အနည်းငယ်တော့ ထိတ်လန့်အံ့ဩသွားသည့် အရိပ်လက္ခဏာ ပေါ်ပြသည်။

'ဖရန့်က အခုမှ တိုးတက်ဖို့ တာစူစပဲ ရှိသေးတယ်'ဟု လူစီက ပြောသည်။ သူသည် ဂျိုးနှင့်အက်ဒ်ဝပ်တို့အား တစ် လှည့်စီ လိုက်ကြည့်သည်။ သူ့ပါးနှစ်ဘက်သည် နီမြန်းနေဆဲ။

'သူ အသက်အာမခံတော့ မထားဘူးလား'ဟု ဂျိုးက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လူစီက ခေါင်းခါသည်။

'ကျန်ခဲ့တဲ့ငွေက သိပ်မှမများဘဲ'ဟု အက်ဒ်ဝပ်က ရေရွတ်သည်။ 'အင်း....သိပ်မများပါလား'

'အင်း....မများရုံ ဘယ်ကမလဲ၊ လုံးဝ မဖြစ်လောက်တဲ့ ငွေပဲ'ဟု ဂျိုးကပြောသည်။ 'ဘာမှ မကျန်ခဲ့သလောက်ပါလား၊ ဖရန့်တစ်ယောက် ဘာတွေစဉ်းစားပြီး ဘယ်လိုလုပ်ခဲ့တယ်ဆိုတာ ငါတော့ နားမလည်ဘူး၊ မိန်းမနဲ့ ကလေးအတွက် ပေါင်တစ်ရာပဲ ထားခဲ့တယ်ဆိုတာ အတော့်ကို ဆိုးတဲ့အလုပ်ပဲ၊ ဒီအကြောင်း စောစောကသာ ငါ့ကို ဖွင့်ပြောပြီး တိုင်ပင်ခဲ့ရင် ငါတစ်ခုခု လုပ်ပေးနိုင်မှာ၊ ဒါပေမယ့် ခက်သားကလား၊ ဖရန့်ကလဲ မင့်လိုလူစားပဲ'

'ကျွန်မ ပြောခဲ့ပြီးပြီ မဟုတ်လား၊ ဖရန့်ရဲ့ အခြေအနေဟာ တိုးတက်စ ပြုနေပြီလို့'

'အေးပါ ငါသိပါတယ်၊ ငါသိပါတယ်၊ ငါက သေသွားတဲ့ငါ့ညီကိုဆန့်ကျင်ပြီး ပြောနေတာ မဟုတ်ပါဘူး၊ ဒါပေမယ့် အေးလေ၊ ဒါက အခြေအနေကို ပြောင်းမပစ်နိုင်ပါဘူး'

ရုတ်တရက် အတွေးတစ်ခု ဂျိုး၏ခေါင်းထဲသို့ ဝင်လာသည်။

'မင့်အစ်ကိုတစ်ဆောမင့်ကိုကူညီသွားဖို့ ရှိသလား'

'ကျွန်မ သူ့ဆီက အကူအညီတောင်းဖို့ စိတ်မကူးပါဘူး'ဟု လူစီကပြောသည်။ 'သူ့ဆီကတင်မဟုတ်ဘူး၊ တခြား ဘယ်သူ့ဆီကမှ အကူအညီတောင်းဖို့လဲ မရည်ရွယ်ဘူး'

ဤစကားကို ပြောနေခိုက်တွင် လူစီသည် အသူဘာ ချစဉ်က သူ့အစ်ကိုရစ်ချတ်၏ ပြောပုံဆိုပုံ ကြည့်ရှုပုံများ၏ အေးစက်စက်နိုင်မှုကို သတိရလာပြန်သည်။

ထိုစဉ်က ရစ်ချတ်က 'တို့လဲ စိတ်မကောင်း ဖြစ်ကြရပါတယ်၊ ဒါကို မင်းအသိဆုံးပါ လူစီ၊ အဖေဘဆိုရင် သိပ်ကိုစိတ်ထိခိုက်ခဲ့တာပဲ'ဟု ပြောသည်။

ရစ်ချတ်၏စကားသည် သူ့အား စိတ်ကျေနပ်ရုံဝတ်ကျေ တမ်းကျေမျှ ပြောခဲ့ခြင်းသည်ကို လူစီ နားလည်ပါ၏၊ အမှန်တော့ သူ့အစ်ကိုရစ်ချတ်သည် မိမိ၏ အနာဂတ်ဘဝအတွက် သူ့၌တာဝန်မရှိ၊ သေသွားသူ ဖရန့်၏ ညီအစ်ကို မောင်နှမ ဆွေမျိုး ညာတိများကသာ တာဝန်ယူသင့်သည်ဟု ယူဆထားသူဖြစ်၏။ ဤအချက်ကို နားလည်ထားသော လူစီသည် ရစ်ချတ်၏ သဘောထားအပေါ်၌ အံ့ဩခြင်း မဖြစ်တော့ပေ....။

မည်သို့ပင်ဖြစ်စေ၊ လူစီကလည်း 'လူစီဟာ ကိုယ့်ကြမ္မာ ကိုယ် လွတ်လွတ်လပ်လပ် တည်ဆောက်သွားချင်တဲ့လူ ဆိုတာ ရစ်ချတ်အသိဆုံးပါ'ဟု လူစီက ပြောခဲ့ဖူးသည်။ 'အခုထိ လူစီမှာ ဗီဇစိတ်ရှိနေပါသေးတယ်၊ လူစီ့ အတွက် ဘယ်သူ့ကိုမှ တာဝန် မဖြစ်စေရဘူးလို့ သတ်မှတ်ထားပြီးသားပါ'

ထိုစဉ်က ရစ်ချတ်သည် သူ့စကားကို သဘောကျသည့်အနေဖြင့် ခေါင်းတညိတ်ညိတ် လုပ်ခဲ့ဖူးသည်။

ရုတ်တရက် သူ့အစ်ကိုထံ ရောက်သွားခဲ့သော စိတ်သည် လူစီ့ထံ ပြန်ရောက်လာသည်။ ချက်ချင်းပင် ဂျိုး၏မေးခွန်းကို သတိရလာသဖြင့် ဂျိုးအား မော့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



'လူစီ့ အစ်ကိုမှာလဲ သူ့မိသားနဲ့သူ ဆိုတော့ တာဝန်ဆ… မဆေးလှပါဘူး။ လူစီဘာ ထပ်ပြီး ဒုက္ခပေးဖို့မသင့်ပါဘူး'ဟု ပြောသည်။

အက်ဒ်ဝပ်သည် ဂနာမငြိမ် ဖြစ်လျက်ရှိ၏။ သူသည် လူစီ့ ပြဿနာတွင် အစဉ်းစားရ ခက်နေသည်ဖြစ်ရာ နောက်ဆုံး တွင် ဤဆွေးနွေးပွဲကို မသိမသာလမ်းကြောင်း ပြောင်း သွားအောင် အားထုတ်ဖို့ အချိန်တန်ပြီဟု တွက်သည်။

'နည်းလမ်းတစ်ခုခုတော့ အချိန်တန်ရင် ရှိလာမှာပါ'ဟု သူက ပြောသည်။ 'လောလောဆယ် သိပ်ဟွေးပြီး ပူမနေပါနဲ့၊ ဘုရားသခင်ဟာ သဘောကောင်းပါတယ်၊ မင့်အတွက် အကောင်းတစ်ခုခုတော့ ဖြစ်လာမှာပါ လူစီရယ်'

သူ့အနေဖြင့် လူစီအား နောက်ထပ် အိမ်ထောင်ပြုလိုက် လျှင် အကောင်းဆုံးဖြစ်လိမ့်မည်ဟု အကြံပေးလိုသည်။ သို့သော်လည်း ယခုအချိန်တွင် ဤစကားမျိုးပြောဖို့မှာ စော လွန်းနေသေးသည်ဟု ယူဆသဖြင့် ပြောမထွက်။

'ဒီလိုဆိုရင်တော့ မင်း ဘာလုပ်ဖို့ စိတ်ကူးထားကယ် ဆိုတာ တို့ကို ပြောပြစေချင်တယ်'ဟု ဂျိုးက ပြောသည်။

'လူစီ အလုပ် လုပ်မယ်'

'အလုပ် လုပ်မယ် ဟုတ်လား၊ ဖြစ်ပါ့မလား' ဂျိုး၏အသံ တွင် သံသယအပြည့် ပါနေသည်။

'ဘာကြောင့် မဖြစ်ရမှာလဲ'ဟု လူစီက ပြန်ပြောသည်။ 'လူစီကတော့ အိမ်မှာထိုင်ပြီး ကိုယ့်လက်ကို ကြည့်မနေနိုင် ဘူး....'

ညီအစ်ကိုနှစ်ယောက် သည် အံ့အားသင့်သည့် မျက်နှာ ထားများဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်နေကြ သည်။ လူစီ့ အဆက် အနွယ်သည် လောကတွင်း ဝင်၍ အလုပ်လုပ်သင့်သည့် အနွယ်မဟုတ်ဟု ယူဆကြသည်။ အထူး သဖြင့် လူစီ့ အဆင့်အတန်းမျိုးသည် အပြင်ထွက်၍ အလုပ် မလုပ်သင့်ဟု မြင်ကြသည်၊ ပြီးတော့ လူစီသည် အလုပ် လုပ် နိုင်လောက်သည့် အရည်အချင်းမျိုးမရှိ။ ဆိုင်တစ်ဆိုင်တွင် အကူအညီရောင်းသမ လုပ်မှာလား၊ အိမ်စေအလုပ်မျိုး လုပ်မှာ လား။ အက်ဒ်ဝပ်ကတော့ မတွေးလိုမရ။ ထို့ကြောင့် အက်ဒ် ဝပ်က သံသယကင်းသည့် လေသံဖြင့် 'မင်း ဘာလုပ်မယ် ဆိုတာ အတိအကျ စဉ်းစားထားပြီလား'ဟု မေးသည်။

'စဉ်းစားပြီးပြီ၊ လူစီ့ အနေနဲ့ ဖရန့်ရဲ့ အလုပ်ကို ဆက် လုပ်သွားဖို့ မစ္စတာဒေါင်းနေ့စ်ဆီမှာခွင့်တောင်းမယ်၊မစ္စတာ လင်းနေ့စ်ကလဲ စမ်းပြီးလုပ်ကြည့်ဖို့ ခွင့်ပြုထားပြီးပြီ'

ဤအချက်သည် အမှန်ပင် ဖြစ်၏။ သူ၏သားကများ၏ ပျောက်ရှေ့နှင့် သူ၏အနာဂတ်ဘဝ သာယာဖြောင့်ဖြူး ရေးအတွက်သာမက သူ့သားပီတာ၏ ဘဝလုံခြုံရေးများကို ပါ သူဘာဝန်ယူမှု ဖြစ်မည်ဟု စောစောကတည်းက တွက် ထားပြီးဖြစ်သဖြင့် လင်းနေ့စ်ထံ ချဉ်းကပ်၍ တင်ပြခဲ့၏။ နောက်ဆုံးတွင် လင်းနေ့စ်ကလည်း အစမ်း လုပ်ကြည့်ဖို့ သဘောတူခဲ့ပြီ မဟုတ်ပါလော။

'ဟာ....ကွာ၊ ဖရန့်သာရှိရင် မင့်ကို ဒီလိုအလုပ်မျိုး လုံးဝ လုပ်ခိုင်းမှာမဟုတ်ဘူး'ဟု ဂျိုးက ပြောသည်။ 'ငါ ဘာကယ်ပြောဘာ၊ သူလုပ်ခွင့်မပြုမှာ သေချာတယ်'

'ဒါပေမယ့် ဂျိုးရာ၊ ဒီအလုပ်က စဉ်းစားသင့်တဲ့ အလုပ် ပါ'ဟု အက်ဒ်ဝပ်ကပြောသည်။ 'ပြီးတော့ အမျိုးသမီး တစ် ယောက်နဲ့ သင့်တော်တဲ့ အလုပ်တစ်ခုပါ'

www.burmeseclassic.com

www.burmeseclassic.com



ဂျိုးသည် တခုမှထပ်မပြောတော့ဘဲ ပါးစပ်ပိတ်နေသည် အတန်ကြာမျှ ငြိမ်ဆိတ်နေသည်။

'ငါ့ကတော့ မင့်ကို မလုပ်စေချင်ဘူး' ဟု ဂျိုးအား ပြောပြန်သည်။ အကြောင်းတစ်ခုကြောင့် သူသည် လူ စိတ်ကူးအပေါ်တွင် ဂရုဏာမဏင်း ဖြစ်နေဟန်ရှိ၏။

လူစီက မဖြေမပေးဘဲ နေသည့်အခါ ဂျိုးသည် နှုတ်ဆိ နေသည်။

'ပီတာ့အတွက်ကျတော့ ဘယ်လိုလုပ်မလဲ' ဟု အက်ဒ် က မေးသည်။ 'လူစီက တစ်နေ့လုံး အလုပ်သွားနေ တစ်ခါတစ်လေ နောက်ကျချင် နောက်ကျမယ်'

ဂျိုးက ထိုစကား ကြားသည့်အခါ သူ့ကုလားထိုင် တင်ကို လက်ဝါးဖြင့် ဖြန်းခနဲရိုက်လိုက်ပြီး 'ဟုတ်တာပေါ့ ပီတာကို ကျောင်းထားမှဖြစ်မယ်'ဟု ပြောသည်။ 'သူ့ ငါကူညီမယ်၊ လပ်ဖ်တောင်းမြို့က 'ဘုရားသားကောလိပ်' ကျောင်းအိပ်ကျောင်းစား ထားလိုက်ရင် သူ့အတွက် အေး ပြေမှာပဲ၊ ငါ့ကောင်လဲ အဲဒီမှာထားတာ၊ ကျောင်း တောင်းတယ်ကွ၊ လူတော်တော်များများက သဘောကျ ကျောင်းပေါ့၊ ဘုရားသားဂျွန်ကျောကော့နဲ့လဲ ငါရင်းနှီးတ အဲဒီတော့ ပီတာ့ကိစ္စမှာတော့ ငါမင့်ကို ကူညီမယ်လူစီ'

လူစီက ဂျိုးအား စိုက်ကြည့်နေသည်။ သူ့စိတ်သ ရှုပ်ထွေးလျက်ရှိ၏။ ဂျိုးသည် သူ့သား၏ ရှေ့ရေးတွင် တနာ အပြည့်ဖြင့် စိတ်ဝင်စားခြင်းမှ ဟုတ်ပါလေစ။ အနေဖြင့် ယခု ပီတာတက်နေသည့်ကျောင်းကို သိပ် မကြိုက်။ သို့သော်လည်း ဂျိုးပြောသည့်ကျောင်း၌ ထာ လိုက်လျှင် သူ့သားပီတာကို သူဆုံးရှုံးသွားလေမလား။

'အဲဒီ ကျောင်းကတော့ တော်တော် ကောင်းတဲ့ ကျောင်းပဲ'ဟု အက်ဒ်ဝပ်က ထောက်ခံသည်။

'ဟာ...ကွာ၊ သိပ်ကောင်းတဲ့ကျောင်းကွ၊ ငါအာမခံ တယ်'ဟု ဂျိုးက ဝင်ပြောသည်။

အက်ဒ်ဝပ်က မျက်ခုံးတစ်ဖက်ကို ပင့်လိုက်သော်လည်း နောက် ဝေဖန်ခြင်းတော့မပြု။ သူသည် လူစီအားတစ်ချက် လှမ်းကြည့်သည်။ သားဖြစ်သူအား ဖက်ထားသော လူစီ သည် အက်ဒ်ဝပ်၏မျက်နှာကို ပြန်ကြည့်နေသည်။

'အေး....အခုလိုဆိုတော့လဲ တို့အနေနဲ့ ပြဿနာတစ်ချို့ကို ရှင်းပြီးသွားပြီလို့ဆိုရမယ်'ဟု ဂျိုးက ပြောသည်။ 'ပီတာရဲ့ ကျောင်းစရိတ်ကို ငါ အားလုံးပေးသွားမယ်'

ဂျိုးသည် လူစီအား လှမ်းကြည့်ကာ စဉ်းစားနေပြန် သည်။ 'မင့်အလုပ်က တောက်လျှောက် ခရီးသွားနေရမှာ ဖြစ်နိုင်ပါ့မလား၊ မကြာခင် မင်းစိတ်ပျက်မှာ သေချာပါ တယ်' ဟု ထပ်ပြောပြန်သည်။ ထို့နောက် ရှေ့အိတ်ဆောင် နာရီကိုထုတ်ကြည့်သည်။ 'ဟာ...ငါသွားမှပဲ၊ ရထားမမီဘဲ ဖြစ်သွားလိမ့်မယ်'ဟု ရေရွတ်ကာ ထိုင်ရာမှထရပ်သည်။ လူစီ့ လက်ကို တယုတယဆွဲကိုင်ကာ ပခုံး ကို အသာအယာ ပုတ်၍ နှုတ်ဆက်သည်။ သူထပ်၍လာဦးမည်ဟု မပြောသော်လည်း အမူအရာဖြင့် နောက်ထပ်လာဦးမည်ဟုပြသည်။ အိမ်ထဲမှ ထွက်သွားချိန်အထိ သူ့မျက်နှာသည် ဝမ်းနည်းကြေကွဲခြင်း များကို ဖော်ပြနေသည်။

အစ်ကိုဖြစ်သူ ဂျိုးပြန်သွားပြီးနောက်တွင် အက်ဒ်ဝပ်သည် စကားလည်း များများမပြော၊ ကြာကြာလည်းမနေ။ ပြန်

www.burmeseclassic.com

www.burmeseclassic.com

သော့ဖွင့်ကာ ထရပ်လိုက်သည့်အခါ သူသည် ပီတာအား ထစ်ချွန်လှမ်း၍ အကဲခတ်သည်။

'အန်နာ့ဆီကရော သူပြန်သွားပြီးတဲ့နောက် ဘာထပ် ကြားသေးလဲ' ဟု တိုးတိုးမေးသည်။

လူစီက ခေါင်းရမ်းသည်။ မျက်လွှာကိုချကာ ဦးခေါင်းကို ငုံ့ထားသည်။ 'ဘာမှမကြားဘူး' ဟု တုန်ယင်သောအသံဖြင့် ဖြေသည်။ 'လူစီ သူ့ဆီက ဘာသတင်းမှ မကြားချင်တော့ဘူး'

အက်ဒ်ဝပ်သည် ဘာတစ်ခွန်းမှထပ်မပြောတော့ဘဲ စိတ်မကောင်းဖြစ်သည့်မျက်နှာထားဖြင့် လူစီတို့ သားအမိအား နှုတ်ဆက်ကာ ပြန်သွားသည်။

အိမ်ထဲတွင် သူတို့သားအမိနှစ်ယောက်တည်းကျန်ခဲ့သည်။ လူစီသည် သူ့သားအား အလွန်ချစ်ခင်ကြင်နာစွာ ကြည့်နေသည်။ သူချစ်သောလင်သည်ကို ဆုံးရှုံးရခြင်းသည် သူ့အတွက် အလွန်ကြီးမားသော ဆုံးရှုံးမှုကြီးတစ်ခု ဖြစ်ခဲ့သည်။ ဤဆုံးရှုံးမှုအတွက် သူ့မှာ များစွာမှုပင် စိတ်နှလုံးထိခိုက် ကြေကွဲခဲ့ရ၏။ အကယ်၍သာ သူ့သားပီတာမရှိခဲ့ပါမူ ဘား...

မည်သို့ပင်ဖြစ်စေ၊ သူသည် အဓိပ္ပါယ်ရှိစွာဖြင့် အသက်ရှင် နေနိုင်သည့် အခြေအနေရှိနေသေး၏။ သူ့တွင် သားငယ် ရှိသေးသည် မဟုတ်ပါလော။

ဤသားငယ်နှင့် သူ၏အနာဂတ်ဘဝသည် သူ့အပေါ်၌ လုံး၀ တည်မှီလျက်ရှိ၏။ သူ့အနေဖြင့် ဆက်လက်၍ အသက် ရှင်သန်ရလိမ့်ဦးမည်။ ဤသားငယ်အတွက် ဘဝဘစ်ခုကို အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ရပေလိမ့်ဦးမည်။



သူ့သားအပေါ် ချစ်ခင်တွယ်တာစိတ်သည် ပြင်းထန်စွာ ဖြစ်ပေါ်လာပြန်သည်။ ထိုအခါ သူ့သားအား သူနှင့်ခွဲ၍ ကျောင်းအိပ်ကျောင်းစား ပို့ရမည့်အရေးကိုတွေးကာ စိတ် မအေးဖြစ်ရပြန်၏။ သူ့အနေဖြင့် သူ့သားအား သူ့အပါးမှ ဝေးရာသို့မသွားစေချင်။ အမြဲတစေ သူ့အနား၌သာ ရှိစေ ချင်၏။

သားအမိနှစ်ယောက် လက်ဖက်ရည် သောက်နေခိုက်တွင် တစ်ယောက်ကိုတစ်ယောက် မကြာခဏလှမ်းကြည့်မိကြသည်၊ ကြည့်မိတိုင်းလည်း လူစီ့ရင်ထဲ၌ သူ့သားအား ချစ်ခင် ကြင်နာသောစိတ်သည် တိုး၍သာလာသည်။ သူတို့သည် စကားလည်း များများမပြော၊ ရံဖန်ရံခါတွင် သူ့သားငယ် စိတ်ပြေပျောက်ဖို့အတွက် တစ်ခွန်းစ နှစ်ခွန်းစတော့ ပြော သည်။ မည်သို့ပင်ဖြစ်စေ နှစ်ဦးစလုံး ဖရန့်အကြောင်းကိုတော့ မပြောကြ။

လက်ဖက်ရည်သောက်ပြီးစတွင် အိမ်ရှေ့မှ လူခေါ်ခေါင်း လောင်းသံ ကြားကြရသည်။ လူစီသည် တံခါးဆီသို့ ထသွား ပြီး ဖွင့်ပေးသည်။ တံခါးဝ၌ ရပ်နေသူမှာ မစ္စဟော့ကင်း၊ သူသည် ဂျယ်လီထုပ်အလေးတစ်ထုပ် ကိုင်ထားသည်။

'ငါ့ကိုခွင့်လွှတ်ပါကွယ်' ဟု မစ္စဟော့ကင်းက ပြောသည်။ 'မင်း စိတ်ထိခိုက်နေတာတော့ ငါသိပါတယ်၊ ဒါပေမယ့် ဒီဟာလေး ပေးချင်လို့လာခဲ့တာပါ။ မင့်ကြည့်ရတာလဲ နေ မကောင်းသလိုပဲ၊ ဒါလေးပေးလိုက်ရင် မင့်အတွက် တော်သွားမလားလို့ပါ'

ငြိမ်ဆိတ်သွားသည်။ လူစီသည် မစ္စဟော့ကင်း၏ မျက် နှာကိုစိုက်ကြည့်ကာ စူးစမ်းလျက်ရှိသည်။ နူးညံ့သိမ်မွေ့

www.burmeseclassic.com

www.burmeseclassic.com

သော မျက်နှာထားဖြစ်သည်။ သူလုပ်နေပုံသည် အလေး ထစ်ယောက်အား ထမင်းစားအရုပ်ကလေးတစ်ရုပ် လာပေး သည်နှင့်တူလှ၏။ သိပ်ပြီး အလေးအနက်ထား၍ မစဉ်းစားဘဲ ပေါ့ပေါ့ဆဆလေး လုပ်သည့် အသေးအဖွဲ့လုပ်ရပ်လေး တစ်ခု ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ရယ်စရာကောင်းသည့် ရိုးသား မှုလေးတစ်ခုပေတည်း။

လူစီသည် အထုပ်ကလေးကို လှမ်းယူကာ 'ကျေးဇူးတင် ပါတယ်ရှင်'ဟု ပြောလည်း။

'ကိုယ်တိုင်ဂျယ်လီလုပ်ရတာ ပျော်တယ်'ဟု မစ္စဟော့ ကင်းက ပြောသည်။ 'မင်းလဲ ငါ့ဆီကို မကြာမကြာ လာ လည်ပါ'

'ဟုတ်ကဲ့ပါ'

'ဒအားကွယ်၊ ငါလဲဒီနေ့ စိတ်ထိခိုက်နေတယ်၊ မင့်ဆီက စိတ်ထိခိုက်မှုက ငါ့ဆီကူးလာတာပေါ့လေ'

လူစီက ဘာမှပြန်မပြော။

'မင်းလိုတာရှိရင်ပြောပါ၊ ငါတတ်နိုင်သမျှ လုပ်ပေးပါ့ မယ်၊ အေး အေး....ငါပြောတာ မင်း နားလည်လိမ့်မယ်လို့ ထင်ပါတယ်'

မစ္စဟော့ကင်းသည် နောက်သို့ပြန်လှည့်ကာ ထွက်သွား သည်။ လူစီက တံခါးကိုပြန်ပိတ်လိုက်သည်။ အမှောင် ရိပ် များကျလာပြီ၊ အခအခ ခတ်သည် သိသိသာသာ ဝင်လာပြီ ဖြစ်၏။ ဝမ်းနည်းကြေကွဲမှုသည် အသစ်တစ်ဖန် ပြန်ပေါ်လာ ပြန်ပြီ။

သူသည် ညွှန်ခန်းတွင်းသို့ ပြန်ဝင်လာခဲ့သည်။ သားငယ် ပိုတာသည် ညွှန်ခန်းကော်ဇောပေါ်၌ အလျားမှောက်လျ



စစ်သားရုပ်များနှင့် စစ်တိုက်တန်းကစားလျက်ရှိသည်။ လူစီ သည် သူ့သား၏ဘေး၌ဝင်ထိုင်ကာ စိတ်ဝင်တစား ဖြစ်နေ သော ပီတာအား ကြည့်ရှုပြုံးမိသည်။ ထို့နောက်သားအမိ နှစ်ယောက်ကစားကြသည်။ ပြီးတော့ စောစောစီးစီး အိပ် ရာ ဝင်ကြသည်။ ယခင်က အခန်းပိုအဖြစ်ထားသည့် အခန်း ကလေးထဲရှိ အိပ်ရာလေးပေါ်၌ အိပ်ကြခြင်း ဖြစ်သည်။ မအိပ်မီ သားအမိနှစ်ယောက် အမှောင်ထဲ၌ နှစ်ကိုယ်ကြား လေသံဖြင့် စကားပြောကြသည်။

စကားပြောရင်းနှင့်ပင် သားအမိနှစ်ယောက် ပို၍ နီးစပ် လာကြသည်။ ရင်းနှီးလာကြသည်။ ခင်မင်တွယ်တာလာကြ သည်။ ရဲဘော်ရဲဘက်စိတ် ဝင်လာကြသည်။ သား၏ နှာ ခေါင်းမှ မှုတ်ထုတ်နေသော လေသည် မိခင်၏ပါးတစ်ဘက် ကို သိမ်မွေ့စွာ လာ၍ရိုက်ခတ်နေသည်။ အမေ့အတွက် သား မွေး အမွေးထည်တွေ ဝယ်ပေးမည်၊ မော်တော်ကားတွေ ဝယ်ပေးမည်၊ အမေဂုဏ်သိက္ခာမြင့်မားရေးအတွက် သူ့ကိုယ် သူ ကြီးကျယ်ထင်ရှားသူ တစ်ဦးဖြင့်လာအောင် လုပ်မည် ဟူ သော ကတိစကားများ ကြားရသည်။ သူတို့ သားအမိ အတွက် အနာဂတ်ဘဝခရီး၏ တံခါးသည် သူတို့ရှေ့တွင် ပွင့်လျက်ရှိလေပြီ။

နောက်ဆုံးတွင် သား၏အသံသည် တိုးတစ်ခါ ကျယ်တစ် လှည့် ဖြစ်လာသည်။ မပီကလာ ပီကလာဖြစ်လာသည်။ ထို့ နောက် အသက်ရှူသံသည် မှန်မှန်ထွက်ပေါ်လာသည်။ သူ့ သား အိပ်ပျော်သွားလေပြီ။

လူစီသည် လှဲနေရာမှ အသာအယာထသည်။ မှုန်ဝါးဝါး မီးရောင်အောက်၌ အိပ်ပျော်နေသော သား၏မျက်နှာကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ သူကြည့်နေခိုက်မှာပင် တေးဂီတသံကို ခပ်သဲ့သဲ့ကြားရသလို ခံစားရ၏။ သူ ကြားနေရသော တေးဂီတသံမှာ အဝေးမှလာခြင်းမဟုတ်။ အတွင်းမှ လာနေခြင်းဖြစ်သည်။ တခြားနေရာမှမဟုတ်။ သူ့နှလုံးသားမှ လာနေသည့် 'မေတ္တာ တေးသံ'ဖြစ်၏။ သူသည် သား၏ဘေးမှကပ်၍ လှဲလိုက်သည်။ မျက်လုံးအစုံကိုမှိတ်ထားလိုက်သည်။ ကိုယ်စိတ်နှစ်ပါး ပင်ပန်းထားခဲ့သည့် ဒဏ်များကြောင့် မကြာခင်မှာပင် အိပ်ပျော်သွားလေသည်။

* * *

( ၃ )

နောက်နေ့မနက်တွင် လှစီသည် သူတို့သား၊ အမိ၏ အနာဂတ်ခရီးအတွက် မည်ကဲ့သို့လုပ်ရမည်ကို စိတ်အားထက်သန်စွာဖြင့် စဉ်းစားဆင်ခြင်သည်။ သူလုပ်မည်ဟု ပိုင်းဖြတ်ထားသော အလုပ်နှင့်ပတ်သက်၍ ဂျိုးနှင့် အက်ဒ်ဝပ်တို့ ညီအစ်ကိုရှေ့တွင် အခိုင်အမာ ပြောခဲ့မိသော်လည်း၊ တကယ်တမ်းအားဖြင့် ဤကိစ္စမှာ လွယ်ကူသည်မဟုတ်။ ယင်း အလုပ်နှင့်ပတ်သက်၍ သူသည် လှင်းနေ့ဝ်နှင့် ဆွေးနွေးရာ၌ အခက်အခဲနှင့်ရင်ဆိုင်ခဲ့ရသည့်အဖြစ်ကို သတိရသည်။

'ငါကတော့ မင့်ကို စမ်းသပ် တာဝန်ပဲပေးနိုင်မှာ...' ဟု သင်းနေ့ဝ်က စိတ်မပါတပါဖြင့် ပြောသည်။ 'မင်း မလုပ်နိုင်ရင်တော့ တို့က ဆက်ထားလို့ ဖြစ်မှာမဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



**ထိုစဉ်က** လင်းနေ့စ်သည် လူစီ၏ မေတ္တာရပ်ခံချက်ပေါ်တွင် များစွာ တုံ့ဆိုင်းဆိုင်းဖြစ်ခဲ့သည်။ သူ့အနေဖြင့်ဖရန့်၏ လုပ်ရည်ကိုင်ရည်အပေါ် များစွာသဘောကျခဲ့သည်။ ဖရန့်ကို အကြောင်းပြု၍ သိကျွမ်းလာခဲ့သော လူစီအပေါ်တွင်လည်း များစွာ ခင်မင်ခဲ့သည်။ ယခု ဖရန့် သေသွားသည့်အခါတွင်လည်း လူစီအပေါ်၌ များစွာသနားကရုဏာသက်ခဲ့၏။ သို့သော်လည်း ဖရန့်၏တာဝန်မျိုး မေးရမည့်အရေးတွင်မူကား သူ့တွင် စဉ်းစားစရာတွေ ရှိလာသည်။

လူစီသည် အသက်အရွယ် ငယ်သေးသည်။ အမျိုး၏ မျက်စိကွင် နှင်လိုဖွယ်ရာရှိ၏။ ဖရန့်၏ဖောက်သည်ဟောင်းများကလည်း လူစီအပေါ် ဖရန့်၏ ဇနီးအဖြစ် ကရုဏာသက်ကြဖို့ရှိ၏။ သို့ဆိုလျှင် အလားအလာကောင်းရှိသည်ဟု ယူဆနိုင်ဖွယ်ရာရှိသည်။ သို့သော်လည်း ဤကိစ္စတွင် သူ့၌ တာဝန် မတက်စေချင်။

မည်သို့ပင်ဖြစ်စေ၊ လူစီ့အတွက် လုပ်ခကို တော်မျှင်နှုန်းဖြင့် ပေးမည်ဟု သတ်မှတ်သည်၊ အလုပ်ကလည်း ရိုးရိုးရှင်းရှင်းကလေးဖြစ်သည်။ ဈေးနှုန်းသိပြီး ပစ္စည်း အမျိုးအစား သိရုံဖြင့် လုပ်လို့ရသည်။ သို့သော်လည်း ဤအလုပ်မျိုးကို မိန်းမသားတစ်ယောက်အား ပေးအပ်ဖို့အတွက် သူ့ဘက်က သတိရှိရမည်ဟု လင်းနေ့စ်က ယုံကြည်သည်။ ထို့ကြောင့်လည်း ထိုတာဝန်ကိုပေးရာ၌ လူစီ့အနေဖြင့် ထိုအခွင့်အရေးမျိုးကို ရသင့်သည်ဟူသော ခံယူချက်ဖြင့်သာ ပေးခဲ့ခြင်းဖြစ်သည်။



'ငါ့အနေနဲ့ မင်းကို ဒီအလုပ်ပေးရတာဟာ စွန့်စားမှုတစ်ခုကို ပြုတာပဲလူစီ'ဟု လင်းနေ့စ်ကပြောသည်။ 'ဒါပေမယ့် ကိစ္စမရှိဘူး၊ ဒီအခွင့်အရေးကိုပေးပါမယ်၊ မင်း ကြိုးစားကြည့်ပေါ့'

ထိုစကားသည် လင်းနေ့စ်ထံမှ သူကြားခဲ့ရသည့် နောက်ဆုံးစကား ဖြစ်၏၊ ထို့ကြောင့်ပင်လည်း သူရထားသော အလုပ်ကို အောင်မြင်အောင် ကြိုးစားမှ ဖြစ်မည်ဟုလည်းကောင်း၊ သူ အောင်မြင်ပါမှလည်း သူ့သားပီတာ၏ ဘဝသည် လုံခြုံလာလိမ့်မည်ဟုလည်းကောင်း လူစီ ခံယူထားလေသည်။

သူ့အဖို့ ခက်နေသည်မှာ တခြားမဟုတ်။ ပီတာအား ဘယ်လိုထားခဲ့ရမည်ကို အတိအကျ မသိခြင်း ဖြစ်သည်။ အမှန်တော့ သူလည်း သူ့သားနှင့်ခွဲ၍ ဘယ်ကိုမှမသွားချင်။ သို့သော်လည်း ခွဲခွာသွားနေရမည့် ကိစ္စမှာ မရှောင်မလွှဲသာသော အခြေအနေတစ်ရပ် ဖြစ်နေသည်။ သူ့ အလုပ်သည် တစ်နေကုန် တစ်နေ့ခန်း အိမ်မှထွက်နေရမည့်အလုပ် ဖြစ်၏၊ မကြာခဏဆိုသလို မိုးချုပ်ဖို့လည်း ရှိ၏။

သူ့အနေဖြင့် စီးပွားရေး အခြေအနေအရ အိမ်စေနက်ဘာ မထားနေတော့ဟု ဆုံးဖြတ်ထားပြီးပြီ ဖြစ်သည်။ နက်တာမရှိလျှင် ပီတာအား ကြည့်မည့်လူ ရှိတော့မည်မဟုတ်။ ပီတာ့အတွက် အစားအသောက်ကို မည်သူကတာဝန်ယူ၍ လုပ်ပေးမည်နည်း။ ထို့ပြင်လည်း အမြဲတစေ အိမ်မှဝေးရာသို့ သွားနေရမည့်ကိစ္စမှာ ပျော်စရာ အလုပ်မဟုတ်။ အကယ်၍များ သူ မရှိခိုက် သူ့သား ပီတာ ကံမကောင်း အကြောင်းမလှ၍ မတော်တဆ ထိခိုက်ဒဏ်ရာရခဲ့ပါမူ....။

www.burmeseclassic.com

www.burmeseclassic.com



ပီတာ လက်ရှိနေရသည့်ကျောင်းမှာလည်း အဆင့်အတန်း နိမ့်သည်။ ဆင်းရဲသား သားသမီးများ အများဆုံးတက်နေသောကျောင်း ဖြစ်သည်။ လူစီကတော့ သူ့သား အတွက် ရည်မှန်းချက်ကို ကြီးကြီးမြင့်မြင့်ထားသည်။ အခု ဆိုလျှင် ပီတာသည် ကိုးနှစ်သားရှိပြီ။ သူ့ဦးကြီး ဂျိုး၏ စေတနာ မေတ္တာအရ အကောင်းဆုံး ကျောင်းသို့ ကျောင်းအိပ်ကျောင်းစား ပို့ရတော့မည်။ သူကတော့ သူ့သားအား သူနှင့် ဝေးဝေး ခွဲမထားချင်။ သို့သော်လည်း သူ့ရင်တွင်းခံစားမှုကို ရှေ့တန်းတင်ခြင်းအားဖြင့် သူ့သား၏ တိုးတက်ရာတိုးတက်ကြောင်းကို ပိတ်ပင်ရမည်လော။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ဆန္ဒကို ရှေ့တန်းတင်၍တော့မဖြစ်။ သူ့ဘက်က အနစ်နာခံရမည်။ စွန့်စားရမည်။ ဒါကိုတော့ သူ ဘယ်နည်းနှင့်မှ မလုပ်၍မဖြစ်။

သူသည် ပီတာ့ကိစ္စကို အနိုင်အမာ ဆုံးဖြတ်လိုက်ပြီ ဖြစ်ရာ ချက်ချင်းပင်ထိုင်၍ ယပ်ဖ်တောင်းမြို့ရှိ ကျောင်းမှ ကျောင်းအုပ်ထံ စာရေးသည်။

ကျောင်းအုပ်ထံမှလည်း အမြန်ဆုံးပင် စာပြန်ရေးသည်။ အခုလို စုံစမ်းမေးမြန်းသည့်အတွက် ကျေးဇူးတင်ကြောင်း၊ ကျောင်း၏ ပညာသင်နှစ်မှာ နောက်ဆယ်ရက် ကြာလျှင် စလိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြထားပြီး ကျောင်းလခနှင့် အဆောင်စရိတ်မှ အစ ကျောင်း၏ အခြေအနေအရပ်ရပ်ကို ဖော်ပြထားသော လမ်းညွှန်စာအုပ်ကိုပါ ပေးပို့လိုက်သည်။

လူစီသည် ပေးပို့လိုက်သည့် စာအုပ်ကို စိတ်ဝင်တစား ဖတ်ကြည့်သည်။ 'ကက်သလစ်ဘာသာဝင် လူကြီးလူကောင်းသားများအတွက် ဖွင့်လှစ်ထားပြီး ဖြစ်ကြောင်း၊ ယပ်ဖ်တောင်းမြို့၏ ဆင်ခြေဖုံးတောပိုင်းဒေသ၌ တည်ရှိကြောင်း' စသည်ဖြင့် ရေးသားထားသည်ကို တွေ့ရ၏။ အဆုံးတွင် အစားအစာ ကောင်းမွန်စွာ ကျွေးမွေးကြောင်း၊ ဆရာဖြစ်သော ဆရာသမားများ ကလည်း ကျောင်းသား များ နှင့် တရင်းတနှီး ဆက်ဆံကြောင်း၊ အထူးသဖြင့် အားကစားနှင့် အပန်းဖြေ လုပ်ငန်းများတွင် ကျောင်းသားများနှင့် လက်တွဲ၍ ဆောင်ရွက်ကြကြောင်း' ဖော်ပြထားသည်။

လူစီကတော့ စာအုပ်ကိုဖတ်ပြီး သဘောကျသည်။ စာအုပ်ထဲတွင်ပါသည့် ဓာတ်ပုံများကို အသေအချာ ကြည့်သည်။ 'ကျောင်းတင်ဆရာအဖွဲ့၊ ကျောင်းသံစုံတီးဝိုင်းအဖွဲ့၊ ကျောင်းဓမ္မတေးအဖွဲ့၊ ကျောင်းအနုပညာနှင့်ပြဇာတ် အဖွဲ့' စသည် စသည်များကို မြင်ရသည်။

ပီတာသည် သူ့မိခင်နှင့်ခွဲ၍ ထိုကျောင်းသို့ သွားလိုစိတ် များစွာပြင်းထန်လျက် ရှိသည်။ လွန်ခဲ့သောရက်အနည်းငယ် အတွင်း သူ့မိခင်၏ အပွေ့အဖက် အယုအယများကြားတွင် ငိုကြွေးနေခဲ့သော ပီတာသည် အခုကျတော့ သူ့အား ပွေ့ဖက်ယုယခဲ့သော လက်များကို စွန့်ခွာသွားရန် ဆန္ဒရှိနေလေပြီ။ သူ့အနေဖြင့် စာအုပ်ထဲ၌ မြင်တွေ့နေရသည့် ဘင်ခရာအဖွဲ့၊ တီးဝိုင်းအဖွဲ့ စသည် စသည်များတွင် ပါဝင်လိုစိတ်သည် ပြင်းပြလျက်ရှိနေလေပြီ။ လူစီကတော့ သူ့သား၏ နှုတ်မှ 'သား မသွားချင်ဘူး မေမေ၊ သား မေမေနဲ့ မခွဲနိုင်ဘူး' ဟူသော စကားများကိုသာ ကြားလို၏။ သို့သော်လည်း ပီတာ့ထံမှ ထိုစကားမျိုး ထွက်မလာ။ ကျောင်းသစ်

www.burmeseclassic.com

www.burmeseclassic.com

သို့သွားမည်တွေသော စိတ်ကူးသစ်ဖြင့် ခုန်ပေါက်မြူးတူး လျက်ရှိလေသည်။

သူ့အတွက် အဝတ်သစ်များဝယ်ယူရမည့်ကိစ္စသည် လူစီ့ အတွက် ကြေကွဲစရာတစ်ခု ဖြစ်နေသော်လည်း ပီတာ့အဖို့ တော့ ပျော်စရာတစ်ခု ဖြစ်နေသည်။ သူတို့သည် ထုံးစံ အတိုင်း 'ဂိုးစတိုးဆိုင်' သို့ သွားကြသည်။ ဂိုးကလည်း ဖရန့်၏ အဖြစ်ကို သိနေသဖြင့် သုံးသျှိလင် အထိ လျှော့ယူသည်။ လူစီ့အဖို့ကတော့ ဈေးဝယ်ရသည်မှာ ဝမ်းနည်းစရာ၊ ပီတာ့ အဖို့ကတော့ ပျော်ရွှင်မြူးတူးစရာ။

အိမ်ပြန်ရောက်သည့်အခါ ပီဘာသည် ဝယ်လာသည့် အဝတ်များကိုဝတ်ကာ မှန်ရှေ့မှမခွာ။ လူစီတလည်း သူ့သား အဖြစ်ကိုကြည့်ကာ ဝမ်းသာမဆုံး။ ရင်ထဲကမချိသော်လည်း ပီတိကတော့ဖြစ်သည်။ ခုန်ပေါက်မြူးထူးနေသော သား ကိုကြည့်ကာ မပြုံးဘဲ မရယ်ဘဲမနေနိုင်။

ကျောင်းဖွင့်ရက်သည် မြန်ဆန်လွန်းလှ၏။ သားအမိ နှစ် ယောက် ကြာကြာပင် မနေလိုက်ရဟု ထင်ရသည်။ ကျောင်း သို့ သွားရမည့်နေ့တွင် လူစီတို့သားအမိသည် အငှားမြင်း ရထားဖြင့် ဘူတာသို့ဆင်းကြသည်။ မစ္စဟော့ဆင်းသည် အိမ်တိုင်ယာရောက် လာနှုတ်ဆက်သည်။ လူစီ့အဖို့ ဤခရီး သည် ဝမ်းနည်းစရာလည်းကောင်းသည်။ ဂုဏ်ယူစရာလည်း ဖြစ်သည်။ သားဖြစ်သူ ရပ်ဝေးတစ်နေရာမှ ကျောင်းသို့ ကျောင်းအိပ်ကျောင်းစား သွားရခြင်းသည် ဂုဏ်သိက္ခာမြင့် မားလှသည်ဖြစ်ရာ သူ၏စိတ်ထိခိုက်မှုကိုပင် မေ့ပျောက်သွား သလို ဖြစ်ခဲ့ရ၏။



လူစီ့ဆုံးဖြတ်ချက်သည် ယခင်ကထက်တိုး၍ ခိုင်မာလာ ခဲ့ပြီး သူ့သားအတွက် သူ့မှာ ဂုဏ်လည်းတက်ရ၏။ မာနို လည်းတက်ရ၏။ သားအပေါ် ချစ်ခြင်းမေတ္တာသည်လည်း တက်ရ၏။ ဤအတွက်ကြောင့်လည်း သူ့ဆုံးဖြတ်ချက် ခိုင်မာလာရခြင်း ဖြစ်သည်။

အတိတ်သည် အတိတ်သာဖြစ်၍၊ အတိတ်ကို ပြန်၍သတိ ရခြင်း၊ စဉ်းစားတွေးတောခြင်း၊ စိတ်ဆင်းရဲခြင်း စသည် များကို လုပ်နေရန်မလို။ ရှေ့အဖို့ သူဘာလုပ်လုပ်အောင်မြင် ရမည်။ သူ့သားပီတာသည်လည်း အောင်မြင်ရမည်။ ပီတာ၏ အောင်မြင်မှုသည် သူ့အောင်မြင်မှုဖြစ်၍၊ သူ့အောင်မြင်မှု သည် ပီတာ၏အောင်မြင်မှုသာဖြစ်၏။ ထို့ကြောင့် သူတို့ သားအမိသည် အောင်မြင်မှုကို မရ ရအောင်ယူကြရမည်။

မွန်းလွဲပိုင်းတွင် သူတို့မီးရထားသည် လပ်ဖ်တောင်းသို့ ဆိုက်ရောက်သည်။ ဘူတာတွင်းသို့ မီးရထားဆိုက်သည့်အခါ လူစီသည် မျက်ရည်များဖြင့် စိုရွှဲနေသော လက်ကိုင်ပုဝါ ဖြင့် သူ့သား၏ ပါးမှ ပေရေနေသည့်မုန့်များကို သုတ်ပေး သည်။ သူတို့အား အကြိုထောက်မည့်လူ တစ်ယောက်တော့ ရောက်လာလိမ့်မည်ဟု လူစီမျှော်လင့်ထားသည်။ သို့သော် လည်း ဈေးကြီးနေ့ဖြစ်၍ ဘူတာထဲတွင် လယ်သမားများ၊ လယ်ယာထွက်ပစ္စည်းများဖြင့် ပြည့်ကျပ်နေသည်။ သူတို့ အား လာကြိုသည့် ဟန်အမူအရာရှိသော မျက်နှာထားနှင့် လူမျိုးကို မျက်စိရှာသော်လည်း မမြင်ရ။ ခေါက်ရိုးပင် မကျိုးသေးသော ဝတ်စုံကို ဝတ်ထားသည့်ပီတာသည် ပလက် ဖောင်းပေါ်၌ချထားသည့် သေတ္တာဘေး၌ရပ်ကာ ခရီးသည် များကို မျှော်ကြည့်လျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် ဘူတာရုံအလုပ်သမားတစ်ဦးထံ ချဉ်းကပ်ပြီး မေးသည်။ ချေချင်းဖြေကြားခြင်းမရှိ။ ဘယ်နေရာ ကျောင်းရှိသည်ကိုပင် ရေရေရာရာမသိ။ ဘူတာရုံထဲတွင် ရှိနေသည့် နွားမများ၏အော်သံသည် ဆူညံလျက်ရှိသည်။ သိုးများနှင့် ဆိတ်များ၏အော်သံများမှာလည်း သောသော ညံလျက်ရှိ၏။ ဤမျှလောက် ဆူညံလှုပ်ရှားနေသော လူများ နှင့် တိရစ္ဆာန်များကြားတွင် လူစီတို့သားအမိသည် ယောင် လည်လည်ဖြစ်ကာ များစွာ စိတ်ရှုပ်ထွေးလျက် ရှိကြရသည်။

နောက်ဆုံးတွင် မြင်းရထားတစ်စီး ငှားလို့ရသည်။ မြင်း ရထားသည် ကျောက်ခင်းလမ်းများပေါ်တွင် တစ်လမ်းဝင် တစ်လမ်းထွက် မွေ့လျားလျက်ရှိ၏။ မြင်းခွာသံ တဖြောင်း ဖြောင်းသည် လမ်းမပေါ်တွင် ပဲ့တင်ထပ်လျက်ရှိသည်။ ဘယ်ဆိုင်ကိုပဲကြည့်ကြည့် လယ်ယာထွက်ကုန်ပစ္စည်း များနှင့် သာ ပြည့်နေသည်။ ဘေးဝဲယာ ပလက်ဖောင်းများပေါ် တွင် အာလူးအိတ်များသည် တောင်ပုံရာပုံ။ ဈေးထဲရှိ စား သောက်ဆိုင်များတွင် ပျားပန်း ခပ်မျှ ဝင်ထွက်သွားလာနေ ကြသည့် တောသူတောင်သား လယ်သမား ယာသမားများ။

နောက်ဆုံးတွင် မြင်းရထားသည် ကျောင်းသို့ရောက်သည်။ လူစီအဖို့တော့ များစွာမှပင် စိတ်လက်ပေါ့ပါးသွားသည်။ ကျောင်းအဆောက်အဦးများသည် တစ်ခံ့တစ်ညား ရှိလှ ပါ၏။ ဤမြင်ကွင်းသည် သူ့အတွက် ဂုဏ်တက်စရာ ဖြစ်ရပြန်သည်။ လူစီတို့အား ကျောင်းစေ တစ်ယောက်က တံခါးဖွင့်ပေးပြီး ဆီးကြိုသည်။

'ဒီဘက်ကိုကြွပါ မဒမ်' ဟု ပြောကာ အရောင်တဖိတ်ဖိတ် တောက်နေသည့် စင်္ကြံလမ်းအတိုင်းခေါ်သွားပြီး ဧည့်ခန်း



လေးတစ်ခန်းထဲသို့ ပို့ပေးကာ ထိုင်ခိုင်းသည်။ အခန်းထဲရှိ အပြင်အဆင် အခင်းအကျင်းသည် စနစ်ကျသည်။ သပ်ရပ် သန့်ရှင်းလှသည်။ ခဏတစ်ခဏမျှအကြာတွင် အဘိုးအိုတစ် ယောက် အခန်းတွင်းသို့ ဝင်လာသည်။

'ဘရာသာဝီလျံ ဆိုတာ ကျုပ်ပါပဲ' ဟု ပြောကာ လူစီ၏ လက်ကို ဆွဲ၍ နှုတ်ဆက်သည်။ 'ဒီကျောင်းမှာ ကျောင်းအုပ် ကြီးပါ'

ခေါင်းတွင် ကက်ဦးထုပ်ဆန်းကလေး ဆောင်းထား သည်။ အသက်ကြီးပြီဖြစ်၍ ပါးနှစ်ဖက်သည် တွဲကျနေကြ သည်။ လက်ပြင်ကုန်းပြီး ခါးကိုင်းသည်။ လမ်းလျှောက် သည့်အခါ သူ့လက်ပြင်သည် ပိုကုန်းသည်ဟုထင်ရ၏။ သူ့ မျက်နှာသည် အသိဉာဏ်နှင့် ပြည့်စုံပြီး ကြင်နာသနားတတ် သည့် အရိပ်လက္ခဏာများ ပေါ်ပြူလျက်ရှိလေသည်။

'ဘရာသာဝီလျံ ဆိုတာ ကျုပ်ပါပဲ.... ဟု အဘိုးအို က ကုလားထိုင်တွင်ဝင်ထိုင်ရင်း ပြောသည်။ ပြီးတော့ ခေါင်း တစ်ချက်ဆတ်ကာ ပြုံး၍ နှုတ်ဆက်သည်။ သူ့အပြုံးကို မြင် လိုက်ရသောအခါ လူစီသည် ဘရာသာဝီလျံ၏ အသက်ကို သတိမရတော့ပေ။ ခင်မင်နှစ်လိုဖွယ်ရာ လူတစ်ယောက်ဟု ချက်ချင်းသိလိုက်သည်။

'မင်း ကျောင်းဝင်းထဲမှာ ခဏတစ်ဖြုတ် လမ်းလျှောက် ပြီး ကျောင်းသားတွေ ဘာလုပ်နေကြသလဲ ကြည့်ချင်သလား' ဟု ဘရာသာဝီလျံက ပီတာအား ပြော သည်။ စားပွဲပေါ်မှ ခေါင်းလောင်းကလေးကိုယူ၍ တစ် ချက်မျှ တီးလိုက်သည်။ ချက်ချင်းပင် အခန်းထဲသို့ ဘရာသား ခပ်ငယ်ငယ်တစ်ယောက် ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘရာသာ အလှိုင်းဆီးယပ်စ်ရေ၊ ဟောဒီ သူငယ်ကို ခေါ်သွားပြီး ကျောင်းထဲ လိုက်ပြပေးလိုက်ပါ၊ မင်းဆော မကြောက်ပါနဲ့၊ လိုက်သွားပါ၊ မင့်အမေ မပြန်သေးပါဘူး'

ပီတာသည် ချက်ချင်းပင် ဘရာသာအလှိုင်းဆီးယပ်စ်၏ လက်ကိုဆွဲကာ လိုက်ပါသွားသည်။ သူ့ မျက်နှာထားသည် ကြောက်ရွံ့ထိတ်လန့်ခြင်းကို မဖော်ပြ၊ စိတ်လက်ကြည်လင် ပေါ့ပါးနေဟန်သာ ရှိသည်။

'ချစ်စရာကောင်းတဲ့ သူငယ်လေးပဲ'ဟု ကျောင်းအုပ်ကြီးက မှတ်ချက်ချသည်။ 'ထက်မြက်မယ့်ပုံလဲ ရှိတယ်၊ စိတ်ထိခိုက် လှုပ်ရှားလွယ်မယ့် ပုံလဲပေါက်တယ်'

ဤစကားသည် ကျောင်းလာအပ်သည့် မိခင်တိုင်းအား သူပြောနေကျစကား ဖြစ်၏။ ကျောင်းလာအပ်သူသည် ဖခင် ဖြစ်ပါမူကား 'ယောကျ်ားပီသမယ့် သူငယ်ပဲ'ဟုပြောတတ်၏။ ဤသို့ဖြင့် သူ့အား မိခင်များက အလွန် သဘောကောင်း သည့်အဘိုးကြီးတစ်ယောက်ဟု အသိအမှတ်ပြုသွားကြသည်။ အခုလည်း လူစီသည် အများမှတ်ချက်ချသလိုပင် စိတ်ထဲက ကြိတ်၍ သဘောကောင်းရှာသည်ဟုမှတ်ချက်ချကာ ကျေးဇူး တင်မိသည်။

'ခရီးဝေးကလာတာဆိုတော့ ကိတ်မုန့်လေး တစ်ခုနဲ့ ဝိုင် လေးတစ်ခွက်လောက် သောက်လိုက်ရင် ကောင်းမယ်လို့ ထင်တယ်'ဟု ဘရာသာဝီလျံကပြောသည်။ လူစီ ကလည်း 'ကောင်းပါတယ်'ဟု အလိုက်သင့်ပြန်ပြောသည်။ အဘိုးအို သည် သူ့ကိုယ်တိုင်ထသွားပြီး စင်ကလေးတစ်လုံးထက်မှ ဝိုင် တစ်ခွက်ငှဲ့ထည့်သည်။ ကိတ်မုန့်လေးတစ်လုံးကို ပန်းကန်ပြား တွင်ထည့်ကာ ယူလာပြီး လူစီ့ရှေ့ချပေးသည်။ 'ကလေးဆော



ကျောင်းရောက်ပြီး မကြာခင် ပျော်သွားမှာပါ....'ဟု ပြော သည်။

လူစီက ခေါင်းညိတ်သည်။ ကိတ်မုန့်ကိုယူစားသည်၊ သူ့ သားအား ခွဲထားခဲ့ရမည့်အရေးကို တွေးကာ ရင်ထဲတွင် ဆို့ လာသဖြင့် မုန့်ကိုမျိုချ၍ မရ။ စကား ပြောချင်သော်လည်း ပြောမထွက်၊ အချိန်အတန်ကြာမှ.... 'သူက သိပ်ငယ်သေး တယ်'ဟု ပြောထွက်သည်။ 'ကျွန်မက သူ့ ကျန်းမာရေး အတွက် စိတ်ပူတယ်'

'ကျုပ်တို့ကျောင်းမှာသူ့ ထက်ငယ်တဲ့ကလေးတွေ အများ ကြီးရှိနေပါတယ်'ဟု ပြောသည်။ 'အဝေးကြီးက လာနေ ကြတဲ့ကလေးတွေပါ၊ ကျုပ်ကိုယ်တိုင်က မိခင်လို စောင့် ရှောက်ထားပါတယ်'

လူစီသည် ဘာပြန်ပြောရမှန်းမသိဖြစ်ကာ ငြိမ်နေသည်။ သူသည် ပြောသင့် မပြောသင့် ချိန်ဆနေဟန်ရှိ၏။

'သားကို ဂရုစိုက်ပေးပါလို့ မှာချင်ပါတယ်၊ ကျွန်မမှာ ဒီသားလေးတစ်ယောက်ပဲ ရှိတာပါ'

ဘရာသာဝီလျံက လူစီ၏လက်မောင်းကို တယုတယပုတ် ကာ စိတ်ချပါဟု ကတိပေးသည်။ သူသည် လူစီ၏ အဝတ် နက်များကိုကြည့်နေသည်။

'မင့်မှာ မကြာသေးခင်ကမှ ချစ်ခင်ရင်းနှီးတဲ့ လူတစ်ဦး ဆုံးရှုံးခဲ့ပုံပေါ်တယ်'

'ဟုတ်ပါတယ်ရှင်'

'အခုထိ မင်းဝမ်းနည်းကြေကွဲနေတာကို ကျုပ်သတိထား မိပါတယ်၊ စိတ်မကောင်းပါဘူး'

www.burmeseclassic.com

www.burmeseclassic.com



လူစီ့မျက်လုံးများတွင် မျက်ရည်များ စို့လာသည်။ သူသည် နှုတ်မှအသံထွက်၍ အဖြေမပေးနိုင်၊ ခေါင်းကိုသာ ညိတ်ပြသည်။

'ဖြစ်မှ ဖြစ်ရပလေ...' ဟု ဘရာသာဝီလျံက ရေရွတ်သည်။

လူစီ၏ မျက်ရည်ပေါက်များသည် ပါးပြင်ထက်သို့ လိမ့်ဆင်းလာကြသည်။ ဘရာသာဝီလျံသည် လူစီ၏ လက်ကို အသာအယာဆုပ်ကိုင်ထားသည်။ လူစီ၏စိတ် ပြန်၍တည်ငြိမ်သွားသည့်အခါတွင်မှ ဘရာသာ ဝီလျံက သူ၏ ကျောင်းအကြောင်းကို ပြောပြသည်။ သူ ဘယ်လိုနည်းဖြင့် ဤကျောင်းသို့ရောက်လာသည်။ သူ ဤကျောင်း၌ နှစ်ပေါင်းလေးဆယ်မျှ ကြာခဲ့ပြီ စသည်များကိုလည်းကောင်း၊ မကြာမီ ကျောင်းအဆောက်အဦသစ်တစ်ခု တည်ဆောက်ရန် ရည်ရွယ်ထားကြောင်းကိုလည်းကောင်း ရှင်းပြသည်။

လူစီကလည်း စိတ်ဝင်တစား နားထောင်သည်။ ဤကျောင်းတွင် အမျိုးသမီးဟူ၍ တစ်ဦးမျှမရှိ၊ အမျိုးသမီးဆိုင်ရာ တာဝန်ဝတ္တရားများကို အသက်ကြီးလှပြီဖြစ်သော ဘရာသာ အာဒေါလ်ဖတ်စ်က တာဝန် ယူထားကြောင်း၊ ကျောင်းသားများ၏ ဘောင်းဘီ ကြယ်သီးများ ပြုတ်လျှင် ဘရာသာ အာဒေါလ်ဖတ်စ်ကပင် ပြန် တပ် ပေးရကြောင်း စသည်များကိုပါ လူစီ သိရသည်။

'ကျောင်းဖွင့်စ ပထမ ကာတွေအတွက် ကျောင်းလခကို ကျွန်မ တစ်ခါတည်း ပေးခဲ့ချင်ပါတယ်...' ဟု လူစီက ပြောကာ ပိုက်ဆံအိတ်ထဲမှ ငွေ ဆယ်တစ်ခေါင်ကို ထုတ်သည်။ အမှန်စေတော့ တာဝန်ယူထားသူ ဂျိုးကပေးရမည့်ငွေဖြစ်၏။



သို့သော်လည်း ဂျိုးနှင့်သူ လူချင်းမတွေ့သေး၊ သူ့အနေဖြင့် ကိုယ်တိုင်လာ၍ ကျောင်းအပ်ခြင်းဖြစ်၍ ပေးသင့်သည်များကို အခုတစ်ခါတည်း ပေးခဲ့ချင်သည်။ သူ စိုက်ပေးထားသောငွေကို နောက်ပိုင်းကျမှ ဂျိုးက ပေးလိမ့်မည်ဖြစ်၍ ပူစရာမလိုဟု သူတွက်ထားသည်။

ဘရာသာဝီလျံက ငွေကို လက်ခံသည်။ တံဆိပ်ခေါင်း ကပ်၍ လက်မှတ်ထိုးထားသော ငွေရပြေစာသည် လူစီ့လက်ထဲသို့ ရောက်သွားသည်။ လူစီ ထိုင်ရာမှထသည်။

'ဩြ...ကလေးကို နှုတ်ဆက်ရဦးမှာပဲ...' ဟု ဘရာသာ ဝီလျံကပြောကာ ခေါင်းလောင်းကိုတီးသည်။ သူသည် နောက်သို့လှည့်ကာ ပြတင်းပေါက်မှနေ၍ အပြင်သို့ မျော်ကြည့်နေသည်။ အလိုက်သိစွာ မျက်နှာလွှဲထားခြင်းပေတည်း။ လူစီကတော့ ပိုက်ဆံအိတ်ကိုပိုက်ကာ အခန်း တံခါးဆီသို့ ကြည့်နေသည်။ ခဏမျှအတွင်း ပီတာဝင်လာသည်။ အခြား ကျောင်းသားများနှင့်တွေ့ခဲ့ရသဖြင့် သူ့စိတ်သည် လှုပ်ရှားနေဆဲ။ လူစီသည် သူ့သားအား ဆီး၍ ပွေ့ဖက်ခြင်းမပြုတော့၊ ပွေ့ဖက်မိလျှင် စိတ်ယိုခိုက်ရဦးမည်၊ မျက်ရည်ကျမိဦးမည်။ သူသည် သား၏ပါးနှစ်ဘက်ကိုသာ တယုတယ နမ်း၍ နှုတ်ဆက်သည်။

'သား ပျော်သွားမှာပါ' ဟု လူစီက ပြောသည်။ 'သား ပျော်မယ်ထင်မလား'

'ပျော်ပါတယ် မေမေ၊ သားပျော်သွားမှာပါ' ဟု ပီတာ၏ အားတက်သရော ဖြေသည်။

လူစီသည် ဘရာသာဝီလျံအား နှုတ်ဆက်သည်။ ထို့နောက် ချာခနဲ ပြန်လှည့်ကာ အခန်းထဲမှ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်အပြန် ခရီးတစ်လျှောက်လုံး လူစီ၏ စိတ်သည် သူ့သားထံ၌သာ ရှိနေသည်။ သူ့သား၏ ချစ်စရာ ကောင်းသည့် မျက်နှာ၊ သူ့သား၏ ချစ်စရာကောင်းသည့် ပြောဟန်ဆိုဟန်နှင့် နေထိုင်လုပ်ကိုင်ပုံများ....။

အိမ်ပြန်ရောက်တော့လည်း အိမ်သည် တိတ်ဆိတ်ခြောက်သွေ့နေသည်။ ဟာလာဟင်းလင်း ဖြစ်နေသည်။ နက်တာ မရှိသည့်အတွက် ဝမ်းနည်းကြေကွဲစရာဖြစ်ရပြန်၏။ သူ့အနေဖြင့် နက်တာအား မထားလို၍ မဟုတ်။ နက်တာ ကိုယ်တိုင်ကလည်း မလွှဲမရှောင်သာသော အခြေအနေ တစ်ရပ်အဖြစ် လက်ခံပြီး ပြန်သွားခဲ့ခြင်းဖြစ်လေသည်။

အိမ်ထဲတွင် မီးလှုံစရာ မီး ဖိုပြီးသားမရှိ။ အစား အစာလည်း အဆင်သင့်မရှိ။ သူ့အနေဖြင့် စားချင်စိတ်လည်းမရှိ။ ချက်ချင် ပြုတ်ချင်စိတ်လည်း မရှိ။ သူသည် လက်ဖက်ရည် တစ်ခွက် ဖျော်ပြီးသောက်သည်။ ယခု တစ်လော လက်ဖက်ရည်သောက်တာများနေသည်ဟု သူတွေးမိသည်။ ညှိုးငယ်သောစိတ်သည် ဝင်လာသည်။ အဝင်ခံ၍မဖြစ်ဟု သူ တွေးမိသဖြင့် သူ့သားအတွက် လုပ်ပေးရမည့် အလုပ်များကို စဉ်းစားသည်။ သူ လုပ်ရမည့် အလုပ် အကြောင်းကို စဉ်းစားသည်။

သူသည် သူ့အလုပ်ကို တနင်္လာနေ့ မနက်တွင်စ၍ လုပ်ရတော့မည်။ တစ်ခါတစ်ရံကျတော့လည်း အတွေ့အကြုံမရှိဘဲ ဝင်ရမည့်အလုပ်အတွက် စိတ်ပူမိသည်။ တစ်ခါတလေကျတော့လည်း သူသည် သူလုပ်ရမည့်အလုပ်အတွက် အားတက်ခြင်းဖြစ်မိသည်။ ဘယ်လိုပဲဖြစ်ဖြစ် လုပ်စရာရှိသမျှကို



အောင်မြင်အောင်လုပ်မည်ဟုပင် သူ အဆုံးအဖြတ် ဆုံးဖြတ်လိုက်သည်။ သူသည် အထီးကျန် နိုင်လှသည့် အိမ်ထဲ၌မျှော်လင့်ချက်အသစ်ဖြင့် တစ်ယောက်တည်း အိပ်ရာဝင်ခဲ့ရလေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၄ )

‘အခု ခင်ဗျား ဘာလုပ်ရမယ်ဆိုတာ သိပြီလား....’ဟု အင်ဒရူး အမည်ရှိ အမျိုးသားက သူ့အား မယုံသင်္ကာ မျက်နှာထားဖြင့် ကြည့်၍ မေးသည်။

‘ကျွန်မ သိပါတယ်’ဟု လူစီက သူ့ကိုယ်သူ ယုံကြည်စိတ်ချစွာဖြင့် အဖြေပေးသည်။

အင်ဒရူး၏ စိတ်မချသေးသည့် အမူအရာဖြင့် လူစီအား ကြည့်နေဆဲ...။ အင်ဒရူးသည် လူဖလံသေးဖြစ်သည်။ အသက်မှာ လေးဆယ် ငါးဆယ်လွင်း အမွေး အမျှင် ခပ်ထူထူ နှုတ်ခမ်းမွေးကုပ်ကုပ်။

‘ဖောက်သည် နာမည်တွေကော ရပြီလား’

‘ရပါပြီ’



‘ဈေးနှုန်း တခုရင်းကော’

‘အလွတ်တောင် ရနေပါပြီ’

‘ကျွန်တော်ပြောတာတွေ အားလုံး မှတ်မိတယ်နော်’

လူစီက ခေါင်းညိတ်ပြသည်။ ‘တကယ်လို့ ဒီလောက်အသား ညက်ညက်လှတောင်မှ သူ့အလုပ်ကို လုပ်နိုင်ရင် ငါက ဘာပြုလို့ ငါ့အလုပ်ကို မလုပ်နိုင်ရမှာလဲ’ဟု တွေးကာ လူစီက သူ့ကိုယ်သူ အားပေးသည်။ သို့သော်လည်း မိမိကိုယ် မိမိ အပြည့်အဝ ယုံကြည်စိတ်ချခြင်းကတော့ မရှိသေး။

ထိုနေ့သည် လူစီ၏ကံကြမ္မာကို အဆုံးအဖြတ် ပေးမည့် တနင်္လာနေ့မနက် ဖြစ်သည်။ သူသည် နက်ပြာရောင်ဝတ်စုံကို သန့်ရှင်းသပ်ယပ်စွာ ဝတ်ဆင်ထားသည်။ အနက်ရောင်သည် ရုံးနှင့်မသင့်ဟုယူဆသဖြင့် အနက်ရောင်မဝတ်ဘဲ နက်ပြာရောင်ကို ရွေး၍ ဝယ်လာခဲ့ခြင်းဖြစ်၏။ သူသည် ရုံးထဲ၌ ရပ်ကာ မစ္စတာလင်းနော့စ် ရောက်အလာကို စောင့်မျှော်လျက်ရှိသည်။ လူစီ ရောက်လာသည်မှာ အလွန် စောနေသည်။ လင်းနော့စ်သည် နောက်ကျလျက်ရှိ၏။ ထိုအချိန်ကာလအတွင်း အင်ဒရူးနှင့် ဆုံကြသည်။ ထိုအခါ အင်ဒရူးက လူစီလုပ်ရမည့် အလုပ်နှင့် ပတ်သက်၍ စုံစမ်း မေးမြန်းခြင်းပြုသည်။

အင်ဒရူးသည် အတ္တအားကြီးသူတစ်ဦးဖြစ်၏။ သူသည် လူစီ၏အရေးကို စဉ်းစားသူမဟုတ်။ လူစီ၏ အောင်မြင်ရေးတွင်လည်း စိတ်ဝင်စားခြင်းမရှိ။ သူ့အတွက်သာ သူကြည့်သူ အရေးထားသူဖြစ်သည်။ ရထားသည့် ‘နေရာနှင့်အဆင့်တည်မြဲရေး’ ကိုသာ အလေးအနက်ပြုသူ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

လင်းနေ့ဘ်က ယခုအလုပ်တွင် လူစီ မအောင်မြင်ပါက သူ့အား လွှဲပေးမည်ဟု ပြောထားသည်ကိုလည်း သိထားသူ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ သူသည် ထိုအလုပ် အပေါ်၌ သိပ်ပြီး စိတ်ဝင်စားခြင်းမရှိ။ သူသည် ခရီးထွက်ရမည်ကို စိတ်ပျက်သူ ဖြစ်သည်။

သူသည် လက်ရှိအလုပ်တွင်သာ မြဲလိုသူဖြစ်သည်။ သူ့အိမ်သည် 'ဂဲလိုးဂိတ်ရပ်ကွက်' ကွင်း၌ တည်ရှိသည် ဖြစ်ရာ သူ့အလုပ်ရုံနှင့် အလွန်နီးသည်၊ နေ့ခင်းနေ့လယ် အိမ်ပြန်ပြီး အစားစားနိုင်သည်။ သို့သော်လည်း သူ့အနေဖြင့် လူစီအောင်မြင်မှုရလိမ့်မည် မဟုတ်ဟု ထင်သည်၊ မီးဖိုချောင်ထဲမှ အခုမှ ထွက်လာသည့် မိန်းမတစ်ယောက် အနေဖြင့် အပြင်လောက တွင် ဘာလုပ်နိုင်မည်နည်း။ သူသည် လူစီ့ အပေါ်တွင် အထင်အမြင်သေးသည်။ သူနှင့်အမြင်ချင်းတူနေသူမှာ ရုံးစေ 'ဖရိမ်း' ဖြစ်သည်။ ဖရိမ်းသည် သူ့စားပွဲ၌ထိုင်ကာ ယမ္မန် နေ့က စာများကို ဖိုင်တွဲနေရင်းက လူစီအား မကြာမကြာ လှမ်းကြည့်နေသည်။

ရုံးထဲ၌ မိန်းမတစ်ယောက် အခုလို လာရပ်နေခြင်းသည် သူ့မျက်စိထဲတွင် အထူးအဆန်းတစ်ခု ဖြစ်နေသည်။ သူ့စိတ်ထဲတွင် မသင့်တော်သည့် အလုပ်တစ်ခု ဟုလည်း ထင်နေသည်။ ဝတ်စားဆင်ယင်ပုံနှင့် ဆံပင်ဖြီးထားပုံကတော့ သပ်ရပ်သန့်စင်လှ၏။ မျက်နှာကလည်း အေးဆေးတည်ငြိမ်သော အသွင်ရှိ၏။

အင်ဒရူးသည် လူစီအား တစ်ချက်မျှ စိုက်ကြည့်လိုက်ပြီး 'အင်းပေါ့လေ' ဟု ရေရွတ်ကာ တစ်ဘက်သို့ ထွက်သွားရန်



တာစူလိုက်သည်။ 'ကျွန်တော်လဲ ဒီထက်ပိုပြီး လုပ်မပေးနိုင်ဘူး' ဟု ပြောသည်။

လူစီကတော့ ဘာမှပြန်မပြောဘဲ သူ့အနားမှ ထွက်ခွာသွားသော အင်ဒရူးအား နောက်မှ ရပ်ကြည့်နေသည်။ သူသည် ရုံးခန်းအနေအထားကို စိတ်ဝင်တစား ကြည့်နေမိသည်။ သူ့အနေဖြင့် 'ဖရန့်၏ရုံး' ကို များစွာ အထင်အမြင်ကြီးခဲ့သည်၊ စိတ်ကူးဖြင့် ခမ်းနားကြီးကျယ်သော နေရာတစ်နေရာအဖြစ် မြင်ခဲ့သည်။ သို့သော်လည်း အခုသူမြင်နေရသည်မှာ သူ ထင်သလောက် ခမ်းနားထည်ဝါခြင်းမရှိ။

အခန်းဟူ၍ နှစ်ခန်းမျှသာရှိ၍ တစ်ခန်းကို ရုံးခန်း လုပ်ထားပြီး အတွင်းဘက်မှ အခန်းကိုမူ 'သိုးသန့်အခန်း' ဟူသောစာတန်း ရေးထားသည်။ နှစ်ခန်းစလုံးသည် ဟောင်းနွမ်းအိုမင်းလှပြီး သန့်ရှင်းသပ်ရပ်မှု ဟူ၍ လုံးဝ မရှိပေ။ မှတင်းပေါက်များမှာ ပေါက်ပြဲနေကြသည်။ နံရံများမှာလည်း ညစ်ပတ်ပေရေလျက်ရှိ၏။ တစ်နေရာတွင် လူလွတ်နေသော စားပွဲတစ်လုံးရှိရာ ထိုစားပွဲသည် ဖရန့်၏စားပွဲ ဖြစ်လိမ့်မည်ဟုပင် သူယူဆသည်။

ရုံးအဝင်တွင် 'လင်းနေ့ဘ်နှင့် ဂယ်လ်ဘန်' ဟု ရေးထားသော ကြေးဝါဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲထားသည်၊ ဆိုင်းဘုတ်မှာ မတိုက်မချွတ်ဘဲ ပစ်ထားခြင်းခံရသဖြင့် အရောင်ပင် မထွက်တော့ပေ။ ဆိုင်းဘုတ်တစ်ခုလုံး ရေညှိများတက်ကာ စိမ်းရောင်သမ်းလျက်ရှိသည်။ ရုံးခန်း အဝင်တံခါး၏ ပတ္တာတစ်ခုသည် ပြုတ်လျက်ရှိ၏။ လင်းနေ့ဘ်သည် သူ့ကုမ္ပဏီ၏ ရုံးခန်းများအတွက် စရိတ်စက မဖြစ်စေလောက်သာ သုံးစွဲလျက်ရှိသည်မှာ ထင်ရှားလှပေသည်။

www.burmeseclassic.com

www.burmeseclassic.com

လူစီသည် ရှုံးဖေဖရိမ်းက သူ့အားကြည့်နေသည်ကို သတိထားမိလာသည်။ လူစီသည် ဂဲလ်ဖရိမ်းဟု ခေါ်သော ဤသူငယ်အား ကောင်းစွာသိသည်။ အသက်မှာ ဆယ့်လေးနှစ်ခန့်။ ဝတ်စားဆင်ယင်ပုံက မသေမသပ်။ ဆံပင်က ပွယောင်းယောင်း။ လက်တစ်ဘက်သည် ကလေးငတ်ကိုင်၍ ကျန်တစ်ဘက်သည် စီးကရက်လက်ကြားညှပ်ထားသည်။

ဖရိမ်း၏ ကြည့်ပုံရှုပုံသည် မိမိအားမနှစ်မြို့သည့် လက္ခဏာများဖော်ပြလျက် ရှိသည်ဟု လူစီက ထင်သည်။ ထိုသံသယဝင်လာသောလူစီသည် သူ၏ စိတ်လှုပ်ရှားမှုကို ငြိမ်သက်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် သူငယ်အား ပြန်ကြည့်ပြီး စကားပြောသည်။

'ရုံးခန်းတွေကို လုံးဝသန့်ရှင်းရေး မလုပ်ဘူးလား' ဟု မေးသည်။

ဖရိမ်းက ချက်ချင်းမဖြေဘဲ လူစီအား ပြန်ကြည့်နေသည်။ 'တစ်ခါတလေ လုပ်တယ်'ဟု တိုတိုတောင်းတောင်း ပြန်ဖြေကာ စာများကို ဖိုင်ဆက်တွဲနေသည်။

'မင်း မကြာမကြာ သန့်ရှင်းရေး လုပ်ပေးသင့်တယ်'ဟု လူစီက ပြောသည်။ 'အခုတော့ ရုံးခန်းက အရမ်းညစ်ပတ်တာပဲ'

'ကျွန်တော့်ကို လခပေးထားတာ သန့်ရှင်းရေး လုပ်ဖို့ မဟုတ်ဘူးဗျ'ဟု လူစီ့အား မော့်မကြည့်ဘဲ မာခကျာကျာလေသံဖြင့် ပြန်ပြောသည်။

တစ်ခဏမျှ ငြိမ်ဆိတ်သွားသည်။ ဤအခိုက်မှာပင် လှေကားမှ တက်လာသည့်ခြေသံ ကြားရသည်။



'မစ္စတာလင်းနေ့ဇ် လာပြီ'ဟု သူငယ်က ပြောသည်။ လူစီက တံခါးဆီသို့ လှည့်ကြည့်သည်။ လင်းနေ့ဇ်၏မျက်နှာထားသည် သူ့အိမ်သို့လာစဉ်က မျက်နှာထားမျိုး မဟုတ်။ ခပ်တင်းတင်း ခပ်မာမာဖြစ်၏။ သူ့အားမြင်လိုက်သည့်အခါ 'ဩော်...မင်း ရောက်နေပြီကိုး'ဟု ရေရွတ်သည်။

မပြောဟန်ဆိုယန်နှင့် လေသံသည် တစ်မျိုးဖြစ်နေသည်။ သူ့အား အလုပ်ပေးရေးအတွက် ကြိုးပမ်း၍ မပြောဆို စီစဉ်ထားခဲ့ပြီးဖြစ်၏။ လင်းနေ့ဇ်ကိုယ်တိုင်ကလည်း ပါးစပ်မှ ထုတ်ပြောခဲ့သည်မှာ လွန်ခဲ့သော သီတင်းပတ်အတွင်းက ဖြစ်၍ ကာမကြာသေးသည်မဟုတ်။ သို့ပါလျက်နှင့် ဘာ့ကြောင့် ဤလေသံမျိုးနှင့် ပြောရပါသနည်း။ သို့သော်လည်း လူစီသည် လင်းနေ့ဇ်ကျေနပ်မှုရှိစေရန် အားထုတ်၍ ပြုံးသည်။

'မစ္စတာအင်ဒရူးက ကျွန်မကို ဖိုးအပ်သမျှအားလုံး ပြောပြထားပြီးပါပြီ'ဟု လူစီ ပြောသည်။ 'ကျွန်မ အလုပ်လုပ်ဖို့ အဆင်သင့် ဖြစ်နေပါပြီ'

'ငါဟာ အရှုံးတစ်ကောင်ပဲ'ဟု လင်းနေ့ဇ်က စိတ်ပျက်သံဖြင့် ရေရွတ်သည်။ 'မင်းလုပ်လို့ဖြစ်မှာ မဟုတ်ပါဘူးကွာ'

'ဒီလိုတော့ မပြောပါနဲ့မစ္စတာလင်းနေ့ဇ်ရယ်'ဟု လူစီက သူ့မျက်နှာကို ချိုနိုင်သမျှ ချိုချိုထား၍ပြောသည်။

'အေးပေါ့လေ၊ သတိတော့ထားလုပ်၊ တစ်ပတ် အတွင်းမှာ ဘာမှဖြစ်မလာရင်တော့ ငါတာဝန်မယူဘူး'

'လင်းနေ့ဇ်သည် သူ့ကိုယ်သူ စိတ်ကူးယဉ် အရှုံးတစ်ယောက်ဟုပင် စိတ်ထဲက ကြိတ်၍သတ်မှတ်နေမိသည်။ မိန်းမတစ်ယောက်အား ဤအလုပ်မျိုးပေးမိသည်မှာ မှားလေ

www.burmeseclassic.com

www.burmeseclassic.com



ခြင်း။ ထစ်ချိန်က သူ့အိမ်တွင် လက်ဖက်ရည်သောက်ရင်း 'မင်းအလုပ်လိုချင်ရင် ငါ့ကိုပြောပါ'ဟု နှုတ်လွန်ခဲ့မိ၏။ အခု တော့ လှစီသည် ရုံးထဲရောက်နေပြီး အလုပ်ကို စလုပ်တော့ မည်ဟု ပြောနေပြီ။ သူလုပ်ပုံမဟုတ်၍ ခွတီးခွကျဖြစ်ရပြီ။

'မင်း လုပ်ပုံမဟုတ်လို့ ဖောက်သည်တစ်ယောက် ဆုံးသွား ရရင်တော့ မင်းဒီရုံးကိုလာပြီး မျက်နှာ ပြဖို့မလိုဘူး၊ သိလား'

'စိတ်ချပါ၊ အဲဒါဟာ ကျွန်မကိုယ်တိုင်ဟာ ဆုံးဖြတ်ပြီး သားပါ'ဟု လှစီက ချက်ချင်း အဖြေပေးသည်။

'ဟင်း....'ဟု လင်းနေ့ခစ်က စိတ်မရှည်သဖြင့် ရေရွတ် လိုက်ပြီး၊ အင်ဒရူးဘက်လှည့်၍ 'သူ ဘယ်ကိုသွားရမှာလဲ'ဟု မေးသည်။

'လင်တန်'ဟု အင်ဒရူးကပြောသည်။ ကျွန်တော် တတ် နိုင်သမျှတော့ သူ့ကိုပြောပြထားပြီးပြီ'

လင်းနေ့ခစ်သည် ခြေနှစ်ဖက်နှင့် ကားရှဲရပ်ကာ စိတ်ရှုပ် သည့် မျက်နှာထားဖြင့် ပြတင်းပေါက်အပြင်ကို မျှော်ကြည့် နေသည်။ ထို့နောက် သူ့အား ရပ်ကြည့်နေသော လှစီ့ ဘက်လှည့်၍ 'ကဲ....ကဲ.... မင်းက ဒီမှာ ဘာ့ကြောင့်ရပ်နေ ရတာလဲ'ဟု ဒေါသသံဖြင့်မေးသည်။ 'မင်းကို အခုလိုရပ်နေဖို့ လခပေးထားတာမဟုတ်ဘူး၊ သွား....သွား.... လုပ်စရာရှိတာ သွားလုပ်'

'ကျွန်မ ရှင့်ကို စောင့်နေတာပါ'ဟု လှစီက ပြန်ပြော သည်။ လင်းနေ့ခစ်၏ အပြုအမူကြောင့် လှစီ့စိတ်သည် စော စောထထက်ပို၍ ထိခိုက်နေသည်။ 'ကျွန်မ တွေးနေဟာက'

'မတွေးနဲ့၊ လုပ်'



လင်းနေ့ခစ်က သူ့စကားသူ သဘောကျတာပြုံးနေသည်၊ လှစီသည် ဒေါသထွက်နေသည့်မျက်နှာထားဖြင့် လင်းနေ့ခစ် အား စိုက်ကြည့်နေသည်။ သူ့ပါးစပ်မှ စကားတစ်လုံးမှ တောင်ထွက်မလာ။ သူသည် သူ့ဒေါသကိုထိန်းချုပ်ကာ စားပွဲပေါ်မှ စာအုပ်အသစ်နှင့် စာရွက်များကိုယူ၍ အခန်း ထဲမှ ထွက်သွားသည်။

သူ့စိတ်ထဲတွင် အစော်ကားခံရသည်ဟု ထင်ကာ စိတ် ဆိုးလျက်ရှိသည်၊ အလုပ်ကို ပြန်အပ်ပစ်လိုက်ချင်သော စိတ် ဖြစ်ပေါ်လျက်ရှိ၏၊ ထိုအခိုက်တွင် သူ့နောက်မှ ပြေးလိုက် လာသော ခြေသံများကြားရသဖြင့် ဖျတ်ခနဲ နောက်သို့လှည့် ကြည့်သည်၊ ဒူဂဲလ်ဖရိမ်းပေတည်း။

'ခင်ဗျား ခဲတံမေ့ထားခဲ့တယ်'ဟု ပြောသည်။

လှစီက ခဲတံကိုလှမ်းယူပြီး ဖရိမ်းအား ကြည့်နေသည်။ ဖရိမ်းကလည်း လှစီအား ပြန်ကြည့်နေသည်။

'ကျွန်တော် ခဲတံကိုချွန်လာခဲ့တယ်ဗျ'ဟု ပြောသည်။ ထို့နောက် သူ့နောက်သို့ လက်ညှိုးနှင့်ထိုးပြပြီး ထပ်ပြော သည်။ 'လင်းနေ့ခစ်ကို ဂရုစိုက်မနေနဲ့ဗျ၊ သူက တနင်းလာနေ့ မနက်ဆိုရင် ဒေါသကြီးနေတာပဲ၊ ခင်ဗျားအဆင်ပြေမှာပါ' ပြောပြောဆိုဆိုနှင့်ပင် ဖရိမ်းသည် ရုံးဘက်သို့ ပြန်ပြေးသွား သည်။

လှစီသည် ဖရိမ်း၏အပြုအမူကို အံ့အားသင့်ကာ တစ် ခဏမျှ ငိုင်နေမိသည်။ ထို့နောက် သူ့မျက်နှာသည် တဖြည်း ဖြည်း ပြုံးလာသည်။ သူသည် ချာခနဲလှည့်ကာ လှမ်းပေါ်သို့ လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com

သာယာကြည်လင်သော နံနက်ခင်းဖြစ်သည်။ မှုန်ကုတ်ကုတ် ညစ်ပတ်ပေရေနေသော ရုံးခန်းထဲမှ ကြည်လင်တောက်ပသော နေ၏အလင်းရောင်အောက်သို့ ရောက်သွားသည့်အခါ စိတ်သည် ပြန်လည်လန်းဆန်းလာသည်။ အားသစ်လည်း ဝင်လာသည်။ သူ့ပတ်ဝန်းကျင်သည်လည်း အသက်ဝင်လှုပ်ရှားလျက်ရှိ၏။ လမ်းပေါ်၌ သွားလာလှုပ်ရှားနေကြသည့် ခေတ်ရထားများ၊ မော်တော်ကားများနှင့် မြင်းရထားများ။

သူသည် လမ်းမကြီးတစ်ခုကို ဖြတ်ကူးကာ အာဂိလမ်းထဲသို့ဝင်လာခဲ့သည်။ ဤလမ်းထဲရှိ ပလက်ဖောင်းများ ပေါ်တွင် လူသွားလူလာလည်း ပို၍များပြားရှုပ်ထွေး လှသည်။ သူသည် ဘုရင်မ လမ်းဘူတာသို့ လူအများကြား မှ တိုးဝှေ့ဖြတ်သန်းလာခဲ့သည်။

ဘူတာထဲရောက်သည့်အခါ၊ လင်တန်သွား မီးရထားကို စီးရသည်။ ရထားသွားနေစဉ်အတွင်း သူစိတ်သည် မှုလဆုံးဖြတ်ချက်အပေါ် အခိုင်အမာရပ်တည်ရန် ထပ်မံဆုံးဖြတ်ပြန်သည်။ 'ငါ အတိတ်က ဖြစ်ပြီးခဲ့သမျှကို မေ့ပစ်ရမယ်။ ငါ့မှာ သားလေးဗီကာရှိနေတယ်၊ ငါ့အခုနဲ့ အနာဂတ်ဘဝ တိုးတက်မှုကိုသာ ကြည့်ရမယ်' စသည်ဖြင့် တွေးမိပြန်သည်။

လင်တန်မြို့သည် စည်ကားသော မြို့ငယ်တစ်မြို့ပင်ဖြစ်၏။ သင်္ဘော တည်ဆောက်ရေးလုပ်ငန်းရှိနေသဖြင့် ထုသံရိုက်သံများ အဆက်မပြတ်ကြားနေရသော နေရာဖြစ်သည်။ အလုပ်သမား အများအပြားရှိရာမြို့ဖြစ်၍ လူဝင်လူထွက်များပြားလှ၏။ အလွန်ကြီးမားသော ကရိန်းကြီးများ၊ လူ၏ခေါင်း



လုံးလောက်တုပ်သည့် သံကြိုးကြီးများကို မြင်တွေ့နေရ၏။ မြီးတော့ မီးခိုးငွေ့များ၊ ဂက်မောင်းသံများ ဥသြသံများ။

တိုက်လမ်းထောင့် အရောက်တွင် သင်္ဘောကျင်းဘက်သို့ သွားရာလမ်းသွယ်ကလေးကို တွေ့သည်။ သူသည် ထိုလမ်းသွယ်အတိုင်း လိုက်သွားသည်။ သူပထမဆုံးဝင်ရသည့် နေရာမှာ 'ပေါင်မုန့်ဆိုင်' ဖြစ်သည်။ ဆိုင်၏ ပြတင်းပေါက်ကပေါ်တက်တွင် 'ဒန်ဟားတော့တောလ်နှင့်တူ' ဟူသော ဆိုင်းဘုတ်ပေါ်စ်ခု ချိတ်ထားသည်။ လူစီသည် ဆိုင်ထဲရှိ ကောင်တာနောက်၌ ရပ်နေသော လူတစ်ယောက်ကို မြင်သည်။ တူလား၊ ဒန်ကိုယ်တိုင်လား၊ ဒါကိုတော့ သူ ခွဲခြားရ၍မသိ။ သူသည် ဆိုင်ထဲသို့ ဝင်လာခဲ့လေသည်။

'မင်္ဂလာနံနက်ခင်းပါ မစ္စတာဟားတော့တောလ်' ဟု လူစီက နှုတ်ဆက်သည်။ 'ကျွန်မ လင်းနေ့ဝစ် ကုမ္ပဏီကပါ ဒီနေ့ ပစ္စည်းထမ်မှာဖို့ရှိပါသေးသလား ရှင်'

'ပစ္စည်းထပ်မှာဖို့လား' ဟု မစ္စတာဟားတော့တောလ်က သံယောင်လိုက်ပြီး ရေရွတ်သည်။ သူသည် မနက်လေးနာရီထိုးကတည်းက မြေအောက်ထပ် မုန့်ဖိုအတွင်း၌ ချွေးတစ်လုံးလုံးနှင့် မုန့်ဖုတ်နေခဲ့ရသူဖြစ်၏။ အခုမှ အပေါ်တက်ပြီး သူသည် မနက်စာစားနေခိုက် ကောင်တာတွင် ခဏထိုင်ပြီး အမောဖြေနေခြင်းဖြစ်ရာ လူစီအား စိတ်ရှုပ်နေသည့် မျက်နှာထားဖြင့် ကြည့်နေသည်။

လူစီအနေဘာ့ သူ့မှတ်စုစာအုပ်ကို ဖွင့်လိုက်သည်။ 'နောက်ပိုင်းမှာ ဒီဆိုင်ကို ကျွန်မပဲ လာရမှာပါ' ဟု လူစီက ပြောသည်။ 'ကျွန်မက ကျွန်မရဲ့ ယောက်ျားရဲ့နေရာကို ဝင်ရတာပါ—'

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာထာဘော့တောလ်သည် လူစီအား စူးစူးရဲရဲကြည့်နေသည်။ ထို့နောက် 'အေး....အေး၊ မင့်ယောကျ်ားဟုတ်ပြီ—ဟုတ်ပြီ၊ သူ့အလုပ်ကို မင်းရတယ်ပေါ့၊ ကောင်းတယ်—ကောင်းတယ်၊ ငါ့ဆိုင်ကို ခါတိုင်းပို့နေကျအတိုင်း ပို့ပေးပါ'ဟု ပြောသည်။

လူစီက ချက်ချင်း သူ့စာအုပ်ထဲ၌ ရေးမှတ်လိုက်သည်။ 'မာဂျရင်း (ထောပတ်တု)ကော ယူဦးမလား' ဟု လူစီက မေးသည်။ မာဂျရင်းကို ဆယ့်လေးနဲ့ ပေးနိုင်ဖို့ ရှိပါတယ်၊ သူလဲကောင်းတာပါပဲ'

'အင်း....အဲဒါရောင်းပြီဆိုရင်လဲ မာဂျရင်းစည် တစ်ဝက်တော့ ပို့ပေးပေါ့'ဟု ပြောသည်။

လူစီ အမှာစာရေးသွင်းနေသော လက်ချောင်းများသည် တုန်ယင်နေကြသည်။ ရေးပြီးသွားသည့်အခါ ကျေးဇူးတင်စကားပြောကာ ပြုံး၍နှုတ်ဆက်ပြီး ဆိုင်ထဲမှထွက်လာခဲ့သည်။ မစ္စတာထာဘော့တောလ်သည် ငိုက်ချင်မူးတူး မျက်လုံးအစုံဖြင့် လူစီအားကြည့်၍ ကျန်ရစ်ခဲ့လေသည်။

ဆိုင်ပြင်ဘက် ရောက်သည့်အခါ လူစီသည် ခဏမျှရပ်ကာ အမောဖြေသည်။ သူသည် ဝမ်းသာလုံးဆို့ကာ စိတ်လှုပ်ရှားလျက်ရှိ၏။ သူ့အကြံပြုချက်သည် အောင်မြင်မှုရခဲ့ပြီ၊ အစကောင်းသည်ဟု ဆိုရမည်ဖြစ်၏။ သူသည် သူ့စိတ်ကို ပြန်လည်တည်ငြိမ်အောင် ကြိုးစားကာ နောက်တစ်ဦးဆီသို့ ခရီးဆက်ခဲ့သည်။

စိတ်အားတက်နေပြီ ဖြစ်သော လူစီသည် မြို့ထဲတွင် ငွေ့ကောင်းကောင်းနှင့် တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်ကာ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်သည်။ တစ်ခါတစ်ရံ ဆိုင်ရှင်မရှိသည့်အခါ စိတ်ရှည်ရှည်ဖြင့် စောင့်ရသည်။ တစ်ခါတစ်ရံတွင်မူ စိတ်မရှည်သော ဆိုင်ရှင်နှင့် တွေ့ရတတ်ပြီး တစ်ခါတစ်ရံတွင် အမေးအမြန်းအလွန်ထူပြီး စပ်စုတတ်သော ဆိုင်ရှင်နှင့် ရင်ဆိုင်ရတတ်၏။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ဘက်ကတော့ စိတ်ရှည်ရှည်ထားပြီး သည်းခံရသည်။

ဆိုင်တိုင်းတွင် အောင်မြင်မှုရသည်တော့ မဟုတ်။ တချို့ဆိုင်တွင် သူ့ဘက်က အရှုံးပေးခဲ့ရသည်များ ရှိသည်။ မည်သို့ပင်ဖြစ်စေ၊ လုပ်ငန်းအစသည် အောင်မြင်မှုက များသည်။ တကယ်တော့ ဖရန့်မကြာခဏ ပြောခဲ့ဖူးသလိုပင် လင်းနေ့စ်နာမည်ရှိထားသော ကုမ္ပဏီတစ်ခုဖြစ်ရာ သူ့ကုမ္ပဏီမှပစ္စည်းများသည် လူကြိုက် များပြီးသားဖြစ်သဖြင့် အထူး အားမထုတ်ရဘဲ အရောင်းရ တွင်ကျယ်သည်။ လူစီအဖို့တော့ ယနေ့ရရှိခဲ့သော အောင်မြင်မှု အတွက် သူ့ကိုယ်သူ ယုံကြည်မှု တိုးတက်ခိုင်မာလာခဲ့လေသည်။

နောက်ဆုံး ဖောက်သည်ဆိုင်မှ ထွက်အလာတွင် လူစီသည် သူ၏အိတ်ဆောင်နာရီကို ထုတ်ကြည့်သည်။ သုံးနာရီပင်ထိုးနေလေပြီ။ သူ၏အောင်မြင်မှုအတွက် ဝမ်းသာလုံး ဆို့နေသောလူစီသည် အခုမှပင် ဆာလောင်လာသည်။ ပတ်ဝန်းကျင်ကို လှည့်ကြည့်သည်၊ စားသောက်ဆိုင်ကလေး တစ်ဆိုင်ကိုမြင်သဖြင့် လမ်းကိုဖြတ်ကူးပြီး ဝင်ခဲ့သည်။ သန့်ပြန့်သပ်ရပ်သည့်ဆိုင်ကလေး ဖြစ်၏။ အခုလိုအချိန်တွင် ဆိုင်ထဲ၌ လူများများစားစား မရှိ။

လူစီသည် စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး အသား ညှပ်ပေါင်မုန့်တစ်ချပ်နှင့် နွားနို့တစ်ဖန်ခွက် မှာသည်။ သူသည် စိတ်ကို အေးအေးဆေးဆေးထားကာ စားစရာကို

www.burmeseclassic.com

www.burmeseclassic.com



စားသည်။ နွားနို့ကို ဖြည်းဖြည်းချင်း သောက်သည်။ တိတ်ဆိတ်နေသော အခန်းထဲရှိ မျက်နှာကျက်ဆီမှ ယင်ကောင်ပျံသံများ ကြားနေရ၏။

စားသောက်ပြီးသည်နှင့် ဇာင်ပြိုင်နက် လူစီသည် ဆိုင်ထဲမှ ပြန်ထွက်လာ၍ ရုံးဘက်သို့ ပြန်လျှောက်လာခဲ့သည်။ ရုံးထဲဝင်သွားသည့်အခါ တိတ်ဆိတ် ငြိမ်သက်လျက် ရှိသည်ကို တွေ့ရ၏။ ယနေ့မနက် သူ အရှက်ခွဲခံရသည့်အဖြစ်ကို သတိရနေမိသည်။ လင်းနေ့စ်ရှေ့ ရောက်သည့်အခါ သူသည် စလားတစ်ခွန်းမှမပြောတော့ဘဲ ငြိမ်ဆိတ်စွာ ရပ်နေသည်။

'ကဲ…ဘယ့်နှယ်လဲ' ဟု လင်းနေ့စ်က လူစီ့ မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး မေးသည်။ 'အခြေအနေ ဘယ်လိုရှိသလဲ'

လူစီက လက်ထဲမှစာအုပ်ကို လှမ်းပေးလိုက်သည်။ လင်းနေ့စ်သည် စာအုပ်ကိုယူပြီး ကြည့်နေသည်။ မနီးမဝေးရှိနေသည့် အာနဒ္ဒါးနှင့် ဖရိမ်းတို့သည် စိတ်ဝင်စားဖွယ် နားစွင့်နေကြသည်။ လင်းနေ့စ်သည် စာအုပ်ကိုခဏတစ်ဖြုတ်ကြည့်နေရာမှ ပြန်ချထားလိုက်သည်။

'မဆိုးပါဘူး' ဟု ရေရွတ်သည်။ သူ့အသံသည် မနက်ကနှင့်မတူ။ သူသည် မုတ်ဆိတ်ကို အသာအယာဆွဲကာ လူစီအား ကြည့်ပြီး ပြုံးသည်။ 'အလုပ်က အစပဲရှိသေးတာပဲ၊ လုပ်စမှာ ဒီလောက်ရတယ်ဆိုရင် သိပ်မဆိုးပါဘူး' ဟု ထပ်ပြောသည်။

'လုပ်စမှာ ဒီလောက်ဆိုရင် မဆိုးပါဘူး' ဟု သူက ပြောသည်။ အမှန်တော့ လူစီလုပ်လာခဲ့သည်မှာ များစွာထိရောက်အောင်မြင်သည်ကို လင်းနေ့စ်သိသည်။ လူစီ ကိုယ်တိုင်ကလည်း သူလုပ်လာသည့်အလုပ်၏ အောင်မြင်မှု ပမာဏကို ကောင်းစွာ သိထားသည်။

လင်းနေ့စ်သည် စာအုပ်ကိုကောက်၍ ကောက်ယူပြီး ကြည့်ပြန်သည်။ 'သူတို့လိုချင်တာက ပထမတန်းစားတွေချည်းပဲနော် ဟုတ်လား' ဟု ထပ်မေးသည်။

'ဟုတ်ပါတယ်၊ ပထမတန်းစား တွေပါ၊ ကစ်စည်ကို ဆယ့်ရှစ်သျှီလင်နှုန်းပေးရတဲ့ အမျိုးအစားထဲကပါ' ဟု လူစီက ပြန်ပြောသည်။

လင်းနေ့စ်က နောက်တစ်ကြိမ် ပြုံးပြန်သည်။ လူစီ၏ အရည်အသွေးကို ပို၍ အသိအမှတ်ပြုသည့် အရိပ်လက္ခဏာများကို အစုအရုံဖြင့် ဖော်ပြနေသည်။ လူစီအားသူသိခဲ့သည်မှာ ကြာပြီ။ လူစီ့အကြောင်း သူကောင်းကောင်းကြီး သိသည်။

လူစီသည် ဘာကိုပဲလုပ်လုပ် စနစ်တကျနှင့် သေသေသပ်သပ်လုပ်တတ်သူ ဖြစ်၏။ မိမိ၏အဆုံးအဖြတ်သည် ဘယ်တော့မှ မှားသည်မရှိ၊ အမြဲတစေ မှန်ကန်သည်ချည်းဖြစ်၏။ အခုလည်း လူစီ့အပေါ် သူ၏ဆုံးဖြတ်သည် မမှား။

'ဟုတ်တယ်၊ မင်းလုပ်တာ တော်တော်လေး ကောင်းပါတယ်' ဟု လင်းနေ့စ်က ရေရွတ်သည်။ သူသည် လေကလေး အချွန်ချွန်ဖြင့် အတွင်းခန်းသဲသို့ ဝင်သွားသည်။

လူစီက ကျန်လူနှစ်ယောက်အား လှည့်ကြည့်သည်။ ဒုဂဲလ်ရှိမ်းက သူ့အား အပြုံးနှင့် တုံ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျား ငွေစာရင်းကို ဒီမှာလာပြီးလုပ်ပါ'ဟု သူ့စားပွဲကို လက်ညှိုးထိုးပြပြီး ပြောသည်။

ဒုဂဲလ်သည် လူစီအား ကုမ္ပဏီ၏ အဖွဲ့ဝင် တစ်ဦး အဖြစ် လက်ခံလိုက်ပြီ ဖြစ်၏။

* * *

( ၅ )

သူအိမ်ပြန်ရောက်သည့်အခါ ည ခြောက်နာရီ ထိုးနေပြီ။ ယနေ့ရရှိခဲ့သော အောင်မြင်မှုအတွက် ဝမ်းသာလုံး ဆို့နေသော လူစီသည် သူ့အိမ်ကို ကြည်နူးသောစိတ်ဖြင့် ကြည့်မိသည်။ အိမ်ရှေ့တံခါးကိုဖွင့်၍ ဝင်လိုက်သည့် အခါတွင်မူ ခန်းမကြမ်းပြင်ပေါ်၌ ရောက်နေသည့် စာတစ်စောင်ကို မြင်သည်။ သူ့ သားထံမှ ဖြစ်လိမ့်မည်ဟူသော အတွေးနှင့်အတူ ဘာများဖြစ်လို့ပါလိမ့်ဟူသော အတွေး ပါဝင်လာသည်။ သူသည် တုန်ယင်သောလက်များဖြင့် ကြမ်းပြင်ပေါ်မှ စာကို ကောက်ယူလိုက်၏။

သူထင်ထားသည့်အတိုင်း မိတာထံမှဖြစ်သည်။ သို့သော်လည်း စာမဟုတ်။ ပို့စကတ်တစ်ခုမျှသာဖြစ်သည်။ စာကို ရေးကြီးသုတ်ပျာ ရေးထားရဟန် တူ၏။ စာလုံးများသည် မညီမညာ မသပ်မရပ်။ 'သားကို အမြန်ပြန်ခေါ်ပါ'ဟု ရေး

www.burmeseclassic.com

www.burmeseclassic.com

**အားသည်။ လက်မှတ်လည်းထိုးမထား။ တခြား ဘာမှလည်း ရေးမထား။**

သူသည် ထိတ်လန့်အံ့ဩသောစိတ်ဖြင့် စာကို နောက်တစ်ကြိမ်ထပ်၍ ဖော်ဖတ်မိပြန်သည်။ ထို့နောက် ညွှန်ခြင်းတွင်.သို့ဝင်လာ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ 'ဘာဖြစ်လို့ပါလိမ့်' ဟု တွေးသည်။ တွေးစရာတွေက အများကြီး။ သူ့ကျောင်းမှာ မပျော်လို့လား။ တခြားကျောင်းသားတွေက သူ့ကိုအနိုင်ကျင့်ကြလို့လား။ သို့မဟုတ် ထိုးကြကြိတ်ကြလို့လား။

ထိုညအဖို့ လူစီသည် ကောင်းစွာ အိပ်မရ။ သူ့သား အတွက် ပူပန်ကြောင့်ကြမှု ကြောင့် အိပ်ရာထက်တွင် တလူးလူးလိမ့်လိမ့်ဖြစ်ရသည်။ သူ့ယောက်ျားဖြင့် ကျောင်းလခ ပထမသုံးလအတွက်ကိုပင် အကျေ ပေးသွင်းခဲ့ပြီးပြီ။ သူတို့သားအမိ၏ အနာဂတ် လုံခြုံရေး အတွက်လည်း ယနေ့ပင် အခြေတည်ခဲ့မိပြီ။ ထိုအချိန်ရောက်ခါမှ ဤပြဿနာ ဘာကြောင့် ဝင်လာရသနည်း။

မနက်ဖြန် ချက်ချင်းလိုက်သွားဖို့ ဆိုသည်မှာ လုံးဝမဖြစ်နိုင်။ ယနေ့မှ အလုပ်ကို စလုပ်စရှိသေးသည်။ ဤကိစ္စအတွက် အလုပ်ပျက်၍သွားရမည်ဆိုပါမူ မိမိ၏အောင်မြင်မှုကို လက်လွှတ်မှုတော့မည်ဖြစ်၏။ သို့ဖြစ်ရာ ဤကိစ္စတွင် ယခုဝေနေ၍မဖြစ်။ ချိတုံချတုံလုပ်၍မရ။ သူ ပြတ်သားမှ ဖြစ်မည်ဟု ယူဆသည်။ ထို့ကြောင့်လည်း မနက် မိုးလင်းသည့်အခါ လာမည့် စနေနေ့တွင် မိမိ လိုက်လာမည် ဖြစ်ကြောင်း စာတစ်စောင်ရေး၍ စာတိုက်မှထည့်လိုက်သည်။



စနေနေ့မတိုင်မီရက်များအတွင်းတွင် လူစီသည် အလုပ်စဝင်သည့် ပထမနေ့တုန်းကလိုပင် သူ့အလုပ်နှင့် ရှုန်းကန်လှုပ်ရှားနေရသည်။ စိတ်ကတော့ သူ့သားအတွက် စိတ်မအေး။ စနေနေ့သည် အလုပ်နေ့ဝက် ပိတ်သည့်ဖြစ်ရာ အလုပ်ဆင်းချိန်ရောက်သည်နှင့် တစ်မြို့ပ်နယ် ဗဟိုဘူတာသို့ ဆင်းကာ တစ်နာရီ ဆယ့်ငါး မိနစ်ထွက်မည့် ရထားဖြင့် လပ်ဖ်တန်သို့ လိုက်ခဲ့လေသည်။

လမ်းတစ်လျှောက်လုံး လူစီသည် မီးရထားခနှင့် မြင်းရထားခများကိုတွေးကာ စိတ်မသာယာခြင်း ဖြစ်ရသည်။ တစ်ပတ်စာရမည့်ဝင်ငွေမှ ဤခရီးစရိတ်ကို နှုတ်ရဦးတော့မည်။ တကယ်တော့ ဤခရီးအတွက် ကုန်ကျရမည့်ငွေမှာနည်းသည် မဟုတ်။ ပြီးတော့ အလဟဿ ကုန်ကျရမည့် ငွေ ဖြစ်၏။ နောက်နောင်ကို အခုလို အလုပ်မျိုး လုပ်လုပ်၍မဖြစ်ဟု သူ တွေးသည်။ ထို့ပြင်လည်း ကျောင်းအုပ်ကြီး ဘာရာသာဝီလျံ က သူ့အပေါ် ဘယ်လိုမြင်လိမ့်မည်နည်း။ သားကိုကျောင်း အပ်ထားခဲ့သည်မှာ တစ်ပတ်ပင် မပြည့်သေး။ အခုချက်ချင်း သားနှင့်လာတွေ့ခြင်းသည် လွန်ကဲရာ မရောက်ပေဘူးလား။ သူနှင့်တွေ့လျှင် ဘာရာသာဝီလျံက ဘယ်လိုစကားမျိုး ပြောလေမည်နည်း။

သို့တစေလည်း လူစီ ကျောင်းသို့ ရောက်သွားသည့်အခါ ပထမ တစ်ခေါက်တုန်းက ကျောင်းစေသည့် ပထမ တစ်ခေါက်တုန်းက သူ ထိုင်ခဲ့ရသည့် အခန်းသို့လိုက်ပို့ပေးသော်လည်း ဘာရာသာဝီလျံနှင့် မတွေ့ရ။ ကိုတ်မုန့်ကျွေးပြီး ခိုင်တစ်ခွက် တိုက်မည့်လူလည်း မရှိ။ သူ အခန်းထဲ ရောက်ပြီး နောက် မကြာခင်မှာပင် သူ့သား ပီတာရောက်လာသည်။

www.burmeseclassic.com

ပီတာသည် ဖျားနာပြီးစ လူနာတစ်ယောက်လို ဖြစ်နေသည်။ မျက်နှာက ဖြူရော်ရော်၊ မျက်ကွင်းတကျကျ၊ လူစီကို မြင်သည်နှင့်တစ်ပြိုင်နက် ငိုသည်။ သူ့အား ကျောင်းမှ ပြန်ခေါ်သွားဖို့ ပူဆာသည်။ လူစီသည် သူ့စိတ်ကို တည်ငြိမ်အောင်ထားကာ ပီတာအား စေ့စေ့ စပ်စပ် အကဲခတ်သည်။

'ဘာဖြစ်လို့လဲ'

ပီတာ အငိုတိတ်သည့်အခါ လူစီကမေးသည်။

'သား.... အိမ်ကိုလွမ်းတယ်၊ အိမ်ကို သိပ် လွမ်းတာပဲ မေမေ'

ဤကား ပီတာ၏ အဖြေဖြစ်သည်။ အမှန်စင်စစ် မအေ ပြန်သွားပြီးနောက် သူ့ကိုယ်သူ ယုံကြည်စိတ်သည် ပီတာထံတွင် ကင်းမဲ့ပျောက်ကွယ်သွားသည်။ အစွန့်ပစ် ခံရသည့်နှယ် ခံစားနေရသော ပီတာသည် တွယ်ရာမဲ့ဖြစ်သွားသည်။ ထိုစိတ်ဝင်သည့် အချိန်မှစ၍ သူသည် အချိန်ရှိသမျှ ငိုကြွေးရင်း အချိန်ကုန်ခဲ့သည်။

လူစီက သူ့သားအား သူ့မျက်နှာကို ကြည့်ခိုင်းသည်။ 'သူတို့က သားကို ကောင်းကောင်း ဆက်ဆံကြရဲ့လား...' ဟု မေးသည်။

'ဆက်ဆံတယ် မေမေ၊ အားလုံးက ကောင်း ကောင်း ဆက်ဆံကြပါတယ်၊ ဘရာသာအလွိုင်ဆီးယပ်စ်ဆိုရင် သားကို ညတိုင်း နမ်းပြီး နှုတ်ဆက်ပါတယ်၊ ဒါပေမယ့် သား အိမ်ကို သိပ်လွမ်းတယ်'

ပီတာသည် အိမ်လွမ်းတယ် ဟူသော စကားကိုသာ ထပ်တလဲလဲပြောနေသည်။ လူစီအနေဖြင့် မိမိအပေါ် မှီခိုတွယ်



တာလွန်းသော သား၏စိတ်ကို သိရသည့်အတွက် ထိထိခိုက်ခိုက်ဖြစ်ရ၏။ ထို့ကြောင့်လည်း မျက်ရည်စက်လက်နှင့် ဖြစ်နေသော သားအား တယုတယပွေ့ဖက်ကာ သူ့ရင်ခွင်တွင်း သွင်းထားလို၏။ သို့သော်လည်း သူလုပ်၍မဖြစ်၊ သူ့စိတ်ကို အလိုလိုက်၍မဖြစ်၊ ဤကိစ္စတွင် သူသည် သူ့ကိုယ်သူနိုင်ပါမှ ဖြစ်မည်။

သူသည် ထိုင်ရာမှထရပ်လိုက်ပြီး 'ကဲ...လာ၊ မေမေနဲ့ အပြင်ထွက်ပြီး ခဏလမ်းလျှောက်ကြရအောင်' ဟု ပြောကာ သူ့လက်ကို ကမ်းပေးသည်။ ပီတာက သူ့လက်ကို လှမ်းဆွဲသည်။

သားအမိနှစ်ယောက် အပြင်ဘက် စင်္ကြံ လမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ စာသင်ခန်းများအတွင်းမှ ကျောင်းသားများ၏အသံသည် အပြင်သို့ လွင့်ထွက်လာနေကြသည်။ လမ်းတစ်လျှောက်လုံး မည်သူနှင့်မှမတွေ့။ လူစီသည် ကျောင်းရှေ့တံခါးကို တွန်းဖွင့်ကာ အပြင်သို့ ထွက်လာခဲ့သည်။ ခဏမျှအကြာတွင် သူ့သားအား အကဲခတ်သည်။ ဝမ်းနည်းကြေကွဲမှုသည် ပျောက်ကွယ်သွားလေပြီ။ အငိုလည်း တိတ်သွားလေပြီ။

'ငါ့သား ကြီးလှပြီပဲ၊ ဘာဖြစ်လို့ ငိုရတာလဲ' ဟု လူစီက သူ့ ရှေ့တည့်တည့်ကိုသာ ကြည့်၍ ပြောသည်။ 'မေမေ မင့်ကို သိပ်အံ့ဩသွားတယ်'

'သား သိပ်ပျင်းတယ် မေမေ၊ တစ်ယောက်ထည်း နေရသလိုပဲ' ဟု ပီတာက ပြန်ပြောသည်။ 'အဲဒါကြောင့် သား ငိုမိတာ၊ တစ်ခါလဲ ငိုမိရော၊ အငိုတိတ်အောင် လုပ်လို့မရတော့ဘူး၊ တခြားကျောင်းသားတွေက မင်း အိမ်ကိုလွမ်းလို့

www.burmeseclassic.com

ငိုတာလို့ ဝိုင်းပြောကြတယ်၊ မေမေပြန်ရင် သားကို ခေါ် သွားမယ်မဟုတ်လားဟင်'

လှစီက ပီတာ၏ အမေးကို မဖြေ၊ 'ငါ့သား တခြား ကျောင်းသားတွေကို ခင်တယ် မဟုတ်လား....'ဟု ပြန်မေးသည်။

'ခင်တာပေါ့၊ သူတို့က သဘော ကောင်းပါတယ်...' ဟု ပီတာက ဖြေသည်။ 'ကောင်လေးတစ်ယောက်က တက်တတ်တယ် မေမေ သိလား၊ သူ ဘက်ရင် ပါးစပ်က အမြှုပ်တွေ ထွက်တယ်၊ စပိန်ကောင်လေးတွေက အနံ့ တစ်မျိုး နံတယ်၊ သူတို့က လက်ပစ်တော ကစားကြတယ်'

'သားကော မကစားဘူးလား'

သားက ကျောက်ဗိုးကစားတယ်၊ သားက လက်ပစ်တော မကစားချင်ဘူး၊ ဒါပေမယ့် ဆရာသာဂျွန်ဂျေကော့က သား ကို ကစားခိုင်းတယ်'

'ဆရာသာဂျွန်ဂျေကော့'ဟု လှစီက ရေရွတ်မိသည်။ ထိုဆရာသာသည် ဂျိုး၏မိတ်ဆွေဖြစ်၏၊ 'ဆရာသာတွေက ကျောင်းသားတွေနဲ့ ရောနှောပြီးနေကြတယ်၊ ကစားလဲ အတူတူ အပန်းဖြေလဲ အတူတူပဲ' ဟူသော ဂျိုး၏ပြော စကားကို သတိရမိသည်။

'တခြားကျောင်းသားတွေနဲ့ကော သားက အပေါင်း အသင်းမလုပ်ဘူးလား'

'လုပ်တယ်မေမေ၊ အသက်ကြီးကြီး ကောင်လေးတစ် ယောက်ရှိတယ်၊ သူ့နာမည်က ရစ်ဖို့ဒ်-တဲ့၊ သူက သဘော ကောင်းတယ်၊ ပြီးတော့ ပြောင်လဲပြောင်တတ်တယ်၊ သူက



အကုန်လုံး လုပ်တတ်တယ်ဗျ သိလား၊ သူက သားကို သူ့ အချစ်တော် လုပ်မစချင်တယ်'

'သူ့ အချစ်တော် ဟုတ်လား၊ အဲဒါ ဘာအဓိပ္ပာယ်လဲ'

'ဘာမှ မဟုတ်ဘူးမေမေ၊ မင်းဟာ သူ့ အချစ်ဆုံးသူငယ် ချင်းလို့ ဝိုင်းပြောလိုက်ရင် အဲဒါ အချစ်တော်ဖြစ်သွား တာပဲ၊ သူ့ အချစ်တော်ဖြစ်သွားရင် သူက သူ့မုန့်တွေကို ကျွေးတယ်'

'အဲဒါကို ဆရာသာဝီလျှံသိသလား'

'သိတာပေါ့၊ သူ မသိတာမရှိဘူးမေမေရ'

လှစီသည် သူ့ သား၏မျက်နှာကို စူးစူးစိုက်စိုက်ကြည့်နေ သည်။

'သားတို့ မနက်တိုင်းဘုရားရှိခိုးကျောင်း သွားရတယ်၊ စိတ်ပျက်စရာကောင်းတယ်၊ ဓသင်တာကတော့ ကောင်း တယ်ဗျ'

လှစီသည် သက်ပြင်းတစ်ချက် ချလိုက်သည်။ 'မေမေတို့ ခရီးစဉ်ကို အေးအေးဆေးဆေး ပြောကြမယ် နော် ဟုတ်လား'

'ဟုတ်ကဲ့... မေမေ' ဟု ပီတာက ပြောသည်၊ 'ပြီးရင် သားကို ပြန်ခေါ်သွားမယ် မဟုတ်လား'

လှစီသည် ပတ်ဝန်းကျင်ကို ဝေ့ကြည့်သည်။ သူသည် တစ် နေရာ၌ထိုင်တာ ဤကိစ္စကို အပြီးအပြတ် ရှင်းချင်နေသည်။ သူတို့၏ဘယ်ဘက်ဘွင် မြို့၏ သုသာန်ရှိ၍ လေးဘက်လေး ထောင့်မှ ဝင်းခတ်ထားသည်။ ထိုင်ခုံလေးများ သူတို့ထား သည်ကိုလည်း မြင်ရ၏။ သူသည် ပီတာအား လက်ဆွဲလာ သော်တံခါးဝမှ ဝင်လာခဲ့ပြီး ကျောက်သင်ပုန်းပေါ် တစ်ပင် အောက်ရှိ ထိုင်ခုံတွင် ဝင်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မေမေပြောမယ် ပီတာ၊ သေသေချာချာနားထောင်' ဟု လူစီက စကားစသည်။

ပြောတော့မည်ဟု ကြားမှ သူ့အခက်အခဲကို လူစီမြင်လာသည်။ ပီတာသည် သူ့အား ကယ်တင်ရှင်အဖြစ် သတ်မှတ်ထားသူဖြစ်၏။ သို့ဆိုလျှင် သူ့အား ဘယ်လိုပြောရပါမည်နည်း။ မည်သို့ပင်ဖြစ်စေ မပြောရ၍တော့မဖြစ်။ ထို့ကြောင့်လည်း သူသည် သူ့စိတ်ကိုတင်းကာ ကျောင်း၌ မနေလျှင် မဖြစ်သည့် အခြေအနေများကို စိတ်ရှည်လက်ရှည် ရှင်းပြသည်။

လူစီ၏စကားကို နားထောင်ရင်း ပီတာ မျက်ရည်ကျပြန်သည်။ လူစီကိုယ်တိုင်လည်း သူ့သားအဖြစ်ကိုကြည့်၍ မျက်ရည်စို့ရသည်။ သို့သော်လည်း သူ့အားနည်းချက်ကို သူ့သားအား မမြင်စေချင်၊ သိလည်းမသိစေချင်။ သူ့စိတ်ကို ထိန်းချုပ်ကာ ပြောသင့်သမျှကို ပြောသည်။

'ငိုနေလို့မဖြစ်ဘူး၊ သား' ဟု လူစီကပြောသည်။ 'သားစိတ်ကို သေသေချာချာ ဆုံးဖြတ်မှဖြစ်မှာ'

ပီတာသည် အငိုတိတ်သွားသည်။ မျက်ရည်များကို သူ့လက်ကိုင်ပုဝါဖြင့်သုတ်သည်။ 'မေမေပြောတဲ့အတိုင်းဆိုရင် သား ဒီကျောင်းမှာ မနေရင်မဖြစ်ဘူးပေါ့' ဟု မေးသည်။

'ဟုတ်တယ်သား၊ သားဟာ သတ္တိကောင်းပါတယ်ကွယ်'

ပီတာသည် ငြိမ်နေသည်။ တစ်စုံတစ်ခုကိုတွေးတောနေသည့်နှယ်ရှိသည်။ နောက်ဆုံးကျတော့ 'တချို့ကောင်လေးတွေမှာ အချဉ်ရည်ပုလင်းနဲ့ ကခြားစာရေးစရာတွေ ရှိတယ်' ဟု ပြောသည်။ 'သားမှာတော့ မရှိဘူး'

'ဘာစ လိုချင်လို့လား'



ပီတာလဲ ခေါင်းညိတ်သည်။

'ကဲ....ဒါဆိုရင်လာ၊ မေမေတို့ဆိုင်သွားပြီး ဝယ်ကြမယ်'

သားအမိနှစ်ယောက် သုသာန်ထဲမှ ပြန်ထွက်လာကြသည်။ မြို့ထဲသို့ရောက်သည့်အခါ စတိုးဆိုင်များသို့ ဝင်၍ သူ့သား လိုချင်သည့် မုန့်ပဲသွားရည်စာများနှင့် အချဉ်ရည်ပုလင်းဝယ်ပေးသည်။ ထိုအခါ ကျပြန်တော့လည်း ပီတာသည် ပျော်မြူးလျက်ရှိ၏။

သားအမိ နှစ်ယောက် မြစ်ဘေးလမ်းအတိုင်း လက်တွဲ၍ လျှောက်ကြသည်။ လမ်းဘေးတစ်နေရာရှိ လက်ဖက်ရည်ဆိုင် တစ်ဆိုင်သို့ဝင်၍ လက်ဖက်ရည် သောက်ကြသည်။ လမ်းတစ်လျှောက်လုံး လူစီသည် 'သားပီတာ၊ မေမေပြောတာ မှတ်မိတယ်နော်'ဟု မကြာခဏ သတိပေးလာသည်။ ကျောင်းတံခါးပေါက်သို့ရောက်သည့်အခါ လူစီသည် ကျောင်းထဲသို့ ပြန်မဝင်တော့ဘဲ သူ့သားအား တံခါးဝမှပင် ရပ်၍ နှုတ်ဆက်သည်။ 'သား စာကြိုးစားရမယ် နော်၊ ဒါမှ ငွေတွေအများကြီး ရမှာ' ဟု ပြောသည်။

ပီတာက ခေါင်းညိတ်သည်။ တံခါးဝမှရပ်ကာ သူ့အမေအား လက်ဝှေ့ရမ်းပြပြီး နှုတ်ဆက်သည်။ ပြဿနာတစ်ခုသည် ပြီးပြတ်သွားပြန်လေပြီ။ လူစီသည် စိတ်ထိခိုက်စွာဖြင့် ဘူတာသို့ ပြန်လျှောက်လာခဲ့သည်။ မည်သို့ပင်ဖြစ်စေ၊ အရှုံးဆိုင်ခဲ့ရသည့်ပွဲတွင်လည်း သူပင်အနိုင်ရခဲ့ရသည်။ မှန်ပါ၏။ ဤပွဲတွင်လည်း သူကပင် အနိုင်ရခဲ့လေသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

( ၆ )

လူစီအလုပ်လုပ်လာခဲ့သည်မှာ သုံးလရှိခဲ့လေပြီ။ ရလာသည့်အကျိုးကျေးဇူးသည် အထိုက်အလျောက်တော့ အခြေခိုင်သည်ဟု မပြောနိုင်စရာရှိသဖြင့် သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုသည် ခိုင်မာလာခဲ့သည်။ အချို့သီတင်းပတ်များတွင် သူရသည့် ကော်မရှင်နှုန်းသည် အတော်ကလေးနည်းသဖြင့် စိတ်ပူရသော်လည်း အချို့သီတင်းပတ်များတွင်မူ ပျမ်းမျှ သုံးပေါင်ခန့်အထိ ရခဲ့လေရာ ကုမ္ပဏီမှ ပြန်လည်ထုတ်ပေးသည့် ခရီးစရိတ်နှင့်ငွေ ပေါင်းလိုက်သည့်အခါ လက်ထဲတွင် အနည်းငယ်မျှပင် စုဆောင်းထားနိုင်ခဲ့လေသည်။

လူစီ၏လက်ရှိ အခြေအနေသည် မဆိုးဟု ဆိုနိုင်ဖွယ်ရာရှိသည်။ သူ၏ လုပ်ငန်းသည် အဆင်ပြေလျက်ရှိရုံမျှမက သူ့သားပီဘာ၏ ပညာရေးကလည်း မှန်မှန်တိုးတက်နေသည်။ ယခင်က ကြုံခဲ့ရဖူးသည့်အိမ်ကို လွမ်းသည်ဟူသော အဖြစ်



မျိုးလည်း နောက်ထပ် ပေါ်မလာတော့ပေ။ ပီတာ့ထံမှ အပတ်စဉ်လာလေ့ရှိရာ ထိုစာများသည်လည်း ပီတာ့အတွက် သောကဖြစ်စရာအကြောင်းများကို ရေးသားထားခြင်း မရှိချေ၊ နောက်ဆုံး သူသိထားသည်မှာ ပီတာအား ကျောင်းဘင်ရောအဖွဲ့တွင် ပါဝင်ခွင့်ရတော့မည်ဟူသော သတင်းဖြစ်၏။ ဤတိုးတက်မှုအတွက်ကတော့ လူစီဝမ်းမသာဘဲ မနေနိုင်။

သူ၏ကျန်းမာရေးကတော့ ကောင်းလှ၏၊ နေ့စဉ်နှင့်အမျှ သွားလာလှုပ်ရှားနေရသော်လည်း ဘာမှမဖြစ်၊ သူ့တွင် စိတ်အပန်းဖြေမှုနှင့် ပျော်ရွှင်သာယာမှုအတွက် အချိန်များများ ရသည်ဟုလည်း မရှိ၊ ယခင်ကနှင့် စာလျှင် သူ့ယောကျ်ား သေဆုံးရခြင်းအတွက် ဖြစ်ပေါ်ခဲ့သည့်ဝေဒနာ မီးကတော့ လျော့နည်းသွားခဲ့ပြီဖြစ်၏၊ အမှန်အတိုင်းဝန်ခံရလျှင် မေ့မေ့ပျောက်ပျောက်ပင် ဖြစ်လာခဲ့လေပြီ။

တစ်ခါတစ်ရံကျတော့လည်း သူတစ်ယောက်တည်း အထီးကျန်နေရခြင်းအတွက် စိတ်ဆင်းရဲမှုတော့ရှိသည်။ ထိုအခါမျိုးတွင် အဖော်ကလေးနှင့် နေလိုသော ဆန္ဒသည် ပေါ်ပေါက်လာတတ်သည်။ သူ့ယောကျ်ားသေဆုံးစကတော့ သူ့ဘဝသည် ပျက်ပြီဟု ခံစားခဲ့ရ၏၊ အခုကျတော့လည်း ထိုခံစားမှုသည် မရှိတော့၊ သူ့ယောကျ်ား၏အကြောင်းကို သတိရသည့်အခါ ရသော်လည်း သူ့ယောကျ်ား၏အပြုံးများနှင့် ချို့ယွင်းချက်များကိုမူကား မေ့ပျောက်ခွင့်လွှတ်နိုင်ခဲ့လေပြီ။

မည်သို့ပင်ဖြစ်စေ၊ တစ်ခါတစ်ရံတွင်မူ သူ့ယောကျ်ားသေရုပ်ကို ပြန်၍စဉ်းစားမိသည်။ ထိုအခါ ဒေါသလှိုင်း

www.burmeseclassic.com

www.burmeseclassic.com



သည် ပြန်ရွှဝင်လာတတ်၏။ ဒဏ်ရာအပြင်းအထန်ရပြီး သေဆုံးရသည့်အတွက်လည်း ယူကျုံးမရဖြစ်ရတတ်သည်။ သို့သော်လည်း ဤအရာအားလုံးကို သူမစဉ်းစားချင်။ ပြီးတော့ အန်နာ့အကြောင်းကိုလည်း သူမတွေးချင်။ အန်နာအား သူ့စိတ်ထဲမှ မေ့ပစ်ခဲ့သည်မှာ ကြာခဲ့ပြီမဟုတ်ပါလား။

သူ့အနေဖြင့် ယခု နေရသည်မှာ တစ်ယောက်တည်း ဖြစ်သော်လည်း ပျော်ပျော်ရွှင်ရွှင်တော့ရှိသည်။ သူ့ကိုယ်သူ ယုံကြည်မှုတလည်း အခိုင်အမာတိုးတက်လာသည်။ မစ္စဟောကင်းက ည်၊ သူ့အပေါ်တွင် ယခင်ကထက်ပို၍ အရေးတယူပြုသည်။ ထို့ကြောင့်လည်း လူစီသည် မကြာမကြာ ဆိုသလိုညနေတိုင်း တောင်ကုန်းထက်ရှိ ပန္နတာဟောဆင်းထံ အလည်သွားကာ စကားစမြည်ပြောလေ့ရှိသည်။ မစ္စဟောကင်း၏စန္ဒရားလက်သံကို နားထောင်သည့်အခါ နားထောင်သည်။ သူကိုယ်တိုင်လည်း ဝင်၍တီးသည့်အခါတီးသည်။

လွှာလောဆယ် လူစီ့တွင် ဘာဝင်မကျစရာဟူ၍ တစ်ခု သာရှိသည်။ သူ့ထံသို့ နောက်ထပ်လာဦးမည်ဟု ကတိပေး သွားသော ဂျိုးတစ်ယောက် အခုအချိန်ထိရောက်မလာသည့် ကိစ္စဖြစ်သည်။ အမှန်တော့ ယောကျ်ား၏ဈာပနကိစ္စအတွက် ကုန်ကျစရိတ်ငွေ တောင်းခံလွှာသည် သူ့ထံရောက်လာခဲ့ပြီ ဖြစ်၏။ ငွေမှာ စုစုပေါင်းပေါင်းလေးဆယ်မျှရှိရာ နည်းသည့် ငွေမဟုတ်ပေ။ ထို့ပြင်လည်း သူ့ထံသို့ ပန်းသည်ထံမှ ငွေ တောင်းခံလွှာကလည်း ရောက်နေပြီဖြစ်၏။ ပန်းသည်အား ပေးရမည့်ငွေမှာ မများလှသော်လည်း ထိုငွေကို ဂျိုးအသူ ပေးမည်ဟု ပြောထားသည် မဟုတ်ပါလား။



ဤကိစ္စများနှင့်ပတ်သက်၍ လူစီသည် များစွာ စိတ်ရှုပ် ခဲ့ရ၏။ သူ့အနေဖြင့် ငွေတောင်းခံလွှာ ရောက်လာသည် ဆိုပါက ပေးရမည့်တာဝန်ရှိသည်ဖြစ်ရာ လိုအပ်လာလျှင် လက်တို့ လက်တောင်း သုံးဖို့ထားသည့်ငွေထဲမှ ထုတ်ပေး ရန်ပင် ရည်ရွယ်ခဲ့မိ၏။ ဤအတွက်တော့ဖြင့် သူ့မှာ များစွာ ခေါင်းရှုပ်ခဲ့ရသည်။ ဤကြားထဲတွင် ကျောင်း၏ ဒုတိယ ပိုင်း ပညာသင်တာလအတွက် ကျောင်းလခ ပေးသွင်းရန် ကလည်း တဖြည်းဖြည်းနှင့် နီးကပ်လာနေပြန်လေပြီ။ ဤကိစ္စ များနှင့်ပတ်သက်၍ ဂျိုး၏အပေါ်တွင် မယုံမကြည် မဖြစ် သော်လည်း ဘာဝင်မကျ ဖြစ်မိမည်မှာတော့ အမှန်ပင် ဖြစ်၏။

ဤသို့ဖြင့် တစ်ရက်သောညနေခင်း နေဝင်ဖြိုးပျအချိန် တွင် သစ်သားသေတ္တာကြီး သုံးလုံးတင်ထားသော လော်လီ ကားကြီးတစ်စီး အိမ်ရှေ့တွင်လာရပ်သည်။ ကားသမားက ပစ္စည်းများကို လူစီအား လက်မှတ်ထိုး၍ လက်ခံစေပြီး လီဗင် ဖိုဒ်မြို့မှ ဂျိုးမှူးက ပို့ခိုင်း၍လာပို့ခြင်းဖြစ်ကြောင်း ပြော သည်။ ဤပစ္စည်းများကို ဂလက်စဂိုမြို့မှ မှာယူပြီး ဘူတာမှ တစ်ဆင့် လာပို့ရခြင်းဖြစ်သည်ဟုလည်း ရှင်းပြသည်။

ကားသမားပြန်သွားသည့်အခါ လူစီသည် သေတ္တာ များကိုဖွင့်ကြည့်သည်။ ပထမသေတ္တာတွင် မြင်းတစ်ကောင်၏ တင်ပါးဆုံခန့်အရွယ်ရှိသော ဝက်ပေါင်ခြောက်ကြီး တစ် တုံးကိုတွေ့ရသည်။ ဒုတိယသေတ္တာတွင်မှ ဝိုင်အကောင်းစား တစ်ဒါဇင်။ တတိယသေတ္တာတွင်မူ ငှက်ပျောသီးများအခိုင် လိုက်။

www.burmeseclassic.com

www.burmeseclassic.com



လှစီသည် ပစ္စည်းများကိုကြည့်ကာ အံ့အားသင့်လျက် ရှိသည်။ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိသည်။ တဖြည်းဖြည်းနှင့် ဂျိုး၏စေတနာနှင့် ရက်ရောမှုများကို နားလည်လာသည်။

သူ့အနေနှင့် ပစ္စည်းများကို ထိန်းသိမ်းရသည်မှာ မလွယ်။ အထူးသဖြင့် ငှက်ပျောသီးများထဲမှ အမာဆုံး အဖီးများကို ပီတာ့ထံပို့ပြီး ကျန်ငှက်ပျောသီးများကို သူစားသော်လည်း အချိန်မီကုန်အောင် မစားနိုင်၊ ကြာလာသည့်အခါ ငှက်ပျောသီးများသည်ပုပ်လာသည်။ အချို့ကို မစ္စဟောကင်း အားပေးသော်လည်း ပေးပါများလာသည့်အခါ မစ္စဟောကင်းက အလိမ္မာပါးနပ်စွာဖြင့် ငြင်းပယ်လာသည်။

ဝက်ပေါင်ခြောက်မှာလည်း ထိုပုံစံပင်ဖြစ်လာသည်။ သူသည် အစောစားတိုင်း ဝက်ပေါင်ခြောက်ကိုစားသည်။ ကြာလာသည့်အခါ ဝက်ပေါင်ခြောက်ကိုမြင်တိုင်း စိတ်ပျက်လာသည်၊ စားချင်စိတ် ကင်းမဲ့လာသည်။ အိမ်ထဲတွင်လည်း ဝက်ပေါင်ခြောက်ကြော်သည့် ညှော်နံ့မှာ ပျောက်တော့သည်မရှိ၊ အနံ့အမြဲစွဲနေသဖြင့် စိတ်ညစ်ရပြန်သည်။

ဝိုင်ပုလင်းများမှာမူ သောက်သူမရှိသဖြင့် ကြောင်အိမ်ပေါ်တွင် တန်းစီလျက်ပင်ရှိ၏။ ဤလက်ဆောင်ပစ္စည်းများသည် လက်တွေ့တွင် ထိရောက်မှုမရှိသလို ဖြစ်ရသော်လည်း ဂျိုး၏စေတနာနှင့် ရက်ရောမှုကိုမူကား အသိအမှတ်မပြု၍ မဖြစ်။

ဤသို့ဖြင့် နိုဝင်ဘာလကုန်ခါနီး တစ်ရက်တွင် ဂျိုးထံမှ ပို့စကတ်တစ်ခုရောက်လာသည်။ နောက်တစ်ရက်တွင် သူ ရောက်လာမည်ဖြစ်ကြောင်း၊ ရောက်လျှင် လက်ဖက်ရည်



သောက်မည်ဟု ချိန်းဆိုကြောင်း ရေးထားသည်။ လှစီသည် ဂျိုးရောက်လာမည့်နေ့တွင် လက်ဖက်ရည်ပွဲဖြင့် တည်ခင်း ဧည့်ခံနိုင်ရန် ကျကျနန စီစဉ်ထားသည်။

လက်ဖက်ရည်ပွဲကို စိတ်တိုင်းကျပြင်ဆင်ပြီးတွင် လှစီသည် ဧည့်ခန်းထဲ၌ထိုင်ကာ ရောက်တတ်ရာရာများတွေးလျက်ရှိ၏။ အပြင်ဘက်တွင် အမှောင်ထုမင်းမူလျက်ရှိပြီ။ လေသည် သစ်ပင်များအကြားမှ တိုးဝှေ့ဖြတ်သန်းကာ အော်ဟစ် ညည်းတွားလျက်ရှိ၏။

ရုတ်တရက် အိမ်ရှေ့မှခေါင်းလောင်းသံ ကြားရသည်။ တပျာကယာ ထသွားပြီး တံခါးဖွင့်ပေးသည်။ ဂျိုးသည် သူ့ဝသီအတိုင်း အော်ကြီးဟစ်ကျယ် နှုတ်ဆက်သည်။ လှစီ့ လက်ကို အားရပါးရဆွဲ၍ခါသည်။ သူ့ကုတ်အင်္ကျီနှင့် ဦးထုပ်ကို ချွတ်၍ချိတ်ကာ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

'ငါ မင့်ဆီလာချင်နေတာကြာပြီ' ဟု ဂျိုးက ပြောသည်။ 'ဒါပေမယ့် မင်းဟာသာမင်း အလုပ်အကိုင် အခြေတကျ ဖြစ်ဖို့လုပ်ရဦးမယ် မဟုတ်လား၊ အဲဒီအတွက် မင့်မှာ အချိန်ကလေး အထိုက်အလျောက် ရဖို့လိုတယ်လေ၊ ငါလာလိုက်ရင် အနှောင့်အယှက် ဖြစ်နေမှာစိုးလို့ မလာတာ၊ အင်း.... ငါ့ညီ ဆုံးတာကတော့ အခုထက်ထိ မေ့လို့မရသေးပါဘူး ကွယ်'

ဂျိုးသည် ခေါင်းကိုရမ်းရမ်း လုပ်ကာ ကြေကွဲဟန်ပြသည်။ ထို့နောက် လှစီ၏မျက်နှာကိုကြည့်၍ ပြုံးသည်။ 'မင်းကော ဘယ့်နှယ်လဲ အဆင်ပြေရဲ့မဟုတ်လား' ဟု မေးသည်။

'ဟုတ်ကဲ့၊ ပြေသင့်သလောက်တော့ ပြေပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

'အင်း…ဒါပေါ့လေ၊ တစ်ယောက်တည်းဆိုတော့ ရှန်းတန်ရတာ ဘယ်လွယ်ပါ့မလဲ၊ ငါလဲ မင်းနဲ့ တစ်လှေတည်းစီး တစ်ခရီးတည်း သွားခဲ့ရတာပါပဲကွယ်၊ ငါ့မိန်းမ ဆောတ်ဆုံးသွားတော့ ငါ့ဘဝဟာ တစ်ပိုင်းတစ်စစီ ဖြစ်သွားသလိုပါပဲ၊ အေး၁လ…တို့အားလုံးဟာ လူသားတွေမဟုတ်လား၊ ဒါမျိုးတွေက ကြုံကြရမှာပဲ၊ ကဲ… ကဲ မင်း လက်ဖက်ရည်ပွဲ အဆင်သင့် ဖြစ်ပြီလား'

'အဆင်သင့်ပဲ ဂျိုး'ဟု လူစီကပြောကာ ဂျိုးအား လက်ဖက်ရည်ပွဲဆီသို့ ခေါ်သွားသည်။ 'ကဲ…ဂျိုး ထိုင်တော့၊ ပူပူနွေးနွေး စားရသောက်ရတာ ကောင်းတယ်' ဟု ပြောသည်။

ဂျိုးသည် သူ့ကုလားထိုင်၌ဝင်ထိုင်ကာ စားစရာများကို လွတ်လွတ်လပ်လပ်ယူ၍ စားသည်။ စကားတော့ကိုလည်း မရပ်မနား ပြောသည်။ 'ငါက အစားစားရင် အေးအေးဆေးဆေး စားချင်တယ် လူစီရဲ့'ဟု ပြောသည်။ 'ဂျက်ကက်အင်္ကျီကြီးနဲ့ စားနေရတာ စိတ်ကျဉ်းကျပ်တယ်၊ မင်း ဘယ်လိုမှ မအောက်မေ့ပါနဲ့ မင်း ခွင့်ပြုမယ်ဆိုရင် ဂျက်ကက်အင်္ကျီချွတ်ပြီး စားပါရစေ၊ ကိုယ့်အိမ်မှာ ကိုယ်စားသလို စားရတာက စိတ်လွတ်လပ်တယ်ကွယ့်'

'ရပါတယ်၊ လူစီ ဘယ်လိုမှမထင်ပါဘူး'ဟု လူစီက ပြန်ပြောသည့်အခါ ဂျိုးသည် ကုလားထိုင်မှ ထသွားပြီး ဂျက်ကက်အင်္ကျီကိုချွတ်သည်။ ပြီးတော့ ကုလားထိုင်တွင် ပြန်ထိုင်ကာ အစားကို ဆက်စားသည်။

လူစီသည် ရှပ်အင်္ကျီနှင့်ဖွန်းခက်ရင်းကိုင်ပြီး စားသောက်နေသော ဝပြဲပြဲ ဂျိုးကို မသိမသာ အကဲခတ်နေမိ၏။ နေ့ခင်းဘက်ဆုံးတွင် စားသောက်ပြီးသွားသော ဂျိုးသည် ကုလားထိုင်ကိုမှီ၍ ထိုင်လိုက်သည်။ 'ချက်ပြုတ်ထားပုံကဖြင့် အရသာ သိပ်ရှိတာပဲကွာ'ဟု ပြောသည်။ 'မင်း ငါတို့အိမ်မှာလာပြီး အချက်အပြုတ် တာဝန်ယူလိုက်ရင် သိပ်ကောင်းမှာပဲ'



ထိုစကားကိုပြောပြီး လူစီအား ကြည့်နေသော ဂျိုး၏ မျက်လုံးများသည် တစ်မျိုးထူးခြားနေသည်ကို လူစီ သတိထားမိသည်။ ဂျိုးသည် ကုလားထိုင်မှထကာ မီးဖိုရှေ့မှ ပက်လက်ကုလားထိုင်သို့ ပြောင်းထိုင်သည်။ ဆေးတံကို ထုတ်၍ မီးညှိပြီး ဖွာသည်။ လူစီသည် ဂျိုးအား ညှော်ရနံ့ တစ်ခုခု လိုနေသည်ဟု ထင်လာသည်။

'အိမ်မှာက ဝီစကီမရှိဘူး ဂျိုး' ဟု လူစီက ပြောသည်။ 'ဒါပေမယ့် ဟိုတစ်လေက ဂျိုးပို့ပေးလိုက်တဲ့ ဝိုင်တော့ ရှိသေးတယ်'

ပြောပြောဆိုဆို လူစီသည် ဝိုင်ပုလင်းယူရန် ကြောင်အိမ်ဆီသို့ ထသွားသည်။ ဂျိုးက လက်ပြ၍တားသည်။ 'မယူနဲ့ လူစီ၊ ငါ ဝိုင်မသောက်တတ်ဘူး၊ ဝိုင်ဆိုတာက အမျိုးသမီး သောက်တာ'ဟု ပြောသည်။ 'အခုလို အစားများများ စားထားချိန်မှာ လိုအပ်တာက ဝိုင်ထက်ပြင်းတဲ့ အရက်ကွယ့်'

လူစီသည် သူ့ဘက်က ညှော်ဝတ်မကျေသလို ဖြစ်နေသဖြင့် စိတ်မကောင်း ဖြစ်သွားသည်။ သို့သော်လည်း ချက်ချင်းပင် သတိရလာသည်။ 'နေဦး…ဂျိုး၊ အိမ်မှာ ဖရန့်အတွက် လူစီဝယ်ပေးထားတဲ့ ဘရန်ဒီလက်ကျန်တွေ ရှိသေးတယ်၊ အဲဒါ သောက်မလား'ဟု မေးသည်။

'ဟာ…သိပ် ကောင်းတာပေါ့၊ သောက်မယ်၊ သွားယူခဲ့'

www.burmeseclassic.com

www.burmeseclassic.com



လူစီသည် သူ့အိပ်ခန်းထဲရှိ နံရံကပ်ဗီရိုထဲမှ ဘရန်ဒီပုလင်းကို ယူလာသည်။ ပုလင်းထဲတွင် ဘရန်ဒီ တစ်ဝက်ခန့် ကျန်သေးသည်။ ဂျိုးသည် လူစီ့လက်ထဲမှ ပုလင်းကို လှမ်းယူသည်။

'အား…ကြယ်သုံးလုံး ဘရန်ဒီပါလား၊ အကောင်းစား ဘရန်ဒီပါလား'ဟု ရေရွတ်သည်။ 'ဒီလို အကောင်းစား ဘရန်ဒီကို အလဟဿအဖြစ်ခံလိုက်ရင် နှမြောစရာ ဖြစ်သွားမှာပေါ့ လူစီရယ်၊ ဖရန့်ခမျာ မသောက်နိုင်ရှာတော့ဘူး၊ သနားစရာပဲ'

ဂျိုးသည် လူစီ တည်ခင်းပေးသည့်အတိုင်း ဘရန်ဒီကို ရေနှင့်မရော၍ သောက်သည်။ သောက်ရင်းတလည်း အလွှာပသလွှာပစကား ပြောသည်။

'ကဲ…လူစီ၊ မင်းအခြေအနေ ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား၊ ပြောပြစမ်းပါဦး'

'လူစီ အလုပ်စလုပ်နေပြီ'

'အင်း…စရုံပဲရှိသေးတယ် ဆိုပါတော့၊ အဲဒီအစက ဘယ်လောက်အထိ ကြာဦးမလဲ'

'ဒါကတော့ လူစီ့ အပေါ်မှာ တည်တာပဲ၊ ကြာချင်သလောက် ကြာမှာပဲ'

ဂျိုးက အားရပါးရ အော်ရယ်သည်။ 'မင်း စိတ်ကူးက တော်တော်ဆန်းတာပဲ လူစီ၊ ဒီအလုပ်မျိုးကို မင်းမို့ လုပ်ကယ်ကွာ၊ တော်တော် ရယ်စရာကောင်းတဲ့ စိတ်ကူးပဲ'ဟု ပြောသည်။

ရယ်စရာမဟုတ်ဘဲ အရယ်ခံရသဖြင့် လူစီသည် ဒေါသဖြစ်သွားသည်။ သို့သော်လည်း သူသည် စိတ်ကို ထိန်းကာ



အနီးရှိ ခြင်းတောင်းထဲမှ ပိတာ့အတွက် ထိုးနေသော ထိုးလက်စ သိုးမွေးလည်စည်းကို ကောက်ယူပြီးထိုးနေသည်။

'ရှင့်အတွက်တော့ လူစီ့အလုပ်ဟာ ပြက်လုံးကောင်း တစ်ခု ဖြစ်နေတယ်ထင်ပါရဲ့'

'အေး…မင်း ဒီအလုပ်ကို မင့်ခေါင်းထဲက ထုတ်ပစ်သင့်ပြီ'ဟု ဂျိုးက ချော့မော့သော လေသံဖြင့်ပြောသည်။ 'ဂျိုးရဲ့ ပြုစုစောင့်ရှောက်မှုကို မင်းက ခွင့်မပြုနိုင်ဘူးလား လူစီရယ်…'

ထိုစကား ကြားလိုက်ရသည့်အခါ လူစီ ခေါင်းထဲသို့ အကြောင်းခံလှသမျှ ဝင်လာသည်။ ဂျိုး၏ ထံမှ မျက်နှာမူပြုနေချိန်တွင် ဤကိစ္စများကို ပြောပင့်သည်ဟု ယူဆမိသည်။

'ပိတာလဲ ကျောင်းမှာ သိပ်တိုးတက်နေတယ်၊ အတန်းထဲမှာ ထိပ်ပဲ'

'အင်း…ကောင်းတာပေါ့'ဟု ဂျိုးက ပြောသည်။ ထို့နောက် ဘရန်ဒီ နောက်တစ်ခွက်ငှဲ့ထည့်ကာ မော့နေပြန်သည်။ ပြီးတော့ လူစီ့လက်ထဲမှ သိုးမွေးထည်ကို ကြည့်နေသည်။

'တစ်နေ့ကျရင် ငါ့အတွက်လော ခြေအိတ် တစ်စုံလောက် ထိုးပေးမလား'

ပြောဟန်ဆိုဟန်နှင့် လေသံကတစ်မျိုးဖြစ်နေသဖြင့် လူစီ၏ မျက်နှာသည် နီရဲသွားသည်။ သို့သော်လည်း လူစီသည် အခြေမပျက်အောင် ထိန်းကာ ပြုံးနေသည်။

'ထိုးပေးမှာပေါ့…၊ အခု ထိုးနေတာက ပိတာ့အတွက် လည်စည်း'

www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ဘရန်ဒီ အရှိန်တက်လာနေသော ဂျိုးသည် လူစီ၏စကားကို ဂရုမစိုက်၊ ကြားလည်း ကြားပုံမရ။

'ငါဟာ တစ်နေ့တခြား တိုးတက် ကြီးပွား လာနေတဲ့ ယောကျ်ားတစ်ယောက်ပါ လူစီရာ'ဟု ခပ်ကြွားကြွား ပြောသည်။ 'ငါဟာ ရိုးရိုးရှင်းရှင်းသမားပါ၊ ဒါပေမယ့် ကိုယ့်ဘာသာကိုယ် ကြီးပွားအောင်တော့ လုပ်နိုင်တယ်....၊ အခု ဆိုရင် ငါဟာ လူချမ်းသာတစ်ယောက် ဖြစ်နေပြီ၊ ငါ့ကို မသိတဲ့လူ မရှိတော့ဘူး၊ လူတွေက အသိအမှတ်ပြုနေကြရပြီ၊ အဲဒါ မင်းသိတယ် မဟုတ်လား'

ပုလင်းထဲ၌ ဘရန်ဒီ တစ်စက်မှ မကျန်တော့သည်ကို လူစီ သတိပြုလိုက်မိ၏။

'ဒါပေမယ့် လူစီရယ်....၊ ငါဟာ အထီးကျန်တစ်ယောက် ဖြစ်နေရပါတယ်'ဟု ဂျိုးက ဆက်ပြောသည်။ 'ဟုတ်ပါတယ်၊ တကယ်ပြောတာပါ၊ ငါဟာ အထီးကျန် တစ်ယောက်ပါ'

ဂျိုးသည် မျက်နှာကိုရှုံ့မဲ့ကာ ခေါင်း တခါခါ လည်း တခါခါလုပ်၍ ပြောနေခြင်းဖြစ်၏။ သူ့ခြေထောက်များအလည်း အငြိမ်မနေ။

'မင်းဟာ.... အလွန်တော်တဲ့ အမျိုးသမီးတစ်ယောက်ပါ လူစီ....'ဟု ဂျိုးက ဆက်ပြောပြန်သည်။ 'ငါ့ညီ မင့်ကို ယူခဲ့တာဟာ ခေါင်းနဲ့စဉ်းစားပြီး ယူခဲ့တာပါ၊ ငါလေ....ဖရန့်လို ကံကောင်းတဲ့လူ ဖြစ်ချင်ပါတယ်....၊ အခုဆိုရင် ငါ့ရဲ့ ကေတီလဲ မရှိတော့ဘူး၊ မင်းရဲ့ ဖရန့်လဲ မရှိတော့ဘူး၊ တို့ နှစ်ယောက်ပဲ ကျန်တော့တယ်၊ မင်းနဲ့ငါနဲ့ နှစ်ယောက်ထဲပဲ ရှိတော့တယ် နော်....'



လူစီက ဖျတ်ခနဲ မော့ကြည့်သည်။ သူသည် ဂျိုး၏စကား အသွားအလာကြောင့် အံ့အားသင့်လျက်ရှိ၏။ သူ့လက်ထဲမှ ဇာထိုးအပ်နှစ်ချောင်းသည် လွတ်ကျသွားသည်။

'ငါ မင့်ကို စတွေ့ကတည်းက သတိထားခဲ့မိတယ်၊ အဲဒီ နောက်မှာလဲ မင့်ကို အမြဲတမ်း စိတ်ဝင်စားခဲ့တယ်'

'အင်း....ကျေးဇူးတင်ပါတယ်'

'အခုဆိုရင် ဖရန့် မသေသွားတာလဲ ကြာပါပြီ၊ အိမ်မှာ ယောကျ်ား တစ်ယောက် လိုအပ်နေပြီလို့များ မထင်မိဘူးလား၊ ငါ မင့်ဆီကို မကြာမကြာ လာနေနိုင်ပါတယ်'

လူစီသည် ဘာမှပြန်မပြောဘဲ နှုတ်ဆိတ်နေသည်။ ဂျိုးက တော့ သူ့အပေါ် မှီခိုအားထားရမည့် လူစီ၏အခြေအနေကို တွေးကာ အတင့်ရဲလာသည်။

သူ့ရှေ့၌ ထိုင်နေသော လူစီအားကြည့်ကာ မချင့်မရဲ ဖြစ်လာသည်။ သူသည် ကုလားထိုင်ပေါ်မှနေ၍ ကိုယ်ကို ရှေ့သို့ကုန်းလိုက်ကာ လူစီ၏ ဒူးပေါ်သို့ သူ့လက်တစ်ဘက် ကို လှမ်းတင်လိုက်သည်။

'တို့ဟာ လူတွေပါ လူစီရယ်....'ဟု ပြောသည်။ 'တို့နှစ် ယောက် တစ်ယောက်အပေါ် တစ်ယောက်'

ဂျိုး၏လက်တစ်ဘက် ဒူးပေါ်ရောက်လာသည့်အခါ လူစီ သည် အလန့်တကြားဖြစ်သွားသည်။ လက်ထဲမှာ ဇာထိုး အပ်များ လွတ်ကျသွားသည်။ သူ့တစ်ကိုယ်လုံး တောင့်တင်း သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဘာတွေ လာပြောနေတာလဲ...'ဟု လှစီက အော်သည်။

'ဘာပြုလို့ ပြေးချင်နေရတာလဲ လှစီရယ်'ဟု ပြောကာ ဂျိုးသည် ထိုင်နေရာမှ ထရပ်သည်။ သို့သော်လည်း သူ ကိုယ်သူ ကောင်းစွာ မထိန်းနိုင်၊ ဒယီးဒယိုင်ဖြစ်လျက် ရှိသည်။

'မကြောက်ပါနဲ့ လှစီရယ်'ဟု ဂျိုးက ထပ်ပြောကာ လှစီဘက်သို့ တိုးလာသည်။ 'ငါ မင့်ကို စောင့်ရှောက် သွားပါ့မယ်ကွယ်'

လှစီသည် ထိုင်နေရာမှ ကပျာကယာ နောက်သို့ ဆုတ်သွားသည်။ သူ့နောက်မှ စားပွဲခံနေသဖြင့် ဆက်၍ မဆုတ်နိုင်တော့သည့်အခါ ရပ်လိုက်သည်။

သို့သော်လည်း သူ့လက်တစ်ဘက်သည် စားပွဲပေါ်မှ ဖန်ခွက်ကို လှမ်းယူပြီး လအားဆုပ်ကိုင်ထားသည်။ သူသည် ဂျိုးအား ထိပ်တိုက်ပင် ရင်ဆိုင်သည်။

'မင်း စိတ်ပူစရာ ဘာမှမရှိပါဘူး လှစီရယ်'ဟု ဂျိုးက ထပ်ပြောသည်။

ဂျိုးသည် သူ့အနီးသို့ရောက်လာပြီး ဂျိုး၏ ပါးနှစ်ဘက် တဆတ်ဆတ် လှုပ်နေသည်ကိုလည်းကောင်း၊ နဖူးတွင် သီးနေသည့် ချွေးသီးချွေးပေါက်များကို လည်းကောင်း မြက်မြက်ထင်ထင် မြင်နေရသည်။



လှစီ့ရင်ထဲတွင် ကြောက်စိတ်လန့်စိတ် လုံးဝမရှိ၊ ဒေါသဖြစ်ခြင်းနှင့် ရွံရှာစက်ဆုပ်ခြင်းသာရှိသည်။

'ရှင်...ရှေ့တိုးမလာနဲ့၊ ဘာတွေ လျှောက်ပြောနေတာလဲ'ဟု လှစီက ထပ်အော်သည်။

'လှစီကလဲကွာ၊ ဖြည်းဖြည်းအေးအေး လုပ်ပါ၊ငါလေ... မင့်ကို အမြဲဘမ်းသဘောကျခဲ့တဲ့အကောင်ပါ၊ မင်းနဲ့ငါ လက်တွဲလိုက်ရင်'

ဒေါသအရှိန်သည် လှစီ့ရင်ကို ပြင်းစွာ ရိုက်ခတ်သည်။ သူသည် အားကုန်ထုတ်ကာ လက်ထဲမှဖန်ခွက်ဖြင့် ဂျိုး၏ ပါးစပ်ကိုထုသည်။ အရှိန်က ပြင်းလွန်းသဖြင့် သူ့လက်မောင်းတစ်လျှောက် ကျင်တက်သွားသည်။

ဖန်ခွက်ကွဲသံသည် အခန်းထဲတွင် ပဲ့တင်ထပ်သွားသည်။ ဂျိုးသည် သူ့လက်တစ်ဘက်ဖြင့် ပါးစပ်ကို အုပ်ထားသည်။ ဟက်တက်ကွဲသွားသော ပါးစပ်မှ သွေးများသည် လက်ချောင်းများကြားမှ ယိုစီးထွက်ကျလာနေကြသည်။

လှစီ့လက်တွင်လည်း သွေးအလူးလူး၊ သွေးပူနေသဖြင့် နာကျင်သောဝေဒနာကို မခံစားရ။ သူသည် နောက်သို့ ချာခနဲ လှည့်ကာ အခန်းထဲမှထွက်လာခဲ့သည်။

သူသည် ခန်းမထဲမှ ဖြတ်၍ အိမ်ရှေ့တံခါးကိုဖွင့်ကာ အပြင်ဘက်လေထုထဲသို့ ရပ်နေသည်။ ဒေါသအရှိန်ဖြင့် တစ်ကိုယ်လုံး တုန်ယင်နေဆဲ။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ ဂျိုး၏ခြေသံ ကြားရသည်။ သူ ကုတ်အကျႌနှင့်ဦးထုပ်များ ယူနေသံလည်း ကြားရသည်။ ထို့နောက် အပြင်သို့ ထွက်လာသည်။

လူစီနှင့် ဆုံသည့်အခါ တစ်ခဏမျှ ရပ်၍ ကြည့်နေသည်။ သူ့ပါးစပ်ကိုမူ လက်ကိုင်ပဝါဖြင့် ဖိကပ်ထားသည်။

'မင်း ဘာပြုလို့ အခုလိုလုပ်ရတာလဲ'ဟု ဂျိုးက ရေရွတ်သည်။ 'ပါးစပ်ကမပြောချင် ဖြစ်ရက်သားနဲ့ အခုလို ကိုယ်ထိလက်ရောက်လုပ်တာ မကောင်းဘူး'

ဂျိုး၏မျက်နှာကိုကြည့်ပြီး လူစီ့ရင်ထဲတွင် မုန်းတီးရွံရှာစိတ် ပြင်းပြစွာဖြစ်လာပြန်သည်။ 'ရှင် ကိစ္စပြီးပြီ မဟုတ်လား' ဟု မေးသည်။

'ငါ ဘာလုပ်ဖို့မှ မရည်ရွယ်ပါဘူး'ဟု ဂျိုးက ရေရွတ်သည်။ သူ့အသံတွင် ငိုသံပါလာသည်ကိုပင် လူစီ သတိထားမိသည်။

ဂျိုးသည် လူစီ့မျက်နှာကို အတန်ကြာမျှ စိုက်ကြည့်နေသည်။ ထို့နောက် စကားတစ်ခွန်းမှ ထပ်မပြောတော့ဘဲ လှေကားမှဆင်းသော ခြံဝင်းအပြင်ရှိ လမ်းမဆီသို့ ထွက်သွားသည်။

လူစီသည် တံခါးကိုပြန်ပိတ်ကာ ကျောနှင့်မှီ၍ ရပ်နေမိသည်။ ခြေတွလက်တွ မသယ်နိုင်တော့ဆဲပုံ ဖြစ်လျက်



ရှိ၏။ သူ့လုံးဝမျှော်လင့်မထားသည် အဖြစ်နှင့် ရင်ဆိုင်ရခြင်းဖြစ်၍ စိတ်နှလုံး တုန်လှုပ်ချောက်ချားရ၏။ ထိတ်လန့်ခြင်း၊ ရွံရှာခြင်း၊ ဒေါသဖြစ်ခြင်းစသော ခံစားမှုများသည် သူ့အား ဖိစီးလျက်ရှိသည်။ စိတ်တိုလွန်းအားကြီးသဖြင့် မျက်ရည်ကျဖို့ပင် သတိမရ။

သူသည် အခန်းထဲရောက်သည်နှင့် တစ်ပြိုင်နက် ပြတင်းပေါက်တံခါးကို ဖွင့်လိုက်သည်။ အပြင်မှလေသည် အရှိန်ဖြင့် တိုးဝှေ့ဝင်ရောက်လာသည်။ သူ့မျက်လုံးများသည် အပြင်ဘက် အမှောင်ထုဆီသို့ စူးစိုက်လျက်ရှိ၏။

ထို့နောက် စားပွဲပေါ်မှ လက်ဖက်ရည်ပွဲကို ကြည့်မိသည်။ ထိုအခါ ရှက်စိတ်ဝင်လာသည်။ သူ့အနေဖြင့် ဂျိုးပေကျွန်ပ်မှ ရှိခဲ့စရန် အစွမ်းကုန် အားထုတ်လုပ်ကိုင်ပေးခဲ့ပါ၏။

သို့သော်လည်း တစ်ဘက်က စောင့်စည်းခြင်းမရှိတဲ့ မိမိဘက်က လိုက်လျောမှုကို အလွဲသုံးစားပြုခဲ့၏။ ကိုလူသည် ဖရန့်၏အစ်ကို။

လူစီသည် ဆောင်းမီ ဖိုဆီသို့ တွေဝေငေးမောနေမိသည်။ တဖြည်းဖြည်းနှင့် မီးတောက်များသည် အရှိန်သေဆာ ငြိမ်းစပြုကုန်ပြီ။ သူ့တစ်ကိုယ်လုံး အေးစက်ကာ တုန်လာသည်။ သူသည် ပြတင်းပေါက်ကိုပြန်ပိတ်ကာ အိပ်ရာဝင်သည်။

အိပ်ရာထဲ ရောက်သည့်အခါ အိပ်၍မပျော်။ ထူးဆန်းလှ တလိမ့်လိမ့်နှင့် အချိန်တွေကုန်သည်။ ထို့နောက် ငိုကြွေးမျဉ်း

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လာသည်၊ ရုတ်တရက် ဝင်လာသော ကြောက်လန့်စိတ်ကြောင့် အိပ်ရာထက်တွင် ဖျတ်ခနဲ ထထိုင်လိုက်မိ၏။

ယခုကြုံလိုက်ရသော အဖြစ်သည် သူနှင့်ဂျိုတို့၏ ရင်းနှီးခင်မင်မှုကို ပြန်လည်တည်ဆောက်၍ မရနိုင်လောက်အောင် ဖြိုဖျက်ပစ်လိုက်လေပြီဟူသော အသိသည် သူခေါင်းထဲသို့ ဝင်လာသည်။

BURMESE CLASSIC .com

(ပထမပိုင်း ပြီး၏)

မောင်ထွန်းသူ

www.burmeseclassic.com